www.burmeseclassic.com

မိုးထူးရှား
စာပေတိုက်



# လမင်းမိုမို

# ရွဲ့သမျှအရာရာ

www.burmeseclassic.com

www.burmeseclassic.com

**လမင်းမိုမို**
ရှုခဲ့သမျှအရာရာ
ပထမအကြိမ်၊ ၂၀၁၇ ခုနှစ်၊ မေလ
**ဖြန့်ချိရေး**
မိုးဇုရားစာအုပ်တိုက်
ဖုန်း – ၀၉၅၀၀၁၉၈၃
**မျက်နှာဖုံး**
NIGHTLY Design
**အုပ်ရေ**
၅၀၀
**တန်ဖိုး**
၂၅၀၀ ကျပ်
ဦးနေမျိုးသူရ၊ တကောင်းစာအုပ်တိုက်(မြ–၀၀၀၀၅၀)၊အမှတ်(၅/ခ) ဓမ္မာရာ သီရိလမ်း၊ ကမာရွတ်မြို့နယ်မှထုတ်ဝေပြီး မျက်နှာဖုံးနှင့် အတွင်းစာသားကို ဦးဝင်းကျော်ထွန်း၊ မုံရွေးပုံနှိပ်တိုက် (မြ–၀၀၁၃၅) အမှတ် (၁၄၀)၊ ၄၅–လမ်း၊ ဗိုလ်တထောင်မြို့နယ်တွင် ပုံနှိပ်သည်။

လမင်းမိုမို ၈၉၅.၈၃
လမင်းမိုမို၊ ရန်ကုန်။
တကောင်းစာအုပ်တိုက်၊ ၂၀၁၅
၂၁၀–စာ၊ ၁၈ x ၂၁ စင်တီ။

www.burmeseclassic.com

www.burmeseclassic.com

လမင်းမိုမို

# ရခဲ့သမျှ အရာရာ

မိဖုရားစာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com

## မိုးဟုရားစာပေတိုက်မှ စာရေးဆရာမ လမင်းမိုမို၏ ထွက်ရှိပြီးသော စာအုပ်များ


၁။ ပုလဲတစ်ကုံး ဝတ္ထုတိုများ
နှစ်(၃၀)မြောက် အထူးထုတ်
၂။ ကောင်းကင်က ကြွေကျခဲ့ပါ ...
၃။ ချစ်သူ့ရဲ့ လက်အစုံဖြင့် ဆုးတွင်လှည့်ပါ
၄။ ကျွန်မကမ္ဘာပြိုသောအခါ
၅။ အာဒမ်များနှင့်နံရိုးများ
၆။ ချစ်ခြင်းဖြင့်လည်း မဆောင်ယူနိုင်
၇။ တသွင်သွင်
၈။ ချစ်ကြိုးနိုင်နိုင်ချည်
၉။ အသစ်သောနှောင်ကြိုး
၁၀။ ရုပ်သေးကလေးရဲ့ရာဇဝင်
၁၁။ ရေစက်တို့သည်လည်း တစ်ခါတစ်ရံ မဆုံစည်းသာ
၁၂။ မောင် (ဒုတိယအကြိမ်)
၁၃။ တစ်ယောက်အတွက် နောက်တစ်ယောက်
၁၄။ ကျွန်မ... မရှိတော့တဲ့အခါ
၁၅။ အမှောင်ထဲမှာ (ဒုတိယအကြိမ်)


BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

(၁)

ချောကလက်ဖျော်ရည် ဖန်ခွက်ထဲကပိုက်ကို ဟိုတို့ ဒီတို့ လှည့်ပတ်ကစားနေသော "အသည်း"ကို ခုံနောက်မှီမှာ မတ်မတ်မှီထိုင်ရင်း "ဩ"က လက်ပိုက်ကြည့်နေပါသည်။ ဂျပန်ဆံတောက်လို နားအောက် ကုပ်ကုပ် ဆံပင်လေးနှင့် "အသည်း" ရဲ့ရုပ်သွင်က ရှိရင်းစွဲ အသက်ထက် တစ်ဝက်နီးပါးလောက်ကို နုနယ်တာ။

"လေးလေးကို ကောင်မလေးတစ်ယောက်နဲ့ မြန်မာပလာဇာ မှာ တွေ့လိုက်တယ် ဘွားဘွား"ဟု အတို့အထောင်လုပ်သော တူမလုပ်သူ ရဲ့စကားကို ပြန်ကြားယောင်မိတိုင်း ဩက ရယ်ချင်သည်။ "ကောင်မလေး တစ်ယောက်"တဲ့...။ အင်း... ဟုတ်ပါတယ်။ အသည်းဟာ အသက် ဘယ်လောက်ရှိရှိ စိတ်ထဲက ကောင်မလေးတစ်ယောက်ရဲ့စိတ်။ ကလေး စိတ်။

ကလေးစိတ်၊ ကလေးကိုယ်၊ ကလေးမျက်နှာကလေးနှင့် အဲဒီအသည်းဟာ "ဩသုတ"ရဲ့ နှလုံးသား အရှင်သခင်မ။ သူ့ရုပ်ကလေး နဲ့မှ မလိုက်သည့် နောက်ခံကားချပ်များရှိခဲ့သည့် အတွက်လည်း သနားချစ် နှင့် ချစ်ရသည်။

"ကဲ... အသည်း"

ဩသုတက စိတ်လက်မရှည်စွာ အသံပြုလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်… ဩရယ်၊ ငါ မေ့ပြန်ပြီ သိလား၊ ငါမေ့နေပြန်ပြီ"

"ကျွတ် စကားဖြတ်ပြန်ပြီ၊ ကဲ… ကဲ… ပြော… ဘာမေ့တာလဲ"

"ငါလေ မနေ့ညနေက ဈေးက မဝင်းမြကို ငါးပတ်ခေါင်း တစ်လုံး ဆက်ဆက်ချန်ထားပေးပါလို့ မှာထားပြီး မနေ့ညနေကလေ သွားမယူလိုက်ရဘူးဟယ်…၊ ကျွတ်…"

"အသည်း…"

အသည်းက ဩသုတကို မျက်လုံးလေး းပင့်ကြည့်ကာ ချောကလက်ဖျော်ရည်ကို ပိုက်နှင့်စုပ်ကာ သောက်သည်။ ဩသုတရဲ့ အသံဆတ်ဆတ်ကြောင့် တကယ်လည်း မကြောက်ဘဲ ကြောက်တဲ့ပုံဖမ်းကာ သူတမင်တကာ စကားတွေ လွှဲပစ်တာကိုလည်း သူ မဟုတ်သလို နခေတိမ်တောင် လုပ်နေပါသည်။

"ဘာလဲ… ကျွန်တော် အရေးကြီးတဲ့စကား ပြောနေတဲ့ တစ်လျှောက်လုံး ခင်ဗျားက ချက်ဖို့ပြုတ်ဖို့ ငါးပတ်ခေါင်းကို စဉ်းစား နေတာလား"

"မစဉ်းစားပါဘူး၊ ရုတ်တရက် ဖျတ်ခနဲ ခေါင်းထဲ သတိရလာတာ"

"ကဲ… အခု စကားဆက်ပြောလို့ ရမလား"

"ပြောပါ… ပြော… ပြော…"

"ပြောရမှာ ခင်ဗျားလေ အသည်း၊ ကျွန်တော်က မေးထားတာ လေ"

"ဘာမေးထားတာလဲ"

တွန့်ပြီး စေ့သွားတဲ့ ဩသုတရဲ့ နှုတ်ခမ်းအလှုပ်အရှားကို ကြည့်ပြီး အသည်းက အူထဲက တိတ်တိတ်လေး ကျိတ်ပြုံးမိပါသည်။ မြင်သာ ထင်သာတော့ မပြုံးရဲ။ ဩကို မလျှောင်ပြောင်ရက်။ ရယ်ချင် ပြုံးချင်မိတာကလည်း သူ့ကို ချစ်သနားစိတ်နှင့်ပင်။ အဲဒီ စိတ်မရှည်တဲ့ လူရွယ်လေးကို အသည်း သံယောဇဉ်ကြီးပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဩော်... ဩ မေးထားတာ ဘာလဲ"

"အသည်း... နောက်ရွတ်ရွတ် လုပ်မနေနဲ့၊ ဩော်... ဆိုတော့ သတိပဲ ရသွားသလိုနဲ့ မေးထားတာ ဘာလဲတဲ့၊ ခင်ဗျားကို တစ်ခါ တလေကျရင် ကိုင်ဆောင့်လိုက်ချင်တာ၊ ကဲပါ... ကောင်းကောင်း ဖြေပါဗျာ၊ မေမေက အသည်းနဲ့တွေ့မယ်လို့ ပြောတယ်လေ၊ အသည်း ဘယ်နေ့ အဆင်ပြေမလဲ"

"ဩတို့အိမ်ကို လိုက်ခဲ့ရမှာလား"

"အိမ်မှာ တွေ့တာက ပိုပြီးအဆင်ပြေမယ် ထင်တယ်လေ၊ အပြင် တစ်နေရာရာမှာ တွေ့တာက မခန့်ဘူးလားလို့ပါ၊ အိမ်မှာတွေ့တာက ဣန္ဒြေရတာပေါ့"

အသည်းက သက်ပြင်းတစ်ချက် ချလိုက်ပါသည်။

"ဩမေမေက အသည်းကို သဘောမကျဘူး မဟုတ်လား၊ တွေ့မယ် ဆိုတာကရော Positive သဘောကို ဆောင်ရဲ့လား၊ ငါ ကြောက် တယ်နော်... နောက်ပြီး တစ်မျိုးကြီးပဲလို့လည်း ထင်တယ်"

"ဘာတစ်မျိုးကြီးလဲ"

"ယောကျ်ားလေးမိဘနဲ့ လိုက်တွေ့ရမယ့် မိန်းမတွေအားလုံးထဲ မှာတော့ ငါ အသက်အကြီးဆုံးပဲ ထင်တယ်၊ ဒီအသက် ဒီအရွယ်နဲ့ သားရှင်အိမ်ကို သားရဲ့ချစ်သူ သားရဲ့ရည်းစားအဖြစ် လိုက်တွေ့ရမှာ ရှက်စရာကြီးလို့ ခံစားရတယ်"

ဩသုတက မှီထိုင်နေရာမှ ကိုယ်ကိုမတ်လိုက်ရင်း...

"ဒီအဆင့်ကို မဖြတ်ကျော်ပဲ ရှေ့ကိုဆက်လို့ မရဘူးလေ အသည်း၊ ဒါက ထုံးစံပဲလေ၊ ကျွန်တော်လည်း အသည်းရဲ့ဖေဖေနဲ့ တွေ့ခဲ့ရ တယ်လေ၊ တွေ့ပြီးပြီလေ"

"အို... ဖေဖေနဲ့ ဩက အစကတည်းက သိပြီးသားဟာကို၊ သမက်လောင်းလို တမင်တကာ တကူးတက မျက်နှာငယ်ငယ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



လာတွေ့လိုက်ရတယ်လို့ မရှိလိုက်ပါဘူး ဩသုတရယ်၊ ခုဟာက မတူပါဘူး၊ အသည်းက ကိုယ့်ကို သဘောမကျမှန်းသိသိနဲ့ လိုက်တွေ့ရမှာ၊ သိပ်မျက်နှာငယ်တာပဲ၊ တကယ်တမ်း စဉ်းစားလိုက်တော့ ငါ့အသက် ငါ့အရွယ် ငါ့အနေအထားနဲ့က သားရှင်အမေကို ခုလို လိုက်တွေ့ဖို့ဆိုတာ တော်တော်ရှက်စရာကောင်းတာပဲ၊ တွေးရင်းနဲ့တောင် မျက်နှာတွေ စပ်လာပြီ"

"အသည်း... ကျွန်တော် တောင်းပန်ပါတယ်၊ မေမေနဲ့ လိုက်တွေ့ပေးပါ အသည်းရာ... နော်၊ မေမေက သဘောမကျဘူး ဆိုပေမယ့်လည်းလေ အခုက အဲသလိုမဟုတ်တော့ပါဘူးဆို ယုံစမ်းပါ၊ လုံးဝသဘောမကျဘဲနဲ့တော့ ဘယ်ခေါ်တွေ့ပါမလဲ အသည်းရယ်"

"လုံးဝသဘောမကျ မဟုတ်ရင်တောင် အရင်တုန်းက တစ်ဝက်တော့ သဘောမကျတာ သေချာတာပဲလေ၊ အင်း... စိတ်ညစ်လိုက်တာနော်၊ ငါတို့ လက်မထပ်ကြပါစို့နဲ့ ဩရယ်... ဟုတ်လား၊ ဒီလိုပဲလည်း နေလို့ရတာပဲလေ၊ လက်ထပ်တယ်ဆိုတာကိုလည်း ငါ အယုံအကြည် မရှိပါဘူးဆိုမှ အဲဒီ အိမ်ထောင်ပြုခြင်းကို ငါ ကြောက်ပါတယ်"

"အသည်း..."

ဩသုတ လက်တစ်ဖက်က စားပွဲပေါ်တင်ထားတဲ့ အသည်းရဲ့ လက်ဖဝါးလေးတစ်ဖက်ကို အုပ်ကိုင်လာသည်။ အသည်းက စိတ်ကျဉ်းကျပ်သလိုလေး လက်ဖဝါးကို တွန့်ရုန်းကာ ထွက်လိုက်၏။

"တူတူ... တူတူ... တူ..."

ရုတ်တရက် ဖုန်းမြည်သံ ထွက်ပေါ်လာသဖြင့် အသည်းက ထွက်ပေါက်ရသွားသလို သူ့ပေါင်ပေါ်က လက်ကိုင်အိတ်ထဲ မွှေနှောက်၍ ဖုန်းကိုင်ရန် ဖုန်းကိုရှာသည်။ အသည်းရဲ့ အိတ်ဟာ ပိုက်ဆံထည့်ရုံသက်သက် မဟုတ်ဘဲ တိုလီမုတ်စ အရေးပေါ်လိုအပ်မည်ထင်သမျှ ထည့်ထားတာမျိုး ဖြစ်လေရာ ဖုန်းကို အတော်နှင့်ရှာမတွေ့။



www.burmeseclassic.com

www.burmeseclassic.com



မြှေ့ရင်း မတွေ့တော့ အထဲကပစ္စည်းတွေ တစ်ခုပြီး တစ်ခု နှိုက်ကာ အသည်းက စားပွဲပေါ်တင်သည်။ နေကာမျက်မှန်၊ မျက်မှန်အိတ်၊ တစ်ရှူးထုပ်၊ ဘာမှန်းမသိတဲ့ ဘောက်ချာများ၊ စက္ကူခေါက်များ၊ အိမ်သော့၊ ကားသော့၊ ဘဏ်စာအုပ်၊ လက်သည်းညှပ်၊ ခေါက်ယပ်တောင်လေး၊ နှုတ်ခမ်းနီဘူးထည့်ထားတဲ့ ဘူးငယ်၊ ကရင်ပတ်ဖ်။

ဩသုတာက သက်ပြင်းတစ်ချက် ချလိုက်ပါသည်။ ဖြုတ်စ ချင်းတောင်းတွေကုန်ပြီး ဖုန်းခေါ်သံသာ ရပ်သွားသည်။ ဖုန်းက ထွက်မလာ။ အသည်းသည် မျက်မှောင်လေးတွန့်ကာ အိတ်ကို ဟိုဖိဒီဖိစမ်းရင်းက…

"ဩော်… ဘေးအိတ်ထဲမှာ"

ဩသုတာကို ပြုံးဖြဲဖြဲလေးကြည့်ရင်း ဘေးအိတ်ဇစ်ကိုဖွင့်၍ ဖုန်းကို ထုတ်ယူလိုက်ပါသည်။

"တွီ… တွီ…"

"ဟော… စာပို့ပြန်ပြီ"

အသည်းက သူ့ဖုန်းပေါ်က Security pattern ကို "Z" ပုံဆွဲ၍ နှိပ်သည်။ မပွင့်။ ထပ်နှိပ်ဆွဲသည်။ မပွင့်။

"အသည်း… ခေါင်းအေးအေး ထားစမ်းပါ၊ ဇက်ပုံဆွဲရမှာက ရွှေ ရောင်ဖုန်းလေ၊ ဒီဖုန်းအမည်းက သဝေထိုးပုံဆွဲမှ ပွင့်မှာလေ"

"ဩော်… ဟုတ်သားပဲ"

အသည်း ဆိုသည်မှာ သူ့ဖုန်းကို Security ခံထားတတ်ပြီး သော် သူ့ပါ့စ်ဝါ့ဒ် သူမေ့မည်စိုး၍ ရှိသမျှသော ရင်းနှီးနီးစပ်သူတိုင်းကို သူ့ပါ့စ်ဝါ့ဒ် ပြောပြထားတတ်သူမျိုးတည်း။

"ဩရယ်…၊ အသည်းကို အဲလိုစိတ်ပျက်သလိုကြီး မကြည့်စမ်းပါ နဲ့၊ ငါစိတ်ပျက်စရာကောင်းတာ ငါသိပြီးသားမို့လို့ မင်း အဲလိုကြည့် လည်းပဲ ဘာမှမထူးလို့ပါ၊ မီးချောက ညနေကျ ဖုန်းဆက်မယ်လို့ မှာထားလို့ပါ၊ မီးချောဖုန်းပဲဖြစ်မှာ၊ ချက်ချင်းမကိုင်ရင် သူ စိတ်



www.burmeseclassic.com

www.burmeseclassic.com



ကောက်မှာစိုးလို့ ပျာယာခတ်မိတာ၊ ပျာယာခတ်တော့ ပိုပြီးအမှား အယွင်းတွေဖြစ်၊ ငါဟာ... ဖျော်မပါဟယ်... ငါသိပါတယ်"

"ကဲပါဗျာ... သူများ စိတ်မကောင်းအောင် ပြောနေပြန်ပြီ၊ ကိုယ့် ဘာသာ ဖုန်းကိုကြည့်စရာရှိတာကြည့်၊ ရှပ်ယှက်ကို ခတ်နေတာပဲ၊ အချစ်ရေးလေး ဆွေးနွေးမလားကြံရင် သူ့ကိစ္စအရှုပ်တွေချည်းပဲ ပေါ်ပေါ်လာတယ်၊ ခင်ဗျားကိုမှ ဘာကြောင့်များ ချစ်နေရသလဲဆိုတဲ့ ဝဋ်ကြွေးကို တစ်ခါ တစ်ခါ စိတ်နာတယ်"

"ဩ... တကယ် အတည်ပြောနေတာလားဟင်"

"ကဲပါ... ခင်ဗျားဖုန်းပဲ ခင်ဗျား အရင်ကိစ္စဖြတ်ပါ"

အသည်းက ဖုန်းကိုဖွင့်ပြီးသော် စာအိတ်ကလေးကို အရင်နှိပ် ဖွင့်လိုက်ပါသည်။ မီးချောပဲ ဖြစ်မှာ။ သူ့ထံ ဖုန်းဆက်ခဲ့လှတဲ့ မီးချော၊ ဘာများပြောစရာ ရှိပါလိမ့်။ ဘာကိစ္စ အရေးကြီးပါလိမ့်။ အရေးမကြီးလျှင် စာပို့မည့်သူ မဟုတ်။ ပို့ထားတဲ့ဖုန်း မက်ဆေ့ချ်လေးကို အသည်းက ကမန်းကတန်း ငုံ့ဖတ်လိုက်သည်။

"မာမာ...

မီး လက်ထပ်တော့မယ်"

ဟင်...။

အသည်းရဲ့ အာမေဍိတ်သည် အပြင်ထွက်မလာဘဲ ရင်ထဲ၌သာ အုန်းခနဲ မြည်သွားသလိုပင်။ မီးချော လက်ထပ်တော့မယ်တဲ့။ ဘုရားရေ... သူက ဘယ်နှနှစ်မို့လဲ။ ခုမှ နှစ်ဆယ်တစ်နှစ်လေ။ နှစ်ဆယ့် တစ်နှစ်ဆိုတာ ငယ်ငယ်လေး ရှိသေးတာလေ။ အသည်းသည် စာတိုလေး ကိုပဲ ထပ်ခါ ထပ်ခါ ဖတ်ကာ မျက်နှာလေးက ပျက်နေပါသည်။

"ဘာလဲ အသည်း... ဘာဖြစ်လို့လဲ"

"........."

"ဘယ်သူ ဘာစာပို့လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



အရိပ်ကြည့်နေသော ဩသုတက စိုးရိမ်မကင်းသလို မေးသည်။ အသည်းက ဩကို အသာအယာ မျက်လွှာပင့်ကြည့်ရင်း…

"မီးချောပါ… မီးချောလေ လက်ထပ်တော့မယ်တဲ့ ကြည့်စမ်း၊ သူက ဘယ်အရွယ် ရှိသေးလို့လဲ၊ ငယ်ငယ်လေး ရှိသေးတာကို လက်ထပ်စရာလား၊ ဘယ်လိုလုပ်မလဲဟင် ဩ…၊ အသည်း… မီးချောကို နှမြောလိုက်တာ"

ဩသုတက အသည်းကို ကရုဏာ သက်သွားမိကာ တစ်ဆက်တည်း ရယ်လည်း ရယ်ချင်လာရပါသည်။

"မီးချောက နှစ်ဆယ့်တစ်နှစ်ရှိပြီ မဟုတ်လား အသည်းရဲ့"

"အင်းလေ… ဒါ… ငယ်ငယ်လေး ရှိသေးတာဥစ္စာ"

"ခင်ဗျား အသက်ဘယ်နနှစ်က မီးချောကို မွေးခဲ့တာလဲ ဒေါ်အသည်းရဲ့၊ ပြန်လည်းစဉ်းစားကြည့်ပါဦး၊ မီးချောကို ငယ်သေးတယ်လို့ အသည်းသွားပြောရင် သူကလည်း အသည်းကို ဘာပြန်ပြောမလဲ"

"အို… အသည်းက မိုက်လုံးကြီးတဲ့မိန်းမ၊ အဆိုးမ,မို့လို့ အသက်ဆယ့်ခုနစ်နှစ်မှာ ယောကျ်ားရသွားတာ၊ အသည်းနဲ့ မယှဉ်နဲ့လေ၊ အသည်းက မိုက်မဲတယ်လေ၊ မီးချောက လိမ်လိမ်မာမာ သန့်သန့်စင်စင်လေး၊ မတူဘူးလေ"

"ဩော်… အသည်းရယ်"

မျက်ရည်လည်လာသော အသည်းကို ကြည့်၍ ဩသုတ စိတ်မကောင်းပေ။

"သူ့အဖေ သိပြီးပြီလား မသိဘူး"

အသည်းက ခပ်တိုးတိုးလေး ရေရွတ်နေပါသည်။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com

# (၂)

ဒေါ်နန်းမိုသည် ကားတံခါး ဆွဲပိတ်လိုက်ပြီးသည်နှင့် Seat belt ကို ဆွဲယူကာ ဆိုးဆိုးဆတ်ဆတ် သိုင်းပတ်လိုက်ရင်း နံဘေးက ဦးပြေအောင်ကိုလည်း လှည့်ကြည့်၍…

"ကိုပြေ… Seat belt"

ဦးပြေအောင်သည် သူ့ဘာသာသူ အသိစိတ်နှင့် ထိုင်ခုံခါးပတ်ကို ပတ်မည်ပင် ဖြစ်သော်လည်း ဇနီးသည်က သတိပေး ညွှန်ကြားလိုက်တော့လည်း ဘာမှ စောဒကမတက်ဘဲ "အင်း"တစ်လုံးသာ တုံ့ပြန်လိုက်ပါသည်။ ဒေါ်နန်းမိုက ကားကို စက်နှိုးမောင်းထွက်လိုက်ရင်း…

"ကိုပြေ့အခန်းအပြင်က ကောင်မလေးတွေ တော်တော်အချိုးမပြေတာပဲ၊ အလုပ်လုပ်တာ စနစ်မရှိဘူး၊ တစ်ခါလည်း ပြောပြီးပြီ၊ အခုလည်း ထပ်ပြောခဲ့သေးတယ်၊ အခန်းထဲကို လူနာသွင်းပေးရတဲ့ အလုပ်က ဘယ်လောက်များ ခက်နေလို့လဲ၊ ဖြောက်သောက်တွေဖြစ် ဟိုကျော် ဒီကျော်၊ ကိုပြေ ခေတ်မှန်အစို ပြန်ကြည့်မယ်ဆိုတဲ့ လူနာက ဗိုးချဲ့နဲ့ ခေတ်မှန်ကိုင်ပြီး ပြန်ရောက်လာတယ်၊ အတော် အောင့်နေတာမြင်လည်း ဒါအရေးပေါ်ပါလားရယ်လို့ မတွေးကြဘူး၊ ဟိုးနောက်ဆုံးက ပြန်တန်းစီရမယ် ဆိုတာက အေးအေးဆေးဆေး အခြေအနေဆိုရင် ဟုတ်တယ်လေ၊ ခုက လူနာက ဝေဒနာခံစားနေရ

www.burmeseclassic.com



တာ၊ စောင့်ရမယ့် တန်းစီစာရင်းက အများကြီး ကျန်သေးတာ၊ ကော့စ်က အော်ပရေးရှင်းလုပ်ဖို့ လိုလား မလိုလား မသိသေးဘူး၊ အရေးပေါ် ဖြစ်မလား မဖြစ်လား မသိနိုင်ဘူးလေ၊ အခြေအနေကို ကြည့်ပြီး မစီစဉ်တတ်ဘူး၊ စာအုပ်ကြီးအတိုင်း လုပ်ရိုးလုပ်စဉ်ကလွဲရင် မလုပ်တတ်၊ မမဦးတို့ကိုပြောပြပြီး ကောင်မလေးတွေ လဲခိုင်းဦးမှပဲ”

“နန်း အစောကြီးကတည်းက ရောက်နေတာလား”

“ဟုတ်တယ်၊ ကိုထွန်းတို့ မမအိတို့အိမ်က အပြန်မို့ စောနေလည်း တန်းပဲဝင်ကြိုလိုက်တော့တာ၊ အိမ်ပြန်ပြီး နောက်တစ်ခေါက် ပြန်မထွက်ချင်တော့လို့”

“ကောင်မလေးတွေကတော့ လူလဲလိုက်လည်း အလားတူ ဒီလိုဟာတွေပဲ ရောက်လာမှာပါ၊ သူတို့မှာ မှာထားသလို လုပ်ဖို့လောက်ပဲ စွမ်းရည်ရှိတာကို နန်းရဲ့၊ မဦးတို့လည်း သွားပြောမနေပါနဲ့၊ ဘာမဟုတ်တာနဲ့ ဇီဇာကြောင်ရာ ကျပါတယ်”

“အို… ပြောရမှာပဲ ကိုပြေရယ်၊ အဲဒီထဲက တစ်ယောက်က စကတ်ထဘီက ဒေါက်ဆယ်ချောင်းလောက် ထည့်ဝတ်ထားပြီး နားဆွဲက လှုပ်တုတ်တုတ်နဲ့၊ ရှိုးက များသေးတယ်၊ ဒီနေရာမျိုး ဒီပုံစံနဲ့ ဘယ်ဖြစ်မလဲ”

အင်း… အလုပ် လာဘ်မမြင်တာထက် ဒေါက်တို့၊ နားဆွဲတို့၊ ရှိုးများတာတို့က လူလဲပစ်ချင်စေဖို့ ပိုအဓိကကျတဲ့အချက် ဖြစ်မည်ထင်ပါရဲ့။ ခနီးသည်ဟာ သူ့နံဘေးက ဆရာဝန်၊ နာ့စ်၊ ဝန်ထမ်း၊ လူနာ ဘယ်သူမဆို အမျိုးသမီးမှန်လျှင် သူ ကြည့်လို့ရတဲ့သူ ခပ်ရှားရှား။ နည်းနည်းလှပနေလျှင် ပိုပြီးကြည့်မရတတ်။ အချိုးမကျ မတော်မတည့် ဆိုတာမျိုးလည်း သူ့ပဲမြင် တတ်လှသည်။ သူမြင်တာလည်း အမှန်တွေချည်း။

အကြည့်တွေ အမြင်တွေ အသိတွေ ထိုးထွင်းမြော်မြင်တတ်တာတွေ အမှန်းအဆတွေဟာ ထစ်ခနဲဆို ဒေါက်ခနဲ သွက်လက်ထက်မြက်

www.burmeseclassic.com



မြန်ဆန်လှကာ ဘာကိုမဆို သိတတ် မြင်တတ် မှန်းဆသမျှလည်း မှန်တတ်။ မိသားစုကိစ္စတွေမှာလည်း သူပဲ အခရာ။ သူ စီမံခန့်ခွဲသမျှဟာလည်း ပြည့်စုံအဆင်ပြေနေတာချည်းမို့ ဦးပြေအောင်က တော်ရုံတန်ရုံ ဖြစ်လျှင်ဖြင့် ခနီးသည်နှင့် အတိုက်အခံ လုပ်မနေတော့ပါ။

"အစ်ကို့အိမ် ဘာသွားလုပ်တာလဲ နန်း"

"ဩော်... သူတို့ တိုင်ပင်စရာလေး ရှိတယ်ဆိုလို့၊ အဲဒါ"

"တူတူ... တူတူ..."

ဒေါ်နန်းမို စကားမဆုံးခင် ဦးပြေအောင်ရဲ့ဖုန်းက မြည်လာတာမို့ ဒေါ်နန်းမို စကားရပ်သွားသလို ဦးပြေအောင်လည်း အလန့်တကြား ကျောပင်မတ်သွားရပါသည်။ ခုနဆေးခန်းမှာ လူနာကြည့်နေချိန်ကလည်း နှစ်ကြိမ်တောင် ဖုန်းလာခဲ့တာကို မကိုင်ဖြစ်လိုက်တာမို့ ခုလည်း ဒါဟာ ခုနခေါ်နေတဲ့ မိုးသည်းဆီကပဲ ဖြစ်မှာကို မှန်းနိုင်လိုက်၍ပင်။

"ဖုန်းလေ... ကိုပြေ..."

"အင်း..."

"ဘယ်သူလဲ"

ဖုန်းကို ထုတ်လိုက်တဲ့ ဦးပြေအောင်ဘက် ဒေါ်နန်းမိုက လှည့်ကြည့်သည်။ ဖွင့်နားမထောင်သေးတဲ့ ဦးပြေအောင်မှတစ်ဆင့် မီးလင်းနေတဲ့ စကရင်ကို ဖျတ်ခနဲ လှမ်းကြည့်ကာ...

"ဘယ်သူခေါ်နေတာလဲ ကိုပြေ"

ဦးပြေအောင်သည် ဘာကြောင့်ရယ်လို့ မဟုတ်သော်လည်း နန်းမိုရဲ့ရှေ့မှောက်တွင် မိုးသည်းနှင့် ဖုန်းပြောရမှာ ဝန်လေးနေပါသည်။ ခုနကတော့ လူနာကြည့်နေချိန်မို့ မကိုင်ဖြစ်တာ၊ အခုကတော့ နန်းမို နံဘေးမှာ ရှိနေတာမို့ မကိုင်ချင်သေးပြန်။

"မိုးသည်း ဆက်နေတာပါ၊ ဘာကိစ္စရှိလဲ မသိဘူး၊ ခုန လူနာကြည့်နေတုန်းကလည်း သူခေါ်တာ မကိုင်ဖြစ်လိုက်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



နန်းမိုက နှုတ်ခမ်းလေး မဲ့သွားကာ…

“ဆက်ပြီ၊ ဆက်တော့မှာ နောက်ကိုလည်း၊ အကြောင်းပြချက်ကောင်းကြီး ရလာပြီလေ”

ဦးပြေအောင်က နန်းမိုကို လှည့်ကြည့်ရင်း…

“ဘာဖြစ်လို့လဲ နန်း”

“မီးချောက အိမ်ထောင်ပြုတော့မယ်တဲ့၊ ဒီနေ့ ကိုထွန်းနဲ့ မမအိဆီ ရောက်တာလည်း အဲဒါပဲလေ၊ မမအိက စကားပြောစရာ တိုင်ပင်စရာ ရှိတယ်ဆိုလို့ သွားလိုက်တာ၊ မီးချောက သူ့ကောင်လေးနဲ့ လက်ထပ်တော့မယ်တဲ့”

“မီးချောက အသက်ဘယ်လောက် ရှိပြီလဲ”

“နှစ်ဆယ့်တစ်လေ ကိုပြေကလည်း၊ ကောင်လေးကတော့ အသက်အစိတ်တဲ့၊ ကောင်လေးက အင်ဂျင်နီယာလေ၊ မဆိုးပါဘူး၊ နန်းမို မေးလာတယ်၊ မိဘဆွေမျိုး အသိုင်းအဝိုင်းလည်း ကောင်းပါတယ်”

ဦးပြေအောင်သည် ကားမှန်ပြတင်းပြင်ပမှ ကားမီးရောင်တွေနှင့် ဖျိုးဖျိုးဖျတ်ဖျတ် လင်းလက်နေသော ညမှောင်မှောင်ကို ငေးမောတွေးဆောနေမိသည်။ သမီးဖြစ်သူတောင် အိမ်ထောင်ပြုတော့မယ်လို့ အသိပေးသည့်အရွယ် ရောက်လာခဲ့ပြီပဲ။ သူဟာ အသိပေးခံရသူသာ ဖြစ်တော့သည်။ ခိုသည်းလည်း ဘာထူးလဲ။ အသိပေးခံရသူပဲ ဖြစ်မှာပေါ့။ သူတို့ဟာ သမီးရဲ့အုပ်ထိန်းသူတွေမှ မဟုတ်ကြတာ။

သမီးက သူ ဒက်ဒီ မာမီ ခေါ်သော ဘကြီးဖြစ်သူ ဦးထွန်းအောင်နှင့် ဘကြီးရဲ့ဇနီး ဒေါ်အိအိဝင်းကိုတော့ ချစ်သူထားကတည်းက တိုင်ပင်ကောင်း တိုင်ပင်မှာပေါ့လေ။ သူတို့နှင့်ကျတော့ သိပ်မှတရင်းတနှီး ဆက်ဆံလုံးထွေးခြင်း ရှိမှမရှိလေတာပဲ။

သူနဲ့ သမီး မလုံးထွေးလှတာကတော့ အကြောင်းပြချက်ရှိသည်။ သူဟာ နန်းမို ဆိုတဲ့ နောက်အိမ်ထောင်နှင့် မိသားစုတစ်သတ်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေကာ သူတို့မှာ သားသမီးနှစ်ယောက် ရှိသေးသည်။ သမီးဟာ မိုးသည်းနှင့်ရော ဘာကြောင့်ရင်းနှီးနီးကပ်မှု မရှိခဲ့ပါလိမ့်။ သူနှင့် မိုးသည်း လမ်းခွဲကြတော့ သမီးက သုံးနှစ်ခွဲလား လေးနှစ်လားသာ ရှိသေးသည်။

လမ်းခွဲချိန်မှာ မိုးသည်းအသက်ဟာ နှစ်ဆယ့်တစ် သာသာ နှစ်ဆယ့်နှစ် မပြည့်ချင်။ အခုလက်ရှိ သမီးရဲ့အရွယ်လောက်သာ ရှိသေးသည်။ အစ်ကိုဖြစ်သူ လင်မယားက သားသမီး မထွန်းကားပဲ သမီးကိုလည်း အင်မတန် ချစ်ခင်ကြရာ သူတို့ မွေးစားဖို့ အဆိုပြု တောင်းဆိုခဲ့ကြသည်။ အဲဒီတုန်းက မိုးသည်းနှင့် အခြေအတင် ပြဿနာတွေ တကျက်ကျက် ဖြစ်လိုက်ကြသေးသည်။

အမှန်အတိုင်း ပြောရလျှင် ဖခင်တစ်ယောက်အနေနှင့် သူသည် လည်း သမီးလေးကို မိုးသည်း လက်ထဲမှာထက် အစ်ကိုလင်မယားလက်ထဲ မှာ ပိုမိုပြီး ကြီးပြင်းစေလိုစိတ်ရှိခဲ့တာ အမှန်ပင်။ သမီးလေးကို အုပ်ထိန်း စောင့်ရှောက်ဖို့ မိုးသည်းဟာ မတည်ငြိမ် မရင့်ကျက်သေးဘူးလို့ သူ ယုံကြည်ခဲ့သည်။ သူကိုယ်တိုင်ကိုက အစ်ကိုလင်မယား မွေးစားဖို့ဘက် သဘောတူ မဲတင်းစကားများ ပြောခဲ့သည်။ ကိုယ်တိုင် ရင်အုပ်မကွာ အတူမထားခဲ့မိတာကတော့ နန်းမို မကြည်ဖြူတာကို သိ၍တစ်ကြောင်း၊ အစ်ကိုနှင့် မရီးကို ယုံကြည်လို့ကတစ်ကြောင်း၊ ထိုနှစ်ခုပေါင်းကြောင့် ဖြစ်ပါသည်။

သမီးလေးဟာ အဖေဘက်ကဘကြီး မွေးစားမိဘလက်ထဲ ကြီးပြင်းလူလားမြောက်ရပေမယ့် အမေဖြစ်သော မိုးသည်းနှင့် တွေ့ခွင့်မပြု ခဲ့တာတော့ မဟုတ်။ တွေ့ဆုံနေလို့ ရနေတာပဲ။ ဘာကြောင့် တရင်းတနှီး သွေးစည်းစည်း အဖြစ်မျိုး မရှိခဲ့တာကိုတော့ ဦးပြေအောင် မတွေးတတ်ပေ။

"ကလင်"

အသံလေးတစ်ချက်ကြောင့် ဦးပြေအောင်က ဘယ်ကပါလိမ့် ဟု ဟိုကြည့် ဒီကြည့် ဖြစ်သွားရစဉ်...



www.burmeseclassic.com

www.burmeseclassic.com



"စာဝင်လာတာ ကိုပြေ၊ မိုးသည်း ဖြစ်လိမ့်မယ်"

သူ့ထံ ဖုန်းမက်ဆေ့ချ် လာတာမျိုး ရှားပါးလှ၍ ဦးပြေအောင် က စာဝင်လို့ ဝင်လာမှန်းတောင် မသိတာဖြစ်သည်။ နန်းမိုး ပြောလိုက်မှ မီးလင်းလာသော ဖုန်းကိုကြည့်ကာ စာကိုဖွင့်ဖတ်ဖို့ ကြိုးစားရသည်။ ဟိုနှိပ် ဒီနှိပ်နှင့် စာလေးတစ်ကြောင်း ဒလေးထောင့်ကွက်လေးထဲ ပေါ်လာသည်။

"ကိုကြီး… ဖုန်းကိုင်ပါဦးနော်"

"ဘာတဲ့လဲ"

"………"

"ဘာတဲ့လဲလို့"

"ဖုန်းကိုင်ဖို့ ပြောတာပါ နန်းရယ်"

"ဘယ်လိုရေးထားလဲ"

"………"

ရေးထားတာကို ဖတ်ပြဖို့ သူ ဝန်လေးနေဆဲ နန်းမိုးက ကားအောင်းနေရင်းမှ ဦးပြေအောင်လက်ထဲကဖုန်းကို ဖတ်ခနဲ လှမ်းယူကာ အားမောင်းရင်းပင် စာငုံ့ဖတ်လိုက်ပါသည်။ ချက်ချင်းပဲ ဖုန်းကို ဦးပြေအောင်ပေါင်ပေါ် လှမ်းတင်လိုက်ရင်း မျက်နှာကတော့ တင်းသလို မဲ့သလို ခပ်ပျက်ပျက်။

"သေတောင် သေချင်တယ်၊ ဒီကရှေ့လျှောက် လာတော့မယ် ဒါမျိုးတွေ၊ စိတ်ဆင်းရဲတယ်"

"ဘာများ သေချင်စရာ ရှိလို့လဲ နန်းရာ… မင်းကလည်း"

"ခုချိန်ထိ ကိုကြီး ခေါ်တာကို မပြုပြင်သေးဘူး၊ ဦးပြေအောင်ပေါ့၊ သူစိမ်းတွေ ဖြစ်သွားပြီပဲဟာ၊ အဲဒါမျိုးတွေ ရှေ့လျှောက် စိတ်ညစ်ရတော့မှာကို မြင်ယောင်နေတာ"

"ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ… ကိုပြေပြောလေ သိပ်နားဝေးတာပဲ၊ မီးချော လက်ထပ်တော့မှာကို အကြောင်းပြပြီး ရှင့်ဆီကို အကြိမ်ကြိမ် ဆက်သွယ်တော့မှာကို မြင်ယောင်နေတာကို ပြောတာ၊ အရမ်းစိတ်ပျက်တာပဲ"

ဦးပြေအောင်က ဘာမှ မတုံ့ပြန်တော့ဘဲ ငြိမ်နေလိုက်ပါသည်။ နန်းမို ပြောတာ ဟုတ်သားပဲ။ သူနှင့် မိုးသည်းဟာ သမီးရဲ့ အဖေနဲ့အမေ၊ မိဘနှစ်ပါး မဟုတ်လား။ သို့ပေမဲ့လည်း ဒီကိစ္စနှင့် ပတ်သက်ပြီး သူတို့နှစ်ယောက် အကြိမ်ကြိမ် ဆက်သွယ်စရာတော့ မလိုအပ်လောက်ဘူး ထင်သည်။ တစ်ကြိမ်တလေ စသဖြင့်တော့ ဆက်သွယ်ဖို့ တွေ့ဆုံဖို့ လိုအပ်ကောင်း လိုအပ်နိုင်တာပေါ့။ တိုင်ပင်စရာမျိုးတော့လည်း များများစားစား မရှိလောက်ပါပေ။

"အခု အဲဒါ ဘာလုပ်မှာလဲ ကိုပြေက"

"ဘာကိုလဲ နန်း"

"သူက ဖုန်းကိုင်ပါလို့ ပြောနေတယ်လေ"

"ဪ… ဒီတစ်ခါဆက်ရင် ကိုင်လိုက်ရုံပေါ့ နန်းရယ်၊ သူ ဘာပြောစရာရှိသလဲမှ မသိတာ။ သူက သမီးရဲ့အမေပဲလေ၊ အလကားနေရင်း ဆက်ဆံ ဆက်သွယ်နေဖို့ မလိုပေမယ့် အကြောင်းပြချက်မရှိဘဲ ရှောင်ရှားနေဖို့လည်း မလိုပါဘူး၊ ဖြစ်ခဲ့သမျှမှာ သူ့မှာ ဘာအပြစ်မှလဲ ရှိတာမှ မဟုတ်ဘဲ၊ အပြစ်ရှိခြင်းရှိ ကိုယ်ကရှိတာ၊ လွန်ခြင်းလွန် ကိုယ်က လွန်တဲ့သူလေ"

နန်းမိုသည် နှုတ်ခမ်းတင်းတင်းစေ့ရင်း မျက်ခုံးနှစ်ဖက်ကို ခပ်နက်နက် အတွန့်ချိုးထားလိုက်မိသည်။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com

(၃)

“မမ အပေါ်တက်တော့မယ်၊ နှင်း ကလေးတွေ ထိုးထားတာလေးတွေ မအိပ်ခင် တစ်ချက် စစ်လိုက်ပါဦးနော်”

အသည်းက အခန်းရှေ့ဘက်မှ Dream Dresser ဆိုတဲ့ ခေါင်လိုက်နီယွန်ဆိုင်းဘုတ်ကြီးကမီး၊ကို အလင်းအားလျှော့လိုက်ပြီးလျှင် အိမ်ရှေ့သံဘာဂျာတံခါးကို သော့ခတ်၊ အတွင်းဖက် ခန်းဆီးထူတွေချထားတဲ့ မှန်တံခါးတစ်ထပ်ကို သော့ခတ်၊ သော့ကိုသိမ်းကာ အပေါ်ထပ်တက်ဖို့ ပြင်ပါသည်။

သူမရဲ့တိုက်ခန်းကျယ် နှစ်ထပ်တွင် အပေါ်ထပ်၌ အသည်းနေထိုင်ပြီး အောက်ထပ်က အလုပ်ခန်း။ အောက်ထပ်မှာအိပ်သော အတူနေအစည့် မိန်းကလေးသုံးယောက် ရှိပါသည်။ နှင်းကတော့ ဆယ့်ငါးနှစ်သမီးအတည်းက အသည်း ခေါ်ယူမွေးစားခဲ့ကာ မိဘတွေလည်း မရှိတော့တာမို့ အသည်းကိုသာ ဆွေလိုမျိုးလို သဘောထားပြီး နေထိုင်သော အားအကိုးရဆုံး မျက်နှာအလွှဲရဆုံး တပည့်မ ဖြစ်သည်။

အချုပ်အလုပ်ကိစ္စရပ်တို့၌ အင်မတန် လက်မြောက်ကျွမ်းကျင်သာပြီဖြစ်သည့်အပြင် အလုပ်လက်ခံတာ၊ ဈေးနှုန်းစကားပြောတာတွေပါ ကျွမ်းကျင်လိမ္မာနေပြီ။ သူ့ကိုထားရစ်လျှင် အသည်း ခရီးဝေးသွားနိုင်သည်း စိတ်ချရသည်။ အသည်းလောက် သဘောမကောင်း၍ ဝန်ထမ်းတို့ဟာ


www.burmeseclassic.com

www.burmeseclassic.com



နှင်းကို အသည်းထက်ပင် ကြောက်ကြပါသေးသည်။ အစစ နိုင်နှင်း၏ အသည်း ကျေးဇူးတင်ရသော ဆွေမျိုးတစ်ပိုင်းလိုပါပင်။

"ဟုတ်ကဲ့ မမ၊ နှင်း စစ်လိုက်မယ်၊ နက်ဖြန်မနက် ဆယ်နာရီ 'ဗိုလ်ချုပ်……'သမီးနဲ့ မမ ချိန်းထားတာရှိတယ်နော်၊ သူ့ကိုပြဖို့ အထည်စတွေ ဒီညတည်းက ပြင်ထားလိုက်မယ်၊ မမ ဟောင်ကောင်က ဝယ်လာတဲ့ အသားရောင်နဲ့ ရွှေရောင် အနုစပ်ထားတဲ့ ပုလဲထိုး အစလေး သူ့ကို ပြပေးလိုက်မယ်နော် မမ"

အသည်းက လေ့ကားရင်းမှာရပ်လျက် ခဏတွေဝေ နေသည်။ ဤဈေးနှုန်းတန်ဖိုး ကြီးမြင့်လွန်းတဲ့ အထည်စကို မြင်လျှင်မြင်ချင်း လက်ကမချနိုင် ကြိုက်နှစ်သက် မျက်စိကျမိ၍ သတို့သမီးတစ်ဝတ်စာ တန်ဖိုးများစွာပေး၍ အသည်း ဝယ်လာခဲ့တာဖြစ်သည်။ လှလွန်း၍ အသည်း အလေးထား မြတ်နိုးသူ တစ်ဦးဦးကို ဆင်ယင်ရန် စိတ်ကူးခဲ့တာဖြစ်သည်။

မနက်ဖြန်လာမည့် သတို့သမီးလောင်းလျာလေးကို အသည်း ခင်မင်ချစ်ကျွမ်းဝင်သည်။ အသည်းဆိုင်ရဲ့ ဖောက်သည်လည်း ဖြစ်သည်။ ဒီဇိုင်နာ "မိုးသည်းသည်း"ရဲ့ လက်ရာကလွဲ၍ ဘယ်ဆိုင်မှာမှ ဝတ်စုံမအပ်ချင်သူဖြစ်၍ သူ့မင်္ဂလာပွဲဝတ်စုံကို အသည်း တာဝန်ယူရမည့်အခါ အကောင်းဆုံး အထည်စ, အကောင်းဆုံး ဒီဇိုင်းမျိုး ဆင်မြန်းပေးချင်သည့် စေတနာလည်းရှိသူမို့ ပုံမှန်ဆိုလျှင်ဖြင့် ဤအထည်စကို သူမကို ဆင်မြန်းပေးမိမှာလည်း ဖြစ်သည်။

သို့သော်…။

"ဟင့်အင်း နှင်း…၊ အဲဒါလေး ထည့်မပြနဲ့၊ အဲဒါလေးကို သိမ်းထားလိုက်ပါ၊ သူမြင်ရင် ကြိုက်နေမှာ၊ သိမ်းထားလိုက်နော်"

"ဟုတ်ကဲ့… မမ ဘယ်သူ့ကိုပေးဖို့ ရှိလို့လဲ"

အသည်းက ခေါင်းလေး အသာယမ်းရင်း…

"မသေချာသေးပါဘူး၊ သိမ်းသာထားလိုက်ပါ နှင်းရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့… ဟုတ်ကဲ့"

အသည်း အပေါ်ထပ်ကို တိတ်ဆိတ်စွာ တက်လာခဲ့ပါသည်။

မီးချော မင်္ဂလာဝတ်စုံကို မည်သည့်ဒီဇိုင်နာထံ အပ်မှာပါလိမ့်။ မီးချော ဘယ်သူ့ထံ အဝတ်အထည်တွေ အပ်လေ့ရှိတာ အသည်း မသိသော်လည်း အသည်းထံ တစ်ကြိမ်မှ မအပ်ခဲ့ဖူးတာကတော့ သေချာတယ်လေ။ မီးချောနှင့် အသည်းဟာ သာမန် ခင်မင်သူတွေလောက်ပင်လျှင် အဆက်အဆံမှ မရှိတာ။ ယုတ်ဆွအဆုံး Facebook မှာပင်လျှင် friend မဖြစ်ပါ။ အခြားသော ကြားခံတွေကတစ်ဆင့် မီးချောရဲ့ဓာတ်ပုံလေးတွေကို ရံဖန်ရံခါ အမှတ်တမဲ့ မြင်ခွင့်ရတိုင်းတော့ အသည်းက သူမရဲ့ Device ထဲသို့သိမ်းကာ ယူထားလိုက်မိသည်။

သမီးရဲ့ဓာတ်ပုံတို့ကို ဤနည်းဖြင့်သာ အသည်း ပိုင်ဆိုင်ခွင့်ရသည်။ ဓာတ်ပုံကလေးတိုင်းမှာ သမီးဟာ စမတ်ကျ လှပသည်။ သမီးရဲ့ ဝတ်စုံကလေးများကိုလည်း ဒီဇိုင်နာတစ်ယောက်ရဲ့ မျက်လုံးဖြင့် တန်းခနဲ မြင်တွေ့သတိပြုမိသည်ချည်းပင်။ မီးချောက ကြော့ရှင်းလှပသော မိန်းကလေးတစ်ယောက် ဖြစ်သည်နှင့်အညီ များသောအားဖြင့် ရယ်ဒီမိတ်ဝတ်စုံ အဆင့်မြင့်ကလေးများကိုသာ ဝတ်စားတတ်သူဖြစ်သည်။

သမီးဟာ ဘယ်တော့မှ လျှပ်ပေါ်လော်လီ မဝတ်စား။ အတို အဟိုက် အပြတ် ပေါ်ပေါ်လော်လော်တွေ သမီး မဝတ်တတ်တဲ့အတွက် သမီးရဲ့အုပ်ထိန်းသူ မွေးစားမိဘတို့ကို အသည်း ကျေးဇူးတင်ရသည်။ သမီးလေး ကံကောင်းပါတယ်။ သမီးလေးဟာ အသည်းနှင့် ကြီးပြင်းရလျှင်ပင် ဤမျှလောက် အဖိုးထိုက် အဖိုးတန် ဖြစ်ချင်မှ ဖြစ်ပေလိမ့်မည်။ သမီးကို ကောင်းကောင်းစောင့်ရှောက်ပြုစုကာ သန့်စင်မွန်မြတ်စွာ ကြီးပြင်းစေခဲ့သော ခဲအိုဟောင်း လင်မယားကို အသည်း အမြဲပင် မေတ္တာပို့ပါသည်။

အမှန်တော့ အသက်ကွာခြားသော ခဲအိုတို့စုံတွဲကို အသည်းတင်းကျွတ်လျှင်ပင် အသည်း ကန်တော့လိုစိတ် ရှိမိတတ်သည်။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



အဆက်အစပ် နည်းပါးကင်းငြိမ်းလှတဲ့အတွက် ဝင်ထွက်ဖို့ အသည်း မဝံ့ရဲပေ။

"ချောသဒ္ဒါပြေအောင်"

မျက်နှာဖုံးမှာ ဤသို့ သမီးရဲ့အမည်ရေးထိုးထားတဲ့ အယ်လ်ဘမ်စာအုပ်လေးကိုယူ၍ အသည်းက အိပ်ရာပေါ် လဲလျောင်းလိုက်သည်။ သမီးအမည်ဟာ သူ့ပါပါနာမည်နှင့် အဆုံးသတ်လျက် အသည်းရဲ့အမည်စာလုံးတော့ တစ်လုံးတလေမှ သဲလွန်စ, မပါဝင်ပေ။ ထိုအယ်လ်ဘမ်ကြီးထဲမှာ မီးချော မွေးခါစ,နှင့် ငယ်ငယ်ကဓာတ်ပုံလေးများ၊ မီးချောလေးနှင့် အသည်း၊ မီးချောလေးနှင့် သူ့ပါပါတို့ ဓာတ်ပုံဟောင်းလေးများအပြင် ခုလောလောဆယ် အချိန်ကာလ မီးချောရဲ့ ပုံလှလှလေးများရှိသည်။

ခုလောလောဆယ်ပုံလေးတွေကတော့ Facebook မှ အသည်းရသမျှ save လုပ်ထားသည်တို့ကို CD မှတစ်ဆင့် ဓာတ်ပုံဆိုင်မှာ ကူးထုတ်ယူထားတာလေးတွေ ဖြစ်သည်။ ကွန်ပျူတာထဲ သိမ်းထားရုံနှင့် အားမရနိုင်ဘဲ အပြင်ကို ကူးယူကာ ဓာတ်ပုံလေးတွေကို လက်နှင့်တယုတယ ကိုင်တွယ်ကြည့်ရှုလို၍ ဖြစ်သည်။ ခုလည်း အသည်းသည် ဓာတ်ပုံအယ်လ်ဘမ်ကိုဖွင့်ကာ ဓာတ်ပုံလေးတွေကို ဟိုးအရှေ့မှစ၍ တစ်ပုံချင်းပြန်ကြည့်နေမိသည်။

မိသားစုသုံးယောက် ဓာတ်ပုံလေးတွေလည်း အနည်းငယ်ရှိပါသည်။ သို့ပေမဲ့ လွန်ခဲ့တဲ့ နှစ်နှစ်ဆယ်က ဓာတ်ပုံဆိုတာ ခုခေတ်လိုလက်ကိုင်ဖုန်းကလေးရှိရုံနှင့် တဖျပ်ဖျပ် အလွယ်တကူ အချိန်မရွေး ရိုက်နိုင်ခဲ့တာ မဟုတ်ဘဲ ကင်မရာရှေ့ တကူးတက အရိုက်ခံမှ ရှိနိုင်တာ ဖြစ်လေရာ များများစားစားတော့ မရှိပေ။

လ,သမီးအရွယ် အနှီးထုပ်ထဲက မီးချောလေးကို ပွေ့ပိုက်ချီထားသည့် အသည်းရဲ့ဓာတ်ပုံလေးတစ်ပုံကို အသည်း အင်မတန် နှစ်သက်သည်။ ကြည့်တိုင်း မျက်ရည်လည်ရသည်။ အဲဒီအချိန်များကို အသည်း



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သို့ဘယ်ပုံ ဖြတ်ကျော်ခဲ့သည်ကို ပြန်စဉ်းစားလျှင် အိပ်မက်ပမာ ဖိုးတဝါး နိုင်လှပေသည်။ ဓာတ်ပုံထဲက အသည်းသည် ကုပ်ထောက်ရုံ လောက် ဆံပင်လေးကို နောက်ဘက်မှာ စုစည်းချည်ထားရာ ဟိုတစ်စလွှတ် ဒီတစ်စလွှတ် ကပိုကရိုနှင့် မျက်နှာတွင်လည်း အခြယ်အသ စိုးစဉ်းမရှိ၊ ဇီဇာ သဘာဝကလေးရုပ်လေး ဖြစ်သည်။

ကော်လာစာနားလေး ပါသော ပန်းနုရောင် ဘလောက်စ်လေး က ဆယ့်ရှစ်နှစ်အရွယ် မိုးသည်းသည်းကို ကလေးရုပ်ကလေး ပို၍ပေါက် စေသည်။ ကင်မရာကို ကြည့်နေသော မျက်ဝန်းများသည် လောကအရေး အာဆိုဘာမှ နားမလည် မသိတတ်သော အင်မတန် နူးညံ့အပြစ်ကင်းစင် သည့် မျက်လုံးဝိုင်းဝိုင်းနက်နက် တောက်တောက်ကလေးများ ဖြစ်သည်။ ထိုမျက်လုံးများသည် ပျော်နေတယ်မဟုတ် ဝမ်းနည်းနေတယ် မဟုတ်သော ရိုးစင်းသန့်ရှင်းလှသည့် မျက်လုံးများဖြစ်ပြီး ဓာတ်ပုံရိုက်နေသူကို ကြည့်နေ သည့် အကြည့်ကတော့ ချစ်မြတ်နိုး အားကိုးခြင်းအပြည့်နှင့် ရွှန်းလက် လှပါသည်။

အဲဒီနေ့က သမီးလေးကို ပထမဆုံး ဆံပင်ရိတ်မည့်နေ့၊ ဆံပင်မရိတ်ခင် ကိုကြီးက အမှတ်တရ ရိုက်လိုက်တာဖြစ်သည်။ အဲဒီနေ့က ကင်မရာချိန်ကာရိုက်ရင်း ကိုကြီးက "ကလေးလေးက ကလေးလေးကို ချီထားတဲ့ အတိုင်းပဲ"ဟု ပြုံးစစ ပြောခဲ့တာကိုလည်း အသည်း ခုထိမမေ့ သေးပေ။ ကိုကြီး အဲသလိုပြောတော့ အသည်း ရှက်ကိုးရှက်ကန်း ဖြစ်မိ သည်။ ထိုစဉ်က အသည်းသည် နောက်ထပ် အချိန်ကာလ သုံးနှစ်ခွဲခန့် ကြာတဲ့ အခါ ဤခင်ပွန်းယောကျ်ားနှင့် ဤရင်နှစ်သည်းချာ သမီးလေးကို ခွဲခွာရလိမ့်မည်လို့ လုံးလုံးမှပင် မတွေးမိခဲ့၊ ကြိုမသိခဲ့။

ဘဝကံကြမ္မာဟာ ကြောက်စရာပင်။ ဘာကိုမှ ကြိုသိခွင့်မရ ဖြစ်လာစရာရှိတာတို့ သူ့အချိန်နှင့်သူ အစဉ်လိုက် ဖြစ်ပျက်နေတာမို့ပင်။ အသည်း ဘယ်သူ့ကိုမှ အပြစ်မတင်ချင် ပါ။ ပြောကြစတမ်းဆိုအသည်း



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင်ပင်လျှင် အပြစ်ကင်းတဲ့သူမှ မဟုတ်ဘဲ။ မလိမ်မိုး မလိမ္မာနှင့် ယောကျ်ားတစ်ယောက်ကို အသက်ငယ်ငယ်လေးမှာ ယူခဲ့သည်။ ဤအတွက် ဖေဖေက အသည်းကို စိတ်နာဒဏ်ခတ်ကာ အဆက်အဆံ ဖြတ်ခဲ့သလို အသည်း လိုက်ပါနေထိုင်ခဲ့ရသောအိမ်မှ ယောက္ခမဖြစ်သူကလည်း အသည်းကို နည်းနည်းကလေးမှ ကြည့်လို့မရခဲ့။

အဖြစ်အပျက်တိုင်းကို အသည်း အားလုံး အကုန် လုံးစေ့ ပတ်စေ့ မှတ်မိနေသည်မှာ မကြာခဏ ပြန်ပြန်တွေးမိလွန်းသောကြောင့် ဖြစ်ပေမည်။

"မိုက်လိုက်တာ ပြေအောင်ရယ်… မိုက်လိုက်တာ၊ နင် ဘယ်လို လုပ်လိုက်တာလဲ၊ ဘယ်လိုဦးနှောက် ဘယ်လိုစိတ်ကူးနဲ့များ ဒီလို ကောင်မလေးတစ်ယောက်ကို မပြောမဆို ခိုးပြေးသွားခဲ့တာလဲ၊ ဟိုမှာ နန်းမို ဘာဖြစ်သလဲ နင် သိလား၊ နင် ဘာမှမသိဘူး မဟုတ်လား၊ မိုက်လုံးကြီးလိုက်တာ ပြေအောင်ရယ်"

ကိုကြီးတို့အိမ်ပေါ် ပြန်တက်သွားကြသည့်နေ့က ကိုကြီးရဲ့ အမေသည် သူ့ရင်ဘတ်ကို သူရိုက်ကာ ပုတ်ကာ ရှိုက်ကြီးတငင် ငိုသည်။ ဒေါသတကြီး မောင်းမဲသည်။ ဒူးတုပ်ထိုင်နေသော ကိုကြီးရဲ့ဆံပင်ကို ဆွဲကာ ဆောင့်ကာ ရင်ထုမနာ ဖြစ်နေလေသည်။

"ညည်းကရော… ဒီအသက် ဒီအရွယ်နဲ့ လင်နောက်လိုက် စရာလား၊ ပညာလည်း မပြည့်စုံ၊ အရွယ်လည်း မရောက်သေး၊ ညည်းမို့ ဒီအရွယ်နဲ့ လင်ယူဖို့ အကြံထွက်တာ အံ့ဩပါရဲ့၊ အဆင်ခြင်နည်းပြီး အညှာလွယ်လှချည်လားဟင်"

အသည်းကိုတော့ သူမွေးထုတ်တာ မဟုတ်၍ ဆံပင်ဆောင့် ဆောင့်မဆွဲသော်လည်း လက်ညှိုးတော့ဖြင့် တငေါက်ငေါက်ထိုး၍ ဒေါသ တကြီး ကြိမ်းမောင်းသည်။

"မေမေ… သားကို ခွင့်လွှတ်ပါ၊ သား မှားပါတယ်၊ သားကို ခွင့် လွှတ်ပါ မေမေ"



www.burmeseclassic.com

www.burmeseclassic.com



အသည်းကို ယူမိသဖြင့် မှားပါသည်ဟု ဆိုရကောင်းလား စကားအထအန ကောက်မနေနိုင်။ အသည်း အထင်ကြီး ချစ်ခင်မြတ်နိုးသူက သူ့အမေကို ငိုသံပါနှင့် တောင်းပန်ကာ ဦးချကန်တော့နေသည်ဖြစ်၍ အသည်းသည်လည်း မျက်ရည် တတွတ်တွတ်ကျရင်းက ဘယ်နှကြိမ်မှန်းမသိ၊ ဆယ်ကြိမ် ဆယ့်ငါးကြိမ်လောက် ယောက္ခမကို ကုန်းကာကုန်းကာသာ ဦးချနေခဲ့မိပါသည်။

ဖေဖေကလည်း ပြန်မခေါ်ဟု တစ်ဆင့်စကားနှင့် ကြေညာထားပြီဖြစ်၍ ကိုကြီးရဲ့မေမေက အသည်းတို့နှစ်ယောက်ကို ခွဲပစ်လိုက်မှာကြောက်ကြောက်လန့်လန့်နှင့် ငိုလိုက်ရသည်မှာလည်း မပြောနှင့်။ အခြေအနေ အရိပ်အကဲကို မျက်စိသူငယ်နှင့် ကြည့်ကျက်နေရလျက် ယောက္ခမမျက်စိအောက်မှ လွတ်အောင် ပုန်းတဲ့အခါရှောင်ပုန်း၊ မျက်နှာသာလေးများရမလားရယ်ဟု ပြေးဟယ် လွှားဟယ် ဝေယျာဝစ္စ လုပ်တန်တဲ့ဟာလုပ်၊ မျက်နှာချိုလေး သွေးတန်တာသွေး၊ ရတက်မအေး ရှိလှပါသည်။

ကိုကြီး ဆေးရုံသွားနေချိန်များတွင် တစ်အိမ်လုံး ဘယ်နားနေရမည်မသိ။ ထမင်းပင် တစ်ခါတစ်ရံ ထွက်မစားဝံ့။ ကိုကြီး ဆေးရုံကပြန်ရောက်မှ အလုံးကြီးကျကာ ပြုံးနိုင်ပျော်နိုင်ရသည်။ ခွေးကလေးများဗဒတ်ရပ်သလို ကိုကြီးအနား တခုန်ခုန် တဆွေ့ဆွေ့ တိုးကပ် ပွတ်သီးပွတ်သပ်မိတဲ့အခါ ယောက္ခမရဲ့မျက်စောင်းအခဲကို ခံရသည်ဖြစ်၍ ကိုယ့်ရှိန်လေးသတ်ကာ မျက်နှာပိုးနှင့် နေလိုက်ရပြန်တာပင်။

တစ်အိမ်တည်း အတူနေ မိန်းမပီသ၍ ပညာလည်းတတ်လိမ္မာယဉ်ကျေးလှသော ချွေးမအကြီးနှင့်ယှဉ်တဲ့အခါ အသည်းမှာ စိတ်ပျက်စရာယ်ရာ ချွေးမမျိုးသာ ဖြစ်ခဲ့သည်။ ချွေးမအကြီးက ယောက္ခမနှင့် တည့်အောင်ပေါင်းတတ်သည့်ပြင် အိမ်မှုကိစ္စ ဗာဟီရတို့၌လည်း ကျွမ်းကျင်နိုင်နင်းအလိုက် သိလှသေးသည်။ အသည်းကတော့ ထမင်းအိုး ခဏကြည့်ခိုင်းလျှင် ထမင်းပျော့ပြီ၊ မီးဖိုထဲဝင်ကူလျှင် ပန်းကန်ကျကွဲ၊ ကိုယ့်အိပ်ရာပင်သပ်ရပ်လှပအောင် မရှင်းတတ်တဲ့ အဖျင်းမ။



www.burmeseclassic.com

www.burmeseclassic.com



လင်ညီအစ်မ မမအိကို ကြည့်ကာ အတုခိုးပါသော်လည်း ကိုယ့်အိမ်မှာလည်း ကလေးလိုသာ နေခဲ့သည့် အသည်းသည် တကယ်ကို ဘာဆို ဘာမှ အချိုးပြေပြေ တတ်တယ် ကျွမ်းတယ်မရှိ၊ အောက်သက်မကြေ၊ အပိုးမကျိုး၊ ရှပ်ပျာပျာနှင့် ကိုယ့်ခြေထောက်ချင်းပင် ကိုယ်ခလုတ်တိုက် လဲချင်လဲတတ်သေးသူဖြစ်ရာ ယောက္ခမက အထင်သေး အော့ကြောလန် သည်မှာလည်း လွန်လှတယ်တော့ မပြောသာပါပေ။

ဤအိမ်မှာနေခဲ့သမျှ လေးနှစ်လေးမိုးကျော် ငါးနှစ်ငါးမိုးနီးပါး တွင် အသည်း၌ နှစ်သိမ့်ကြည်နူးစရာ မျက်နှာသာလေး ရစရာဆို၍ သမီးလေးကို ဝမ်းနှင့်လွယ်ကာ မွေးပေးခဲ့ရခြင်းကြောင့်သာ ရှိခဲ့သည်။ သမီးကို အသည်းနှင့် ကိုကြီး, မိဘနှစ်ပါးသာမကပဲ ယောက္ခမ၊ ခဲအို၊ လင်ညီအစ်မ၊ တစ်အိမ်သားလုံး ခိုက်ခိုက်တုန် ချစ်ကြခြင်း၌သာလျှင် ညီညီညွတ်ညွတ် ရှိခဲ့ပေသည်။

သမီးလေး အခါလည်ရွယ်လောက် ရောက်ချိန်မှစ၍ ကိုကြီးရဲ့ နှလုံးသားများ အသည်းအပေါ် စတင်အေးစက် စိမ်းကားလာတာကိုလည်း အသည်း ခံစားရပါသည်။ သို့သော် ဤအိမ်မှာ အသည်း တိုင်တည်စရာ ရင်ဖွင့်စရာ ဘယ်သူမှမရှိ။ လင်ညီအစ်မ မမအိဟာလည်း စိတ်ရင်းမဆိုးသူ ဖြစ်သေမယ့် အသည်းအပေါ် စိတ်ပျက်လက်ပျက် ရှိတတ်သူသာဖြစ်၍ အသည်းနှင့် စိတ်နှလုံးချင်း ရင်းနှီးသူ ဖြစ်မလာခဲ့ပေ။

ကလေးမွေးပြီးမှ တက္ကသိုလ် ပထမနှစ် စ,တက်ရသူ အသည်း တွင် သူငယ်ချင်း အပေါင်းအသင်းတို့နှင့်သာ ပျော်စရာရယ်လို့ ဖန်တီးဖို့ ရှိလေသည်။ ထိုအပေါင်းအသင်းတို့နှင့် အပြင်ထွက် ထွက်ပြန်ပြီ၊ ကျောင်း နောက်ကျ ကျပြန်ပြီ၊ ဖုန်းပြော ပြောပြန်ပြီ စသည်ဖြင့် အသည်းတွင် ထာဝစဉ် အပြစ်တွေ တစ်ပုံတပွေကြီးပင်။ တကယ်တော့လည်း ခုချိန် တွင် ဘယ်လို ပြန်စဉ်းစား စဉ်းစား အသည်းသည် အစစအရာရာ ကိုယ့် အပြစ်ချည်းသာဟု မြင်သည်။ အသည်းက မိုက်ရူးရဲသည်။ ငယ်ငယ်ရွယ်ရွယ်



www.burmeseclassic.com

www.burmeseclassic.com



လေးနှင့် စိတ်ကစားခဲ့သည်။ ဆရာဝန် အစ်ကိုကြီးတစ်ယောက် ရယ်လို့ ကိုကြီးကို အသည်းကပင် စတင်ချစ်ကျွမ်းဝင် အရောဝင်မိခဲ့သည်။ ယောက်ျား လေး မိန်းကလေးမရွေး အပေါင်းအသင်းတို့နှင့် ပျော်ပျော်ပေါ့ပေါ့ နေတတ်ခဲ့ သော အသည်းသည် လူကြီးတို့အမြင်၌ ဆတ်ကော့ လတ်ကော့ ဣန္ဒြေ မရှိလည်း ဖြစ်ကောင်း ဖြစ်ခဲ့လိမ့်မည်။

သို့ပေမဲ့ အသည်းဟာ ကိုကြီးကို ပထမဆုံး ရင်ခုန်ဦး အိပ်မက်ဦး အချစ်ဦးအဖြစ် အသည်းနုနုတွေ ကြွေမတတ် မြတ်မြတ်နိုးနိုး ကိုးကိုးကွယ်ကွယ် ချစ်ခဲ့တာကိုတော့ အသည်းသာလျှင် အသိဆုံးပါ။ ရေ သာမြောင်းပေးတွေ လုပ်ခဲ့မိတာမျိုးလည်း ဖြစ်ကောင်းဖြစ်ခဲ့မည်။ ကိုကြီး ဆိမ်းယိုင်ခဲ့တာကိုလည်းပဲ အသည်းက စိုးစဉ်းမျှ အပြစ်မမြင် အထင်မသေး ရက်ခဲ့ပါပေ။ အပြစ်မဖို့ရက်ခဲ့ပါပေ။ အလုံးစုံ အသည်းအပြစ်တွေသာပါ။

ဘာဖြစ်လို့လဲဆိုတော့ ကိုကြီးကို အသည်း စ,တင်၍ မျက် ထန်းတောတိုး ရှုးရှုးမိုက်မိုက် တုန်ခိုက်ကြွေနစ် ချစ်မိချိန်ကတည်းက ကိုကြီးမှာ “ဒေါက်တာမနန်းမိ”ဆိုတဲ့ ချစ်သူတစ်ယောက် ရှိနေတာလည်း အသည်း ကြိုသိခဲ့လို့ပင်။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com

(၄)

အသည်းသည် ဆူဆူညံညံ ဆက်တိုက်မြည်နေသော ဖုန်းကို မကိုင်ဘဲ ပေတေနေရာမှ နောက်ဆုံးတော့ လက်လျှော့ကာ ကိုင်လိုက်ရတော့သည်။

"ဟယ်လို"

"အသည်းကွာ... ဘာလို့ ဖုန်းမကိုင်တာလဲ"

"အသည်း အလုပ်များနေလို့ပါ ဩရဲ့"

"ဘာတွေ အလုပ်များနေတာလဲ"

"ဪ... ဒီလိုပဲ အသည်းရဲ့ ဖောက်သည်တွေ ဝတ်စုံအပ်တဲ့ သူတွေနဲ့ ရှုပ်နေတာပေါ့လို့"

အသည်းက မျက်နှာကို ရှုံ့မဲ့ရင်း ဖြေသည်။ ကားမှန်တွေ တင်ထားတာပေမယ့်လည်း ဘေးက ကားသံတွေ စက်သံတွေ ဩများ ကြားသွားမလား စိုးရိမ်စိတ်နှင့် ပခုံးလေးပါ ကျုံ့နေသည်။ လမ်းမကြီး ပေါ်မှာမို့ ဘေးကပ် ကားရပ် ဖုန်းပြောဖို့လည်း မလွယ်။

"အသည်းက အခု ဘယ်မှာလဲ"

"ဪ... အလုပ်များနေပါတယ်ဆို အိမ်မှာပဲပေါ့"

"အသည်း"

"ရှင်... ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ညာပြောတယ် ကြည့်စမ်း… အသည်း အခုလောလောဆယ် အင်းလျားကန်နား အာစီတူးနား ရောက်နေတယ်။ ဘာဖြစ်လို့ ညာပြောရတာလဲ"

ဩသုတရဲ့ တအံ့တဩလေသံကိုကြားမှ အသည်းသည် သေချာင်အောင် ရှက်လန့်သွားကာ ဖုန်းကိုနားမှခွာ၍ တစ်ချက်ကြည့်လိုက်မိသေးသည်။ ဟုတ်သားပဲ… ဟုတ်သားပဲ။ အသည်းရဲ့ဖုန်းထဲကို အသည်း ဘယ်နားရောက်နေသလဲ လှမ်းသိနိုင်တဲ့ search applications တစ်ခု ဩသုတ ထည့်ထားခဲ့တာပဲ။ အဲဒီကနေ အသည်း ဘယ်ရောက်နေသလဲ သူ သိနေနိုင်တာကိုမေ့ပြီး အသည်း ညာပြောလိုက်မိတာ။ သေလိုက်ပါတော့။

"အသည်း ဘာဖြစ်လို့ ကျွန်တော့်ကို ညာပြောရတာလဲ၊ အခု အသည်း ဘယ်သွားနေတာလဲ၊ တစ်ယောက်တည်းလား၊ အဖော် ပါလား"

"အဖော် မပါဘူး၊ တစ်ယောက်တည်း"

"ဘယ်သွားမလို့လဲ အသည်း၊ ညာမပြောနဲ့နော်၊ အသည်း ကျွန်တော့်ကို ညာပြောတယ်ဆိုတော့ ကျွန်တော် မသိစေချင်တဲ့ တစ်နေရာရာကို သွားမလို့ ဖြစ်မှာ"

"မဟုတ်ပါဘူး ဩရယ်၊ ညာတာလည်း မဟုတ်ပါဘူး၊ ခုနက ဆိုင်မှာ အလုပ်တွေ ရှုပ်နေတာ ဟုတ်တယ်လေ၊ အခုက ကိစ္စရှိလို့ ထွက်လာတာ"

"ဘယ်ကိုထွက်လာတာလဲ"

"ဩရယ်… ကဲပါ၊ ဖုန်းဆက်တာ ဘာပြောမလို့လဲ၊ ကိုယ် ပြောစရာကိစ္စကိုသာ ပြောစမ်းပါကွာ"

"ကျွန်တော်က အသည်းကို မေးမလို့ပါ၊ မီးချော မင်္ဂလာပွဲက ဘယ်တော့လောက်လဲ၊ ဘယ်ရက်လောက်လဲ၊ ကျွန်တော်တို့ နောက် နှစ်လလောက်မှာ ကမ္ဘောဒီးယားသွားဖို့လေးရှိလို့ အဲဒီရက်နဲ့ ချိန်မလို့လေ"



www.burmeseclassic.com

www.burmeseclassic.com



အသည်းက မျက်ခုံးကလေးကို စိတ်ရှုပ်လက်ရှုပ် တွန့်ရင်း...

"ဘာဖြစ်လို့ ချိန်မှာလဲ၊ ဩ သွားစရာရှိတာ သွားလေ"

"မဟုတ်ဘူးလေ၊ အဲဒီရက်ပေါ်မှာ ဒီမှာပဲရှိနေအောင်လို့ ရက်လွှဲပြီး စီစဉ်မှာပေါ့၊ ဟိုဘက်က ပြပွဲကို ဘယ်ရက်လောက် စီစဉ်မလဲဆိုတာ အခုမှ ကျွန်တော်တို့ ရက်ရွေးနေတာပါ၊ အခု ဂယ်လာရီမှာ လူစုံ တုန်း အဲဒါလေး တိုင်ပင်နေလို့အသည်းကို လှမ်းမေးတာ၊ နောက် နှစ်လဆိုရင် အဲဒီမင်္ဂလာဆောင် အချိန်လောက် ဖြစ်နေတယ်လေ၊ အဲဒါကြောင့် ဘယ်ရက်လဲ အသည်းကို အတိအကျမေးတာ"

"ရက်အတိအကျ အသည်း မသိသေးဘူး၊ အခုမှ မီးချောကို မေး မလို့"

တကယ်တော့ အသည်း ရက်အတိအကျ သိပြီးပါပြီ။ ဩကိုသာ မပြောချင်သေးတာ။ အမှန်အတိုင်း ပြောရလျှင် အဲဒီမင်္ဂလာပွဲမှာ ဩသုတကို အသည်းက ရှိမနေစေချင်ပါ။ ရှိလို့တော့လည်း ဘာမှမဖြစ် နိုင်ပေမယ့် အသည်းစိတ်တွေ ကျဉ်းကျပ်မလွတ်လပ်မှာတော့ အမှန်ပင်။

"အခုမှ မီးချောကို မေးမလို့ဆိုတော့ အခု မီးချောနဲ့ သွားတွေ့နေ တာလား အသည်း"

အသည်းက စိတ်ပျက်လက်ပျက် သက်ပြင်းချမိပါသည်။ ကားလမ်းကြောင်းထဲကနေ သူက သဲလွန်စ ရသွားပြန်ပြီ။

"မီးချောနဲ့ ဘယ်မှာ ချိန်းထားတာလဲ အသည်း"

"ဩ ဘာလုပ်မလို့လဲ"

"လာမလို့လေ"

"အာ... မလာပါနဲ့ ဩရယ်၊ ဩနဲ့ မီးချောကို အသည်း ဆုံမပေး ချင်သေးပါဘူး၊ မလာခဲ့နဲ့၊ အသည်းလည်း အခု အဲဒီကို ရောက် တော့မယ်၊ ကားတွေ့ရတော့မယ်၊ အသည်း ဖုန်းပိတ်လိုက်တော့ မယ်... ဒါပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



အသည်းက ပြောလည်းပြော စကားလည်းဆုံး ဖုန်းကိုလည်း ပိတ်ချလိုက်ပါသည်။ ပိတ်တာမှ ပါဝါပါ ပိတ်ချလိုက်တာ ဖြစ်သည်။ နှိုးမိုးရင် သူ ထပ်ခေါ်နေဦးမည်။ မားကက်ပလေ့စ် ကားပါကင်ထဲ ကား ထိုးရပ်ပြီးချိန်မှာတော့ နောက်ထပ် ဖုန်းတစ်လုံးကိုပါ အသည်းက ပိတ်ပစ် လိုက်ပါသည်။

ပါရမီလမ်းက ဖြတ်တက်လာတုန်း ကားကျပ်ခဲ့တဲ့ အတွက် အသည်း ဆယ်မိနစ်လောက်တောင် နောက်ကျနေပြီ။ ကားထဲက စိတ်လော တကြီး ထွက်လာခဲ့ပြီးမှ စက်လှေကားမှ အပေါ်ရောက်လာလျှင်တော့ အသည်းရဲ့ ခြေလှမ်းလေးတွေက နှေးကွေးတုံ့ဆိုင်းလာပါသည်။ မီးချောနဲ့ သူ့ရဲ့ကောင်လေးတို့ကို တွေ့ဖို့အတွက် အသည်းရင်တွေလည်း တဒိတ်ဒိတ် ခုန်သလို စိတ်တွေလည်း လေးပင်နေပါသည်။

နောက်တစ်ထပ် ထပ်တက်ဖို့ ပတ်လျှောက်လာရင်း အသည်း ခမ်းနည်းသလိုလည်း ဖြစ်မိသည်။ သမီးဟာ သူ့အမျိုး သားလေးနှင့်အတူ ခင်ဖြစ်သူကို အိမ်အထိ လာတွေ့သင့်တယ် မဟုတ်လား။ အိမ်ကိုခေါ် ထားပြ မိတ်ဆက်ပေးတာမျိုး မဟုတ်ဘဲ စားသောက်ဆိုင် တစ်နေရာမှာ ချိန်းတယ် ဆိုတာက အသည်းအတွက် သမက်လောင်းထံ မျက်နှာငယ်စရာ ဖြစ်မနေဘူးလား။ ကောင်လေးက အသည်းတို့သားအမိ ဆက်ဆံရေးကို ဘယ်လိုထင်မလဲ။

အင်းလေ... တကယ်တော့ အရှိထက်ပို၍ အကောင်းထင် မြင်စရာလည်း အကြောင်းမှ မရှိတာပဲ။ ခုချိန်လောက်ဆို အသည်းတို့ရဲ့ မိသားစုဇာတ်ကြောင်းကို ကောင်ကလေးလည်း သိပြီးဖြစ်ပေမည်။ သမီးက ဘယ်လိုတွေများ ပြောပြထားမှာပါလိမ့်။ အဖြစ်အပျက် တစ်ခုအပေါ်မှာ ရှုထောင့်မျိုးစုံကနေ ရပ်တည်ပြောလို့ရတယ် မဟုတ်လား။

အသည်းတို့ ချိန်းထားတဲ့ဆိုင်ကို လှမ်းမြင်ချိန်တွင် အသည်း က အဝါရောင်အသည်းပုံ ဖဲပြားဖောင်းဖောင်းပုံကလေးစ်နှင့် ချိတ်ဆွဲ၍စုစည်း


www.burmeseclassic.com

www.burmeseclassic.com



ထားသော ဆံတိုကလေးကို သပ်ရပ်,မသပ်ရပ် တစ်ချက် စမ်းမိသည်။ အဝါနုနုရောင် ပိုးဖြောင်ဝမ်းဆက် ဝတ်စုံကလေးကတော့ လည်ပင်းစေ့စေ့ ရင်ဖုံးအင်္ကျီလေး ဖြစ်သည့်တိုင် အသည်းရဲ့ဒီဇိုင်းမို့ ရင်ဖုံးပုံ အကွေ့အဝိုက် လေးတွေ ကြယ်သီးဆန်းကလေးတွေ၊ သဒ္ဒါစေ့ ပုတီးစေ့ လက်လက်ကလေး တွေနှင့် လှပဆန်းကြယ်သည်။

ယောက္ခမလောင်းက သမက်လောင်းကို တွေ့မည့်ကိစ္စမှာ အသည်းက ယောက္ခမလောင်းကိုတွေ့မည့် ချွေးမလောင်းလို ခံစားချက်မျိုး ရှိနေမိသလား မပြောတတ်။ မရှုံ့မရဲစိတ်ဟာ အသည်းရင်ထဲ၌ လှိုင်းခတ် နေသည်။ ကိုယ့်ရဲ့ဝါစဉ်အရ ကိုယ်က ရာဇဣန္ဒြေနှင့် တည်ငြိမ်ရမည့်အစား၊ ကိုယ်က ထိတ်ရှဲ့နေရတာဟာ သမီးနှင့် အမေကြားက မပိုင်မနိုင် စိမ်း သက်သော ဆက်ဆံရေးကြောင့်ပင်။

အေးလေ...။ ဘာတတ်နိုင်မလဲ။ ကံကြမ္မာက ဒီလောက်ပဲ ပေးထားခဲ့တာပဲ။ အသည်းက စိတ်ကိုတင်းရင်း ချိန်းဆိုထားတဲ့ဆိုင်ထဲ လှမ်းဝင်လိုက်ပါသည်။ လေးယောက်စားပွဲ တစ်ခုမှာ အသည်းရဲ့ချစ်သမီး လေး ချောသဒ္ဒါပြေအောင်နှင့် သူ့ချစ်သူ ထင်လင်းဘိုတို့ ရောက်နေကာ ထိုင်နေကြပေပြီ။ အသည်းက ခြေလှမ်းအရှိန်ကို သွက်ကာ အပြုံးနှင့် နီးကပ်သွားလိုက်ရင်း...

"သမီးတို့ ရောက်နေတာ ကြာပြီလား"

နှုတ်လည်းဆက်ရင်း ခံ့ခံ့ညားညား ကိုင်လာသော လက်ချိတ် အိတ်ကြီးကို ဘေးက ခုံအလွတ်ပေါ် တင်လိုက်ပါသည်။

"တွေ့တယ် မဟုတ်လား၊ ချော မပြောဘူးလား၊ မာမာ ဘယ်လောက် လှတယ်ဆိုတာ တွေ့ပြီလား"

လူရွယ်သည် ယောက္ခမလောင်းဖြစ်သော အသည်းကို အံ့အား တသင့် ကြည့်နေပါသည်။ သူ့စိတ်ထဲ သူလက်ထပ်မည့် မိန်းကလေး၏ အမေသည် သူ့မိခင်နီးပါးလောက်တော့ ရှိလိမ့်မည် ထင်ထားတာပင်။



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ အင်မတန် နုနယ်ပျိုရွယ်လှသေးတဲ့ အမျိုးသမီးတစ်ယောက် ဖြစ်နေ၍ အံ့အားတသင့် ဖြစ်နေပုံပင်။

"တွေ့ရတာ ဝမ်းသာပါတယ် အန်တီ၊ ချောရဲ့မာမာက အရမ်းငယ်ငယ်ကလေး ရှိသေးတာပဲ၊ ဝင်လာတာ လှမ်းမြင်တော့ ကျွန်တော်က ချောရဲ့မာမာ မဟုတ်နိုင်ဘူး ထင်လိုက်တာ"

အသည်းက တစ်ချက် ပြုံးလိုက်ရင်း အနားရောက်လာသော စားပွဲထိုးထံ Cappuccino Coffee တစ်ခွက် မှာလိုက်ပါသည်။

"သိပ်တော့လည်း မငယ်တော့ပါဘူး သားရယ်၊ မီးချောတောင် နှစ်ဆယ့်တစ်နှစ် ရှိနေပြီပဲ"

"သူ့အမေက ငါးဆယ့်နှစ်နှစ်လေ မာမာ၊ ဒီတော့ မာမာက ငယ်ငယ်လေး ဖြစ်နေတာပေါ့... အဟင်းဟင်း"

သမီးဟာ အသည်းနှင့် ဘယ်လောက်ကြာကြာကြီးပဲ မတွေ့မတွေ့ စကားပြောဖို့တော့ စိမ်းထောင့်ထောင့် ဖြစ်မနေတတ်တာ ထုံးစံပင်။ အဖျားခွေ လိပ်ထားသော သမီးဆံပင်ရှည်တွေဟာ ခါးနားထိတိုင်သည်။ ခပ်ပါးပါး ဟူဒီအကျီ အစိမ်းနုကလေးတွေ ဆင်တူဝတ်ထားတဲ့ လူငယ်နှစ်ယောက်ကို အသည်းက ကြည့်မဝသလို ဖြစ်နေမိရင်း...

"သားကလည်း လူချောပဲ"

"ကျေးဇူးပါ အန်တီ၊ အန်တီကလည်း အရမ်းချောပါတယ်"

"ချောနဲ့ မာမာ ဘယ်သူပိုချောလဲ ပြောကြည့်လေ ကိုကို"

"အဟင်းဟင်း... ဟင်းဟင်း"

"ရယ်မနေနဲ့... ပြောပါ"

"အန်တီ ပိုချောတာပေါ့"

သမီးက ဟက်ဟက်ပက်ပက် ရယ်ကာ ကောင်ကလေး လက်မောင်းကို နှစ်ချက်ဆင့်၍ ထုလိုက်သည်။ ကောင်ကလေးက ပေါ့ပါးလွတ်လပ်စွာ သဘောတကျ ရယ်မောဟန်မှာ ဖြူစင်လှလေသည်။ အသည်း

www.burmeseclassic.com

www.burmeseclassic.com



သည် သမက်လောင်းလေးပုံစံကို တစ်ထိုင်တည်းနှင့် နှစ်လိုသဘောကျသွားမိကာ အလိုလို ရွှင်ပျလာသည်။ နုနယ်ငယ်ရွယ်သော သမီးတို့စုံတွဲလေးကို မြင်တွေ့ရသည်မှာ သူမရဲ့အတိတ်ငယ်ဘဝကို များစွာအမှတ်ရတမ်းတလွမ်းဆွတ်မိစေပါသည်။ နုနယ်ခြင်း၊ ပျိုမျစ်ခြင်း၊ သန့်စင်ခြင်း၊ လတ်ဆတ်ခြင်း၊ အပြစ်ကင်းခြင်းတို့ဟာ တန်ဖိုးကြီးမားလှသော အရာတွေဖြစ်လျက် တစ်ချိန်မှာ ပြန်လွမ်းဆွတ်ရစမြဲ အရာတို့လည်း ဖြစ်ပေသည်။

"ကဲ… ဒါ ချောရဲ့မာမာ ဒေါ်မိုးသည်းသည်းတဲ့၊ မာမာ… ဒါ မီးလက်ထပ်မယ့် ချစ်သူပါ၊ ကိုထင်လင်းဘိုတဲ့"

"အေး… အေး… ဝမ်းသာပါတယ် သားရယ်၊ အန်တီ စကားဖွယ်ဖွယ်ရာရာ မပြောတတ်ပေမယ့် မီးချောနဲ့သားကို ခုလိုတွေ့ရတာစိတ်ထဲမှာ အင်မတန် ကြည်နူးပီတိ ဖြစ်မိပါတယ်"

"ဟုတ်ကဲ့ အန်တီ၊ ချောရဲ့ဒက်ဒီနဲ့ မာမီကို လိုက်တွေ့ရတုန်းကဘာဖြစ်လို့လဲ မသိဘူး၊ စိတ်ထဲမှာ ရှိန်လန့်ပြီး ကြောက်နေမိပေမယ့်အန်တီနဲ့ တွေ့ရတာ စိတ်ထဲမှာ ပေါ့ပေါ့ပါးပါး ဖြစ်ပါတယ်။ အန်တီက သဘောကောင်းမယ့်ပုံလည်း သိသာနေတယ်… အဟင်းဟင်း"

"အမယ်… ကိုကိုက မာမီ့ကိုတော့ သဘောမကောင်းဘူးလို့ ဆိုလိုတာပေါ့လေ"

"မဆိုလိုပါဘူး… မဆိုလိုပါဘူး၊ ကိုယ်လည်း သိပ်မပြောတတ်ဘူးချောရာ၊ အန်တီက လူငယ်တစ်ယောက်ပုံစံနဲ့ တူနေတော့ ကိုယ်စိတ်ပေါ့ပါးပြီး စကားပြောရတာ လွတ်လွတ်လပ်လပ်ရှိတဲ့ သဘောပါ"

"မာမာ့ကို သူက ရွယ်တူသူငယ်ချင်းလို မှတ်နေတယ် ထင်တယ်မာမာ၊ ဟုတ်တယ်လေ၊ ယှဉ်ကြည့်လိုက်ရင် မာမာက သူ့ထက်တစ်နှစ် နှစ်နှစ်လောက်ပဲ ကြီးတယ်ထင်နေရတာ၊ နောက်ဆုံးတွေ့ထားတာထက်လည်း မာမာက ပိုမကြီးလာဘူး၊ မီးသာ အရပ်ကြီးလာတယ်၊ မာမာက ဆက်မကြီးတော့ဘဲ ရပ်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်... အန်တီ အရမ်းနေ့တယ် ခင်ဗျ၊ ချောနဲ့ဆိုရင် ညီအစ်မလောက်ပဲ ထင်ရတယ်၊ ချောအမေလို့ လုံးဝမထင်ရဘူး"

"ကဲ... ဒီနေ့စားတာ မာမာ ရှင်းပေတော့၊ မာမာ သူ့ကို မုန့်ကျွေးဖို့ လိုအပ်နေပြီ"

"ကျွေးမှာပေါ့ မီးချောရယ်၊ မာမာ ကျွေးမှာပေါ့"

အသည်းက သမီးမျက်နှာကို သဘောတကျ တစိမ့်စိမ့်ပြုံးကာ ကြည့်နေမိပါသည်။ သမီးဟာ ကိုကြီးနှင့် ရုပ်ချင်းပိုဆင်သည်။ ပြီးတော့ ကိုကြီးလိုပဲ အရုပ်အမောင်း ကိုယ်လုံးကိုယ်ထည် ထွားကျိုင်းသည်။ မျက်ခုံး များ ထူထဲသည်။ အသိဉာဏ်ကြီးတဲ့ ရုပ်ဆင်းမျိုးရှိ၍ အသက်ထက် ရင့် ကျက်သည်။

အခုလည်းပဲ သမီးဟာ အသည်းကို ဟိုးအရင်အရင်တွေက ဆက်ဆံရေးထက် နည်းနည်းပို၍ ဂရုတစိုက် စကားပြောပေးတာဟာ လူကြီးဆန်လို့ပင် မဟုတ်လား။ အရင်က သမီးဟာ အသည်းအပေါ် ဆတ်ဟက်ပက်ပက် ရှိလှတာမျိုးမှ မဟုတ်ဘဲ။ သမီးရဲ့မွေးစားမိဘတွေဟာ အသည်းကို မုန်းတီးရေးစကားမျိုးတွေ ပြောကြမယ့်သူမျိုးတွေ မဟုတ်ဟု အသည်း မျှော်လင့်ယုံကြည်ပေမယ့် သမီးရဲ့လက်ရှိမိထွေးတော်ကတော့ အသည်းကို အင်မတန်မှ မုန်းတီးသူမို့ သူ့စကား သူ့အပြောအဆိုတို့ထဲမှာ အသည်း အကောင်းတစ်ခုမှ ပါမှာမဟုတ်။

ဝမ်းနည်းစရာ ကောင်းသည်မှာ သမီးဟာ မိခင်ရင်းထက် စာရင် မိထွေးနဲ့ ပိုတွေ့ခွင့်ရ ပိုနီးစပ်မှုရှိ ပိုဆက်ဆံဖြစ်တာပင်။

"ဟဲလို"

ရုတ်တရက် ထွက်ပေါ်လာသော အသံတစ်ခုနှင့်အတူ အနားဆီ ရောက်လာတဲ့ လူရိပ်တစ်ခုကြောင့် အားလုံးက မော့ကြည့်လိုက်မိကြကာ လူကိုမြင်လျှင်တော့ အသည်းရဲ့မျက်နှာဟာ လုံးဝပျက်ထွက်သွားရပါတော့ သည်။ သိသိသာသာ မှုန်တေတင်းမာသွားသော အသည်းရဲ့မျက်နှာကို တစ်လှည့်၊ ရောက်လာတဲ့ လူစိမ်းဧည့်သည်ကိုတစ်လှည့် မီးချောက ကြည့်



www.burmeseclassic.com

www.burmeseclassic.com



မိကာ အခြေအနေ၊ အနေအထားကို သဘောပေါက်လိုက်ပါသည်။ သူ့အမေ ခေါ်ထားတာ မဖြစ်နိုင်ဘူး ဆိုတာပင်။

ထိုသူကို မီးချော နှစ်ကြိမ်လောက် အဝေးက မြင်ဖူးပါသည်။ မာမာနှင့် ကားတစ်စီးထဲစီးသွားတာ တစ်ကြိမ်၊ ဟိုတယ်တစ်ခုရဲ့ ကော်ဖီဘားမှာ ထိုင်နေကြတာ တစ်ကြိမ်။ အဝေးကလှမ်းမြင်တာမို့ ချောက အနီးနားသွား နှုတ်ဆက်ဖို့ပြုဖို့လည်း စိတ်မကူးခဲ့ပဲ မာမာ မမြင်ခင် ရှောင်ထွက်ခဲ့တာပင်။ အနီးကပ်ကတော့ ခုတစ်ကြိမ်သာ မြင်ဖူးပေမယ့် သူ့ကို ချောက မှတ်မိနေပါသည်။

"အသည်းက ဒီရောက်နေတာကို ကျွန်တော် ထိုင်မယ်နော် အသည်း"

ခွင့်လည်းတောင်း၊ လွတ်နေတဲ့ တစ်ခုံမှာ ဝင်လည်းထိုင်ရင်း တန်းလန်းက ယောကျ်ားချင်းဖြစ်သော ထင်လင်းဘိုထံ ဩက လက်ကမ်းရင်း...

"ကျွန်တော် ဩသုတပါခင်ဗျ"

တွေ့လို့ နှုတ်ဆက်တာမျိုး မကပဲ ဝင်ပါထိုင်လိုက်၍ ဘယ်လိုပါလိမ့်ရယ်လို့ ကြောင်အမ်းအမ်း ကြည့်နေသော ထင်လင်းဘိုက ခပ်သွက်သွက် လက်ပြန်ကမ်းကာ လက်ချင်းဆုပ်ကိုင် နှုတ်ဆက်ရင်း...

"ကျွန်တော် ထင်လင်းဘိုပါ အစ်ကို၊ တွေ့ရတာ ဝမ်းသာပါတယ်"

"အသည်း သမီးနဲ့ မိတ်ဆက်ပေးပါဦး"

အသည်းသည် ဩရဲ့ဖွတ်တရွတ် ပိုင်စိုးပိုင်နင်း ပြုမူမှုကို ဒေါသတဖွားဖွား ထွက်နေပေမယ့် ဒီလိုအခြေအနေကြီးမှာ သမီးနှင့် သမက်လောင်းရှေ့ ပြဿနာထ,တက်နေလို့ မဖြစ်နိုင်တာမို့ ဒေါသကို အတတ်နိုင်ဆုံး မျိုချရင်း...

"သမီးက ချောသဒ္ဒါပြေအောင်တဲ့"

အသည်းက ခပ်ထောင့်ထောင့်ပြောပြီး သူ့ကိုတော့ နာမည်ပြောကာ ဆက်မိတ်ဆက်ခြင်း မပြု၍ ဩသုတက သူ့ဘာသာပင် မီးချောကို ပြုံးပြရင်း...

www.burmeseclassic.com



"ကျွန်တော်က အသည်းမိတ်ဆွေပါ၊ ဩသုတပါ၊ သမီးအကြောင်းတော့ အသည်းဆီက အမြဲကြားရပါတယ်၊ မီးချော... မီးချောနဲ့နားရည်ဝနေပါပြီ"

မီးချောက ဩသုတကို အပြုံးနှင့် ခေါင်းညိတ်ပြလိုက်ရင်း...

"ပန်းချီဆရာ ထင်တယ်နော်"

"ဟုတ်ပါတယ်၊ မီးချောက ကျွန်တော့်နာမည် ကြားဖူးလို့လား၊ ပန်းချီကား မြင်ဖူးတာလား"

"ဟင့်အင်း... မမြင်ဖူးပါဘူး၊ ဒီလိုပဲ သိထားတာပါ"

ဩသုတက ခေါင်းတညိတ်ညိတ် လုပ်ရင်း...

"ဩော်... စားလက်စကို ဆက်စားကြပါ၊ ကျွန်တော်လည်း တစ်ခုခုလောက် မှာလိုက်မယ်နော်"

"မှာပါ အစ်ကို၊ ဘာမှာမလဲ"

ထင်လင်းဘို ခေါ်လိုက်၍ အနားရောက်လာသော စားပွဲထိုးကို ဩသုတက ကလပ်ဘ်ဆင်းဒဝစ်ချ် တစ်ပွဲနှင့် ကီဝီဆိုဒါမှာသည်။ ချောက ဩသုတကို အကဲခတ်နေကာ အသည်းက အဲဒါကိုသိနေ၍ သမီးကို မသိသော ပြန်အကဲခတ်ရင်း အနေကျဉ်းကျပ်နေလေသည်။ ခုမှသိရ မိတ်ဆက်ရသော အသည်းရဲ့သမီးရှေ့ သူ့အိမ်သူ့ရာ သူအိမ်ရှင်လို ပေါ့ပေါ့ပါးပါး စားချင်တာ မှာနေသော ဩကိုလည်း အသည်းတွေ ယားနေမိသည်။

"ကျွန်တော် ခုထိ ဘာမှ မစားရသေးလို့ အသည်းရဲ့၊ မနက်ကတည်းက ဂယ်လာရီမှာ ကော်ဖီတစ်ခွက်ပဲ သောက်ရသေးလို့လေ"

ဩက အသည်း မကြည်လင်တာကို သိ၍ ခပ်တိုးတိုး ချော့ရင်းနေပါသည်။ ဝိုင်းက ခပ်တိတ်တိတ်နှင့် ကိုယ့်အစားအသောက် ကိုယ်ဆက်စားနေကြကာ ပြောစရာစကား ရှားပါးသလို ဖြစ်နေသည်။ အသည်းသည် ကိုယ်က သမီးရဲ့ချစ်သူကို အကဲခတ် အင်တာဗျူးရမည့်အစား သမီးကပြန်၍ ကိုယ့်လူကို အကဲခတ်ရတော့မည့် အနေအထားမျိုး ဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



၍ မျက်နှာပူလှသည်။ အသည်းရဲ့ ဟန်မဆောင်တတ်သော မျက်နှာ အရိပ်အကဲကြောင့် ဉာဏ်ပြေးတဲ့ သမီးဟာ ပတ်သက်မှုကို ခန့်မှန်းနိုင်မှာ။

ခုနက ပန်းချီဆရာလားလို့ မေးလိုက်ပုံအရ ခန့်မှန်းနေဖို့ ပင် မလိုဘဲ သမီးသိပြီး ဖြစ်နေလောက်ပြီလို့လည်း အသည်း ယူဆမိသည်။ သူတို့အိမ်မှာ အသည်းအကြောင်း ပြောဆိုဖြစ်တတ်ကြတယ် ထင်ပါရဲ့။

"ကျွန်တော်က တစ်ခုခုစားဖို့ ထွက်လာရင်း မီးချောရဲ့ မာမာ ဒီမှာရှိမယ်ဆိုတာ သိတော့ ဒီကိုဝင်လာခဲ့လိုက်တာ"

ဩကာ မီးချောကို လှမ်းပြောနေ၍...

"ငါ ဒီမှာရှိမယ်လို့ ပြောမိလို့လား၊ မပြောမိပါဘူး"

အသည်းက ခပ်ဆတ်ဆတ်လေး ပြောမိပါသည်။

"ဒါပေမဲ့ ခုနက အသည်း အာစီတူးနားမှာ ဆိုတာ ကျွန်တော် သိလိုက်တယ်လေ၊ အခုရောက်တော့မယ် ကားကွေ့နေပြီဆိုပြီး အသည်း ဖုန်းချသွားတော့ ဒီနားမှာ ဒီအချိန် ဘာဆိုင်များ ရှိမလဲ စဉ်းစားတာလေ၊ ဒီမှာတော့ စားသောက်ဆိုင် တော်တော်များများ ရှိတာဆိုတော့ ဒီမှာပဲဖြစ်မယ်ဆိုပြီး တက်လာလိုက်တာ၊ အသည်း တို့ကိုမတွေ့လည်း ဒီမှာပဲ တစ်ခုခုစားလိုက်တော့မယ်လို့လေ"

ဩသုတက အဖုံးအဖိတစ်ဝက်နှင့် ပြောရပါသည်။ တကယ် တော့ သူ့ကို နေရာမပြောဘဲ အသည်း ဖုန်းပိတ်လိုက်တော့မှ သူ ဂယ် လာရီက ထွက်လာခဲ့တာ။ သူ့ကို သိသင့် သိထိုက်သော အသည်းရဲ့ အသိုင်းအဝိုင်းထဲမှာ မီးချောလည်း ပါဝင်တာပဲ။ သူနှင့် ပတ်သက်ပြီး အသည်းလျှို့လျှို့ဝှက်ဝှက် ထားလွန်းတာကို သူ အောင့်သက်သက် ခံစား ရပါသည်။

"ဂယ်လာရီနဲ့ နီးနီးနားနားမှာ ဆိုင်တွေပြည့်လို့ဟာ၊ တဝေးတလံ လာစားနေသေးတယ်၊ ကိုယ့်ဘာသာ တခြားသွားမစားဘူး"

"ရောက်လာတဲ့ ဧည့်သည်တစ်ယောက်ကို ဘာဖြစ်လို့ အငြိုးကြီး နေရင်း အပြစ်တင် ရန်လိုနေတာလဲ မာမာရယ်၊ အားနာစရာ"



www.burmeseclassic.com

www.burmeseclassic.com



မီးချော စကားကြောင့် အသည်းက သက်ပြင်းတစ်ချက် ချလိုက်ပါသည်။ ဟုတ်ပါတယ်လေ၊ ရုပ်ပျက်ပါတယ်။ ကိုယ်ကလည်း ချွတ်လုပ်ပုံကို အမြင်ကတ်လို့သာပါ။ အသည်းက မျက်နှာကို ကြိုးစားပြင် ဆင်ရသည်။

"ဦးဩသုတကက မာမာ့ချစ်သူ မဟုတ်လား ?"

မီးချောရဲ့ လျှပ်တစ်ပြက် အမေးကြောင့် အသည်းသည် သမက်လောင်းရှေ့ မျက်နှာဘယ်လိုထားရမှန်း မသိအောင် တစ်မျက်နှာလုံး ရဲတွတ်သွားပါသည်။ ဩသုတကကတော့ အသည်းပုံစံကို တစ်ချက်ငဲ့ကြည့် ရင်း မီးချောရဲ့ ပွင့်လင်း ဒဲ့ဒိုးကျမှုကို သဘောကျသွားကာ တဟင်းဟင်း ရယ်မောလိုက်မိပါသည်။

"မာမာ အဲသလို မိတ်ဆက်ပေးရမှာ မဟုတ်လား"

"အဟင်း… ဟုတ်ပါတယ်၊ မီးချော ခုလို နားလည်မှု ရှိပေးတာ ကျေးဇူးတင်ပါတယ်၊ အသည်းကလည်း သူ့ သမီးကို သိးသန့်တွေ့ ချင်တာ ကျွန်တော်က မမျှော်လင့်ဘဲ ရောက်လာတော့ စိတ်တို သွားတယ် ထင်ပါတယ်"

အသည်းရဲ့ ရဲရဲစွေးသော ပါးပြင်နှစ်ဖက်နှင့် မျက်နှာပျက် နေပုံကြောင့် ထင်လင်းဘိုက တစ်ပြန်အားနာကာ မျက်နှာထားရ ခက်နေ ပါသည်။ အခြေအနေကို ရယ်လည်း ရယ်ချင်နေမိသည်။

"မာမာ…၊ သမီး သိပြီးသားပါ"

"… … …"

"ပါပါနဲ့ မာမာ လမ်းခွဲတာ ဆယ့်ခြောက်နှစ်ကျော်ကြီး ရှိနေပြီဟာ၊ ခုလိုမျိုးက သဘာဝကျတဲ့ ကိစ္စပဲလေ၊ မာမာ မျက်နှာပူမနေပါနဲ့၊ မီး နားလည်ပါတယ်"

မီးချော အဲသလို ထပ်ပြောလိုက်မှ အသည်းရုပ်က ငိုဖူး သလိုရုပ်ပါ ပေါက်လာရပါသည်။ အသည်း ဘာမှစကားသံ ထွက်မလာ၍ ဩကာပင် စကားရှာကာ…



www.burmeseclassic.com

www.burmeseclassic.com



"မီးချောတို့ မင်္ဂလာရက်က အောက်တိုဘာ ဘယ်နှရက်လဲ၊ ကျွန်တော်တို့ ကမ္ဘောဒီးယားကို ပြပွဲတစ်ခု သွားစရာရှိတာ ကျွန်တော်က အဲဒီရက်မှာ ဒီမှာရှိချင်တယ်လေ၊ သွားဖို့ရက်ကို ရက်လွှဲပြီး စီစဉ်ချင်လို့ပါ..."

"ဩော်... မာမာ မပြောရသေးဘူးလား၊ အောက်တိုဘာ ၃၀ ရက်ပါ ဦးဩသုတ"

"ဩော်... ဟုတ်ကဲ့... ဟုတ်ကဲ့"

"ဦးဩသုတကိုလည်း ဖိတ်စာသီးသန့်နဲ့ ဖိတ်လိုက်ပါ့မယ်၊ လာခဲ့ပါနော်"

"ဟုတ်ကဲ့ ခင်ဗျ... ကျွန်တော် လာခဲ့ပါ့မယ် မီးချော"

ဩသုတ မျက်နှာက ပြုံးရွှင်ကျေနပ်သွားတာကြောင့် အသည်းက စိတ်ထဲကပဲကျိတ်ကာ မျက်စောင်းကြီးကြီး ထိုးမိသည်။ စိတ်ကိုတာ ဆိုတာလေ။ အသည်းသမီးနဲ့ သူ့ကိုပေး မတွေ့ချင်သေးမှန်း သူသိသိနှင့် တမင်တကာ အပိုင်လိုက်လာတွေ့တာ။ ပြီးတော့ သူကပဲ လူရင်းကဲ့သို့ စကားတွေ ဖောင်ဖွဲ့နေလိုက်တာ။

"သမီး"

အသည်းက သူတို့စကားကြောကို ဖြတ်လိုက်ပါသည်။

"သားတို့ သမီးတို့ကိစ္စ ဘာတွေ လုပ်စရာ ကိုင်စရာ ရှိသေးသလဲ၊ မာမာ ကူညီပေးလို့ရတာ ဘာရှိလဲ၊ မာမ့်ကိုပြောလေ၊ သမီးလိုအပ်တာ မာမာလည်း ကူညီချင်တယ်"

"ကျေးဇူးတင်ပါတယ် မာမာ၊ ဘာမှ ထူးထူးထွေထွေ လုပ်စရာမရှိပါဘူး၊ ကိုကိုတို့အမေက အားလုံးလိုလို သူပဲ တာဝန်ယူ စီစဉ်ပေးနေပါတယ်၊ မီးက ကိုယ်ဝတ်ဖို့ စားဖို့လောက်ပဲ ကိုယ်ပူရတာပါ"

"သမီး ဝတ်စုံအပ်ပြီးပြီလား"

"ဟုတ်...၊ အပ်ပြီးပြီ မာမာ၊ ဒီခိုင်နှာ'......'ဆီမှာ အပ်ထားတယ်"

www.burmeseclassic.com

www.burmeseclassic.com



နှုတ်ဆိတ်သွားတဲ့ အသည်းကို ဩသုတက မသိမသာ ရှည့်ကြည့်ရင်း စိတ်ထဲမကောင်း ဖြစ်သွားမိသည်။ ဘာမှမဖြစ်သလို ငြိမ်သက်သွားတဲ့ အသည်းရဲ့ မျက်နှာပြင်အောက်က ပကတိခံစားချက်မှာ အတော်ရင်နင့်သွားပြီကို ဩ အသိဆုံးပင်။ သူမရဲ့သမီးဖြစ်သူကတော့ သိဟန်မတူ။ မီးချောပုံစံဟာ သူ့မိခင်ဟာ နာမည်ရ ဒီဇိုင်နာတစ်ယောက် ဆိုတာကိုပင် မေ့လျော့ သတိမဝင်သလို ရှိနေသည်။

ဒီရက်တွေအတွင်း အသည်း တသသ လုပ်နေတဲ့ အထည်စ တစ်စ ရှိနေခဲ့တာ ဩသုတ အသိပင်။ အဲဒီအစကို ဟိုလိုကပ်ကြည့် ဒီပေါ်တင်ကြည့် ဟိုအရောင်နှင့်ဟပ်ကြည့် အလုပ်ရှုပ်နေတာ ဘာကြောင့် ရယ်လို့ နှင်းပင် တွေးမိဟန်မတူသော်လည်း ဩကတော့ မမေးဘဲ ရိပ်မိ နေခဲ့သည်။ သူ့ရင်နှစ်သည်းချာ သမီးကလေးရဲ့မင်္ဂလာပွဲမှာ သူ ဆင်မြန်း ဆေးချင်သည်ကို နားလည်နေပါသည်။

အဲဒီနေ့က သူတို့အားလုံး လမ်းခွဲကြတော့ မီးချောတို့စုံတွဲကို အားပါကင်ထဲက သူတို့ကားနားအထိ လိုက်ပို့ပေးတဲ့ အသည်းနောက်က သူ ကပ်ပါခဲ့သည်။ မီးချောတစ်ယောက် အခုထက် အနည်းငယ် သိတတ်စွာ အမေဖြစ်သူကို ကားနားထိ လိုက်ပို့ပေးတာမျိုးများဖြစ်လျှင် အသည်း အယ်လောက် ကြည်နူးမလဲ ဩ သိသည်။ အသည်းဟာ အသေးစိတ် လေးတွေကို ခံစားတတ်သူလေ။ မီးချောတို့ကား ထွက်သွားတော့ စိတ် ကြည်သာတဲ့ အသည်းဟာ ဩကိုလည်း သုန်သုန်မှုန်မှုန်နှင့် နှုတ်မဆက်ဘဲ သူ့ကားပေါ် သူတက်သည်။ သူ့ကား မှန်ပြတင်းဘောင်ကနေ ခါးကိုင်း ထက်ပြတဲ့ ဩကိုပင် မျက်စောင်းတစ်ချက် ထိုးသွားလိုက်ပါသေးသည်။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com

(၅)

မီးချောက ဒေါ်နန်းမို လာချပေးသော ကော်ဖီပန်းကန်ကို ဆွဲယူကာ ကွတ်ကီးတစ်ခု လှမ်းနှိုက်ပြီး ကော်ဖီထဲနှစ်၍ တို့စားလိုက်ပါသည်။ ဦးပြေအောင်က ဒါကို အမှတ်တမဲ့ ကြည့်နေရင်း သမီးနှင့် မိုးသည်းသည်းတို့ရဲ့ တူညီတဲ့ အချက်တို့ကို အံ့သြနေသည်။ မိုးသည်းဟာလည်း အဲသလိုပဲ ပေါင်မုန့်၊ ကိတ်မုန့်၊ ကွတ်ကီးတို့ကို ကော်ဖီတို့ နွားနို့ပူပူတို့နှင့် တို့စားတတ်သည်။ သမီးနှင့် မိုးသည်းဟာ အတူတူ မနေရပါပဲနှင့် တူညီနေတဲ့ အလေ့အထလေးတွေ ရှိနေတာကတော့ သွေးက စကားပြောတာကြောင့် ဖြစ်မှာပင်။

မီးချောက အနားရောက်လာသော ထူးထူးကို ကွတ် ကီးတစ်ခု လှမ်းယူပေးလိုက်ပါသည်။

"မပေးနဲ့ မီးချော၊ သူတို့ အိပ်ရတော့မှာ"

မီးချောက ကွတ်ကီးကို မပေးတော့ဘဲ လက်ပြန်ရုပ်လိုက်လျှင် လှမ်းယူနေသော ထူးထူးရဲ့လက်က လေထဲတန်းလန်း ကျန်ရစ်ခဲ့သည်။

"အား… ဆောရီးနော် ထူးထူး၊ မင်းမာမိက မစားရဘူးတဲ့"

"ထူးထူး သွားတိုက်ပြီးပြီလား"

"ဟင်အင်း"

"သွား… သွားတိုက်တော့၊ ခြေထောက်ဆေးပြီး အိပ်ရာဝင်တော့"



www.burmeseclassic.com

www.burmeseclassic.com



ထူးထူးသည် မကျေနပ်သော်လည်း စောဒက မတက်ဝံ့ဘဲ မှုန်တေတေနှင့် လှည့်ဝင်သွားပါသည်။

"သူ့ကို ကိုးနာရီခွဲ အိပ်ခိုင်းထားတာ မီးချော"

"အိုင်ဆီး..."

မီးချောအတွက် မိထွေးတော် ဒေါ်နန်းမိုသည် အကောင်းကြီး မဟုတ်သော်လည်း အဆိုးကြီးလည်း မဟုတ်ပါ။ သို့ပေမဲ့ ရင်းနှီးမှုတော့ ရှိပါသည်။ ရင်းနှီးဆို ဒီအိမ်ကို မီးချောက ဝင်ဖြစ် ထွက်ဖြစ်တယ် မဟုတ်လား။ ဒေါ်နန်းမိုဟာ ပညာတတ် ဆရာဝန်မတစ်ယောက်ဖြစ်၍ မိထွေးဆိုပေမယ့်လည်း အဆင့်နိမ့်နိမ့် လုပ်ရပ်မျိုး ဆက်ဆံရေးမျိုးတော့ မီးချောအပေါ် မရှိခဲ့။

နှစ်ဦးလုံးဟာ အပြန်အလှန် ချစ်တယ်လည်းမဟုတ် မုန်းတယ်လည်း မဟုတ်သော မိတ်ဆွေဆက်ဆံရေးမျိုးလောက်နှင့် အဆင်ပြေပါသည်။

"သမီး... ဘိုဘို ခေါ်လာတာ မဟုတ်ဘူး၊ အပြန်တစ်ယောက်တည်း မောင်းပြန်ရမှာ မှောင်နေဦးမယ်"

"သူက လိုက်ခဲ့မယ်တော့ ပြောပါတယ် ပါပါ၊ နောက်မှ သူ့အလုပ် ကိစ္စ တစ်ယောက်က လှမ်းချိန်းလို့ သွားလိုက်ရတာ၊ မီးကလည်း ပါပါညဥ့်နက်မှ ဆေးခန်းက ရောက်မှာဆိုပြီး နောက်ကျမှ ထွက် လာတာ"

"မီးချောပါပါက ဒီညနေ ပြန်ရောက် မရောက် မသေချာလို့ ဆေးခန်းဖျက်ထားတာလေ၊ နေပြည်တော် ဆဲမ်မီနာလည်းအပြီး လေယာဥ်နဲ့ ပြန်လာလိုက်လို့ ဆေးခန်းလည်း ကြိုဖျက်ထားကြတော့ ဒီည နားရတာပေါ့"

"ပါပါတို့ကို ဖိတ်စာရိုက်မယ့်စာသား ပြမလို့ပါ၊ မာမီနဲ့ ဒေဒီက ပါပါတို့ကိုလည်း ပြလိုက်ဦးတဲ့"



www.burmeseclassic.com

www.burmeseclassic.com



မီးချောက သူ့ရဲ့စလင်းဘက်ဂ်အိတ်လေးထဲက စာရွက်ခေါက်တစ်ခုကို ဆွဲထုတ်လိုက်ပါသည်။ အကြမ်းရေးထားသော စာရွက်ခေါက်လေးကိုဖြန့်ကာ ဦးပြေအောင် လက်သို့ လှမ်းပေးလိုက်သည်။ ဦးပြေအောင်က လှမ်းယူဖတ်စဉ် ဒေါ်နန်းမိုကလည်း ဦးပြေအောင်ရဲ့ ထိုင်ခုံနောက်ဘက် သွားရပ်ကာ စာရွက်ကို ကိုင်း၍ဖတ်လေသည်။

"…… တို့၏သား မောင်ထင်လင်းဘိုနှင့်
ရန်ကုန်မြို့နေ
ဦးထွန်းအောင်+ဒေါ်အိအိဝင်း
ဒေါက်တာဦးပြေအောင်+ဒေါ်မိုးသည်းသည်းတို့၏
သမီး မချောသဒ္ဒါပြေအောင်…… …"

"ဟာ… အဲဒီလို မဖြစ်ဘူးလေ…"

ဒေါ်နန်းမိုထံမှ ခါးခါးသီးသီးအသံက ရုတ်တရက် ထွက်ပေါ်လာပါသည်။ မီးချောသည် မျက်နှာကို လက်ဖဝါးနှစ်ဖက်နှင့် ပွတ်ကာပွတ်ကာ ပါပါ့မျက်နှာကို အကဲခတ်ကာနေမိသည်။ သိသည်။ ခေါင်းကိုက်ရတော့မည် ဆိုတာကို မီးချော သိသည်။

ဤစာသားလေးတစ်ရွက် ရေးဖို့အရေး အိမ်မှာ ဒက်ဒီ မာမီနှင့် မီးချော ခေါင်းချင်းရိုက်ကာ သုံးရက်လောက် ကြာခဲ့သည်။ သတို့သားဘက်ကိုရေးဖို့ ဘာအခက်အခဲမှ မရှိ။ မီးချောရဲ့ မိဘနေရာအတွက် ဘယ်လိုလုပ်သင့်တယ် ဘယ်လိုမလုပ် သင့်ဘူးတွေ အဖန်ဖန် အထပ်ထပ် စဉ်းစားရကတည်းက ခေါင်းတွေပူသည်။

"ဒက်ဒီနဲ့ မာမီ့ နာမည်ပဲ ထည့်လိုက်ဖို့က မသင့်တော်ဘူးလားလို့လေ၊ ညည်းပါပါက ဘာမှမဖြစ်ဘူးဆိုတောင် ညည်းမာမာအတွက်ကိုလည်း မာမီတို့က ထည့်စဉ်းစားရမယ် သမီးလေးရဲ့၊ သူ့ဇာဝမ်းနဲ့လွယ် မွေးထုတ်တဲ့ မအေလေ၊ သူ့သဘောဆန္ဒကိုလည်း ထည့်စဉ်းစားရဦးမှာပေါ့၊ ပုံမှန်အခြေအနေမှာ အသည်းစွဲ သူ့ဟာသူ

www.burmeseclassic.com

www.burmeseclassic.com



တိတ်တိတ်ဆိတ်ဆိတ်လေး နေနေပေမယ့် ခုဟာကျတော့ အရေးကြီးတဲ့ မင်္ဂလာကိစ္စမျိုး ဖြစ်နေတယ်လေ”
“အန်တီနန်းမိုက လက်ခံပါ့မလား မာမီ”
“အေးပေါ့... သူ ဘယ်ကျေနပ်မလဲ၊ ဒါပေမဲ့က ဒီကိစ္စက သူ ဆုံးဖြတ်ပိုင်ခွင့်ရှိတဲ့ ကိစ္စမဟုတ်ဘူးလေ သမီး၊ ကာယကံရှင် သမီးရယ်၊ ကိုပြေရယ်၊ အသည်းရယ်၊ ပြီးတော့ မာမီတို့ရယ် ဒီလူတွေ သဘောဆန္ဒက ဦးစားပေး ရှေ့က ဖြစ်ရမှာပေါ့”
“ကိုယ်တို့နာမည်နဲ့ပဲ ဖြတ်ထားလိုက်ရင်ရော၊ အသည်းကို အရာ မသွင်းချင်တာ မဟုတ်ပေမယ့် ခေါင်းခဲရမယ့်ကိစ္စ ထင်တယ်”
“ဒါက ကိုထွန်းရဲ့ သဘောထားလေ၊ ကိုပြေက ကိုထွန်းဟာ သူ့အစ်ကိုရင်းမို့ ဘာမှမပြောဘူးထား၊ အသည်းက ကျေနပ်ပါ့မလား”
“အသည်းက အေးပါတယ်ကွာ၊ နန်းမိုက ဒီလိုရေးတာကို နည်းနည်းမှ လက်ခံမယ် မထင်ဘူး၊ မင်္ဂလာရှိတဲ့ကိစ္စ လုပ်မှာ စကားတွေ အခြေအတင် ပြောနေရဦးမယ်”
“နန်းမိုနဲ့ အခြေအတင် ပြောရမှာစိုးလို့ နားအေးအောင်ဆိုပြီး အသည်းကတော့အေးလို့ အသည်းဆန္ဒကို ထည့်မတွက်တော့တာ ကရော မှန်ပါ့မလား ကိုထွန်း”
“အေးကွာ... ခက်ကျတာပဲ”
အိမ်မှာ အတော်ဆွေးနွေးပြီးမှ မာမီက ဒီလိုပဲ အကြမ်းရေးကာ ဒေါ်ဒေါ့ကို ပြလိုက်ဖို့ ဆုံးဖြတ်လိုက်တာ ဖြစ်သည်။
“ဒီလိုရေးတော့ ရှုပ်ထွေးကုန်မှာပေါ့၊ ညည်းပါပါနဲ့ ဒေါ်မိုးသည်း သည်းကြားမှာ အပေါင်းလက္ခဏာ ခံထားရအောင် သူတို့က အခု ပေါင်းနေတာမှ မဟုတ်တာ၊ လူတွေက ယုံထင် ကြောင်ထင် အထင်အမြင်တွေ လွဲကုန်ရင် ဘယ်လိုလုပ်မလဲ”
“အဲဒါဆို ဘယ်လိုလုပ်ရမှာလဲ အန်တီနန်းမို၊ နာမည်ကို ကွင်းခတ် ရမှာလား?”



www.burmeseclassic.com

www.burmeseclassic.com



"နာမည်ကွင်းခတ်တယ် ဆိုတာက ကွယ်လွန်သူဆိုတဲ့ သဘောလေ မီးချောရယ်၊ အလကား ရှုပ်ထွေးအောင် ထည့်မနေနဲ့၊ ဦးထွန်းအောင် ဒေါ်အိအိဝင်းတို့၏သမီး ဆိုရင် ပြီးပြီပေါ့၊ ဘာလို့ မဆိုင်တာတွေ လျှောက်ထည့်နေဦးမှာလဲ"

"မဆိုင်တာတော့ မဟုတ်ဘူးလေ အန်တီနန်းမို"

မီးချောက ပါပါ့ကို စစ်ကူတောင်းသလို တစ်ချက်ထပ်ကြည့်လိုက်ပါသည်။ ပါပါ့ထံက အတော်နှင့် အသံထွက်မလာ။ တစ်ခါ တစ်ခါ ပါပါဟာ အေးရာအေးကြောင်း သိပ်နေတတ်တာလို့ မီးချော မြင်သည်။ အေးရာ အေးကြောင်းနေလွန်းတော့ အန်တီနန်းမိုရဲ့ သဘောဆန္ဒ အစီအမံတို့သာလျှင် ဤအိမ်တွင် ကြီးစိုးနေခဲ့တော့တာ။

"ပါပါ..."

"………"

"ပါပါ တစ်ခုခု ပြောဦးလေ"

"ပါပါ့သဘောထက် ညည်းမာမာကိုပဲ မေးတာကောင်းလိမ့်မယ် ထင်တယ် သမီး"

"သူ့ကို ဘာဖြစ်လို့ မေးရမှာလဲ၊ သူက သူ့နာမည်ထည့်ချင်တယ် ဆိုရင် ဘယ်လိုလုပ်မလဲ"

"………"

ဒေါ်နန်းမိုက မေးခွန်းထုတ်လိုက်ပြီး ဦးပြေအောင် နောက်တွင် ရပ်နေရာမှ သူ့နေရာသူ လာပြန်ထိုင်လိုက်သည်။ မျက်နှာကတော့ မကြည်မသာ တင်းမာနေပါသည်။

"အခုဆိုရင် အသိမိတ်ဆွေ အတော်များများက မီးချောကို အစ်ကိုကြီး ဦးထွန်းအောင်နဲ့မမအိ သမီးရင်းလို့ပဲ သိထားကြတာလေ၊ သေသေချာချာ ဂဃနဏ သိတဲ့သူက အတော်ရှားနေတာ။ ဒီလိုပဲ ရေးလိုက်တော့ ဘာဖြစ်သွားမှာမို့လဲ"

"………"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုထည့် ဒီထည့်နဲ့ကျမှ ရှုပ်ကုန်မှာ၊ မသိတဲ့သူတွေက ဘယ်တုန်းက ဘယ်လိုဇာတ်လမ်း ရှုပ်တွေလည်း ထင်ကုန်မှာ၊ အလကား နေရင်းထိုင်ရင်း လူတွေ သို့လော သို့လော ထင်ကြတာ ခံရဦးမယ်၊ တကယ်စိတ်ဆင်းရဲတယ်၊ သူက မရှိတော့တာ ကြာပဲကြာနေပြီ၊ ဒီလောက်ကြီး အဆက်အဆံတွေ ရှိတာလဲ မဟုတ်၊ သူ့ဟာသူနေ ကိုယ့်ဟာကိုယ်နေ၊ ကိုယ်မထည့်တော့ရော သူ ဘာပြောနိုင်မှာမို့လဲ"

တစ်စ တစ်စ ပြောရင်း ပြောရင်းက ဒေါ်နန်းမိုရဲ့ စကားတွေဟာ လွန်ကဲဘောင်ကျော်လာတယ်ဟု မီးချော ထင်သည်။ မီးချောသည် လေးနှစ်သမီးကတည်းက မာမီနှင့် ဒက်ဒီ လက်ထဲ ကြီးပြင်းရကာ မိဘရင်းသဖွယ် အပြန်အလှန် ချစ်မြတ်နိုးခဲ့ကြတာမို့ အချိန်အတော်များများမှာ ဖာမာ့ကို မေ့နေခဲ့တာ အမှန်ပင်။ လွမ်းဆွတ်တာမျိုးရယ် ဘာရယ် မရှိခဲ့ပေ။

လေးနှစ်ရွယ်ရဲ့ရှေ့က မာမာနှင့် မီးချောရဲ့ အမှတ်တရ အဖြစ်အပျက်ရယ်လို့လည်း ဘာတစ်ခုမှ မီးချော ခေါင်းထဲ အမှတ်တရ မရှိပေ။ မာမာ ဆိုတာဟာ ကိုယ့်ရဲ့မိခင်ရင်းမှန်း လူကြီးတွေ အသိပေး၍ သိခွင့်ရထားခဲ့တာသာရှိ၍ တော်စပ်ပတ်သက်မှုတစ်ခု သက်သက်မျှသာပင်။ ချစ်သူရချိန် ဘွဲ့ရချိန် စသည်ဖြင့် ဘဝရဲ့အမှတ်တရ အချိုးအကွေ့တို့မှာလည်း မာမာ့ကိုအသိပေးဖို့ အပျော်ဝေမျှဖို့တွေ တစ်ကြိမ်မှ သတိမရခဲ့ပေ။ အီစုတစ်ခုခု တိုက်ရိုက်မရှိလျှင် မာမာဆိုတာကို မေ့မေ့လျော့လျော့ ဖြစ်နေတတ် ခဲ့တာမျိုးပါ။

ချစ်လှချည်ရဲ့ရယ်လို့ပင် ရင်ထဲ ထိထိခတ်ခတ် မရှိခဲ့မိတာ အမှန်ဖြစ်သော်လည်း သူမဟာ မာမာ့ဗိုက်ထဲက ထွက်လာခဲ့သည်ဆိုတဲ့ အဖြစ်အပျက်ကတော့ ဘယ်သောအခါမှ ပျောက်ကွယ်ပြောင်းလဲသွားလိမ့်မည်မှ မဟုတ်တာ။

"အန်တီနန်းမို၊ မာမာက သမီးအမေရင်းပါ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ တို့တွေ သိတယ်လေ၊ ဒီလူတွေထဲ သိထားပြီးသားပဲ၊ မီးချောလည်း မမအိတို့သမီးအဖြစ် နေလာပြီးမှ ခုမှ သူ့သမီးပါလို့ တစ်ကမ္ဘာလုံးကို ကြေညာနေစရာ လိုအပ်လို့လား"

"အန်တီနန်းမို့ ခုနပြောသွားသလို သူက မရှိတော့တာ ကြာနေပြီဆိုတာက သူက သေသွားတာ မဟုတ်ဘူးလေ၊ သေသွားလို့ မရှိတော့တာဆိုရင် သမီးက မာမာ့သမီး ဆယ်ခါပြန် ဖြစ်နေပါစေဦး ဘာမှမရေးလို့ ဘာအရေးလဲ၊ အခုက သူက တစ်နေရာမှာ သက်ရှိထင်ရှား ရှိနေတယ်လေ၊ သူ့မှာလည်း သူ့စိတ် သူ့ခံစားချက် သူ့နှလုံးသား သူ့ဆန္ဒ ရှိသေးတယ်"

"မီးချောက ဘယ်တုန်းကများ မအေကို ဒီလောက်ထိ ဂရုတစိုက် သိတတ်သွားရတာလဲ"

"သမီး ဒီနေ့ထိ မာမာ့အပေါ် ဘာတစ်ခုမှ သိတတ်မှု၊ ဂရုစိုက်မှု မရှိခဲ့ဖူးသေးပါဘူး အန်တီနန်းမို့၊ အခုကလည်း သူ့ကို လူသား တစ်ယောက်အနေနဲ့ ကိုယ်ချင်းစာ တွေးပေးတာပါ၊ မာမာနဲ့ သမီးနဲ့ဆိုတာ တစ်နှစ်ကို တစ်ခါပဲ တွေ့ဖြစ်ကြတာမျိုးပါ၊ အဲဒါ သမီးမွေးနေ့ပါ၊ မာမာ့မွေးနေ့တောင် မီးက တစ်ခါမှ တွေ့ဖို့ မကြိုးစားမိခဲ့ဖူးဘူး၊ နှစ်ကြိမ်လောက် သုံးကြိမ်လောက် တွေ့ဖြစ်တဲ့ နှစ်ဆိုရင် အဲဒါ လမ်းမှာ မတော်တဆ တွေ့တာမျိုးကြောင့်မို့ပဲ"

"အဲဒီတော့ ဘာဖြစ်လဲ၊ အဲဒါကို မီးချော ကိုယ်တိုင် လက်ခံ ကျေနပ်နေခဲ့တာပဲ မဟုတ်လား၊ မီးချောက တွေ့ချင်လွန်းအားကြီး ရက်နဲ့ မတွေ့ရတာမှ မဟုတ်တာ"

"ဟုတ်ပါတယ်၊ အဲဒါတွေကို မီး အခုမှတွေးမိတယ်၊ အခု အန်တီနန်းမို့ကို ပြောနေတဲ့ စကားတွေဟာ သမီး ကိုယ့်ကိုယ်ကိုယ်လည်း သမီး ပြန်ပြောနေမိတာ၊ ဒီလို တစ်ခါမှလည်း ထိုင်မတွေးခဲ့ဖူးဘူး၊ မာမာ့ကို သတိရမိတာ လွမ်းမိတာရယ်လို့တောင် မီးမှာ မှတ်မှတ်ရရ



www.burmeseclassic.com

www.burmeseclassic.com



မရှိခဲ့ဖူးဘူး၊ တကယ်ဆို သမီးတို့ မာမာ့ကို တအားပစ်ပယ်ထားခဲ့ကြတယ်"

"ဘုရားရေ... ပစ်ပယ်မထားလို့ ညည်းက ဘာများလုပ်ချင်သေးတာလဲ မီးချောရယ်၊ ပြောလေ ဆိုးလေပါလား"

မီးချောက ဒေါ်နန်းမိုကို ငေးငေးလေး စိုက်ကြည့်ရင်း...

"အခု အန်တီနန်းမိုနဲ့ သမီးရဲ့ဆက်ဆံရေးလောက်တောင် မာမာနဲ့ သမီး မရင်းနှီးခဲ့ဘူး"

"အဲဒါကို အခု နောင်တရနေတာလား၊ ဝမ်းနည်းနေတာလား၊ ဒါ သမီး နေချင်သလိုပုံစံ နေခဲ့တာပဲ မဟုတ်လား၊ ညည်းမာမာဆီ မသွားရ မလာရ မဆက်သွယ်ရလို့ ဘယ်သူက တားမြစ်ခဲ့လို့လဲ"

"ဘယ်သူမှ မတားမြစ်ခဲ့ပါဘူး၊ ဒါပေမဲ့ လိုက်လည်းမပို့ခဲ့ကြပါဘူး၊ ပုံမှန်တွေ့မပေးခဲ့ကြပါဘူး၊ လေးငါးနှစ်အရွယ် ကလေးတစ်ယောက်က လူကြီးတွေ တကူးတက ပို့မပေးဘဲ ဘယ်လိုလုပ် ရောက်နိုင်ခဲ့ပါ့မလဲ အန်တီနန်းမို၊ ပူလည်းမပူဆာတတ်ခဲ့ဘူး၊ မာမီတို့ မပို့ပေး မတွေ့ဆုံပေးခဲ့တာကိုလည်း မီးနားလည်ပေးနိုင်ပါတယ်၊ အဆက်မပြတ် အဆက်အဆံတွေကြားထဲမှာ ပြဿနာတွေ ရှိလာမှာစိုးလို့ အထူးသဖြင့် အန်တီနန်းမို မကြိုက်မှာ စိတ်ကွက်မှာစိုးလို့ ဖြစ်လိမ့်မယ်ဆိုတာ မီး တွေးမိပါတယ်...

မီးကိုယ်တိုင်ကလည်း တွေ့ချင်လှချည်ရဲ့ မလွှမ်းဆွတ်ခဲ့တာ မီး ဝန်ခံပါတယ်၊ ဒါပေမဲ့ ဒီလိုကိစ္စမျိုး ပေါ်ပေါက်လာတဲ့အချိန်မှာတော့ မာမာ့သဘောဆန္ဒကိုလည်း ယူသင့်တယ်လို့ မီး ထင်တာပါပဲ၊ မယူဘူးဆိုရင် အမေ တစ်ယောက်အပေါ် သမီးတစ်ယောက်အနေနဲ့ မီး မတရားဘူးလို့ ထင်ပါတယ်"

"သူ့ကို သွားမေးလို့ကတော့ သူက သူ့နာမည် ထည့်ပေးရမယ်ပဲ ပြောမှာပေါ့၊ မဏ္ဍပ်တိုင် တက်လိုက်တော့မှာပေါ့ ဒီလိုကြီး



www.burmeseclassic.com

www.burmeseclassic.com



ယှဉ်တွဲရေးမှာကို တို့တော့ ဘယ်နည်းနဲ့မှ လက်မခံနိုင်ဘူး မီးချော၊ ရေးထားပုံအရ အခုပဲ ပေါင်းနေတာလိုလို လုံးဝအဓိပ္ပာယ်မရှိတာ"

ဒေါ်နန်းမို အသံက ခါးခါးသီးသီးနှင့် တုန်ခါနေပါသည်။ မီးချောသည် သက်ပြင်းတစ်ချက် ကျိတ်၍ချမိသည်။ ဒီလို ညှိနှိုင်းရမှုမျိုးတွေနှင့် စိတ်ရှုပ်ထွေး ကျဉ်းကျပ်စရာ ဖြစ်ပေါ်လာနိုင်သည် ဆိုတာမျိုး ကိုကိုနှင့် လက်ထပ်ကြဖို့ စိစဉ်သည်အထိ မီးချော ကြိုမတွေးမိခဲ့။ ဘယ်လိုပဲဖြစ်စေ ဟိုးအရင်က စိတ်ထဲရင်ထဲ မာမာ ရှိရှိ မရှိရှိ၊ အခုတော့ စကားပြောနေရင်း တန်းလန်းမှာပင်လျှင် မာမာ့ကို မီးချော ပို၍ကရုဏာသက်လာမိပါသည်။

"တစ်သက်လုံး ရင်းနှီးတဲ့ မိတ်ဆွေအဆင့်တောင် ပတ်ပတ်သက်သက် မနေခဲ့ပဲနဲ့ ခုမှ သမီးဘာဖြစ်တာလဲ အန်တီ စဉ်းစားမရဘူး၊ ဟိုတစ်နေ့က သူနဲ့ တွေ့ကြတယ်ဆို၊ သူ ဘာတွေပြောလိုက်လို့လဲ"

"မာမာ ဘာမှမပြောပါဘူး အန်တီနန်းမို၊ အဓိက,ကလည်း မီး အနေနဲ့ လုပ်သင့်တယ်ထင်လို့ မာမာ့ကို ကိုကိုနဲ့တွေ့ပေး မိတ်ဆက်ပေး အသိပေးတာ သက်သက်ပါပဲ၊ မာမာက သူ ဘာလုပ်ပေးရဦးမလဲ မေးတာကလွဲရင် ဘာမှမပြောပါဘူး"

"သူတောင် ဘာမှ မတောင်းဆိုဘဲနဲ့အေ၊ ဒီအတိုင်းပဲ ထားလိုက်ပေါ့"

"အဲဒါ မာမာ့အပေါ် တရားပါ့မလား အန်တီနန်းမို"

"မတရားစရာ ဘာရှိလဲ၊ သူလည်း သူ့ဟာနဲ့သူ သူ့ဘဝ နေပျော်နေတာပဲ၊ သူ့ရည်းစားနဲ့သူ သာသာယာယာပါ မီးချောရယ်၊ သူ အိမ်ထောင်ကျဖူးတာ သမီးတစ်ယောက် မွေးဖူးတာတွေတောင် မသိတဲ့သူ များပါတယ်၊ သူ့ကို အပျိုကြီးထင်နေတဲ့သူ များသလို သူကလည်း အပျိုလို နေနေတာပါ"

"အဲဒါဆိုရင် မာမာက သူ့နာမည်ထည့်ပါလို့တောင် တောင်းဆိုချင်မှ တောင်းဆိုမှာပါ၊ အန်တီနန်းမို ပြောသလို သူ့နောက်ကြောင်းကို



www.burmeseclassic.com

www.burmeseclassic.com



ပြည်ဖုံးကားချပြီး အပျိုကြီးလိုပဲ နေမယ်၊ သူ့နာမည် မထည့်ပါနဲ့ ဆိုရင်တော့လည်း အကောင်းဆုံးပေါ့၊ အဲဒါကြောင့် သမီး မေးတော့ မေးကြည့်လိုက်မယ်"

"ကျွတ်... ခေါင်းမာလှချည်လား မီးချောရယ်၊ ထည့်ပါဆိုရင် ဘယ်လိုလုပ်ကြမလဲ၊ နောက်ဆက်တွဲ ပြဿနာက ရှုပ်တော့မယ်"

"ထည့်ပါဆိုရင်တော့..."

မီးချော စကားကို ရပ်ထားလိုက်ရပါသည်။ ဆက်ပြောရင် ဒေါ်နန်းမို ပိုပိုဒေါသထွက်ဖို့ပဲ ရှိသည်။ ခေါင်းတွေထူပူကာ စိတ်တွေ ညစ်နောက်လာရသည်။ မှုမှန် သမားရိုးကျ မဟုတ်သော အိမ်ထောင်ရေးတို့မှာ မျှော်လင့်မထားသော အခက်အခဲ ပြဿနာတို့ ပေါ်ပေါက်လာတတ် တာပါကလား။

"လွန်ခဲ့သော နှစ်ဆယ့်နှစ်နှစ်က တစ်ကြိမ်၊ ဒီမိန်းမ တို့ကို စိတ် ဆင်းရဲအောင် ဗုန်းဗုန်းလဲအောင် လုပ်ခဲ့ပြီးပြီ၊ အခုတစ်ခါ လာပြန်ပြီ၊ ဒီတစ်ခါတော့......"

"အခု သူ ဘာမှလဲ မလုပ်ရသေးပါဘူး နန်းရယ်၊ မင်းကလည်း ကြိုတင်တွေးပူတာတွေ မလိုလားအပ်ပဲ လျှော့စမ်းပါ၊ ကဲ... သမီး က မာမာ့ကို မေးတော့ မေးလိုက်၊ အသိပေးရမယ့် မေးရမယ့် ဝတ္တရားရှိတယ်၊ ပြီးမှ သူ ဘာပြောသလဲ ဆိုတဲ့အပေါ် ဆက်ညှိဖို့ ရှိတာ"

မီးချောက ပါပါ့မျက်နှာကို ဝင်းလက်သွားသော မျက်လုံး အလေးနှင့် ကြည့်လိုက်ကာ ဟုတ်ကဲ့ပါပါဟု ခပ်သွက်သွက်ပြောရင်း အရွက်လေးကို ကောက်ယူ ခေါက်သိမ်း၍ ပြန်ဖို့ထ,ရပ်လိုက်သည်။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com

(၆)

ညသူတက စားပွဲနိမ့် ပြန့်ပြန့်ဖြူဖြူပေါ် တင်ထားတဲ့ ဗိတ်စကို ပက်တမ်စက္ကူစတို့နှင့် နေရာချတွဲကာ ညှပ်ဖို့ပြင်နေသော အသည်းရဲ့ အာရုံဝင်စားနေသည့် ပုံကလေးကို ဖျတ်ခနဲ ဖုန်းနှင့် ဓာတ်ပုံ ရိုက်လိုက်သည်။

"ဩော်… ဒီတစ်ယောက်က ဘယ်လိုဖြစ်နေလဲ"

"အဟင်း"

"ဒီမှာ ရုပ်စုတ်ကြီးနဲ့ မျက်နှာပြောင်နဲ့ မျက်မှန်ကြီးနဲ့ ပုံဆိုးပန်းဆိုး ကို ဓာတ်ပုံရိုက်နေပြန်ပြီ၊ သူတစ်ပါးလှနေရင် ဘယ်တော့မှ ဓာတ်ပုံ မရိုက်ဘူး၊ သူတစ်ပါး မလှနေရင် ပုံပျက်နေရင် ဓာတ်ပုံရိုက်ပြီ၊ အကျင့်ကိုပုပ်တယ်"

"ဟစ် ဟစ်…"

ညသူတသည် အသည်းရဲ့ တကယ်စိတ်တိုကာ ရန်တွေ့နေပုံ ကို ချစ်စနိုး သဘောတကျနှင့် ပခုံးတလှုပ်လှုပ် ရယ်မောရင်း…

"အဲဒီ သူတစ်ပါးက လှတဲ့အချိန် ရှိလို့လား"

"ဒီလောက်ရှိတာ၊ လှနေချိန်တွေမှ ပြောလို့ ရေတွက်လို့ မကုန်ဘူး"

"ဩော်… ဩော်…"

"ရုပ်မပြောင်နဲ့၊ ဖျက်ပါ အခု အဲဒီပုံကို"



www.burmeseclassic.com

www.burmeseclassic.com



"မဖျက်ပါရစေနဲ့၊ တကယ်လှလို့ပါ၊ အသည်းက ကိုယ့်ကိုယ်ကိုယ် မလှဘူးထင်တဲ့ အချိန်ဟာ မင်းသမီးတွေ အလှဆုံးအချိန်လောက် ရှိတယ်"

"လျှောက်မပြောနဲ့နော်၊ မြှောက်ပင့်ပြောတာ အမုန်းဆုံးပဲ၊ လူတစ်ယောက်ကို မြှောက်ပြောတာဟာ အဲဒီလူကို အရူး အပေါ သဘောထားတာ"

"ရော်… ခက်ရချည်ရဲ့၊ ခင်ဗျားကို မြှောက်ပြောတော့ ကျွန်တော်က ဘာအကျိုးရှိမှာလဲ၊ မောင့်အသည်းက တကယ်လှတာ"

"ဘာ… မောင့်အသည်းလဲ၊ နင်နော်… ရှူး တိုးတိုးလုပ်စမ်းပါ၊ ရှက်ဖို့ကောင်းလိုက်တာ၊ ငါတော့ ကတ်ကြေးနဲ့ ခေါက်မိတော့မှာပဲနော်"

"အသည်းကလေ ကျွန်တော့်ကိုဆို သိပ်နိုင်စားတာပဲ၊ ပြောလိုက်ရင်လည်း နိုင့်ထက်စီးနင်းနဲ့၊ ကျွန်တော် အလျှော့ပေးမှန်းသိလို့ အသည်းက သိပ်အနိုင်ကျင့်တယ်၊ ဒီမှာ လာကြည့်ပါလား… လာကြည့်ပါ၊ အသည်းကသာ ပုံဆိုးပန်းဆိုး ပြောနေတဲ့ပုံက ဘယ်လောက်လှ,မလှ"

အသည်းက ကတ်ကြေးကို စားပွဲပေါ်ချကာ ဩ အနားလျှောက်လာခဲ့ပါသည်။ မယုံပါဘူး။ ကပြစ်ကစုတ်နဲ့ ဒီပုံဟာ လှနေစရာလား။ သွားကြည့်ပြီးရင် သူ့ဖုန်းကိုလုပြီး ပုံကို ဖျက်ပစ်ဖို့ ကြံထားလိုက်သည်။

ဆိုဖာပေါ်က ဩသုတ နံဘေး ဝင်ထိုင်ကာ ဩသုတရဲ့ဖုန်းဆီ ကြည့်သည်။ ဩက သူ့ဖုန်းကိုပြဖို့ရာ ညာလက်တစ်ဖက်က အသည်းရဲ့ပခုံးတစ်ဖက်ပေါ် ကျော်ဖက်ကာ ရင်ခွင်ထဲထားပြီးမှ ဖုန်းထဲကပုံကို ဖွင့်ပြဖို့လုပ်လေသည်။

"လက်ဖယ်စမ်းပါ ဩရာ၊ မတော်တဆ ကလေးမတွေ ဝင်လာရင် ဒီပုံကြီးမြင်ရင် အရှိအသေ တန်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အသည်းရယ်၊ ကောင်မလေးတွေကလည်း ဒီမုန်တံခါးကို မခေါက်ဘဲ မဝင်ပါဘူး၊ ပြီးတော့ ကျွန်တော်က အသည်းရဲ့ချစ်သူပါ၊ အသည်းနဲ့ လက်ထပ်ဖို့ ရည်ရွယ်ထားတဲ့ ချစ်သူလေ၊ ကြုံရာ ကလေကချေလူ မဟုတ်ပါဘူး"

"လက်ထပ်ပါမယ်လို့ မပြောသေးဘူးနော်၊ ကတိကို မပေးရသေးဘူး"

"အသည်းနော်… ကျွန်တော် စိတ်တိုလာပြီ၊ ခင်ဗျား ကျွန်တော့်ကို အဲသလိုပဲ အမြဲ အရူးလုပ်နေတော့မှာလား"

"အရူး မလုပ်ပါဘူး၊ စိတ်ထဲရှိတာကတော့ ရှိတာပေါ့၊ ဒါပေမဲ့ သမီးက အခုလက်ထပ်တော့မယ့်ဟာ မကြာခင် အမေက လက်ထပ်တယ်ဆို လူကြားလို့ ကောင်းပါ့မလား"

"ကောင်းကောင်း မကောင်းကောင်းလေ၊ ကိုယ့်ဘဝကိုယ် သာယာအောင် ဖန်တီးရမှာပဲ၊ သူများကြားကောင်းအောင် လုပ်နေစရာမှ မလိုတာ၊ ဘယ်သူ့ကိုမှလဲ နှောင့်ယှက်ထိခိုက်နေတာ မဟုတ်ဘူး"

"ကဲပါ… ပုံကို ပြစမ်းပါ"

"ငြိမ်ငြိမ်နေ… ဒီမှာ ပြမယ်… ကြည့်"

အသည်းက ဩပြတဲ့ ဖုန်းထဲကပုံလေးကို ငုံ့ကြည့်လိုက်သည်။ စီပီယာကာလာနှင့် ရိုက်ထားတဲ့ ပုံကလေးမှာ ဟိုးနောက်ဘက် ပြတင်းအလင်းရောင်နှင့် ဓာခန်းဆီးလေး တစ်ခြမ်းကြောင့် ပန်းချီကားလေးသဖွယ် ဖြစ်နေကာ စားပွဲပြန့်ပြန့်ပေါ်က အထည်စရဲ့ ပြိုးပြိုးပြက်ပြက် နေရာလေးတွေက ဆန်းကြယ်လျက် ကိုင်းအနက်ထူထူ မှန်မှန်ကြီးကြီးလေးနှင့် မင့်တင့် အသည်းရဲ့မျက်နှာလေးကလည်း ကဗျာဆန်လွန်းနေလေသည်။

"ကဲ… ဘာပြောမလဲ… ပြော"

"အွန်း…"

"ဘာအွန်းလဲ… လှတယ် မဟုတ်လား"

"ဘာလုပ်မလို့လဲ ဒီပုံကို"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ပန်းချီတစ်ကားဆွဲမယ် ဒီပုံလေးကို"

အသည်းက ဩကို မျက်လုံးလေးလှန်ကာ အနီးကပ် မော့ကြည့်ပြီးမှ ဩရဲ့ရင်ခွင်ထဲက ထွက်လိုက်သည်။ တစ်ခါတလေတော့လည်း ဒီလူတစ်ယောက်ရဲ့ ပါးပြင်၊ နဖူး၊ မေးစေ့လေးတို့ကို ဖျတ်ခနဲ သတိလက်လွတ် နမ်းရှိုက်လိုက်ချင်စိတ် သိပ်ပေါ်တာပဲ။ သို့ပေမဲ့ အဲဒီအခါတွေတိုင်း အသည်း ကိုကြီးကို သတိရမိတတ်သည်။ အဲဒီအခါ ဩကိုတဖွားဖွားချစ်စနိုးမိသော စိတ်တို့ဟာ မီးခဲတုံးလေးကို ရေနဲ့လှမ်းတောက်လိုက်သလိုရှဲခနဲ အငွေ့အူ၊ အပူလျော့၊ အရှိန်ပျော့သွားရတော့တာပင်။

"ကိုကြီးကို အသည်းသိပ်ချစ်တာပဲ"၊ "ကိုကြီးကို ချစ်မိလွန်းလို့ပါ"၊ "ကိုကြီးကလွဲရင် ဒီကမ္ဘာပေါ်မှာ နောက်ထပ် ဘယ်ယောက်ျားတစ်ယောက်ကိုမှ အသည်းမချစ်နိုင်တော့ပါဘူး" စတဲ့... စတဲ့ အစွန်းရောက်သော ချစ်စကားတို့ကို ကိုယ့်ဘာသာ ပြန်ကာကြားယောင်လာသည်။ ထိုသို့ကြားမိလျှင် ပါးပြင်ကလေးလည်း နွေးကာ ရှက်လာသည်။ ရင်ထဲကလည်း တဆစ်ဆစ် နာလာသည်။

ကလေးတစ်ယောက် မွေးပေးအပြီး စွန့်ပစ်ခံခဲ့ရတာတောင်အချစ်ဆိုတာကို စိတ်မကုန်နိုင်သေးဘူးလားလို့လည်း ကိုယ့်ရင်ကို ကိုယ်ထုချင်သည်။ ရှုံ့ချည်နပ်ချည် ဖြစ်နေတဲ့ ကိုယ့်အချစ်အတွက်ကြောင့်လည်းဩကို အားနာရသည်။ ဩကို အသည်း တကယ်ပဲ ချစ်မိလေရဲ့လား ဇဝေဇဝါလည်း ဖြစ်ချင်တုန်းမို့လား။ ကိုကြီးကို ဘယ်လိုတောင် ချစ်ခဲ့တာလဲအသည်းသာ အသိဆုံးမို့ပင်။

"ဖုန်းလာနေတယ်လေ အသည်း၊ ဘာတွေ တွေးနေတာလဲ"

အသည်းက နေရာမှထ,ကာ ဖုန်းကို အပြေးသွားကိုင်လိုက်ပါသည်။ မီးချော ဆက်တာပါလား။ ခုတလော သမီးနှင့် စကားပြောခွင့်ရနေတဲ့အတွက် သမီးမင်္ဂလာဆောင်ကိစ္စ ရှိလာတာကိုပင် မေ့ပြောင်နေလိုရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မီးချော... ပြော သမီး"

"မာမာ့ဆိုင်ရှေ့ ရောက်နေတယ် သိလား၊ ဝင်လာခဲ့ရမလား"

"ဟင်... သမီးရောက်နေတယ်... ဟုတ်လား၊ ဝင်ခဲ့လေ သမီး၊ သမီး မဝင်လာချင်လို့လား"

"မဝင်ချင်လို့ မဟုတ်ပါဘူး၊ မာမာ့ဆိုင်ကိုလေ မီး တစ်ခါမှမရောက်ဖူးတော့ မေးကြည့်တာပါ၊ မာမာ အထဲမှာ ရှိနေလား"

"ရှိတယ်... ရှိတယ်၊ လာခဲ့ သမီး၊ မာမာ ထွက်ခေါ်မယ်၊ ဒါပဲနော်"

အသည်းက ဖုန်းပိတ်လိုက်ပြီး ဩဘက်လှည့်ကာ "မီးချော ရောက်နေတယ်တဲ့"ဟု အံ့အားတသင့် ပြောမိသည်။

"သွားခေါ်လိုက်လေ အသည်း၊ သူ ခုမှ ရောက်ဖူးတာ မဟုတ်လား"

"အင်း... အင်း... သွားခေါ်လိုက်ဦးမယ်၊ ဒီအခန်းထဲ ခေါ်ခဲ့မယ်နော်"

"ခေါ်ခဲ့ပေါ့ အသည်းရဲ့၊ ကိုယ့်သမီးပဲဟာ"

အသည်း အံ့ဩကာ ကယောင်ကတန်း ဖြစ်နေပုံလေးကို ဩက ပြုံးစိစိ ဖြစ်မိလေသည်။ ဒါဟာ အသည်းရဲ့အလုပ်ခန်းဖြစ်၍ ပုံမှန်လာတဲ့ ဧည့်သည်တွေကိုတော့ အရှေ့ကအခန်းကျယ်ထဲနှင့် ဘေးတစ်ဖက်က fitting room ထဲကိုသာ ဝင်ထွက်စေတာ ဖြစ်သည်။ အသည်းညှပ်လက်စ အထည်တွေ၊ လုပ်လက်စ အလုပ်တွေ ရှိနေတတ်တဲ့ ဒီအခန်းထဲ အသည်းရဲ့ဝန်ထမ်းမိန်းကလေးတွေပင် တံခါးမရှိ ဓားမရှိ မဝင်ရပါ။

ဩသုတက အခန်းထောင့်က ကွန်ပျူတာမော်နီတာလေးဆီ လျှောက်သွား၍ အပြင်ဘက်က CCTV ကင်မရာလေးလုံးမှတစ်ဆင့် မြင်နေရတဲ့ မြင်ကွင်းတို့ကို ကြည့်လိုက်မိပါသည်။ ခန်းမကျယ်ထဲ ခလုတ်အတိုက်တိုက်နှင့်ဖြတ်ကာ ရှေ့က မှန် Slide တံခါးချပ်ကြီးဆီ ရောက်သွားတဲ့ အသည်းပုံစံဟာ ရယ်ချင်စရာ။ မီးချော မမျှော်လင့်ဘဲ ရောက်လာခြင်းသည် အသည်း အတွက် စိတ်လှုပ်ရှားစရာ ဖြစ်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တံခါးကို တွန်းဖွင့်ကာ မီးချောရဲ့လက်ကလေးကို ဆွဲကိုင်ပြီး အထဲကိုခေါ်လာတဲ့ အသည်းဟာ မီးခိုးရောင်တီရှပ် လက်ရှည်၊ အဖြူနှင့် ဖန်းနုစင်းချည်ဘောင်းဘီစက ပွပွလေးနှင့် မီးချောနှင့် ရွယ်တူနီးပါးသာ ထင်ရလေသည်။

အတွင်းအခန်းတံခါးပွင့်ကာ အသည်းတို့သားအမိ ဝင်လာလျှင် ဩသုတက မီးချောကို လက်တစ်ဖက် ထောင်ပြရင်း…

"ဟိုင်း…"

"ဩော်… ဦးဩသုတ ရှိနေတာလား၊ မီး အပြင်မှာပဲ စကားပြောရမလား မာမာ၊ ရလား"

"အပြင်မှာက ညှော်သည်တွေနဲ့လေ မီးချော၊ ဒီမှာ ဘာလို့ မရရမှာလဲ၊ ကိုယ့်အမေအိမ်ပဲဟာ၊ ကျွန်တော်က ခဏရောက်နေတာပါ၊ မီးချော ဘာသောက်မလဲ၊ ကော်ဖီလား၊ အအေးလား"

"ကော်ဖီ"

"ကျွန်တော် ဖျော်လိုက်ဦးမယ်၊ အသည်းရော သောက်ဦးမလား"

"အင်း"

မီးဖိုဘက်ကူးတဲ့ တံခါးကို ဖွင့်ဝင်သွားသော ဩသုတကို ကြည့်နေရာမှ မီးချောက အခန်းလေးကို လှည့်ပတ် ကြည့်လိုက်ပါသည်။ Dress Mannequin အရုပ်တွေမှာ ဆင်ယင်ထားသည့် သတို့သမီးဝတ်စုံ အချို့ကို လက်လေးနှင့် သွားရောက်ထိတို့ ကြည့်မိကာ…

"ဒါ… မာမာ ချုပ်တာတွေပေါ့"

"အင်း…"

"မာမာက အရမ်းတော်တာပါလား၊ မီးက ဒါမျိုးတွေသိပ် စိတ်မဝင်စားတတ်တော့ မာမာက ဒရက်စ်ဒီဇိုင်နာ တစ်ယောက်လို့ သိထားပေမယ့် ဘာတွေချုပ်လဲ ဘယ်လိုလဲတွေ သေချာမသိဘူး၊ နေ့စဉ် ဝတ်ရိုးဝတ်စဉ်ကလည်း မီးက ရယ်ဒီမိတ်တွေ ဝတ်တာ



www.burmeseclassic.com

www.burmeseclassic.com



များတယ်၊ ချုပ်ဖို့လိုအပ်လာရင်လည်း ဒီဖိုင်နာရယ် ဘာရယ် မချုပ်ဖြစ်ပါဘူး၊ မာမီအပ်တဲ့ အစ်မကြီးဆိုင်ကိုပဲ တစ်ထည်တလေ လိုက်အပ်လိုက်တာ...

ရှေ့မှာလည်း ပိတ်စတွေရော ဝန်ထမ်းတွေရော ကပ်စ်တမ်မာတွေရော အများကြီးပဲနော် မာမာ၊ မာမာ့နာမည် လူသိများတာတော့ သိတယ်၊ ဒီလောက်တော့ မသိဘူး"

အင်း... ဒါကြောင့်လည်း မိးချောဟာ သတို့သမီးဝတ်စုံ အပ်မယ်ကြံတော့ အပ်နေကျ သိတယ် ကျွမ်းတယ် မဟုတ်လည်း ကြားဖူးနားဝထဲက နာမည်ကြီးတစ်ယောက်ကို အပ်ဖြစ်လိုက်တာ နေပါလိမ့်မည်။

"ဒီလိုဆို မာမာက ဘောဇိပေါ့၊ ဒီမှာက မာမာ ဘယ်သူနဲ့ နေလဲ ဟင်"

"ဒီမှာ အတူနေတဲ့ မိန်းကလေးသုံးယောက် ရှိတယ်၊ ကျန်တာတွေက တော့ ညနေဆို ပြန်ကြတာ"

"အဘိုးရော...၊ အဘိုးက မာမာနဲ့ အတူမနေဘူးနော်"

ဩော်... သမီးဟာ သူ့အကြောင်းကို သေသေချာချာ ဂဃနဏကို မသိရှာတာပင်။ လူကြီးတွေကလည်း ပြောမပြဖြစ်၊ သမီးက လည်း သိချင်စိတ်နှင့် မမေးဖူးဘူး ထင်ပါရဲ့။ သားအမိအကြား အဆက် တပြတ် ရှိလှတာပင်။

"သမီးအဘိုးက သပ်သပ်နေတယ်၊ အဘိုးက မာမာ့ကို သိပ်ကြည် တာမှ မဟုတ်တာ... အဟင်း၊ ဒါကြောင့် မာမာကလည်း အတူ မနေဖြစ်ဘူး၊ အဘိုးရှေ့ရောက်ရင် အဆူခံရတာချည်းပဲ၊ မာမာ သမီးတို့နဲ့ ခွဲလာပြီးကတည်းက အဘိုးနဲ့ ပြန်မနေတာပါ၊ ကိုယ့် ဘာသာပဲ နေတော့တာ၊ မာမာ တစ်ပတ်တစ်ခါပဲ ရောက်တယ် မိးချော"

"ဒီတစ်ခါ အဘိုးဆီ မာမာသွားမယ့်တစ်နေ့ မိးကို ခေါ်ပါလား၊ ရလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်လား၊ ဘာလို့ မရရမှာလဲ၊ မာမာ လာခေါ်မယ်"

အသည်းရဲ့ မျက်နှာလေး ဝင်းလက်သွားတာကို ကော်ဖီခွက်များ ဗန်းထဲထည့်ယူကာ လာချသော ညြက မြင်လိုက်ရပါသည်။ အသည်း ပျော်ရွှင်သွားတာမြင်လျှင် သူပါ စိတ်ကြည်လင်လာသည်။

"ကျွန်တော်လည်း လိုက်မယ်"

"ကဲ... ပါပြန်ပြီ"

အသည်းက နှုတ်ခမ်းကို ဆွဲတင်းပြီး မျက်ထောင့်နှင့်ကြည့်ကာ ပြောလိုက်သောအခါ မီးချောသည် မာမာ့ကိုတစ်လှည့် ညြသုတကိုတစ်လှည့် စိတ်ဝင်တစား အကဲခတ်မိသည်။ ညြသုတ ရုပ်က ဖြူးစိစိ။ မာမာဟာ ဒီလူကြီးကို နိုင်စားလိုက်တာဟု မီးချောက တွေးမိပါသည်။ မာမာ့စရိုက် သဘာဝကို မီးချော သိပ်မသိပါ။ မာမာဟာ အဲသလိုပဲ မာရေကျောရော ဆောင့်ကြီး အောင့်ကြီးသမားလား။ ဒါကြောင့်ပဲ ပါပါနှင့် အစေးမကပ်ခဲ့တာလား။

ပါပါနှင့် မာမာရယ်၊ အန်တီနန်းမိုရယ် ဇာတ်ကြောင်းကို အကြမ်းဖျဉ်းလောက်တော့ မီးချော သိသော်လည်း ရေရေရာရာတော့ မသိပေ။ သိအောင်လည်း မမေးမိပေ။ အနည်းငယ် ရှုပ်ထွေးသည်လို့တော့ နားလည်ထားသည်။

"မီးချော...၊ တကယ်တော့ မီးချော မာမာထက်စာရင် ကျွန်တော်ကမှ မီးချောအဘိုးနဲ့ တည့်တာ၊ အတိအကျ ပြောမယ်ဆိုရင်တော့ သူက ဘယ်သူနဲ့မှ သိပ်မတည့်ပါဘူး... အဟစ် ဟစ်"

"ညြ...၊ ကလေးက အဟုတ်ထင်သွားဦးမယ်၊ နဂိုကမှ မီးချောက ကိုယ့်အမေဟာ ဘယ်လိုဘယ်ဝါ သေချာမသိနိုင်လောက်အောင် စိမ်းရတဲ့အထဲ ညြက အဲသလိုပြောရင် မီးချောက တကယ်မှတ်မှာပေါ့"

အသည်းမျက်နှာလေးက တကယ်စိတ်မကောင်း ဖြစ်သွားဟန်တင်။ မီးချောက အရသာရှိလှတဲ့ ကော်ဖီကို ဖြည်းဖြည်းသောက်ရင်း...



www.burmeseclassic.com

www.burmeseclassic.com



"ဦးညြသုတက အဘိုးနဲ့ ဆုံပြီးပြီပေါ့"

"ဆုံပြီးတာ မဟုတ်ပါဘူး၊ ဦးနဲ့ ကျွန်တော်က ဟိုးအရင်ကတည်းက ခင်မင်တာပါ၊ ပန်းချီသမားချင်း ခံစားချက်ချင်း အာရုံချင်း ယုံကြည်မှုချင်း တူတော့ ရင်ဘတ်ချင်းပါ ရင်းနှီးတာပေါ့၊ ဦးနဲ့ ကျွန်တော် ခင်မင်ရင်းနှီးလို့ မီးချောမာမာနဲ့ ကျွန်တော် ဆုံမိကြတာပါ"

"ဩော်... ဟုတ်သားပဲ၊ အဘိုးလည်း ပန်းချီဆွဲတယ်လို့ မာမိဆီက တစ်ခါကြားဖူးလိုက်တယ်၊ ဦးညြသုတ နာမည်ကိုတော့ နိုင်ငံရပ်ခြားမှာ ပြပွဲတွေလုပ်နိုင်တဲ့အထိ ထိုးဖောက်အောင်မြင်နေတဲ့ ပန်းချီဆရာအဖြစ် ကြားဖူးပါတယ်၊ ပန်းချီကို သိပ်ဝါသနာမပါတော့ ပန်းချီကားတွေတော့ မမြင်ဖူးဘူးပေါ့၊ အဘိုးကျတော့ အဘိုးနာမည် ဦးမင်းဆွေမိုးဆိုတာ မီး သိထားတာလောက်ပဲ၊ ပန်းချီဆွဲတယ်လို့ သိထားရုံပါပဲ၊ သိပ်သတင်းမကြားဖူးဘူး၊ အဘိုးက သိပ်မအောင်မြင်လို့လား ဦးညြသုတ"

"ဦးက သိပ်မဆွဲတော့တာပါ၊ တစ်နှစ်မှ တစ်ကား နှစ်ကားလောက် ဆွဲတဲ့သူမို့ပါ၊ နိုင်ငံတကာ ထိုးဖောက်နိုင်ဖို့ဆိုတာက ကားသစ်တွေ ထပ်ဆွဲဖြစ်နေဖို့လည်း လိုတယ်လေ၊ ဒါနဲ့ မီးချော ကျွန်တော့်ကို ဦးလို့ခေါ်လည်း ရပါပြီ၊ ဦးညြသုတ ဆိုတော့ ရှည်လွန်းပါတယ်"

"ဟုတ်ကဲ့ ဦး"

"မီးချော မာမာနဲ့ နှစ်ယောက်တည်း စကားပြောချင်လား၊ ကျွန်တော် ဖယ်ပေးဖို့လိုလား မီးချော"

"မလိုပါဘူး ဦး"

မီးချောက ခေါင်းလေးယမ်းရင်း စလင်းဘက်ဂ်ထဲက စာရွက်လေးကို ဆွဲထုတ်ယူလိုက်ပါသည်။

"ဦးကလည်း ခုချိန်မှာ မာမာနဲ့ ရင်းနှီးပတ်သက်နေသူပဲ၊ ပြီးတော့ ဦးကိုကြည့်ရတာ မာမာ့အကြောင်း အစအဆုံး အားလုံးသိပြီးသားသူပဲလေ၊ သမီးထက်တောင် ပိုသိဦးမယ်၊ မာမာ့ဆီက ဖယ်ထုတ်လို့



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်တဲ့ အရေးပါတဲ့ လူတစ်ယောက်လို့ သမီး မြင်ပါတယ်၊
အဲဒီတော့ မာမာ့ကို မီး ပြောသမျှ ဦးလည်း သိလို့ရပါတယ်"

မီးချောရဲ့ စကားပြော ပြေပြစ်လှပမှုကို ဩသုတ သတိပြုမိပါသည်။ လူကြီးလေးလိုပင်။ ချစ်ခြင်းမေတ္တာ အကြင်နာ ပြည့်ပြည့်ဝဝရ၍ လုံလုံခြုံခြုံ နွေးနွေးထွေးထွေး အကောင်းမြင်တတ်ကာ ကြီးပြင်းလာခွင့်ရတာကြောင့် ဖြစ်မည်။ မီးချောကို မွေးစားထားတဲ့ မိဘတို့သည် စိတ်ရင်းကောင်း၍ ပညာတတ် ဆန်ကြလိမ့်မယ်ဆိုတာ ခန့်မှန်းလို့ရသည်။

မီးချောနဲ့စာရင် အသည်းကမှ စကားပြောတာ ဆိုတာ တမောက်ကမ အဆင်မပြေ ရှိုးတိုးရှန့်တန့် နိုင်သေးသည်။ အသည်းဟာ ငယ်ငယ်ကလေးနှင့် အိမ်ထောင်ကျခဲ့ပြီး ငယ်ငယ်ကလေးနှင့်ပဲ အိမ်ထောင်ပြိုကွဲကာ မလုံခြုံသော စိတ်အားငယ်မှု သူ့မသိစိတ်ထဲ နစ်မြုပ်နေပုံရတာကြောင့် သူ့ကိုယ်သူ ယုံကြည်ချက် ပြည့်ဝခိုင်မာတဲ့ လူတစ်ယောက်ပုံပေါက်ရှာပေ။

"မာမာ ဖတ်ကြည့်ပါဦး၊ အဲလိုရေးတာ အဆင်ပြေမလား သို့မဟုတ်
ဘယ်လိုရေးရင် အဆင်အပြေဆုံးလဲ ဆိုတာ မာမာ့ဆန္ဒ ပြောပါဦး"

အသည်းက မီးချော လက်ထဲက စာရွက်လေးကို လှမ်းယူကာ ငုံ့ဖတ်နေသည်။ ဖတ်လို့ ပြီးသင့်ပြီးထိုက်တဲ့ အချိန်တာကို အများကြီး ကျော်လွန်သွားတဲ့ထိ ခေါင်းပြန်မော်မလာဘဲ ငြိမ်သက်၍ နေတုန်းပင်။ အဲဒီအခြေအနေကိုကြည့်လျှင် အသည်းအတွက် အကျပ်ရိုက် ခက်ခဲစေသော ပြဿနာတစ်ခု ဖြစ်နေပြီကို ဩသုတ မှန်းဆနားလည်လိုက်နိုင်လေပြီ။

အသည်း မျက်နှာကလေးဟာ စိတ်ကျဉ်းကျပ်စွာ နီမြန်းနေသည်။ အမြဲတမ်း သူ့ကိုယ်သူ ယုံကြည်ချက် နည်းပါးလှတဲ့ အသည်းရဲ့ အတွင်းစိတ်ကို သိနေသူမို့ အသည်း ဒီလိုဖြစ်နေပြီဆို သူ သနားလှသည်။ တစ်ခုခု ဖေးကူညင်သာ ကြင်နာချင်သည်။ သို့ပေမဲ့ စာရွက်ကို ယူကြည့်ရန် အထိကျတော့ သင့်မသင့် စည်းကျော်မကျော် အဖြေမထွက်ဘဲ ငြိမ်ဝပ်နေရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မာမာ..."

"........."

"မာမာ ဖတ်ပြီးပြီ မဟုတ်လား၊ မာမာ ဘယ်လို သဘောရသလဲ"

အသည်းသည် ဒေါက်တာဦးပြေအောင်+ဒေါ်မိုးသည်းသည်း ဆိုတဲ့ စာကြောင်းကိုကြည့်ရင်း အမြင်မှုန်ဝါးလာ၍ သူ မျက်ရည်ဝဲမိနေပြီကိုသိကာ မလှုပ်ရဲ။ ဤမျက်ရည်ကျလာမှာ ကြောက်သည်။ ဤသို့ နာမည်နှစ်ခု အပေါင်းလက္ခဏာကြားခံလျက် ယှဉ်တွဲမြင်တွေ့ရခြင်းဟာ အသည်းကို ဝမ်းနည်းစေသည်။ အင်မတန်မှ ကြေကွဲစေသည်။ အသည်းသည် နှစ်သက်သကဲ့သို့ လည်း ရှိမိကာ နှစ်သက်မိတာက အပြစ်ဖြစ်မှာကိုလည်း ကြောက်ကာ ဝေခွဲမရပေ။

ဒေါ်နန်းမို ဒီစာသားကို Approve လုပ်လေသလား။ ဘယ်လုပ်ပါလိမ့်မလဲဟု အသည်းသိနေသည်။ သူမြင်လျှင် ဆတ်ဆတ်ခါ ဆွေ့ဆွေ့ခုန်နေမှာပေါ့။ ဤသို့ဖြစ်နေမည်ဆိုလျှင် စိတ်ကောင်းမရှိဘူး ဆိုချင်ဆို အသည်း ကျေနပ်အားရမှာ ဖြစ်သည်။

"မာမာ ဘာဖြစ်လို့လဲဟင်၊ တစ်ခုခု စိတ်အနှောက်အယှက် ဖြစ်လို့လား"

"အသည်း"

ဩက တစ်ခွန်းညင်သာစွာ ခေါ်လိုက်မှပင် အသည်းက ဩဘက်သို့ အရင်လှည့်ကြည့်လာသည်။ ဝိုင်းနေတဲ့ မျက်ရည်တို့ကို မျက်တောင်ပုတ်ခတ်၍ရအောင် သိမ်းထည့်ရင်း ဒီစာစီမှုအပေါ် ဩရော ဘယ်လိုခံစားရမလဲဟု ဩအတွက် တစ်ချက် ထည့်တွေးမိလေသည်။ သူ့ကို ထက်စာလျှင် အသည်းအပေါ် မကြင်နာ မညှာတာတဲ့ ဟိုးတုန်းက ခင်ပွန်းဟောင်း "ကိုကြီး"ကိုသာ အသည်းက အရှုးအမူး ပိုချစ်တာပါလို့ အမြဲယူဆယုံကြည်ထားတဲ့ ဩ။ စကားနာမထိုးတတ်ပေမယ့် တစ်ခါခါစိတ်ရဲ့ တော့လည်း မချိမဆန့် ပွင့်အန်လာတတ်လေ့ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



အသည်းက စာရွက်လေးကို ညြကို ကမ်းပေးလိုက်သည်။ ညြသုတက ကမန်းကတန်းယူကာ ခပ်မြန်မြန် ဖတ်လိုက်ပြီးသော်...

"အသည်း ဘယ်လိုဖြစ်ချင်တာလဲ"

"အသည်း မသိဘူး"

"အသည်းဆန္ဒ အသည်းခံစားချက် အသည်းဖြစ်ချင်တာ မဖြစ်ချင်တာကို ပြောလေ အသည်း"

"အသည်း မပြောတတ်ဘူး ညြ"

ညြသုတက စာရွက်ကို မီးချောထံ ပြန်ကမ်းပေးလိုက်ရင်း မီးချောကို စာစာနာနာ ပြုံးပြလိုက်ပါသည်။ မီးချောလည်း စိတ်ရှုပ်ထွေးနေရှာပြီ။

"ဦးပြေအောင်ရဲ့ အိမ်ထောင်ရှိတယ် မဟုတ်လား၊ သူကရော ဒီစာစီတာကို ဘယ်လိုသဘောရလဲ၊ သူ့သဘောထားကရော ဘယ်လိုရှိလဲ၊ သူ သိပ်အဆင်ပြေမယ် မထင်ဘူးနော် မီးချော"

"အန်တီနန်းမိုက ဒီလိုရေးတာကို ကန့်ကွက်ပါတယ် ဦး၊ မီးကတော့ မာမာက မီးကို ဝမ်းနဲ့လွယ်မွေးခဲ့တဲ့သူမို့ မာမာ့ကို ဒီလိုနေရာမျိုးမှာ ထည့်သွင်းဖော်ပြသင့်သလားလို့ပါ၊ မာမီကလည်း မာမာ့ကိုထည့်မှ မျှတသင့်တော်လိမ့်မယ်လို့ ထင်လို့ ဒီလိုစာကြမ်း ရေးလိုက်တာပါ"

"မီးချောရဲ့ ပါပါကရော... သူ့ကိုရော ပြပြီးပြီလား"

"ဟုတ်... ပါပါကတော့ မာမာ့ကို ပြကြည့်ဦးပဲ ပြောတယ်"

ညြသုတက အသည်းကို လှမ်းကြည့်ရင်း...

"အသည်း ဘာဖြစ်ချင်လဲ"

"အသည်း... အသည်း"

"မီးချောရဲ့ မိဘနေရာမှာ အသည်း ရပ်တည်ချင်လား"

အသည်းသည် ရုတ်ခြည်းပင် မျက်ရည်တွေလည်၍ လျှံတက်လာသဖြင့် မျက်လုံးအတွင်း ထောင့်စွန်းလေးနှစ်ဖက်ကို လက်ညှိုးလက်သစ်နှစ်ခုနှင့် တို့ဖယ်လိုက်ရင်း...



www.burmeseclassic.com

www.burmeseclassic.com



"အသည်း... ရပ်တည်ချင်တာပေါ့"

ဝါကျတိုတိုကလေးပေမယ့် နောက်ဆုံး၌ အသံက လည်ချောင်းကပ်ကာ တိမ်ဝင်သွားသည်။

"ဟိုလေ... အသည်း ဘယ်သူ့ကိုမှတော့ မထိခိုက်စေချင်ပါဘူး၊ ဒါပေမဲ့ အသည်းဆန္ဒသက်သက်ကို ပြောတာပါ၊ အဲလို အမှန်အတိုင်း ပြောရမလား၊ ကောင်းအောင် ကြည့်ပြောရမှာလား အခု စဉ်းစားနေတာပါ၊ မနန်းမိုလည်း အဆင်ပြေသွားအောင် အပေါင်းလက္ခဏာ နေရာမှာ ပုဒ်ထီးလေးတစ်ခုပဲ ချလိုက်ရင် ပိုအဆင်ပြေမလား မီးချော... နော်... ဩ... အဲဒါ ကောင်းလား၊ အမှန်တော့လေ အသည်း... အသည်းသမီးရဲ့ အမေနေရာမှာ ပါချင်တာပေါ့၊ ဘာဖြစ်လို့လဲဆိုတော့ အသည်းကလေ ဘယ်တုန်းကမှ သမီးနား မနေရ မရပ်တည်ရ၊ ပါခွင့်မရခဲ့ဘူး မဟုတ်လား၊ အခုလို သမီးဘဝရဲ့ အရေးပါတဲ့ ကဏ္ဍတစ်ခုမှာတော့ သမီးရဲ့အမေဟာ အသည်းပါဆိုတဲ့ ကြေညာခွင့်ကို အသည်း ရချင်တယ်၊ ဒါက ... ဒါက အသည်းရင်ထဲက ဆန္ဒသက်သက်ပါ"

အသည်းက ဘယ်သူ့ကိုမှမကြည့်ဘဲ အသံလေးမတုန်အောင် ထိန်းပြီး ပြောနေရာမှ မီးချောဘက်ကို လှည့်ကြည့်လိုက်ပါသည်။

"ဒါပေမဲ့ သမီး၊ မာမာက သမီးကို ဒီလိုဖြစ်ရမယ်၊ ဒီလိုလုပ်ပေးရမယ်လို့ မတောင်းဆိုပါဘူး၊ အဓိက,က ဒီကိစ္စဟာ သမီးရဲ့ဘဝတစ်ခုလုံးနဲ့ ပတ်သက်တဲ့ကိစ္စ၊ သမီး စိတ်ချမ်းသာစေချင်တယ်၊ သမီး စိတ်ညစ်ရမယ့် ပြဿနာမျိုး ဒီလိုအချိန်မှာ လုံးဝမရှိစေချင်ဘူး၊ ဒါကြောင့်... သမီးပဲ ဆုံးဖြတ်ပါ မီးချော၊ မာမာ ဘာဖြစ်ရမယ်လို့ မတောင်း ဆိုပါဘူး၊ သမီး ဘယ်လိုလုပ်လုပ် မာမာ ကျေနပ်ပါတယ်"

မျက်ရည်လည်နေတဲ့ အသည်းနှင့် မီးချောတို့ မျက်လုံးအကြည့်ချင်း တစ်ခဏတာမျှ ဆုံစည်း ငြိမ်သက်နေမိကြပါသည်။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com

(၇)

"ရှင် ဘာမှမလုပ်တော့ဘူးလား၊ ဘာမှ မပြောတော့ဘူးလားလို့ ကျွန်မ မေးနေတယ်လေ"

ဒေါ်နန်းမို အသံက ခပ်အုပ်အုပ် ဖြစ်ပေမယ့် တိတ်ဆိတ်နေတဲ့ ညအချိန်မို့ ဟိန်း၍ထွက်နေပါသည်။ ရေချိုးပြီး ထွက်လာသော ဦးပြေအောင်သည် စိတ်ပျက်လက်ပျက် သက်ပြင်းချရင်း မျက်နှာသုတ်ပဝါကို နံရံကပ်အဝတ်တန်းပေါ် လွှားတင်လိုက်သည်။

"နန်းရယ်… ဒါတွေ ကိုယ်လုပ်နေတာမှ မဟုတ်ဘဲ၊ ဒီကိစ္စမှာ ကိုယ်မပါပါရစေနဲ့လား၊ မင်းနဲ့ မီးချော ညှိနှိုင်းကြပါ"

"ရှင်မပါလို့ မရဘူးလေ၊ ရှင့်သမီးကိစ္စလေ ကိုပြေ"

"အေး… ကိုယ့်သမီး ဖြစ်သလို မိုးသည်းသမီးလည်း ဖြစ်တယ်လေ၊ ကိုယ့်သမီးမို့ ကိုယ်မပါလို့ မရဘူးဆိုရင် မိုးသည်းကျတော့ မပါလို့ရလား"

တအုံနွေးနွေး ရက်ရှည်ကြာလာတဲ့ကိစ္စဖြစ်၍ ဦးပြေအောင် စိတ်ရှုပ်နေပြီ၊ တစ်နေ့နည်းနည်း တစ်နေ့နည်းနည်း ဆေးခန်းကပြန်လာချိန် သူက ပင်ပန်းနွမ်းနယ်နေပြီဖြစ်သည့် အချိန်မှာ ဒေါ်နန်းမိုရဲ့ တတိတိ အရိရိ နားပူနားဆာတိုက်သံ ထေ့ငေါ့သံတို့ကြောင့် စိတ်ဆင်းရဲရသောနေ့ ထို့ဆက်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဦးပြေအောင် စကားကြောင့် ဒေါ်နန်းမို မျက်နှာက နီရွေးသွားသည်။

"ရှင်က ဘာဖြစ်ချင်နေတာလဲ"

"………"

"ရှင်က ဘာဖြစ်ချင်နေတာလဲလို့ မေးနေတယ်"

"အေး… အဲဒါဆို မင်းကကော ဘာဖြစ်ချင်နေတာလဲ"

"ကျွန်မ ဖြစ်ချင်တာ ရှင်းရှင်းပြောပြီးသား၊ သဘောမတူဘူး၊ မင်္ဂလာဖိတ်စာမှာ ရှင်တို့နှစ်ယောက်နာမည်ကို ခုလိုတွဲဖော်ပြတာ ကျွန်မ သဘောမတူဘူး"

"မင်းသဘောမတူရင် မီးချောနဲ့ညှိလို့ ငါပြောပြီးပြီကွာ၊ ဒီဖိတ်စာကို ငါရေးတာ မဟုတ်ဘူးလေ"

"ရှင်က မီးချော အဖေလေ၊ ရှင်တားရမှာပေါ့"

"ဟ… ဒါ… ကလေးတွေ မင်္ဂလာယူတဲ့ကိစ္စကွ၊ သူတို့ မင်္ဂလာပွဲမှာ သူတို့စိတ်ချမ်းသာတာလေးတော့ လိုက်လျောပေးသင့်တာပေါ့၊ ကဖျက်ယဖျက်တွေ ဝင်ပြောနေလို့ ဖြစ်မလား၊ ဒါလေးရေးလိုက်တာ ဘဝမှာ ဘာများအပြောင်းအလဲ ကြီးကြီးမားမား ဖြစ်သွားလို့လဲ၊ ဒီနာမည်ယှဉ်ရေးတာလေးက ဘာဖြစ်သွားမှာမို့လဲ၊ ငါလည်း လူကိုယ်တိုင် မိုးသည်းကို သွားပြန်ပေါင်းနေတာ မဟုတ်ဘူး နန်း"

"ဘာ"

ဒေါ်နန်းမိုသည် ဤစကားမျှကိုပင် အသည်းတွင် တဆတ်ဆတ်ခါ နာသွားပါသည်။ ဤစကားက မိမိသည် နောက်အိမ်ထောင်ဆိုတာကို အထင်အရှား ဖော်ပြသတိပေးလိုက်သလို ဖြစ်နေသည်။ ဤသို့နောက်အိမ်ထောင်ဘဝသို့ ရောက်ရသည်မှာလည်း အဓိကတရားခံကတော့ မိုးသည်းသည်းပင်။ အဲဒီ မိုးသည်းသည်းဆိုတဲ့မိန်းမကို နန်းမို အင်မတန်မုန်းသည်။

"ရှင် အဲသလို မပြောနဲ့။ ဘာလဲ… မိုးသည်းကိုထိလို့ ရှင်က ကျွန်မကို ခြိမ်းခြောက်တာလား"



www.burmeseclassic.com

www.burmeseclassic.com



"ကျွတ်… စိတ်ပျက်စရာ ကောင်းလိုက်တာကွာ"

ဦးပြေအောင်သည် ညဝတ်အင်္ကျီကို ဆိုးဆိုးဆတ်ဆတ် ဆွဲကာ ခုတင်ပေါ်က ကိုယ်ဘက်အခြမ်း၌ နေရာယူလိုက်သည်။ ဒေါ်နန်းမိုဘက် ကျောခိုင်း၍အိပ်ဖို့ ဟန်ပြင်လိုက်သည်။

"ကျွန်မက နောက်မိန်းမမို့ ကိုယ့်ရှေ့က အရင်မိန်းမနဲ့ ပတ်သက်တာတွေ ဘာမျှပြောခွင့်ဆိုခွင့် မရှိဘူးပေါ့ ဟုတ်လား။ သိပ်ရင်နာတာပဲ၊ အရမ်းကို ရင်တွေနာတယ်၊ ရှင့်ကို ကျွန်မ လက်မထပ်ခဲ့မိရကောင်းသား ကိုပြေအောင်"

ဒေါ်နန်းမိုရဲ့ ငိုသံတအီအီကြောင့် ဦးပြေအောင်က နောက်ပြန်လှည့်ရင်း…

"မင်းက မင်းဒုက္ခ မင်းရှာနေတာပဲ နန်း၊ ဘာမဟုတ်တာကို ပုံကြီးချဲ့ပြီ…"

"ဒါ ဘာမှမဟုတ်တဲ့ကိစ္စ မဟုတ်ဘူး၊ ကျွန်မအတွက် အကြီးကြီး၊ ဒီမိန်းမ ရှင့်ကို ကျွန်မလက်ထဲက ဘယ်လိုလုသွားခဲ့လဲ၊ အသည်းနာတယ်၊ ဘယ်တော့မှ မမေ့ဘူး၊ သူ့ကြောင့် ကျွန်မ နောက်မိန်းမ ဖြစ်ရတာလေ၊ သူ့ကြောင့် ပြီးတော့ ရှင်သစ္စာမရှိလို့"

"ဟာ… တော်ပါတော့ကွာ၊ ဒါတွေအားလုံး ပြီးခဲ့ပြီကွာ၊ အခု ငါ ဘယ်သူနဲ့ ပေါင်းနေလဲ၊ ငါ့ခေါင်းထဲမှာ လောလောဆယ် ငါ့ မိသားစုဖြစ်တဲ့ မင်းနဲ့ ငယ်သေးတဲ့ ကလေးနှစ်ယောက်ပဲ အမြဲ ခေါင်းထဲရှိတယ်၊ မီးချောတောင် ခေါင်းထဲမရှိဘူး၊ မီးချောက ဖအေရင်း ငါ့ထက်ကောင်းတဲ့ ကိုထွန်းတို့လို မအိတို့လို မိဘမျိုး ရထားပြီးသားမို့ တကယ်ကို ပူပန်တာ၊ နောက်ဆံတင်းတာ ဘာ တစ်ခုမှ ရှိစရာမလိုဘဲ ခေါင်းထဲမှာကို မရှိဘူး၊ ငါ ဒီထက် ဘယ် လိုနေပေးရဦးမလဲ နန်း၊ ငါလုပ်ပေးနိုင်တာ ဒါအစွမ်းကုန်ပဲ…"

မင်း ဟိုရှေ့ရှေ့က ပြီးပြီးသားကိစ္စတွေ ပြန်ပြန် ဖော်ပြီး ပြဿနာရှာနေရင် ငါလည်း ဘာမှမတတ်နိုင်ဘူး၊ မင်းပဲ ကိုယ့်ဒုက္ခ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ရှာနေတာ၊ ကိုယ့်စိတ်ကိုယ် ညှဉ်းပန်းနေတာ၊ အခု ကိုယ်ပြော
နေတာ ရှင်းရှင်းလေးပဲ နန်း၊ မီးချော စိတ်ချမ်းသာ ကျေနပ်နေ
မယ့်ကိစ္စမျိုးကို ဒီလိုအချိန်မျိုးမှာ ငါ ဖျက်လိုဖျက်ဆီး မလုပ်ချင်ဘူး၊
မကန့်ကွက် မဆန့်ကျင်ချင်ဘူး၊ မင်းနဲ့ မီးချော ညှိနှိုင်းလို့ အဆင်
ပြေတယ်ဆိုရင် မင်းလုပ်ချင်တာလုပ်"

"အခုအချိန်မှာ ကျွန်မက ဘယ်လိုသွားညှိရမှာလဲ"

"မင်းကြိုက်သလိုညှိလေ... ရအောင်ညှိပေါ့"

"ဘယ်လိုမှ မရတော့ဘူး၊ အခု မီးချောက ဖိတ်စာအလယ်ကောင်
စာသားကို ပုံနှိပ်တိုက်ကိုပေးလိုက်ပြီ၊ မနေ့ကတည်းက ပေးလိုက်
ပြီတဲ့၊ ပေးလိုက်တာကိုလည်း ကျွန်မကို မပြောဘူး၊ ကျွန်မ လှမ်း
မေးမှ မနေ့ကတည်းက အပ်လိုက်ပြီလို့ ပြောတယ်လေ ရှင့်သမီးက၊
ခုချိန်မှာ ကျွန်မက ဘာလုပ်နိုင်ဦးမှာလဲ"

"ဟာ... ဒါဆိုလည်း ပြီးပြီပေါ့ နန်းရာ၊ ဘာလုပ်နိုင်ဦးမှာလဲ ဆိုမှ
တော့ ဘာမှ မလုပ်နိုင်တော့ဘူးဆိုတာ မင်းလည်း သိပြီးသားမို့ပေါ့"

"ကျွန်မ မလုပ်နိုင်လည်း ရှင်လုပ်ပေး"

ဒေါ်နန်းမိုက တစ်ရှိုက်ရှိုက် ငိုချလိုက်ပါသည်။

"ကျွတ်"

"ကျွန်မမိတ်ဆွေ အပေါင်းအသင်း အသိုင်းအဝိုင်းကိုလည်း ဒီဖိတ်စာ
ဝေရမှာပဲဆိုတာ ရှင်သိထား၊ ကျွန်မက ဘယ်မျက်နှာနဲ့ ဝေရမှာလဲ၊
ဖိတ်စာဖတ်ပြီး လူတွေက ဘယ်လိုတွေးကြမလဲ"

"ဘယ်သူ ဘယ်လိုတွေးမလဲဆိုတာ နေရာတကာ လိုက်စဉ်းစား
နေရင် မင်း ဘယ်လိုလုပ် ငြိမ်းချမ်းမလဲ၊ ငါ မိုးသည်းကိုလည်း
သွားမကန့်ကွက်နိုင်ဘူး နန်း၊ မင်းကိုယ်တိုင်လည်း ဟိုးတစ်လောက
မိုးသည်း ငါ့ဆီ ဖုန်းတွေခေါ်တော့ မိုးသည်းဖုန်းကို လုံးဝမကိုင်ရပါ
ဘူး၊ လုံးဝစကားပြောရပါဘူးလို့ ငါ့ကို တောင်းဆိုထားလို့ ငါ



www.burmeseclassic.com

www.burmeseclassic.com



မကိုင်ခဲ့ဘူး၊ စကားတစ်လုံးမှ မပြောခဲ့ဘူး၊ အခုလည်း ငါ စကားသွားမပြောချင်ဘူး၊ မဆွေးနွေးချင်ဘူး"

"ကျွန်မ လက်မခံနိုင်ဘူး"

"မင်း လက်မခံနိုင်ရင် မင်းလုပ်ချင်တာလုပ်၊ ငါမကန့်ကွက်ဘူး၊ ငါ တတ်နိုင်တာ ဒါအကုန်ပဲ နန်း"

ဒေါ်နန်းမိုရဲ့ ရှိုက်သံက အိပ်ခန်းထဲမှာ စိတ်မချမ်းမြေ့ဖွယ် ...င်နေပါသည်။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com

တကယ်တော့ ဒီနေ့ ဒရိုင်ဘာလည်း မလာဘူး၊ ထူးထူး ဖျားနေတာ ကလေးအထူးကုနှင့်ပြရန် ရှိသဖြင့် လိုက်ပို့ပေးပါဟု ဒေါ်နန်းမို အကူအညီတောင်း၍ မီးချော ရောက်လာခဲ့ရတာ။ ခါတိုင်းတော့လည်း ဒီလိုမခေါ်စဖူးလှ။ ဒေါ်နန်းမို ကိုယ်တိုင်လည်း ကားတစ်စီးမောင်း၍ သွားလာနေတာပဲ ဖြစ်သော်လည်း အခုကတော့ ကလေးနေမကောင်းတာမို့ အဖော်လိုချင်လို့ ဖြစ်မည်ဟု တွေးကာ မီးချော ရောက်လာခဲ့သည်။

ခြံထဲ ကားကွေ့ဝင်လိုက်သည်နှင့် ခြံထဲမှာ တိုက်ကိုပတ်ကာ စက်ဘီးစီးနေသော ထူးထူးကို တွေ့လိုက်ရပါသည်။ ဖလန်နယ်ဘောင်းဘီ ရှည်နှင့် ချည်သားလက်ရှည်လေးတော့ ဝတ်ထားသည်။ လူကတော့ လန်းနေပါပြီ။

မီးချောက ကားကို ဂိုဒေါင်ရှေ့နား ထိုးရပ်ဆင်းရင်း ထူးထူးရဲ့ စက်ဘီးတစ်ပတ် သူ့နားနီးလာချိန်၌…

"ထူးထူး… နေကောင်းသွားပြီလား"

"အဖျားကျပြီ"

"ဟုတ်လား၊ အေး… ကောင်းလိုက်တာ၊ ဆော့တောင် ဆော့နိုင်နေပြီ"

မီးချောက အိမ်တံခါးပေါက်ဝ၌ ပေါ်လာသော ဒေါ်နန်းမိုထံ လျှောက်သွားမည်အပြု ခြံထဲ နောက်ထပ်ကားတစ်စီး ဝင်လာ၍ ကိုယ့် ကားရပ်ထားတာနှင့် လွတ်မလွတ် နောက်ကား ထိုးရပ်ဖို့နေရာ လုံလောက် လောက် ကျန်မကျန် စောင့်ကြည့်ပေးလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒရိုင်ဘာ မောင်းလာဟန်ရှိပြီး နောက်ခန်းကတံခါး ဖွင့်ဆင်းလာသူမှာ အန်တီနန်းမိုတို့ အရွယ်မို့ သူငယ်ချင်းဖြစ်နိုင်သည်။ မီးချောက ဧည့်သည်ကို ဦးစားပေး၍ အရင်ဝင်ဖို့ စောင့်ပေးရင်း ဧည့်သည်နောက်က ခေါ်လာပါသည်။

"ဟယ်... ညည်း ဘယ်ကရောက်လာတာလဲ ဝေရယ်၊ ဘယ်သူများပါလိမ့်လို့ ကြည့်နေတာ"

"အဟင်းဟင်း... နင့်ကိုတွေ့ချင်လွန်းလို့ လာရတာပေါ့ ငနန်းရယ်၊ မနက်က လေယာဉ်နဲ့ရောက်တာ၊ ဟိုလူကြီး အစည်းအဝေးနဲ့ အလုပ်ကိစ္စလေး၊ နှစ်ညအိပ်လောက်ပဲ နေရမှာ၊ အဲဒါ ဒီတစ်ခေါက်တော့ တခြားနေရာတွေ မလည်ဘူး၊ နင်နဲ့ မတွေ့ရတာ ကြာလွန်းလို့ စကားပြောမယ်၊ နင့်အိမ် ထမင်းစားမယ်ဆိုပြီး ယောကျ်ားထွက်တာနဲ့ ငါလည်း ထွက်ပဲ၊ နင့်လို ကားမမောင်းတတ်တော့ ပို့ပေးဖို့ ဒရိုင်ဘာအားချိန် စောင့်ရသေးတယ်၊ ဦးအောင်ဒင်... ကားနောက်ခန်းထဲက အထုပ်တွေချပေး၊ ဘာတွေမှန်းတော့ မသိပါဘူးဟယ်၊ နင့်အိမ်ဖို့ ယူလာတာ အစုံပဲ၊ နင်ကြိုက်တဲ့ နန်းစိန်ကိတ်တွေတော့ မျိုးစုံပါတယ်"

အာဘောင်အာရင်းသန်သန် ရွှင်သွက်နေသော ထိုအမျိုးသမီး၏စကားသံက ရင်းနှီးမှုကို ဖော်ပြနေကာ နောက်က မီးချောကိုပင် ပြုံးမိသည်။

"ဟိုဟာ... ထူးထူးလား"

"အေးလေ..."

"ဟယ်... အရပ်ကြီး ရှည်ထွက်လာတာ၊ ငါလေ ခြံထဲ ကားကွေ့ဝင်တော့ ထူးထူး စက်ဘီးစီးနေတာလည်း လှမ်းမြင်ရော ဘာကိုသွားသတိရလဲ သိလား၊ ခစ် ခစ် ခစ်... ဟိုကြွက်စုတ်မ စက်ဘီးလဲတာကိုလေ၊ ပိုးလိုးပက်လက် ဖရိုဖရဲလေ... ဟား ဟား"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နန်းမိုရဲ့ လက်တစ်ဖက်က သူငယ်ချင်း ဝေဝေ့ လက်ချောင်းတစ်ဖက်ကို လှမ်းကိုင်လိုက်ပြီး ထိုလက်ချောင်းကို မသိမသာ အားထည့်၍ ညှစ်လိုက်ပါသည်။

"အိမ်ထဲရောက်မှ စကားပြောစမ်းပါဟဲ့ ငဝေရယ်၊ လာ... လာ ဒီဟာက ကိုပြေ့သမီးကြီးလေ... မီးချောလေ၊ နင် မှတ်မိလား"

"ဟယ်"

ဒေါ်ဝေဝေက ငေးကြည့်ရင်း...

"ဒီအရွယ် ဖြစ်သွားပြီကိုး၊ သမီးကလည်း ချောလိုက်တာပဲနော်၊ နောက်ပိုင်း မတွေ့ဖူးပါဘူး၊ လေး ငါး ခြောက်နှစ်ကလား တစ်ခါပဲ မြင်ဖူးတာလေ"

ဒေါ်နန်းမိုက မီးချောနား ကပ်လာရင်း...

"ဒါ... အန်တီ့အချစ်ဆုံး အရင်းနှီးဆုံး သူငယ်ချင်းပဲ မီးချောရဲ့၊ ဝေစုနွယ်တဲ့၊ သူငယ်ချင်းတွေ အတူတူပဲ ဆရာဝန်မလုပ်ဖြစ်ကြတာလေ၊ သူလည်းပဲ အိမ်ထောင်ကျပြီး အလုပ်မဝင်ဖြစ်ဘူး"

"ဟုတ်ကဲ့"

မီးချောက ဒေါ်ဝေဝေ့ကို အပြုံးနှင့် ခေါင်းညိတ် နှုတ်ဆက်လိုက်ပါသည်။

"မီးချောက နောက်နှစ်လနေ မင်္ဂလာဆောင် ဆောင်တော့မယ် ငဝေရဲ့"

"အေးပေါ့... ဒီအရွယ်တွေတောင် ရောက်ကုန်မှကိုး၊ ဒါနဲ့ သူ့အဖေ ရော... အဲ... ဆောရီး၊ ငါလည်း မေးလို့ ရ,မရ မသိဘဲနဲ့ ပါးစပ်ထဲ ပေါ်လာတာ လွှတ်ခနဲ ပြောမိတယ်၊ ဆောရီး သမီး"

"ရပါတယ် အန်တီ၊ မာမာလည်း နေကောင်းပါတယ်"

"နာမည်ကြီး ဒီဇိုင်နာ လုပ်နေတာနော်၊ အန်တီတို့ဆီက လူကြီး ကတော်တွေ သူ့ဆီ ပိတ်စတွေကို တစ်ခါပို့အပ်ရင် သေတ္တာလိုက် နှစ်လုံး သုံးလုံးလေ၊ အဲလိုချုပ်ကြတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"မီးချောရေ... နောက်ဖေးမီးဖိုထဲကဟာတွေ တစ်ချက်လောက် ပြောပေးပါဦး၊ ဧည့်သည်ဖို့ ဂျူစ်လေး တစ်ခုခုလောက် လုပ်ပေးပါလို့... နော်..."

"ဟုတ်... အန်တီနန်းမို"

မီးချောက အိမ်အနောက်ဘက် ဝင်လာခဲ့ပါသည်။

"ချုပ်ခလည်း ဆော်သလားမမေးနဲ့၊ ဈေးကြီးချက်ကတော့ သိလားငနန်း၊ အဲ့... ကြွက်စုတ်မတော့ ပြောမနေနဲ့တော့"

"ဟဲ့... နင်ကလည်း တိုးတိုးသက်သာ လုပ်စမ်းပါ ငဝေရယ်"

ဟိုအန်တီ့အသံကလည်း ခပ်အုပ်အုပ်၊ အန်တီနန်းမိုကလည်း အသံနိမ့်ပြောတာ ဖြစ်ပေမယ့် စကားတွေကို သဲ့သဲ့ကြားမိလိုက်ပါသည်။ ကြွက်စုတ်မ...တဲ့။ ကြွက်စုတ်မ ဆိုတာ မာမာ့ကို သူတို့ ကွယ်ရာမှာ ခေါ်ကြတာပေါ့။ ထိုအန်တီ ရောက်ရောက်ချင်းပြောတဲ့ စကားထဲလည်း ကြွက်စုတ်မ စက်ဘီးလဲတယ်ဆိုတာ ပါသေးသည်။

အန်တီနန်းမိုနှင့် သူငယ်ချင်းတွေက မာမာ့ကို ဟိုးတုန်းကတည်းက လှောင်ပြောင်နေကျ ကြည့်မရနေကျ ဖြစ်ပေလိမ့်မည်။ အန်တီနန်းမို မာမာ့ကို မုန်းတီးတယ်ဆိုလျှင် မီးချော တစ်စုံတစ်ရာ ပြောစရာ မရှိပါ။ သူ့ခံစားချက်နှင့်သူ မုန်းချင်လည်း မုန်းမှာပေါ့။ သို့သော်မဲ့ အန်တီနန်းမိုရဲ့ သူငယ်ချင်းတွေကပါ မာမာ့ကို လှောင်ပြောင်စော်ကားနေမှာမျိုးကိုတော့ မီးချော မနှစ်မြို့ပါ။

မီးချောက နောက်ဘက်ကို အအေးဖျော်ခဲ့ဖို့ ပြောလိုက်ပြီး ဧည့်ခန်းထဲ ပြန်ထွက်မလာဘဲ အခန်းနံရံအချိုးအကွယ်ရဲ့ နောက်နားလေး ရပ်လျက် ဧည့်ခန်းက အသံအုပ်အုပ်တို့ကို တစ်ချက်လောက် နားစွင့်မိသည်။

"အမယ်လေး... ဒုက္ခတွေ ပေးနေတာ ပေးနေတာ ဆိုတော့"

"ဘာတွေ ဒုက္ခပေးနေရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မီးချောတို့ ဖိတ်စာမှာ သူက သူ့နာမည် မထည့်မနေရ၊ မပါမနေရ ဖြစ်နေတာလေ"

"အမယ်… ရာရာစစတော်"

"အခု အဲဒါ အဲဒီပြဿနာ ရှင်းရဦးမှာ"

"အေးလေ… ပေးမထည့်နဲ့၊ ကိုပြေ့ကို ပြောလေဟာ"

"အဲဒီ နင်တို့ ကိုပြေကို ပြောမရလို့ပေါ့၊ အမုန်းမခံဘူးလေ သူက၊ ငါတကယ် စိတ်တိုနေတာ ဒီရက်တွေထဲ"

"အမုန်းမခံဘူး ဆိုတာက ဘာသဘောလဲ၊ နင့် ကိုပြေက အချစ်ခံချင်နေသေးတာလား၊ လုပ်မနေနဲ့လို့ ပြောလိုက်၊ ဟိုက စမောလ်လေးနဲ့နော်၊ ပြောပြလိုက်စမ်းပါ၊ သူ့ထက် အသက်ထက်ဝက်လောက်ငယ်တဲ့ ဂျလေဘီ လပါဂျာနဲ့တဲ့၊ ငါ သတင်းကြားထားပြီးပြီ၊ သိတယ်မဟုတ်လား၊ ဟိုက ငွေရှာနိုင်တော့ ကပ်ချူစားနေမှာပေါ့ဟယ်၊ သူက အမ်းနေရမှာပေါ့"

မီးချောသည် ရင်ထဲ စူးစူးကလေး အောင့်ကျင်ကာ အိမ်ရှေ့ခန်းကို ဖျတ်ခနဲ ထွက်လိုက်ပါသည်။

"အန်တီနန်းမို… ဆေးခန်းသွားဖြစ်သေးလား"

ဒေါ်နန်းမိုက ရုတ်တရက် ခပ်အမ်းအမ်း ဖြစ်သွားရင်း…

"မသွားဖြစ်တော့ဘူး မီးချော… ဆောရီးပဲ၊ မနက်ကတော့ သွားမလို့ပဲ၊ ခဏနေတော့ ထူးထူးက သက်သာနေပြီဆိုတော့ မသွားတော့ပါဘူးလို့၊ ဆေးပဲ ဆက်တိုက်တော့မယ်၊ မီးချောကို မလာတော့ဖို့ မဖျက်လိုက်တာက မီးချောလာရင် စကားလေး ဘာလေး ပြောမလားလို့ပါ၊ ဆောရီး မီးချောရေ၊ သက်သက်မဲ့ကြီး ရောက်လာရသလို ဖြစ်နေပြီ"

"ရပါတယ် အန်တီနန်းမို၊ ဒါဖြင့် မီးချော ပြန်တော့မယ်"

"အေး… အေး"



www.burmeseclassic.com

www.burmeseclassic.com



မီးချောက ဒူးချိတ်၍ ထိုင်နေသော "ဝေ"ဆိုတဲ့ အမျိုးသမီးဘက်ကို လှည့်ကြည့်လိုက်ရင်း...

"ဩော်... ခုန မီး ကြားလိုက်လို့၊ မာမာ့ချစ်သူက မာမာ့ထက် အသက်တစ်ဝက် မငယ်ပါဘူး အန်တီ၊ လေးနှစ်ပဲ ငယ်တာပါ၊ ပြီးတော့ ဦးသြသုတာက ကလေကချေလည်း မဟုတ်ပါဘူး၊ ဂျလေဘီလည်း မဟုတ်ဘူး၊ လပါဂျာလည်း မဟုတ်ပါဘူး၊ **Gentleman** တစ်ယောက်ပါ၊ သူ့ဟာနဲ့သူ အောင်မြင်ပြည့်စုံနေတဲ့ စိတ်ထားပြည့်ဝပြီး မာမာ့ကို သိပ်ချစ်တဲ့ လူတစ်ယောက်ပါရှင့်"

မီးချောက ပြောချင်တာပြောပြီးလျှင် မျက်နှာလေး ညိုညိုနှင့် အိမ်ထဲက ထွက်လာခဲ့ပါသည်။

✧ ✧ ✧

(၈)



www.burmeseclassic.com

www.burmeseclassic.com

-

မီးချောသည် ဟောင်းနွမ်းသော အယ်လ်ဘမ်စာအုပ်ကို တစ်ရွက်ချင်း လှန်နေသည်။ အိမ်မှာ အလွယ်တကူ ကြည့်နိုင် မြင်နိုင်သော အယ်လ်ဘမ်တွေထဲ ဒီအယ်လ်ဘမ်လေး မပါခဲ့ပါ။ မီးချော ငယ်စဉ်က ကြီးလာတဲ့အထိ မာမီ ဒက်ဒီတို့နှင့် ခရီးသွားထားတဲ့ မှတ်တမ်းဓာတ်ပုံလေးတွေသာ အယ်လ်ဘမ်အများအပြားနှင့် ရှိသည်။

တကယ်တော့ မာမာ့ပုံကို မီးချော အလွယ်တကူ မမြင်နိုင်အောင် လူကြီးတွေ စီမံခဲ့တာပဲ။ ဒါကိုလည်း အပြစ်မမြင် မီးချော နားလည်နိုင်ပါသည်။ မာမာ့ပုံတွေ မမြင်မတွေ့ရ၊ မာမာ့အကြောင်း စကားစပ်မပြောကြတော့ မာမာ့ကို မီးချော သိပ်သတိမရ၊ သိပ်မတမ်းတဖြစ်ဘူးပေါ့။ ဒီတော့ မီးချောမှာ လွန်ဆွဲစရာ ဟိုဘက် ဒီဘက် သံယောဇဉ်မရှိဘဲ စိတ်ကလေး ရှင်းရှင်းပေါ့ပေါ့နှင့် မာမီ ဒက်ဒီတို့ကိုသာ ကိုယ့်မိဘတွေလို တစ်မျိုးတည်းပုံ၍ ချစ်ခင်ကြီးပြင်းခဲ့ရသည်။

မီးချော ဘဝတစ်လျှောက် မာမာဟာ အရိပ်လို ကပ်မပါခဲ့။ အဲသလို ကပ်မပါခဲ့တဲ့အတွက် မေ့မေ့လျော့လျော့ ဖြစ်နေခဲ့ရပေမယ့် စိတ်သက်သာ အေးချမ်းခဲ့တာ အမှန်ပင်ဖြစ်သည်။ အဖေကဘယ်သူ အမေက ဘယ်သူ ဆိုတာကိုလည်း သိခွင့်ရထားပြီးသားပဲဖြစ်ရာ အဖေဟာလည်း နောက်မိသားစုနှင့် သူ့ဟာသူ၊ အမေကလည်း သူ့ဘဝနဲ့ သူ့ဟာသူ၊ မီးချောကလည်း မွေးစားသော ဘကြီး၊ အဒေါ် လင်မယားနှင့် သီးခြား မိသားစု ကိုယ့်ဟာကိုယ်ရယ်လို့ အပြီးမှတ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မွေးစားသမီးရယ်လို့ပင် ကိုယ့်ကိုယ်ကိုယ် သတိမရ။ ဒါဟာ အကြီးနှင့် ကြီးတော်ရယ်လို့လည်း သတိမရ။ မိရင်းဘရင်း သမီးရင်း မိသားစုလို အစစအရာရာ ကိုယ်ရောစိတ်ပါ ပြည့်စုံလုံခြုံစွာ ကြီးပြင်းခဲ့ရတာပင်။ မပြေလည်တာ ဘာမှမရှိခဲ့။

အခုမှသာ တစ်သက်လုံးက ကင်းကွာစိမ်းပြတ်ခဲ့သော မာမာနှင့် တာဝန်အရ လိုအပ်ချက်အရ ပြန်လည်ဆက်ဆံရတာဖြစ်၍ ခုမှပင် မာမာနှင့် ပတ်သက်၍ တခုတ်တရ အရေးတယူ တွေးတောမိတာပင်။ မီးချောမှာ ပြည့်စုံလုံခြုံသော မိသားစုတစ်ခု ရှိနေသော်လည်း မာမာဟာ တစ်ယောက်တည်းပါလားဟု ခုမှတွေးမိတာပင်။

မီးချောက တစ်နှစ်သမီး အရွယ်လောက် မီးချောလေးကိုချီရင်း ရိုက်ထားတဲ့ မာမာ့ပုံကို လက်ညှိုးလေးနှင့်ထောက်ရင်း...

"မာမာက တော်တော်လှတယ်နော် မာမီ၊ အခုထိလည်း လှတုန်းပဲ၊ ပြီးတော့ နုလည်း တအားနုတယ်၊ မာမီနဲ့လည်း မတွေ့တာ ကြာ ရောပေါ့နော်"

"အင်း... ကြာပြီဆိုပါတော့ သမီးရဲ့၊ နောက်ဆုံး မနှစ်က သမီး မွေးနေ့က သူ လက်ဆောင်လာပို့တော့ သမီးက ငွေဆောင်သွား နေတယ် မရှိဘူးလေ၊ ဒီတော့ မာမီနဲ့တော့ တွေ့သွားရတာပေါ့၊ တစ်နှစ် တစ်ကြိမ်လောက်ပဲ တွေ့ဖြစ်တာကိုး၊ ဒီထက် ပိုတွေ့ဖြစ် တယ်ဆိုရင် ခရီးသွားဟန်လွှဲ လမ်းတွေ့လို့ နှုတ်ဆက်တာလောက်ပဲ"

မာမီ့ကို မီးချောက မာမာ့ပုံတွေ အိမ်မှာလုံးဝမရှိတာလား၊ သူနဲ့ ငယ်ငယ်က ရိုက်ထားတဲ့ပုံမျိုးတွေ မရှိဘူးလားဟု မေးမိမှ ဒီအယ်လ် ဘမ်လေးကို မာမီ ထုတ်ယူလာတာ ဖြစ်သည်။

"နန်းမိုတောင် ဖုန်းဆက်သေးတယ်"

"ဘာတဲ့လဲ မာမီ"

"ဖိတ်စာထဲ အဲ့သလိုရိုက်တာ သဘောမတူဘူးပေါ့၊ အဲဒါ ပြောတာ ပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မာမီ ဘာပြောလိုက်လဲဟင်"

"ရိုက်တောင်ပြီးနေပြီ နှန်းမိုရယ်လို့ပဲ ပြောလိုက်တာပေါ့ သမီး"

"ဒက်ဒီကရော... ဘာပြောလဲဟင်"

"ဘာမှ မပြောပါဘူး၊ ဘာဆို ဘာမှကို မပြောတာ၊ ကိုပြေလည်း အိမ်မှာ အတော်နားငြီးနေမှာပါ၊ စိတ်ပျက်လို့ ဘာမှ ဝင်မပြော တော့ဘူး နေပါလိမ့်မယ်"

"မာမာက သူ့နာမည် ထည့်ရမယ်လို့ ဖွတ်မပြောခဲ့ပါဘူး၊ ဘာမှ မတောင်းဆိုပါဘူး၊ အစုဟာက မီးဘာသာ ဆုံးဖြတ်လိုက်တာပါ မာမီ၊ မာမာ့ကိုတွေ့ရတာ ပြည့်စုံအောင်မြင်နေပေမယ့် သနားစရာ ကောင်းသလိုလိုပဲ၊ မီးကိုတွေ့ရင် အယောင်ယောင် အမှားမှား သူ့မှာ ပျာယာကို ခတ်နေတာပဲ၊ မီးကမှ တည်ငြိမ်နိုင်သေးတယ် သူက မီးမျက်နှာကို တကြည့်ကြည့်နဲ့ စကားပြောတာတောင် အမှားပါသွားမှာ စိုးရိမ်နေသလိုမျိုး သိပ်သတိထားနေတယ်၊ သူ့မှာ Tension ကြီး ဖြစ်နေတယ်၊ မီးလည်း မပြောတတ်ဘူး၊ သနားစို ကောင်းသလိုပဲ"

"အင်းလေ... သနားဖို့တော့လည်း ကောင်းပါတယ်"

"မာမီ"

"... ... ..."

"မာမာက ဘယ်လိုမိန်းမမျိုးလဲဟင်"

ဒေါ်အိအိဝင်းက မီးချော မျက်နှာကို အကဲခတ် ကြည့်မိသည် ကိုယ်တိုင်လည်း ကလေးမရနိုင်ခဲ့၍ ဒီကလေးကို ကိုယ့်သမီးရင်းကဲ့သို့ပင် ချစ်ခင်လှပါသည်။ မိုးသည်းသည်း အိမ်ပေါ်က ဆင်းသွားပြီးတဲ့ နောက် တည်းက မီးချောကို ကိုယ့်ရင်သွေးလို ကိုယ်ပဲ ကရိကထခံ ပြုစုစောင့်ရှောက် ခဲ့ရတာ။ သိပ်ပြီး နားမလည် ပါးမလည် ရှိသေးသော အရွယ်အခါမှာ စိတ်အားမငယ် ဝမ်းမနည်းအောင် သူ့အမေကို သတိမရအောင် ကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားနွေးထွေးပေးခဲ့ရသည်။ သူ့အမေရိကတည်းက အဖေက အလုပ်သွား၊ အမေက ကျောင်းသွားတက်၊ ကိုယ့်လက်ထဲမှာ အချိန်ကုန်ရတာမို့ ကိုယ်နှင့်နွေးထွေးပြီးသား ကိုယ့်ကိုကပ်ပြီးသားမို့ ကိုယ့်အပေါ် မိဘလို သတ်မှတ်ထိုက်ဖို့ မီးချောဘက်ကလည်း ဘာအခက်အခဲမှ မရှိဘဲ ရောရှာရှူးရှူး ရှိခဲ့ပါသည်။

မီးချောကို သူ့မိခင်ရင်းနှင့် သံယောဇဉ်မတင်းအောင် ခွဲခြားထားမယ်ရယ်လို့ စိတ်ကူးမျိုး မရှိခဲ့ပေမယ့် အခြေအနေက ဤသို့သာဖြစ်ခဲ့သည်။

"သမီးက ဘာသိချင်တာလဲ"

"မာမာက ပါပါနဲ့ ဘာကြောင့်ကွဲတာလဲ မာမီ"

"အင်း… အဲဒါကတော့ ဘာကြောင့်လို့ တစ်ချက်တည်းနဲ့ ပြောရခက်တာပေါ့ သမီးရယ်၊ အကြောင်းကြောင်းပေါ့၊ အဓိက,ကတော့ နဂိုကတည်းက အလေးအနက် အချိန်ယူ စဉ်းစားဆုံးဖြတ် တည်ဆောက်ခဲ့တဲ့ အိမ်ထောင်မဟုတ်ခဲ့လို့ပဲ ပြောရမှာပဲ၊ အသွင်မတူ အတွေးမတူတာလေးတွေ ရှိလာတယ် ဆိုတဲ့အခါ နဂိုအုတ်မြစ် မခိုင်တော့ ပြိုတာပေါ့ သမီးရယ်"

"ပါပါနဲ့ မာမာ ကွဲတော့ မာမာ့အသက်က အခု မီးလောက်ပဲ ရှိသေးတာနော်၊ ဒီအရွယ်နဲ့ တစ်ခုလပ် ဖြစ်ခဲ့ရတယ်ဆိုတာ တော်တော်ကံဆိုးတာပဲ၊ မာမာက ဆိုးလို့လား မာမီ"

"မီးသည်းကို ဆိုးတယ်လို့ ပြောလို့လည်း မရပါဘူးလေ၊ သူ့ကုသိုလ်ကံပါပဲ သမီးရယ်"

"မီးကို မာမာ့အကြောင်းရယ်လို့ အစအဆုံးထိုင်ပြီး စီကာပတ်ကုံး ပြောပြတာမျိုး တစ်ခါမှ မကြားဖူးပေမယ့် ဒက်ဒီတို့ မာမီတို့ အန်တီနန်းမိုတို့ ပြောဆိုကြတဲ့ စကားတွေပေါ် အခြေခံပြီး ဟိုးအနောက်က အဓိပ္ပာယ်တစ်ခုကို တွေးကြည့်ရင် မာမာက ဆိုးလို့မဟုတ်တောင် မကောင်းခဲ့ဘူးလို့ အဓိပ္ပာယ်သက်ရောက်သလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



မိုးသည်းကို စိတ်ပျက်လက်ပျက် ဖြစ်ခဲ့ဖူးတာတွေ ရှိခဲ့ပါသည်။ အဲသလို စိတ်ပျက်ရတာတိုင်းဟာ မိုးသည်းရဲ့မသိတတ်မှု၊ မိန်းမမပီသမှု၊ အိမ်ထောင်မကျွမ်းကျင်မှု၊ ကလေးဆန်လွန်းမှု၊ အရေးအရာ နားမလည်မှုတို့အပေါ်၌သာ အခြေခံသည်။ မိုးသည်းကို ယောက္ခမလုပ်သူ မျက်မုန်းကျိုး မြည်တွန်တောက်တီးလျှင် ကိုယ်ပါ အနေကျပ် အနေကျုံ့ရသည်ဖြစ်၍ မကြာခဏ အပြစ်လုပ်လှတဲ့ မိုးသည်းကို စိတ်ပျက်တာ အမှန်ပင်။

ထို့ထက်တော့ ပိုမုန်းစရာ မရှိခဲ့။ တစ်နည်း သေချာတွေးလျှင် မိုးသည်းက သနားဖို့ကောင်းပါသည်။ စိတ်ပျက်နေရင်းကြားပင် တစ်ခါ တစ်ခါ သနားရသည်။ ကိုပြေနှင့် ကွဲကြတော့ တော်တော်စိတ်မကောင်း မိပါပေ။ မိုးသည်းအပေါ် အကြီးအကျယ် သနားကရုဏာ သက်မိပါသည်။ သို့ပေမယ့် မိုးသည်းနှင့် ဆက်သွယ်ဖို့ တွေ့ဖြစ်ဖို့ အားပေးဖို့၊ မိုးသည်းဘက် က ရပ်တည်ဖို့တွေကိုတော့ ဒေါ်အိအိဝင်း မကြိုးစားဖြစ်ခဲ့ပါပေ။ လက်ရှိ အိမ်ကမိသားစုနှင့် အတိုက်အခံဖြစ်မှာမျိုးကို မလိုလား၍ ဘာသိ ဘာသာ နေခဲ့သည်။ တကယ်တော့ ကိုယ့်အနေချောင်မှုကို ဦးစားပေး ရွေးချယ်ခဲ့မိ တာပင်။

ခုချိန်မှာတော့ မိုးသည်းအပေါ် အရင်ကထက် သနားပေသည်။ ကိုပြေနှင့် ပတ်သက်၍ လင်ညီအစ်မနှစ်ယောက် ရခဲ့ဖူးလေရာ ဤနှစ် ယောက်ဟာ ကိုယ်ကတမင်တကာ မယှဉ်လည်း ယှဉ်စရာလို ဖြစ်ကာ ဘယ်သူသည် ဆက်ဆံရ ပြေလည်ဖြောင့်ရှင်း၍ ဘယ်သူသည် ဆက်ဆံရ ခက်ခဲ ဆင်ခြင်ရသလဲဆိုတာ အသိသာကြီးပင်။

သို့သော်လည်း ဒေါ်အိအိဝင်းဟာ ခုချိန်ထိလည်း မိုးသည်း နှင့် ဟက်ဟက်ပက်ပက် ပြန်လည်ဆက်ဆံ ပတ်သက်မိခြင်း မရှိခဲ့။ ခုချိန် ထိလည်း ကိုယ်အေးရာအေးကြောင်းသာ နေနေမိမြဲ။ တစ်ခါတစ်ရံတော့ လည်း ထို့အတွက် စိတ်မကောင်းမိပေ။

"မိုးသည်းက ဆယ့်ခုနစ်နှစ်တောင် မပြည့်သေးခင် အိမ်ထောင်ကျ တော့ ဘာမှမသိ မတတ်ဘူး၊ နောက်ပြီး... မိုးသည်းအမေက သူ



www.burmeseclassic.com

www.burmeseclassic.com



နစ်နစ်သမီးလောက်ကတည်းက ဆုံးသွားတော့ အမိအုပ်ပြီး မကြီးရဘူးဆိုတော့ ပိပိပြားပြား ကျိုးကျိုးဝပ်ဝပ် မဟုတ်ဘူးပေါ့လေ၊ မိန်းမတွေ သိအပ် တတ်အပ်တာမျိုး အိမ်မှုကိစ္စ ဘာညာလဲ ဘာမှ သူ နားမလည်ဘူးပေါ့၊ သူ့အားနည်းချက်လေးက အဲဒါပါပဲ...

မိုးသည်းက ဆိုးတဲ့မိန်းကလေး မဟုတ်ပါဘူး၊ ယဉ်ကျေးတယ်၊ ကြောက်တတ်တယ်၊ မျိုးသိပ်တတ်ပါတယ်၊ သမီးသွားသွားကတော့ ကြည့်မရဘူးပေါ့၊ သွားသွားနဲ့တော့ အမြဲပြဿနာပေါ့၊ ဒါပေမဲ့ သွားသွားဆူလည်း မိုးသည်းက ငြိမ်ခံနေတာပါပဲ၊ တကယ်တော့ မိုးသည်းက သနားစရာပါလေ"

မီးချောက မာမိကို အံ့အားတသင့် ကြည့်လိုက်မိပါသည်။

"အခု ပြောနေတာတွေက မာမီစိတ်ထဲ တကယ်ရှိတာ အမှန်တွေ လားဟင်"

"အမှန်ပေါ့ သမီးရယ်၊ မာမီ အမှန်အတိုင်း ပြောနေတာပါ။"

"ဒါဖြင့် မာမီ မာမာ့ကို ဘာဖြစ်လို့ ပစ်ထားတာလဲဟင်"

ဒေါ်အိအိဝင်းက ငိုင်ငေးသွားမိပါသည်။ ဟုတ်ပါရဲ့ ပစ်ထားခဲ့တာပဲ။ ပစ်ထားတယ်လို့ ဆိုနိုင်တာမျိုးပဲ။

"ပါပါနဲ့ မာမာ မကွဲကြအောင် မာမီ မတတ်နိုင်ပေမယ့် ကွဲပြီးတဲ့နောက် မာမာ့မှာ အမှားမရှိဘူးလို့ မာမီထင်ရင် ဘာဖြစ်လို့ မာမာနဲ့ အရှည်သဖြင့် တောက်လျှောက် မဆက်ဆံ မရင်းနှီးပဲ ခပ်ကင်းကင်း နေခဲ့တာလဲဟင်၊ မာမီ့ကို တစ်ယောက်ယောက်က တားမြစ်လို့လား၊ ဥပမာ သွားသွားပေါ့"

"မတားပါဘူး သမီး၊ မာမီလည်း ခုပဲ ထိုင်နေရင်း စဉ်းစားနေတယ်၊ ငါ ဘာဖြစ်လို့ မိုးသည်းနဲ့ သွားသွားလာလာ ရင်းရင်းနှီးနှီး အဆက်အသွယ် မပြတ် မနေခဲ့ပါလိမ့်ဆိုတာ၊ တကယ်တော့ မာမီ ဝတ္တရားပျက်ခဲ့ပါ၊ မိုးသည်းက တစ်ယောက်တည်း ထွက်သွားရတဲ့သူ ဖြစ်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



အားနည်းသူဖြစ်တယ်၊ မာမီ သူ့ဘက်က ရပ်ခဲ့သင့်တယ်၊ ဘယ်သူ မသွားမသွား ဘယ်သူ မခေါ်မခေါ် မာမီခေါ်သင့် သွားသင့်တယ်၊ ပြည့်စုံနိုင်လုံတယ်တော့ မဟုတ်ပေမယ့် အကြောင်းပြချက်တစ်ခု ပေးရရင်တော့ မိုးသည်းနဲ့ ကိုပြေ ကွဲပြီးနောက် ကိုပြေ နန်းမိုနဲ့ ပြန်တွဲတယ်၊ လက်ထပ်ကြမယ် ဆိုတာ သိရတယ်၊ သမီးအသွားက လည်း ကြည်ဖြူတယ်၊ အဲဒီအချိန်မှာ မာမီက မိုးသည်းကို လိုက် ဆက်မသွယ် နေရဲတာ အမှန်ပဲ၊ နောက်တော့ ကိုပြေနဲ့ နန်းမို လက်ထပ်ကြတယ်၊ နန်းမိုက မာမီနဲ့ လက်ရှိလင်ညီအစ်မ ဖြစ်လာ တယ်၊ အဲဒီအချိန်မှာ မာမီဟာ ပဋိပက္ခတွေ မလိုလားအပ်တဲ့ ပြဿနာတွေ ဖြေရှင်းစရာတွေ ကြုံရမှာစိုးရိမ်တယ်၊ မဖြစ်ချင်ဘူး...

သမီးနဲ့ မိုးသည်းလည်း ဒီလောက်ထိ ခပ်စိမ်းစိမ်း ရှိကြတာ ဟာ မာမိရဲ့ အားနည်းချက်ကြောင့်ပါ၊ မာမီ အတ္တကြီးတာပဲ၊ ကိုယ့်ဘာသာ ပြဿနာကင်းကင်း အေးရာအေးကြောင်း နေချင်တဲ့ အားနည်းချက်ပါ သမီး"

မီးချောက မာမိခါးကိုဖက်၍ ပခုံးတစ်ဖက်ကို မှီလိုက်ပါသည်။

"မာမိအားနည်းချက်တော့ မဟုတ်ပါဘူး၊ မာမီ အဲသလို နေခွင့်ရှိ ပါတယ်၊ လူတိုင်းမှာ ကိုယ့်ဘဝကို ကိုယ်အဆင်ပြေ ရှင်သန်ချင် သလို ပုံစံချခွင့် ရှိပါတယ်၊ မီး နားလည်ပါတယ် မာမီ"

"အခါများစွာမှာလည်း မိုးသည်းကို မေ့လျော့နေတယ်၊ အခု သမီး လက်ထပ်တော့မယ်ဆိုမှ သူ့ကို ဆက်တိုက် ခေါင်းထဲ သတိရနေ မိတာပဲ"

"ဒါဖြင့် မာမာ့မှာ မာမီ မခေါ် မပြောချင်တဲ့ မဆက်ဆံ မပတ် သက်ချင်တဲ့ ပြစ်ချက်မျိုး မရှိဘူးပေါ့နော်"

"မရှိပါဘူး သမီးရယ်"

"အတိအကျ မဟုတ်ပေမယ့် အန်တီနန်းမို စကားတွေထဲမှာ အရိပ် အယောင်လောက် ပါနေတတ်တာ တစ်ခုက သမီးစိတ်ကိုအနှောင့်



www.burmeseclassic.com

www.burmeseclassic.com



အယုက် ပေးခဲ့ဖူးတယ် မာမီ၊ ပါပါနဲ့မာမာ ကွဲသွားတာ မာမာ အနေအထိုင် မတတ်လို့၊ အနေအထိုင် မမှန်လို့၊ ရှင်းရှင်းပြောရရင် ယောက်ျားလေးတွေနဲ့ တွဲသလိုလို ကျောင်းတက်ရင်း ရည်းစားထား သလိုလို၊ အဲဒါ ဟုတ်သလား မဟုတ်ဘူးလား”

ဒေါ်အိအိဝင်းက သက်ပြင်းတစ်ချက် ချမိရင်း…

“ကိုပြေနဲ့ စ,ဖြစ်ကြတဲ့ ပြဿနာကတော့ အဲဒါပါပဲ၊ တကယ်တော့ မိုးသည်းရဲ့ အားနည်းချက် ချွတ်ယွင်းချက် မသိတတ်မှုလေးတွေက ယောကျ်ားနဲ့လည်း အဆင်မပြေဖြစ်တယ်၊ အဲဒီအခါ ကိုပြေလည်း စိတ်ညစ်ရ စိတ်ပျက်ရတယ်၊ အဲသလို တအုံ့နွေးနွေး ကိစ္စလေးတွေ က ရှိနေတဲ့ အချိန်မှာ အဲဒီအကြောင်းအရာကတော့ ပေါက်ကွဲကြဖို့ ပြဿနာ စ,ခဲ့ကြတဲ့ အကြောင်းပဲ…

အဲဒါ ဟုတ်တယ် မဟုတ်ဘူးတော့ မာမီ မသိရိုး အမှန်ပဲ၊ သိစရာအကြောင်းလည်း မရှိဘူးလေ၊ ဒါပေမဲ့ မာမီ့အထင်ကို ပြော ပါဆိုရင်တော့ မိုးသည်း အဲသလို ရည်းစားထားတာ၊ ယောကျ်ားလေး တွေနဲ့တွဲတာ မရှိုးသားတာ ဖောက်ပြန်တာမျိုး လုပ်လိမ့်မယ် လုပ်ခဲ့တယ်လို့ လုံးဝမထင်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့မိုးသည်းက ကိုပြေ့ကို သိပ်ချစ်တာလေ၊ အရမ်းကို ချစ်ရှာတာ၊ မိန်းမချင်း သားက မြင်နေရလောက်အောင် ချစ်တာ၊ ကလေးလည်း ကလေးကိုး၊ သိပ်သိသာတယ်”

“ဟုတ်လား… မာမီ၊ ပါပါကရော”

“ကိုပြေကတော့ ပုံမှန်ပါပဲ၊ ပြောရမယ်ဆိုရင်တော့ မိုးသည်းနဲ့ ကိုပြေ ယူဖြစ်သွားတယ် ဆိုတာကိုက မိုးသည်းက အတင်းကို လိုက်ကပ်တာ၊ ကိုပြေက မိုးသည်းရဲ့အချစ်၊ မိုးသည်းရဲ့ဂရုစိုက်မှု၊ ယုယကြင်နာမှုတွေထဲမှာကျွံပြီး ရုန်းမရဘဲ ငြိတွယ်သွားတဲ့ အဲသော လောက်ပဲ”



www.burmeseclassic.com

www.burmeseclassic.com



"အပြားပြား… မာမာက အဲလိုလား၊ ဟုတ်မှာပဲ မာမီ၊ မာမာ့ပုံစံက အပြင်းအထန် ခံစားတတ်တဲ့ပုံ အသည်းအသန် အလေးအနက် အရူးအမူး ဖြစ်တတ်တဲ့ပုံ ပေါ်တယ်"

"ဟုတ်တယ်…၊ ကိုပြေပြာ ဆေးကျောင်းသက်တမ်း တစ်ဝက်လောက် နန်းမိုနဲ့ ချစ်သူဖြစ်နေခဲ့တာလေ၊ နောက်တော့ မိုးသည်းလက်ထဲ ပါသွားတယ်ပေါ့၊ နန်းမိုနဲ့ ကိုပြေက အေးအေးဆေးဆေးတွဲနေတာ၊ နှစ်ဖက်မိဘလည်း သိထားတယ်၊ သမီးအဘွားကလည်း နန်းမိုကို သဘောကျတယ် သဘောတူတယ်၊ အဲလို အချိန်မှာ ရုတ်တရက် ကိုပြေက မိုးသည်းကို ခိုးပြေးသွားခဲ့တာ"

မီးချောက ခေါင်းလေး ဖြည်းဖြည်းချင်းညိတ်ကာ ညိတ်ကာ နေမိသည်။

"တကယ်တော့ ပါပါ့အပြစ်ပဲ မာမီ"

"………"

"ပါပါက မာမာ့ကို တကယ်မချစ်ဘူး ထင်ပါတယ်၊ မာမာနဲ့ နီးစပ်လို့ သာယာပြီး အန်တီနန်းမိုအပေါ် သစ္စာမရှိဘဲ မာမာ့နောက် ငြိပါသွားတာနေမှာ၊ နောက်တော့ မာမာ့ကို စိတ်ပျက်ပြီး အန်တီနန်းမိုကိုပဲ ပြန်တမ်းတလာပြန်ရောဖြစ်မှာ၊ အပြောင်းအလဲ မြန်တယ်၊ ယိမ်းယိုင်လွယ်တယ်၊ ပါပါ မကောင်းဘူးနော်၊ မိန်းမနှစ်ယောက်စလုံးကို စိတ်ဒဏ်ရာ ပေးခဲ့တာပဲ"

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com

(၉)

"ကျွန်တော် အခု ဆေးရုံမှာ၊ မေမေ မနေ့ညက ညတွင်းချင်း ဆေးရုံတင်လိုက်ရတယ် အသည်း၊ ဒီမနက် ချက်ချင်းအော်ပရေးရှင်း လုပ်လိုက်ရတယ်"

"ဟင်… ဘာဖြစ်လို့လဲဟင်"

"အူပိတ်တာလို့ ပြောတယ် အသည်း"

"ဟယ်… ဖြစ်မှ ဖြစ်ရလေ၊ ဒီကြားထဲ ဩ ပြောတော့ ပြောနေသားနော်၊ အန်တီ သိပ်နေမကောင်းဘူးဆိုတာ၊ အသည်းလေ ကိုယ့်ဟာနဲ့ကိုယ် အန်တီ့ကို မျက်နှာချင်းဆိုင် လာတွေ့ရမှာ ကြောက်နေတော့ သတင်းလာမေးဖို့လည်း တွန့်ဆုတ်နေခဲ့တာ၊ အသည်းကို ခွင့်လွှတ်ပါ ဩရယ်"

"ရပါတယ် အသည်းရာ၊ ကျွန်တော်လည်း ညက ထူပူနေတာနဲ့ အသည်းဆီ ဖုန်းမဆက်မိဘူး၊ ညနေစောင်းလောက်ကတည်းက မေမေက နေမကောင်းတော့တာနဲ့ ဆရာဝန် တစ်ယောက်ပြီး တစ်ယောက် refer လုပ်သမျှ ဆေးခန်းပြောင်းပြီး လိုက်ပြနေရတာ မိုးချုပ်အထိပဲ၊ နောက်ဆုံး ဆာဂျင်ဆီရောက်တော့ ဒီမနက်ခွဲစိတ်တဲ့ စာရင်းထဲ ထည့်မလား ဆိုတာနဲ့ ချက်ချင်းပဲ ခွဲဖို့ထည့်လိုက်တယ်၊ ရက်နောက်ဆုတ်လည်း မကောင်းဖို့က များနေတယ် ဆိုတော့ ဆရာကြီးကလည်း မစောင့်စေချင်တာနဲ့ ချက်ချင်းပဲခွဲဆုံးဖြတ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ဒီမနက်ပဲ ခွဲဖြစ်တယ်၊ ဆရာကြီးက ဒီမနက် '……'ဆေးရုံမှာခွဲဖို့ လူနာရှိတော့ (……)ဆေးရုံပဲ တင်လိုက်တယ်"

"အခု အခြေအနေ ဘယ်လိုလဲ ဩ"

"ခွဲစိတ်ပြီး အခြေအနေတော့ ကောင်းပါတယ်"

"ညနေ အသည်းလာခဲ့မယ်နော် ဩ"

"ရပါတယ်၊ အသည်း မေမေ့ကိုတွေ့ဖို့ ဝန်လေးသေးရင် မလာပါနဲ့ဦး… ရတယ်"

"ဟင်… ဘယ်လိုပြောလိုက်တာလဲ ဩရယ်၊ အသည်းကို စိတ်ဆိုးနေတာလားဟင်၊ အန်တီ့ကိုတွေ့ဖို့ ရှောင်ရှောင်နေလို့ ဩ စိတ်ခုနေတာလားဟင်"

"အာ… မခုပါဘူး၊ မဟုတ်ပါဘူး အသည်းရာ၊ ဟိုဟာပါ… အသည်းလည်း တွေ့ဖို့အဆင်သင့် မဖြစ်သေးရင် ရပါတယ်လို့၊ ဆေးရုံကဆင်းမှ အိမ်ရောက်လာရင်လည်း ရတယ်လို့ ပြောတာပါ၊ ပြီးတော့ မေမေကလည်း ခွဲစိတ်ထားကာစဆိုတော့ အသည်းကို သေချာလည်း စကားပြောနိုင်ဦးမှာ မဟုတ်ဘူးလေ"

"အို… လူနာက စကားမပြောနိုင်လည်း နေပါစေ၊ နားပါစေပေါ့၊ အသည်း ရောက်တယ်၊ လာတယ် သတင်းပေးတယ် ဆိုတာလေး တော့ လုပ်သင့်တယ် ထင်လို့ပါ ဩရယ်"

ဩသုတဘက်မှ အသံတိတ်သွား၍ အသည်းစိတ်မကောင်း ဖြစ်သွားမိပါသည်။ လနှင့်ချီကာ သူ့အမေကို မတွေ့ဘဲ နေ့ရှေ့ ညရှေ့ ရှေ့နေခဲ့သော အသည်းကို ဩ စိတ်များခုနေခဲ့သလား သို့မဟုတ် စိတ်မကောင်း ဖြစ်နေတာလား အသည်း မဝေခွဲနိုင်။ ဩ တစ်ခုခုဖြစ်သွားတာ တော့ သေချာသည်။ အရင်ကဆိုရင် သူ့အမေထံ ဘယ်လိုပုံစံနဲ့လာလာ ဘယ်တော့လာလာ လာဖို့ကိုသာ တတွင်တွင် တတွတ်တွတ် တောင်းဆိုခဲ့ သော ဩဟာ ခုတော့ လေသံခပ်လေးလေးနှင့် မလာစေချင်သလို ဖြစ်နေ သည်မှာ အသည်းကို စိတ်ထိခိုက်စေသည်။



www.burmeseclassic.com

www.burmeseclassic.com



အသည်းဘက်ကလည်း သူ့အမေကို မလေးစားတဲ့ သဘော အရေးမထားတဲ့သဘော လုံးဝမဟုတ်ခဲ့ရ။ အသည်းရဲ့အင့်စိတ်နှင့် အသည်း။ အသည်းက သမီးပျိုတစ်ယောက်ရဲ့အမေ အိမ်ထောင်ကွဲ၊ ဩကြ ငယ်က အသည်းက ချစ်သူတောင် တစ်ကြိမ်မှ မထားခဲ့ဖူးပါဆိုတဲ့ တကယ့် လူပျို ဘျပ်ချွတ်။ သူ့အမေအနေနှင့် သူ့သားကို ဖြစ်နိုင်လျှင် အပျိုစင်ကလေးနှင့် သာ အိမ်ထောင်ကျစေလိုလိမ့်မည်ဆိုတာ အသည်းရဲ့အတွေးပင်။

အင်တင်တင်ရှိမယ့် ယောက္ခမလောင်းကို သွားမ တွေ့ဝံ့ခြင်း ၌ ခာနရယ်လို့ တစိုးတစိမျှ မပါဝင်။ အားငယ်စိတ် မျက်နှာမပြလိုစိတ်တို့ သာ ရင်ထဲအပြည့် ရှိခဲ့ပါသည်။ ခုတလောတော့ ဩရဲ့မေမေကို သမီး မင်္ဂလာပွဲ မတိုင်မီ တွေ့ရင်ကောင်းမလား၊ မင်္ဂလာပွဲပြီးမှ တွေ့ရင်ကောင်း မလား အသည်း တစိမ့်စိမ့် တွေးနေမိပါသည်။ ကွာခြားမှုများ ရှိမလား။

မင်္ဂလာမဆောင်ခင် သွားတွေ့တာ ကောင်းလိမ့်မယ် ထင်ပါ ရဲ့ဟု အသည်း စဉ်းစားနေတာ။ မင်္ဂလာဆောင်ပြီးမှဆိုရင် အသည်းရဲ့ "ဝါ"ဟာ ခုထက်တောင် ပိုကြီးသွားပြီလေ။ သူ့သားထက် လေးနှစ်ကြီး, ဆစ်ခုလပ်, ကလေးတစ်ယောက် အမေ, ကလေးတောင် အိမ်ထောင်ကျပြီ ဆိုတာကြီးက ပိုမဆိုးဘူးလား။ ကိုယ်ကလည်း ငယ်ငယ်လေးနှင့် အိမ်ထောင် ကျ၊ သမီးကလည်း ခပ်စောစော အိမ်ထောင်ကျတာကြောင့် အိမ်ထောင် ဆည်သမီး ရှိနေတဲ့ အမေတစ်ယောက်ဆိုတဲ့ ဘွဲ့ထူးကြီးနှင့် သူ့သားကို ပိုတောင်မှ သဘောမတူချင်စရာ ဖြစ်လေမလားလို့ပင်။

ဩကိုတောင် ပြောတော့မလို့၊ ဒီရက်ထဲ ဩအမေကို လိုက် တွေ့ပါ့မယ်လို့။ ခုတော့ ခုလို ကျန်းမာရေးကိစ္စ ခွဲရစိတ်ရ ဖြစ်မှတော့ သွားကိုသွားဖို့ အခြေအနေက ပေးလာတာ မဟုတ်လား။

"ဟင်… ဩ…၊ ဩ… အသည်းကို စိတ်ဆိုးလို့လား၊ ဒါမှမဟုတ် အန်တီက စိတ်ပြောင်းသွားပြီး အသည်းကို မတွေ့ချင်တော့လို့လား ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ခုမှ မဟုတ်ပါဘူး အသည်းရာ"

"ဒါဖြင့် အသည်း ညနေ လူနာလာကြည့်ပါရစေ"

"အာ... လာကြည့်ပါရစေရယ်လို့၊ သနားစရာလေးတွေ လုပ်နေပြန်ပြီ၊ ကဲ... လာ... လာ...၊ အသည်း လာချင်ရင် လာခဲ့လေ၊ ကျွန်တော် ရှိနေမယ်"

"ဟုတ်"

အသည်းက စိတ်ကျေနပ် ပေါ့ပါးသွားကာ လုပ်လက်စ အလုပ်လေးတွေကို မွန်းလွဲပိုင်း အချိန်လောက်ထဲမှာ လက်စ သတ်ထားလိုက်ပါသည်။ ယောက္ခမလောင်းနှင့် တွေ့ရမည်ဖြစ်၍ မြန်မာဆန်ဆန် ရင်ဖုံးလက်တို အညိုနုလေးနှင့် အညိုအနက် ရခိုင်ချိတ်လုံချည်ကလေး ဝတ်သည်။ ဆံပင်ကို ဆွဲစည်းပြီးမှ တစ်စဝင် တစ်စလွတ်နှင့် မသပ်မရပ်နိုင်သည်ထင်ကာ ဒီအတိုင်းကလေးသာ ဖြီးချထားလိုက်ပါသည်။

နှင်းကို မှာစရာရှိတာမှာကာ ထွက်လာခဲ့ပြီး လူနာအတွက် ဘာဝယ်သွားရမလဲ စဉ်းစားသည်။ ဗိုက်ခွဲထားတဲ့လူနာဖြစ်၍ အစားအစာ ပေးရန် မစဉ်းစားတော့ဘဲ ပန်းစည်းလှလှလေး တစ်စည်းကို ပန်းဆိုင်ဝင်၍ ဝယ်ပြီး ဆေးရုံကိုလာခဲ့ပါသည်။ ဆေးရုံကို အသည်းရောက်တော့ ငါးနာရီ ဖြစ်နေပြီ။ အောက်က မတက်ခင်ကတည်းက ဩကို ဖုန်းဆက်ထားလိုက်၍ အပေါ်"..."အထပ်ရဲ့ ဓာတ်လှေကားဝ၌ ဩက ကြိုစောင့်နေပါသည်။

ဓာတ်လှေကားတံခါး ပွင့်ပွင့်ချင်း ဩ စောင့်နေတာ တွေ့ရ၍ တထိတ်ထိတ် ဖြစ်နေသောစိတ်က နည်းနည်းတော့ အားတက်သွားပါသည်။

"ဧည့်သည်ချိန်ကြီးလို ဖြစ်နေတယ်၊ ဧည့်သည်တွေ များနေလား ဩ"

"မများပါဘူး၊ အမျိုးတွေကိုတော့ အကျိုးအကြောင်း ပြောပြပြီး နက်ဖြန်လောက်မှ လာကြဖို့ မှာထားတာ၊ မိတ်ဆွေတွေထဲကလည်း သိပ်မသိကြသေးဘူး ဆိုတော့ ဘယ်သူမှ မလာပါဘူး၊ အိမ်ကလူ တွေပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ကလူတွေ အများကြီးပဲလားဟင်"

"တူ့တူမတွေက ဗိုက်ဆာလို့ အောက်ဆင်းပြီး မုန့်စားကြတယ်၊ လောလောဆယ်တော့ ကျွန်တော်နဲ့ မမပဲ ရှိတာပါ"

အသည်းသည် စာသေချာမရဘဲ စာမေးပွဲခန်းထဲ ဝင်ခါနီးလို ဆတ်ဖျားလေးတွေပင် အေးလာသည်။ ပြီးတော့ အသည်းက လက်ကပ်၊ ခြေကပ်၊ ကြွက်တက်တာမျိုး ဖြစ်တတ်သူဖြစ်၍ အေးစက်နေသော လက်ချောင်းလေးတွေက ကပ်ချင်သလို ဖြစ်လာပါသည်။

"ညို"

"ဘာလဲ အသည်း... ပြော"

"ဘာမှမဟုတ်တော့ဘူး"

"စိတ်အေးအေးထားပါ အသည်းရယ်၊ မေမေ့ကိုတောင် အသည်းလာမှာ ပြောပြထားပြီးသားပါ"

နှစ်ယောက်သား အခန်းတံခါးကို ဖွင့်ဝင်လိုက်လျှင် အထဲမှာ ရှိနေသော ခုတင်ပေါ်က လူနာရော ခုတင်နံဘေးထိုင်နေတဲ့ ညိုရဲ့အစ်မပါ တံခါးဆီ လှည့်ကြည့်သည်။ ညိုရဲ့အစ်မက ထိုင်ရာကထရင်း...

"လာ... ညီမ၊ လာ"

အသည်းသည် ညိုရဲ့အစ်မကို ခေါင်းညိတ်ပြရင်း ခပ်ရှိန့်ရှိန့် ဝင်လာ၍ ခုတင်အနား ကပ်လာခဲ့ပါသည်။ ဘယ်ကစ၍ ဘာပြောရမှန်းမသိ ဘာခေါင်းခြောက်ခြောက်နှင့် ညိုအမေကို မိတ်ဖွဲ့သော၊ ကျိုးနွံသော၊ အရှုထားသက်သော အရိပ်အရောင်မျိုးစုံ ယှက်ဖြာနေတဲ့ အကြည့်နှင့်သာ အရူးတစား ကြည့်လိုက်မိပါသည်။

"ထိုင်... ထိုင်..."

ညိုမေမေက အသံထွက်မလာသော်လည်း ထိုင်ခိုင်းတာ သိသာသော နှုတ်ခမ်းအလှုပ်နှင့် လက်လေးတစ်ဖက်ကိုလှုပ်ကာ ညွှန်ပြသည်။

"အန်တီ နေရ သက်သာပါရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



ဩရဲ့မေမေက ခေါင်းသာ ညိတ်ပြသည်။ သူ့မျက်နှာတွင် မလိုလားသော မနှစ်မြို့သော အငွေ့အသက်မရှိ။ အသားဖြူဖြူ ကြည်ကြည်စင်စင် မျက်နှာပြင်ဟာ စိတ်နှလုံး ခက်ထန်တင်းမာပုံ လုံးဝမရှ။

"သက်သာပါတယ် ညီမရယ်၊ မေမေက နဂိုတည်းက လူကကျန်းမာရေးမဆိုးလှဘူးဆိုတော့ ခံနိုင်ရည်ရှိတယ် တော်သေးတာပေါ့"

"ဟုတ်ကဲ့ မမ၊ သွေးတိုး ဆီးချိုလည်း မရှိဘူးလို့ ဩ ပြောဖူးပါတယ်"

"မရှိဘူး၊ အဲဒါတော်သေးတာပေါ့၊ အသည်းက ငယ်လိုက် နုလိုက်တာနော်၊ အဲဒါကြောင့် မ,သမီးတွေက လေးလေးကို ကောင်မလေးတစ်ယောက်နဲ့ တွေ့တယ်ပဲ ပြောနေတာကိုး"

"သုံးဆယ့်ကိုးနှစ်ပါ မမ၊ လေးဆယ်ပဲ ဆိုပါတော့"

"သုံးဆယ်တောင် မထင်ရဘူး"

အသည်းမျက်နှာလေးက ရှက်သွေးဖျန်းနေသည်။ အသည်း အချိန်ဆွဲနေတဲ့ ကာလတွေအတွင်း ဩသုတရဲ့ မမသည် ဟိုက ဒီက အသည်းရဲ့အကြောင်းတို့ကို စုံစမ်းကြားသိခဲ့ကာ သူ့အမေကိုလည်း ကောင်း သတင်းတို့နှင့် နားချတန် လောက် ချပေးတာကို ဩသုတ သိရသည်။ နဂိုထဲက မေမေ့ထက်စာလျှင် မမက သဘောထား ပျော့ပျောင်းသူဖြစ် သည်။ ဖူးစာကံပေါ့လို့ သဘောထားသူဖြစ်သည်။ မေမေကလည်း ခါးခါး သီးသီးတော့ မဟုတ်လှပါ။

ဒီအရွယ်သားကို ယတိပြတ် အမိန့်ပေးဖို့ ကြိုးကိုင်ဖို့ မဖြစ် နိုင်ဘူး ဆိုတာလည်း သိလေရာ အင်တင်တင် ဖြစ်သည်ဆိုရုံသာ။ သား ဖြစ်သူကလည်း အသည်းမှအသည်း အပြောင်းအလဲမရှိ နှစ်တွေချီကြာ ညောင်းလာပြီ ဆိုတော့လည်း သူတို့ရဲ့ စွဲစွဲမြဲမြဲရှိမှုအပေါ် နားလည်တန်ဖိုး ထားရသေးသည် မဟုတ်လား။ ဖျက်မရဘူးဆိုရင်တော့လည်း ဖွတ်တား ဆီးမယ့် အစီအစဉ်မျိုး ရှိတာမဟုတ်။

"ဩထက်တောင် အများကြီးငယ်တယ် ထင်ရတာပါ၊ လေးနှစ်ကွာ တယ်ဆို ညီမ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့… လေးနှစ်နဲ့ နှစ်လပါ"

"အသည်းက ချောလည်းချောတယ်၊ မျက်နှာလေးကလည်း အေး အေးချမ်းချမ်းကလေးပဲ၊ အေး… ဝမ်းသာပါတယ် ညီမလေးရယ်"

"ဟုတ်ကဲ့… အသည်းလည်း ဝမ်းသာပါတယ် မမ၊ ခုလို တွေ့ရတာလည်း ဝမ်းသာပါတယ်၊ အသည်းအပေါ် ဖော်ရွေ လက်ခံတဲ့ အတွက်လည်း ကျေးဇူးတင်ပါတယ်"

"အို… အသည်းက ရယ်ရတယ်၊ လက်ခံတဲ့အတွက် ကျေးဇူးတင်ပါတယ်ဆိုတာ မိန်းကလေးဘက်က ပြောရမယ့် စကားမှ မဟုတ်တာ ညီမရယ်"

"အသည်းက အန်တီတို့ မမတို့ စိတ်အနှောင့်အယှက်ဖြစ်မှာ စိုးတာပါ၊ ဩကိုလည်း အမြဲပြောပါတယ်၊ အသည်းကြောင့် ဩရဲ့အိမ်ကမိသားစု စိတ်အနှောင့်အယှက်ဖြစ်မှာ စိုးရိမ်တယ်လို့၊ အသည်းဘက်မှာ အားနည်းချက် ရှိတယ်ဆိုတာ အသည်းသိထားတော့ ဩရဲ့အိမ်ဘက်က ဘယ်လိုအခြေအနေမျိုးကိုမဆို အသည်း လက်ခံယူဖို့ ပြင်ဆင်ပြီးသားပါ၊ အခု ဆေးရုံလာတာကလည်း ဩမေမေ ခွဲစိတ်ရတယ်ကြားလို့ အသည်း လူနာသတင်းမေး လာချင်တာ သက်သက်ပါ"

"သြော်… အသည်းရယ်"

"မမ တွေ့ပြီမဟုတ်လား၊ သူက ဘယ်လိုပုံစံဆိုတာ၊ ကျွန်တော် ပြောတယ်မဟုတ်လား၊ အလကားနေ သူ့ကိုယ်သူ နှိမ့်ချအားငယ် နေတယ်ဆိုတာ၊ ကဲ… အသည်း၊ ဒီမှာ ခွဲထားတဲ့ လူနာတောင် ဝေဒနာတစ်ဖက်ကြားက ပြုံးနေရပြီ… ကြည့်ဦး"

အသည်းက ဩရဲ့မေမေဘက် မရဲတရဲ လှမ်းကြည့်လိုက်ပါသည်။ အမျိုးသမီးကြီးက တကယ်ပဲ ပြုံးနေသည်။ ဝေဒနာတစ်ဖက်နှင့်မို့ ဖျော့ယဲ့ယဲ့ပင်။ အမေ မရှိခဲ့သူမို့ အမျိုးသမီးကြီးရဲ့အပြုံးတွင် အသည်းက နေရခက်ကာ မျက်လွှာလေး ချထားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကွေးတဲ့လက် မဆန့်ခင်၊ ဆန့်တဲ့လက် မကွေးခင် ဆိုတာလို လူတွေဆိုတာ ရောဂါဘယနဲ့ ကိုယ့်ကျန်းမာရေးနဲ့ လောကကြီးမှာ ဘယ်လောက်ကြာကြာ နေရမယ် မနေရဘူး၊ ဘယ်သူမှ တပ်အပ် ပြောနိုင်တာ မဟုတ်ဘူးလေ"

ညြမေမေက ခပ်ဖြည်းဖြည်းချင်း ပြောနေ၍ အသည်းက ငြိမ်၍ နားစိုက်ထောင်နေပါသည်။

"ဒီမတိုင်ခင် ဗိုက်ထဲကနာတယ်။ အစားမစားနိုင်၊ ဗိုက်ကြီးက ကယ်ပြီး နေရထိုင်ရတာ ဘယ်လိုမှ မသက်သာဘူး၊ တစ်ပတ်လောက် ဖြစ်နေပြီး ရုတ်တရက် အဖျားတွေတက်လာတော့ ကိုယ့်ကိုယ်ကိုယ် ငါတော့ တစ်ခုခုဖြစ်နေပြီဆိုတာ သိတယ်၊ ကျန်းမာရေးက ဆိုးဆိုး ဝါးဝါး မဖြစ်ဖူးတဲ့သူဆိုတော့ တစ်ခုခု ဖြစ်နေပြီ ထင်တဲ့အခါ အရင်ဆုံး စိတ်မချတာက ညြသုတကိုပဲ၊ အကြီးမဆိုလည်း သူ့ မိသားစု သူ့သားသမီးနဲ့ သာသာယာယာ၊ အလတ်မလည်း ညြ တြေးလျှမှာ သူ့မိသားစုနဲ့သူ သာသာယာယာ၊ ဒီကောင်လေးပဲ တစ်ယောက်တည်း ကိုးလိုးကန့်ကန့် ဖြစ်နေတယ်...

အကြီးမတို့ကလည်း သူ့ယောက်ျား Off-shore လုပ်ဖို့ ကြိုးစားနေတာ အဆင်ပြေရင် ခုလို သင်္ဘောတက်နေတာ မဟုတ် တော့ရင် သူတို့က ကလေးတွေပညာရေး အတွက်ရော စင်ကာပူ ရွှေ့နေဖို့ စဉ်းစားနေကြတာ၊ အဲဒီကျရင် ဒီကောင်လေးတစ်ယောက် တည်း ဘယ်လိုများ နေပါမလဲဆိုပြီး"

"အာ... မေမေကလည်းဗျာ"

"ဟုတ်တယ်လေ...၊ မေမေ မင်းကို စိတ်မဖြောင့်ပါဘူး"

"စိတ်မဖြောင့်ရအောင် မေမေတစ်ယောက်လုံး ရှိနေတာလေ အခု ခွဲစိတ်ပြီးပြီဆိုရင် မေမေ နေကောင်းပြီလေ"



www.burmeseclassic.com

www.burmeseclassic.com



"အေးပေါ့လေ၊ ကောင်းရင်လည်း ကောင်းသွားမှာပေါ့၊ မေမေလည်း နလပိန်းတုံး မဟုတ်ဘူး၊ ဘာကြောင့် ဘာဖြစ်နိုင်တယ် ဆိုတာ အထိုက်အလျောက် ဗဟုသုတရှိပါတယ် ညြသုတရယ်၊ ဘာပဲ ဖြစ်ဖြစ်ပါလေ၊ အန်တီက သူ့ကို အခြေတကျ တင့်တင့်တယ်တယ် လေး ကျန်ရစ်စေချင်ပါတယ် သမီး၊ သမီးတို့ကိစ္စ ကြားကြားချင်း တော့ စိတ်ထဲ တစ်မျိုးတစ်မည် ဖြစ်မိတာ အမှန်ပေါ့၊ ဒါလည်း သဘာဝပဲလေ၊ ဒီအတွက်လည်း သမီးက စိတ်ထဲမထားပါနဲ့"

"မထားပါဘူး အန်တီ၊ အသည်း နားလည်ပါတယ်"

"တကယ်တမ်း စဉ်းစားကြည့်တော့လည်း လူဆိုတာ သူ့ကံနဲ့သူ၊ သူ့ဝဋ်ကြွေးနဲ့သူ လာကြတာချည်းပဲမို့လား၊ ဒီလူနဲ့ ဒီလူ လာပြီး ဆုံစည်းမိကြတယ်ဆိုတာကိုက အတိတ်ကရေစက်ပါလို့ပဲ၊ ရေစက် မှန်ရင် ဖျက်လို့ရတာလည်း မဟုတ်ပါဘူး၊ အန်တီ သမီးတို့ကိစ္စကို ဖျက်ဖို့ ရည်ရွယ်ချက် မရှိပါဘူး"

အသည်းသည် ခေါင်းလေးငုံ့ထားလျက်နှင့်ပင် ဘာစကား ပြောရမည်မသိ ဖြစ်နေဆဲ အခန်းတံခါးက ဆတ်ခနဲ ပွင့်လာကာ...

"ဆရာကြီး round ပါမယ်"

"ဟုတ်ကဲ့... ဟုတ်ကဲ့"

"ဆရာကြီးက အောက်မှာ ဆေးခန်းမထိုင်ခင် အပေါ်က ခွဲလူနာတွေ အရင် round လုပ်မယ် ကြည့်မယ် ဆိုလို့"

"ဟုတ်ကဲ့ ဆရာမ"

အသည်းရော ညြပါ အခန်းထဲ နေရာကျယ်အောင် အခန်း ထောင့်နား နေရာရွှေ့ဖယ်ပေးလိုက်ကြကာ မမသာ ခုတင်အနား တိုးရပ် အောင့်ဆဲ ဆရာဝန်ကြီးနှင့် သူ့နောက်လိုက်နောက်ပါအဖွဲ့တို့ ဝင်လာပါသည်။

"အသည်း"

"ဟင်... ညြ"



www.burmeseclassic.com

www.burmeseclassic.com



"အသည်းကို ပြောစရာရှိသေးတယ်"

"အင်... ဘာလဲ"

လေသံနှိမ့်ထားသော ညြကြောင့် အသည်းကခေါင်း ကလေး ကို ညြမျက်နှာနားထိ တိုးကပ်ကာ ဘာလဲဟု လေသံနှင့် မေးလိုက်ပါသည်။

"မေမေ့ကို ခွဲစိတ်တဲ့ ဆရာကြီးက ဦးပြေအောင်"

"ဟင်... ဘာ..."

အသည်းသည် တစ်ကိုယ်လုံးပင် တုန်သွားသလို ဖြစ်ကာ ဝင်လာတဲ့ ဆရာဝန်အဖွဲ့ကို မျက်စိခလုတ်တိုက်မတတ် အလန့်တကြား လှမ်းကြည့်လိုက်မိသည်။ ဦးပြေအောင်က အခန်းထဲက လူနာရှင်တွေကို မကြည့်သေးပေ။ ညြရဲ့မေမေကိုသာ ခံစားရတာတွေ ခပ်တိုးတိုး မေးနေသည်။

"ဟုတ်တယ်၊ ကေ့စ်က သူနဲ့ဆိုင်တဲ့ကေ့စ် ဖြစ်နေတာရယ်၊ ဝမ်း ဗိုက်ပိုင်း ဖစ်ဆစ်ရှင်ကလည်း ဆာဂျင်ဦးပြေအောင် ဆိုပဲ လွှဲပြီး လွှတ်လို့ မနေ့က သူ့ကိုပဲ လာပြလိုက်တာ၊ ကျွန်တော်က သူ့ကို သိပေမယ့် သူက ကျွန်တော့်ကို မသိတော့ ကိစ္စမရှိဘူး ဆိုပြီး"

အသည်းသည် ကျောက်ရုပ်ကလေးလို တုတ်တုတ်မလှုပ် အတောင့်သားလေး ဖြစ်နေပါသည်။ ကမ္ဘာကြီးကလည်း ကျဉ်းရန်ကောလေ။ ကျဉ်းတဲ့ကမ္ဘာကြီးထဲမှာ ဝမ်းဗိုက်ပိုင်းခွဲစိတ် သမားတော်တွေ အခြားရှိပါ သေးလျက် ဦးပြေအောင်နဲ့မှ တိုက်တိုက်ဆိုင်ဆိုင်။

"အဲဒါကြောင့် အသည်းကိုလည်း ဆေးရုံဆင်းပြီး အိမ်ပြန်ရောက် တော့မှ လာခဲ့ပါလို့ ပြောနေတာ၊ အသည်းကလည်း ဒီနေ့ပဲ လာ ရမှဆိုတော့ ကျွန်တော်လည်း ဆက်တားမနေတော့တာ"

အသည်းသည် နွေးစပြုမယ်ကြံသော လက်ဖျားလေးတွေ ပြန်လည်အေးစက်လာတာကို ဆုပ်နယ်ရင်း...

"အန်တီတို့ သိလား"

"ဘယ်သိမလဲ မေမေတို့ မသိပါဘူး၊ ကျွန်တော်လည်း အကြောင်း မထူးတာ ပြောမနေတော့ဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



ဦးပြေအောင်သည် လူနာကို ဆက်သွင်းဖို့ဆေးတွေ နာ့စ်ကို ညွှန်ကြားကာ သာမိုမီတာ ကိုယ်တိုင်ယူလျက် လူနာကို အဖျားတိုင်းရင်း...

"ကောင်းပါတယ်... အဖျားလည်းကျတယ်၊ လူနာကလန်းတယ် လေ... နော်၊ အခု အထဲကပိတ်ဆို့နေတဲ့ အပိုင်းကိုလည်း ဖယ် လိုက်ပြီ"

ပြောရင်းက လူနာရှင်တွေဖြစ်တဲ့ မမကိုရော ဩနှင့် အသည်း ဆက်ကိုရော တစ်ချက်ဝေ့ကြည့်လိုက်ရာ အသည်းကို မြင်လျှင် အံ့အားသင့် သွားပုံနှင့် အကြည့်က ရပ်တန့်သွားသည်။ စက္ကန့်ပိုင်းမျှ ဆက်ကြည့်နေပြီးမှ နှုတ်ဆက်သလို ခေါင်းတစ်ချက် ဆတ်လိုက်လေသည်။

"ကျွန်တော် မနေ့က ပြောသလို အခု ဖြတ်လိုက်တဲ့ဆီက အစိတ် အပိုင်းကိုတော့ Biopsy လုပ်ဖို့ ပို့လိုက်ပြီ၊ အဲဒီက ပြန်လာတဲ့ result တော့ ပြန်ကြည့်ရဦးမယ်၊ အဲဒါကြည့်ပြီးမှပဲ ကျွန်တော်လည်း ဆက်ပြီးညွှန်ကြားနိုင်မယ်၊ ခုအခြေအနေကတော့ ကောင်းတယ်၊ လောလောဆယ် ဘာမှစိုးရိမ်စရာမရှိဘူး၊ မေးစရာရှိရင် ကျွန်တော် အောက်မှာ ရှိနေမယ်၊ ကိုးနာရီလောက်ထိတော့ ရှိမယ်ထင်တယ်"

ဦးပြေအောင်က ခေါင်းတစ်ချက်ညိတ်ပြီး လှည့်ထွက်လိုက် ပါသည်။

"ကျေးဇူးတင်ပါတယ် ဆရာကြီး"

မမရဲ့အပြောကို လက်တစ်ဖက် လက်ပြသလို ထောင်ပြကာ ဆက်ထွက်သွားတဲ့ ဦးပြေအောင်ရဲ့ နောက်ကျောကို အသည်း မမိုတ်မသုန် ထိုက်ကြည့်နေမိသည်။ ရင်တွေလည်း တလှပ်လှပ်တုန်ကာ မျက်လုံးတွေပါ ပြာဝါးနေပါသည်။ ဘယ်လိုမှ မထင်မှတ်တဲ့ အချိန်မှာ ကိုကြီးကို ရုတ်တ ရက် ရင်ဆိုင် တွေ့လိုက်ရခြင်း၌ လူကတုန်လှုပ်ကာ ချက်ချင်းတည်ငြိမ် အောင် ဆောက်တည်လို့မရဘဲ ဖြစ်နေသည်။

မတွေ့တာကြာတဲ့ ကိုကြီး ကြီးရင့်သွားလိုက်တာ။ ကိုကြီးရဲ့ ခင်ကိုမူလအတိုင်း ရုပ်သွင်က ဖြူသန့်လတ်ဆတ်နေမြဲပေမယ့် မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ကရင့်ရော်သွားသည်။ ပြီးတော့ ကိုကြီး မျက်မှန်တောင် အမြဲတပ်ထားရပြီ။ အင်မတန် ချစ်မြတ်နိုးခဲ့ဖူးတဲ့ ယောကျ်ားတစ်ယောက် တစ်မိုးတည်းအောက် အတူနေခဲ့ဖူးတဲ့ ယောကျ်ားတစ်ယောက်ကို အနီးကပ် ပြန်လည်ရင်ဆိုင်တွေ့လိုက်ရခြင်းဟာ တုန်လှုပ်ခြောက်ခြားစရာ ကောင်းလှပါကလား။

"သြ… ခွဲစိတ်တုန်းက ဗိုက်ထဲမှာ မြင်ရတဲ့ အခြေအနေ ဘယ်လိုရှိလဲ၊ ဒီထက် အသေးစိတ် ငါသိချင်တယ်၊ ဆရာကြီးကို လိုက်မေးကြည့်ပါလား၊ ခုနက ငါမေးမလို့ လုပ်နေတုန်းပဲ ဆရာကြီးက ပြောလည်းပြော ထွက်လည်းထွက်သွားမို့လို့ ကြာကြာမမေးရဲလို့မမေးလိုက်ရဘူး၊ သူ လူနာကြည့်တာပြီးမယ့် အချိန်လောက် မှန်းပြီး ဆင်းစကားပြောကြည့်ပါဦး သြ"

သြက ခေါင်းတစ်ချက်ညိတ်ပြီး အသည်းကိုငုံ့ကြည့်လိုက်ပါသည်။ ယောင်နနမူဟန်ပျက်နေသော အသည်းရဲ့လက်ဖျားလေးကို ဆုပ်ညှစ်လိုက်ရင်း…

"အသည်းလည်း လိုက်ခဲ့လိုက်ပါလား"

အသည်းက သြကို အလန့်တကြား တအံ့တသြ မော့ကြည့်လိုက်ပါသည်။

"အသည်းပါရင် သူ ပိုပြီးဂရုတစိုက် စိတ်ရှည်လက်ရှည် ပြောပေးမယ် ထင်တယ်လေ၊ လိုက်ခဲ့ပါလား"

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com

## (၁၀)

"ဒီလို အူလမ်းကြောင်းမှာ blockage ဖြစ်တာမျိုးက မြန်မြန်လေး ခွဲစိတ်ကုသရတယ်၊ အခန့်မသင့်ရင် အူကွဲသွားတာမျိုး၊ လူနာမှာ အန္တရာယ်ရှိတယ်လေ၊ မနေ့က အာလ်ဘဲရာဆောင်းမှာလည်း ခပ်ဗျား တို့ တွေ့တယ်မဟုတ်လား၊ အူက တော်တော်လေး ပိတ်ဆို့သလို ဖြစ်နေပြီလေ၊ အူလမ်းကြောင်း ဆိုတာကဗျာ ပေအစိတ်လောက် ရှည်လျားနေတာ၊ တစ်နေရာရာမှာ အကြောင်းတစ်ခုခုကြောင့် သွား ပိတ်လိုက်တော့ အဲဒီပိတ်တဲ့နေရာရဲ့ အပေါ်မှာ ကြာတော့ အစာတွေ အရည်တွေ ဂက်စထရစ်အက်ဆစ်တွေ စုပုံလာပြီးတော့ အဲဒီအူကို ပရက်ရှာဖြစ်စေတာပေါ့၊ အူကတင်းလာတော့ နာလာတယ်၊ သိပ် ကြာသွားရင် ပေါက်ပြဲသွားနိုင်တာပေါ့၊ လုံးဝမကုသပဲ ဒီတိုင်းထားပြီး အဲသလို အူက ပေါက်ပြဲသွားရင် ကွဲသွားရင် အသက်တောင်ဆုံးနိုင် တာပေါ့ဗျာ"

လက်နှစ်ဖက်ကို လက်ဟန်နှင့်ပြကာ ရှင်းပြနေသော ဦးမြေ အောင်ကို အသည်းက ငေးစိုက်ကြည့်နေသည်။ သူက ဩကို အဓိကကြည့် ကာ ရှင်းပြနေတာဖြစ်၍ အသည်း သူ့ကို ကြည့်နေခွင့်ရသည်။ ရှည်သွယ် သော လက်ချောင်းဖြူဖြူများဟာ မှတ်မိစရာ ဖြစ်နေသည်။ စကားပြောလျှင် ခေါင်းတညိတ်ညိတ်နှင့် ညင်ညင်သာသာ ပြောဆိုဟန်ဟာ မေ့နိုင်စရာ

www.burmeseclassic.com



ဖြစ်သည်။ မျက်ဝန်းများက နူးညံ့၍ ကြင်နာရိပ် လွှမ်းနေသည်မှာ အရင် လောက် မတောက်ပ မကြည်ရွှန်းတော့သော်လည်း နှစ်လိုစရာကောင်းသည်။ မထူမပါး နှုတ်ခမ်းများက ယုံစားစရာ ကောင်းသည်။

သူ့ကို သိပ်ကို တစ်ဖက်သတ်ဆန်စွာ လိုက်ချစ်နေမိခဲ့တဲ့ ဆယ်ကျော်သက် မိန်းကလေးကို ကရုဏာသက်သလို ပြုံးခဲ့ဖူးတဲ့ ဤ နှုတ်ခမ်းတို့ကို မမေ့။ အသည်းတို့ အိမ်မပြန်ဖြစ်တော့ဘဲ တစ်နေရာကို ခိုးပြေးခဲ့ကြတဲ့နေ့က သူ့နဖူးပြင်ပြေပြေရဲ့အစပ်မှာ ချွေးဥတို့ စို့သီးနေခဲ့ကာ ဤချွေးဥတို့ကို သူ့လက်ချောင်းဖြူသွယ်ရှည်တို့နှင့် သုတ်လို့မနိုင်။ အင်မ တန်ကျဉ်းကျပ် စိတ်အိုက်စွာ ကိုကြီး ဖွတ်တိုးဝင်ခဲ့တဲ့ အိမ်ထောင်ရေးပါလေ။

"ဗိုက်ကြီးက bloating ဖြစ်ပြီး အန်တီ နာလာတယ်၊ နောက် အန် တယ်၊ ဝမ်းမသွားတော့ဘူး၊ နောက်ဆုံး အဖျားပါတက်လာတာ ရက်နည်းနည်းကြာလာတဲ့ သဘောပေါ့၊ ဒါကြောင့် ကျွန်တော် ချက်ချင်းခွဲခိုင်းတာ၊ ခင်ဗျား ရှင်းအောင်ပြောရရင် အဲသလိုအူပိတ် တာက အကြောင်း အမျိုးမျိုး ရှိတယ်ဗျ၊ Colon cancer ဖြစ်ခဲ့ရင် အထဲမှာ tumor က အူလမ်းကြောင်းကို block ဖြစ်စေတာပေါ့၊ နောက်တစ်ခုက တစ်ခါတလေ gallstones ရှိရင်လည်း အဲဒါ အူလမ်းကြောင်းကို ဖိထားမိပြီး block ဖြစ်တာမျိုး ဖြစ်တတ်တယ်၊ နောက်... အူထဲမှာ Scar လေးတွေရှိနေတာ အူကရောင်နေတာနဲ့ အူလမ်းကြောင်းက ကျဉ်းသွားပြီး ပိတ်လာတာမျိုးလည်း ဖြစ်တတ် တယ်ဗျ...

အခုက လူနာမှာက tumor တော့ မရှိနေပါဘူး၊ အူလမ်း ကြောင်းမှာ အနာလေးတွေ ရှိဖူးမယ်၊ အဲဒီကနေ Scar လေးတွေ ကျန်နေမယ်၊ အူကရောင်လာတဲ့အခါ ပိတ်သလို သွားဖြစ်တယ်၊ အဲဒါမျိုးလို့ ကျွန်တော်က သတ်မှတ်ပါတယ်၊ အခုခွဲတော့လည်း တွေ့တယ်၊ Scar လေးတွေ ရှိတယ်၊ လုံးဝ ပိတ်ဆို့သွားတာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပေမယ့် လမ်းကြောင်းက ပိတ်မတတ် ကျဉ်းနေတာပေါ့၊ ဘာပဲဖြစ် ဖြစ် အသားစတော့ ယူပြီး biogsy တော့ လုပ်ကြည့်ရတာပဲ၊ အဖြေမရသေးတော့ အတပ်တော့ မပြောနိုင်ပါဘူး၊ ဒါပေမဲ့ သိပ်မစိုးရိမ်ပါနဲ့၊ Cancer ဖြစ်ဖို့ Chance နည်းပါတယ်"

"ဟုတ်ကဲ့ပါ ဆရာကြီး၊ ကျေးဇူးအများကြီး တင်ပါတယ်"

အခန်းထဲ ဝင်လာကတည်းက ဩကြ "အပေါ်က လူနာ ဒေါ်ဖြူဖြူလှဲ့ရဲ့သားပါ"လို့သာ သူ့ကိုယ်သူ မိတ်ဆက်ပေးပြီး အသည်းကိုတော့ အထူးတလည် ဘာမှမိတ်ဆက်မနေ။ ဦးပြေအောင်ရှေ့ ထိုင်ကြတော့လည်း ဦးပြေအောင်က နှစ်ယောက်လုံးကို တစ်ချက်စီကြည့်ပြီး "ထိုင်ပါ" သာပြောလျက် အသည်းကို နှုတ်ဆက်ခြင်းမပြု။ အသည်းကလည်း ဘာမှ မပြော။ အသာအယာ ဝင်ထိုင်ခဲ့သည်။

မသိချင်ယောင် ဆောင်နေကြတာမျိုးလည်းမဟုတ်။ ဖြတ်သွားဖြတ်လာ မျက်မှန်းတန်းဖူးသူ တစ်ဦးနဲ့တစ်ဦး နှုတ်ဆက်သလောက်သာ ခေါင်းတစ်ချက်ဆတ် ခေါင်းတစ်ချက် ဆတ်တာမျိုးနှင့် ပြောစရာစကားရယ်လို့လည်း မရှိသလောက် ရှားရှားပါးပါး ဖြစ်နေသည်။

"အဲဒါဆို ဆရာကြီး ကျွန်တော်တို့ကို ခွင့်ပြုပါဦး"

"ကောင်းပါပြီ"

"မနက်ဖြန်လည်း ဆရာကြီး မေမေ့ကို တစ်ချက်လောက်တော့ လာကြည့်ပေးပါဦးခင်ဗျ"

"လာမှာပါ၊ လာကြည့်မှာပါ၊ စိတ်ချပါ"

"ခွင့်ပြုပါဦး… ဆရာကြီး"

"ဟုတ်ကဲ့"

နှစ်ယောက်သား ထိုင်ရာမှထ,ရပ်ကာ တံခါးဝဘက် လှည့်ထွက်လာခင် အသည်းနှင့် ဦးပြေအောင် မျက်လုံးချင်းတော့ တစ်ချက်ဆုံသည်။ "သွားလိုက်ပါဦးမယ် ကိုကြီး"လို့ ပါးစပ်က အသံမထွက်ဘဲ မျက်လုံးများ

www.burmeseclassic.com

www.burmeseclassic.com



ကသာ ပြောမိတဲ့အခါ သူကလည်း နားလည်သလို ခေါင်းဆတ်လျက်။ ဘယ်လိုပင်ဖြစ်စေ နှစ်ယောက်အကြား အဲသလောက် စိမ်းကားနေဖို့ လိုအပ်လို့လား။ တံခါးဝနားမရောက်ခင် ခြေလှမ်းလေးငါးလှမ်း၌ အသည်း စိတ်တို့ တင်းကျပ်နေပြီး ဘဝင်မကျသလိုလည်း တနုံ့နုံ့ ခံစားရကာ တံခါးဝရောက်ခါနီး၌ မရည်ရွယ်ပါဘဲ တုံ့ခနဲရပ်လျက် ဦးပြေအောင်ဘက် လှည့်လိုက်မိသည်။

လူနာကုန်ပြီမို့ သူကိုယ်တိုင်လည်း စားပွဲမှ ထ,ရပ်လျက် တွေ့ထွက်တော့မည့် သဏ္ဌာန်မျိုး ရှိနေသော ဦးပြေအောင်က လှည့်လိုက် သော အသည်းကြောင့် သူ့ပါ ခြေလှမ်းတွေ တုံ့သွားသည်။ အသည်းသည် လက်နှစ်ဖက်ကို ရှေ့မှာချိတ်ဆက်လျက် လက်ချောင်းကလေးတွေချင်း လိမ်ချေပွတ်ဖွဲ့နေရင်းက အသံလေးတုန်တုန်နှင့်...

"ဟိုတလောက ကိုကြီးဆီကို အသည်း ဖုန်းတွေခေါ်သေးတယ်။ ကိုကြီး မကိုင်ခဲ့ဘူး"

အသည်းအသံက ကတုန်ကယင်နှင့်၊ ရင်ထဲမှာလည်း ဝမ်း နည်းလာသည်။

"ဩော်... ဟုတ်တယ်... ဟုတ်တယ်"

ဘာဟုတ်တာလဲ။ ဖုန်းခေါ်တဲ့သူ ကိုယ်တိုင်က ပြောနေတာ မဟုတ်ဘဲ နေပါ့မလား။ ဟုတ်လို့ ပြောနေမှပဲဟာ။

"ကိုကြီး ပြန်လည်းမဆက်ခဲ့ဘူး"

"..........."

"အသည်းသမီးလေးကိစ္စ မေးမလို့ တိုင်ပင်မလို့ပါ"

"ဩော်... အင်း... သူတို့ကိစ္စကတော့ အဆင်ပြေပြေ အေးအေး ဆေးဆေးပါပဲ"

"အခုလည်း အသည်း အစ်ကိုကြီးနဲ့ စကားပြောချင်တာ ရှိသေးတယ်၊ ဒါပေမဲ့ ခုလောလောဆယ်တော့ မပြောပါဘူး၊ ကိုကြီး အားတဲ့ရက် အားတဲ့အချိန် အသည်း စကားပြောချင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း... အကြောင်းထူးရော ရှိလား"

"အကြောင်းထူးလား မထူးဘူးလားတော့ မသိပါဘူး၊ မနန်းမိုက လည်း တစ်ခါဖုန်းဆက်တယ်၊ သူပြောစရာရှိလို့ ချိန်းတွေ့ရအောင်တဲ့၊ အသည်းက ဒီရက်တွေအတွင်း တကယ် လုံးဝမအားလပ်တာမို့လို့ အသည်းပြန်ချိန်းပါ့မယ်လို့ပဲ ပြောလိုက်ပါတယ်"

"အင်းလေ..."

ဦးပြေအောင်က စဉ်းစားနေသလို တစ်နေရာကို ခေတ္တငေးငိုင် စိုက်ကြည့်နေပြီးမှ...

"ဖုန်းဆက်လိုက်လေ၊ ပြောချင်တာ ရှိခဲ့ရင်"

အသည်းက ဘာမှထပ်မပြောတော့ဘဲ ခဏစိုက်ကြည့်နေပြီးမှ ခေါင်းတစ်ချက်ညိတ်ကာ ထွက်လာပါသည်။ တံခါးရှက်ကိုကိုင်၍ စောင့် နေတဲ့ ဩကို အနည်းငယ် မျက်နှာပူ အားနာသလို ခံစားနေမိသော်လည်း ထိုခံစားချက်ကို မေ့လိုက်ပါသည်။ လိုက်ခဲ့ပါလို့ သူ့ ခေါ်တာပဲလေ။

အပေါ်ပြန်တက်မယ့် ဓာတ်လှေကားထဲမှာ အသည်းနှင့် ဩဝဲ ပါလာသည်။

"အသည်း"

"... ... ..."

"ဦးပြေအောင်နဲ့ တွေ့ဖို့လိုလို့လား"

"... ... ..."

"အသည်း ဘာပြောစရာရှိလို့လဲ၊ ဖုန်းဆက်လိုက်ရင် ရတာပဲ မဟုတ်လား"

"တွေ့မှာကို ဩ မကြိုက်ရင် အခု အသည်းကို သူ့ဆီ ဘာဖြစ်လို့ အဖော်ခေါ်လာတာလဲ"

"ကျွန်တော် ခေါ်လာတာ ရည်ရွယ်ချက်ရှိပါတယ်၊ ဒီကြားထဲ တစ်လျှောက်လုံး အသည်းတို့ တစ်ယောက်နဲ့ တစ်ယောက် မတွေ့



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကြဘူး မဟုတ်လား၊ မင်္ဂလာပွဲကျရင် မတွေ့မဖြစ် တွေ့ရမှာ အဲဒီကျ အစိမ်းသက်သက် မျက်နှာပူပူနဲ့ ဆက်ဆံရ ခက်မှာစိုးလို့ ဒီကြားထဲမှာ ပေါ့ပေါ့ပါးပါး မျက်နှာချင်းဆိုင် တွေ့ထားလိုက်တာက နှစ်ယောက်ကြားက တင်းမာမှု အချိုးမကျမှုတွေကို ပြေလျော့စေ မယ်ထင်တဲ့ အတွေးကြောင့်ပါ၊ မေမေ့အကြောင်း မေးတဲ့အခါ အသည်းပါပါရင် သူသေချာစိတ်ရှည်ရှည် ရှင်းပြပေးမယ် ထင်တယ် ဆိုတာက ကျွန်တော် အကြောင်းပြချက်တစ်ခုအဖြစ်သာ ပြောလိုက် တာပါ၊ မင်္ဂလာဆောင်ကျ တွေ့တဲ့အခါ အသည်းမှာ Tension ဖြစ်မနေအောင် အခုမျက်နှာချင်းဆိုင်ဖြစ် စကားပြောဖြစ်အောင် ကျွန်တော် ခေါ်လာတာပါ"

"ကျေးဇူးတင်ပါတယ်၊ အဲဒါဆို အခု အသည်း သူနဲ့တွေ့ဖို့ကို ဘာဖြစ်လို့ ဩ မကြိုက်တာလဲ"

"မကြိုက်တာတော့လည်း မဟုတ်ပါဘူး၊ မလိုလားအပ်တဲ့ အကျိုး သက်ရောက်မှုမျိုးတွေ ရှိလာမှာစိုးလို့ပါ"

"ဘယ်လိုမျိုးတွေလဲ၊ အသည်း နားမလည်ဘူး"

"ကျွန်တော်လည်း ဘာတွေဖြစ်လာနိုင်တယ်တော့ ကြိုမပြောနိုင်ဘူး အသည်း၊ အသည်း သူနဲ့ပြောစရာ အကြောင်းအရာ အရေးတကြီး ရှိလို့လား၊ အသည်းရဲ့အကြောင်းအရာက ခိုင်လုံနေရင်တော့ ကျွန် တော် မတားပါဘူး၊ သိပ်အရေးမကြီး မခိုင်လုံရင်တော့ အသည်း စဉ်းစားပါဦး"

အသည်းသည် တကယ်တော့ ဦးပြေအောင်ကို ရန်တွေ့ချင် လှတာ ဖြစ်သည်။ ဖုန်းထဲကနေ လူမမြင်ရဘဲ ဘယ်လိုလုပ် ရန်တွေ့လို့ ကောင်းပါ့မလဲ။ မျက်နှာကို စေ့စေ့ကြည့်ပြီး ပြောချင်ရာတွေ နင့်နင့်နဲ့ ပြောခွင့်ရမှ ရန်တွေ့လို့ ကောင်းတာပေါ့။ ရင်ထဲမှာ နာကျင်သည့် အကြောင်းကိစ္စရှိလို့ ဖုန်းဆက်တာကိုတောင်မှ ကိုင်လည်းမကိုင် အားချိန် လည်း ပြန်မဆက်။



www.burmeseclassic.com

www.burmeseclassic.com



အဲသလို ပစ်ပစ်ခါခါ ပြုမူရအောင် အသည်းက ဘာအပြစ်ရှိလို့လဲ။ မဆက်ဆံချင်လောက်စရာ ပြစ်မှုနဲ့ မိန်းမလား။ ပတ်သက်ချင်စရာကောင်းလောက်အောင် ဖြစ်နေတာလား။ ဒီတန့်နဲ့ မခံချင်မှုကို မျိုသိပ်ချထိုက်ပြီး မေ့မေ့ဖျောက်ဖျောက် ထားထားတာ။ ဒီနေ့ ကိုကြီးကို တွေ့လိုက်ရတော့ တခြားအမှတ်ရစရာတွေနှင့်အတူ ရင်ထဲကပေါ် နာကျင်မှု ပြန်လည်နှိုးကြွလာသည်။

နောက်ဆုံး ပြောလိုက်တဲ့ စကားတောင် "ပြောချင်တာရှိရင် ဆန့်ဆက်လိုက်လေ"တဲ့။ အဲသလို ပြောလိုက်မှ မျက်နှာချင်းဆိုင် သွားတွေ့ချင်စိတ်က ပိုပြီးပြင်းထန်လာသည်။ အဲသလောက်တောင် ဖြစ်နေရအောင် အသည်းဘက်မှာ ဘယ်လောက်တောင် အမှားအယွင်းတွေ အပြစ်တွေ အလွန်တွေ ရှိနေလို့လဲ။

အသည်းသည် တွေးရင်း တွေးရင်း ဝမ်းနည်းလာသည်။

"အသည်း…"

ဩနှင့်အသည်း ဩအမေရဲ့အခန်းဝမှာ ရပ်မိသည်။ အခန်းထဲ မဝင်မိသေး။ အသည်းမျက်နှာပေါ်က မှုန်မှိုင်းညို့ဆိုင်းနေတဲ့ အရိပ်အယောင်ကို အထင်းသား မြင်နေရ၍ ဩသုတက သက်ပြင်းခပ်မောမော ချမိသည်။ ဦးပြေအောင် ရှေ့မှောက်ကို ခေါ်သွားမိတာ မှားများမှားသွားပြီလား။

"အသည်း ဘာဖြစ်နေတာလဲဟင်"

"ဘာမှ မဖြစ်ပါဘူး ဩ"

"ဖြစ်တယ်လေ၊ တစ်ခုခု ဖြစ်နေတယ်လေ၊ ဦးပြေအောင်နဲ့ ပြန်တွေ့လိုက်ရတာ အသည်းအတွက် ခံစားချက်တစ်ခုခု ဖြစ်စရာ ဖြစ်သွားလား၊ ကျွန်တော် ခေါ်သွားလိုက်တာ မှားသွားပြီလား၊ အပြစ်ရှိသွားလား"

"ဩမှာ အပြစ်မရှိပါဘူး၊ မှားလည်း မမှားပါဘူး၊ အသည်း ခံစားချက်နဲ့ အသည်းပါ"



www.burmeseclassic.com

www.burmeseclassic.com



အသည်းခံစားချက်နဲ့ အသည်း ဆိုတဲ့ စကားက ဩသုတာ ရင်ကို ဆူးခက်နှင့် မွှေ့လိုက်သလို အခံရခက်စေသည်။ ဦးပြေအောင်နှင့် ပတ်သက်လျှင် ခုချိန်ထိ ခံစားစရာ ရှိနေတုန်းလား။ ဩသုတာ ရင်ထဲ ပူလောင်လာပါသည်။

"တကယ်လို့ ဦးပြေအောင်ကို အသည်း မဖြစ်မနေ သွားတွေ့ဖြစ်မယ်ဆိုရင် ကျွန်တော့်ကိုပါ ခေါ်မလား အသည်း၊ ကျွန်တော် လိုက်လို့ရမလား"

"ဟင့်အင်း..."

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com

## (၁၁)

တကယ်တော့ ဇာတ်လမ်းတစ်ခုလုံးရဲ့အစမှာ မှားယွင်းသူက အသည်း ဖြစ်ခဲ့ပါသည်။ ဆယ့်ခြောက်နှစ်အရွယ် မြီးကောင်ပေါက် တစ်ယောက် အဖြစ်နဲ့တုန်းကတော့ ဒါကိုအမှားလို့ အသည်း မထင်ခဲ့မိပေ။ အသည်း သိပ်ချစ်မိသူ တစ်ယောက်ရဲ့ အချစ်ကို ပြန်လည်ရရှိဖို့ အသည်း ကြိုးစားအားထုတ်မိခြင်းဟာ အပြစ်တစ်ခုလို့ မတွေးခဲ့မိပါ။ အမိအုပ်၍ ကြီးပြင်းခွင့်မရခဲ့လို့ ရယ်လို့လည်း မရှိတော့တဲ့ အမေကို အသည်း အပူ တောတ်လိုပါ။

အသည်းတို့ ဆိတ်ငြိမ်ရပ်ကွက်လေးရဲ့ ထိပ်အိမ်က ခြံဝမှာ ဆိုင်ခန်းငယ်လေး သုံးခန်းတွဲဆောက်ကာ အလယ်ခန်းကို ဆေးခန်းလေး ဖွင့်လိုက်တာကစ,ပြီး အသည်းဘဝ ကျွမ်းထိုးမှောက်ခုံ ဖြစ်ခဲ့တာပင်။ ဘိုတက်စွန်းအခန်းဟာ စာအုပ်နှင့်ဗီဒီယို ငှားဆိုင်။ ဒီဘက်စွန်းအခန်းက ဆံပင်ညှပ် ခေါင်းလျှော်ဆိုင်ကလေး။

စာအုပ်သရဲ ဝတ္ထုသရဲဖြစ်တဲ့ အသည်းဟာ စာအုပ်ငှားဆိုင် လေးကိုမြင်လျှင် ဝမ်းသာလှသည်။ ဟိုးအဝေး ဈေးနားအထိ တစ်ပတ်ကြီး လျှောက်စရာမလိုဘဲ လမ်းထိပ်တင် စာအုပ်ငှားလို့ရပြီ။ အဲဒီစာအုပ် ဆိုင်လေးကို တစ်ရက်မပြတ် သွားရင်းက တစ်နေ့တွင် အလယ်ခန်း ဆေးခန်းကလေး၌ ဆေးခန်းလာထိုင်သော ဆရာဝန်ငယ်လေးဒေါက်တာ

www.burmeseclassic.com



ပြေအောင်ကို အမှတ်မထင်အမြင်၌ အချစ်ဆိုသော ပန်းကလေး အသည်းရဲ့ နှလုံးသားမြေပြင်မှာ လှပစွာ ဖူးပွင့်ခဲ့ပါသည်။

စာအုပ် သွားငှားသည်။ ခေါင်းသွားလျှော်သည်။ ထိုမှတစ်ဆင့် တက်ကာ အသည်းသည် လည်ပင်းကို ဖျစ်ညှစ်လျက် ချောင်းတခွပ်ခွပ်လုပ် ဆိုးရင်း တစ်ယောက်တည်း ဆရာဝန် ဝင်ပြသည်။ နောက်တစ်နေ့လည်း မသက်သာဘူးဆရာလို့ သွားပြောသည်။ သုံးရက်ဆက်လာလျှင် ကြင်နာ ခင်မင်တတ်သော ဆရာဝန်က အသည်းကို အငိုက်ဖမ်းကာ စကားတွေ ဟိုမေး ဒီမေး တောင်ပြော မြောက်ပြော အကြာကြီးလုပ်ပြီးမှ အပြုံးချိုချို နှင့်...

"ကဲ... ချောင်းက အခုတော့ တောက်လျှောက် မဆိုးပါလား။ ဆေးတွေရပ်လိုက်တော့၊ နက်ဖြန် လာစရာမလိုတော့ဘူး၊ ကောင်း သွားပြီ"

ငှားလာသော စာအုပ်ကိုပိုက်၍ ခေါင်းငိုက်စိုက်နှင့် အိမ်ကို ပြန်လာကာ ဘာရောဂါဖြစ်ရင် ကောင်းပါ့မလဲ အကြံထုတ်ရသည်။ သူ့ အလိုအလျှောက် အလိုက်သိစွာနှင့်လည်း ဘာရောဂါကမှ ဖြစ်မလာခဲ့။ တစ်နေ့ တစ်နေ့ စာအုပ်ငှားရင်း ဖျတ်ခနဲ လေအဝှေ့၌လွင့်သော ခန်းဆီး အစိမ်းနုလေးနောက်မှ ဆရာဝန်ကို မြင်လိုမြင်ငြား ချောင်းကြည့်ရင်းက မြောင်းဖုံးနှင့် ခလုတ်တိုက်လဲ ဒူးပြဲသောနေ့တွင် အသည်း ပျော်လိုက်တဲ့ ဖြစ်ခြင်း။

ချက်ချင်း သွေးစို့ပွန်းပဲ့သော ဒူးပြဲနှင့် ဆရာဝန် ဝင်ပြသည်။ အသည်းကိုမြင်လျှင် ဆရာဝန်က လန့်သွားဟန်နှင့်...

"ချောင်းဆိုးပျောက်ပြီ မဟုတ်လား"

"အခုက ဒူးပြဲလို့ပါ"

"ဒူးက ဘာလို့ပြဲရတာလဲ၊ အာ... တကယ်ပဲ၊ သွေးတွေနဲ့၊ အဲ... ကဲ... ခုတင်ပေါ်တက်၊ ဒီဘက်ခြေထောက်ချထိုင်"



www.burmeseclassic.com

www.burmeseclassic.com



လုပ်ချောင်းကြီး ဆိုးကာ လာလာပြုကတည်းက အမြင်ကတ်နေသော သူနာပြုအဘွားကြီးက အသည်းဒူးကို အရက်ပုံ့ဗွမ်းနှင့် နင်းဖိဖွတ်လေရာ အသည်း မျက်ရည်ပေါက်ပေါက်ကျအောင် ငိုရသည်။ တကယ်တော့ အသည်း ဆိုသည်မှာ ဆေးခန်းကြောက်၊ ဆေးသောက်ကြောက်၊ အရက်ပုံ့တွေ တင်ချာတွေ အသေကြောက်သော အသည်းငယ်သူရယ်ပါ။ ဆေးတစ်ပြားမျိုးဖို့ရာ ရေတစ်ဘူးလောက်ကုန်တဲ့အပြင် ငှက်ပျောသီး၊ သကြားလုံး၊ ချောကလက် စသည်တို့ ကူရသည်။ တစ်ခါတစ်ရံ အဖေ့မှာ ကြိမ်လုံးပါ ကူရသည်။

"မင်း ဘယ်နှတန်းလဲ"

"ဆယ်တန်း"

"ဆယ်တန်းနှစ်ဆို အရေးကြီးတယ် စာကြိုးစားနော်၊ စာ သေချာကျက်၊ ဝတ္ထုတွေချည်း လာလာငှားဖတ်မနေနဲ့၊ ဆယ်တန်းအောင်ရင် ဆရာဝန်လိုင်း မမီချင်ဘူးလား၊ ဆရာဝန် မလုပ်ချင်ဘူးလား"

"မလုပ်ချင်ပါဘူး၊ ဆရာဝန်အစ်ကိုပဲ လိုချင်တာ... အဟဲ"

စိတ်ထဲကတော့ တစ်မျိုးပေါ့နော်။ နှုတ်ကတော့ ထိန်းထိန်းသိမ်းသိမ်း ပြောရတာပေါ့။ ဒါလောက်ကိုတောင် သူနာပြုကြီးသည် ချောင်းမချိတ်လို့မပြီး။ နောက်ပိုင်းမှ ပြန်သိရသည်မှာ သူနာပြုကြီးသည် ကိုကြီးတို့နှင့် မကင်းရာ မကင်းကြောင်း ဆွေမျိုးနီးစပ်ထဲကဖြစ်၍ ကိုကြီးအမေက သူ့သားဆရာဝန်အတွက် စိတ်ချလက်ချ လက်ရွေးစင် ရွေးပေးထားတဲ့ သူနာပြု ဆိုတာပင်။

ကိုကြီးကို ပန်းသီးလေး လာကျွေးလိုက်၊ အအေးလေးတစ်ဘူး လာပေးလိုက်၊ ချောကလက်လေး ပေးလိုက်။ မိန်းမ ကြိုက်တာပေမယ့် ချိတ်စိုက်လာဖြစ်သည်မှာ အသည်း ဆိုးတာ၊ အသည်း ကဲတာ၊ အသည်း ဘူခြေမရှိတာ။ ခုချိန်မှာတော့ အသည်း ဤသို့ပြန်တွေးတိုင်း ရှက်ရွံ့မိသော်လည်း အဲဒီတုန်းကတော့ ကိုယ့်ကိုယ်ကိုယ် သူရဲကောင်းအလားအောင်နေမိတာပင်။



www.burmeseclassic.com

www.burmeseclassic.com



သူနာပြုကြီး အရောက်နောက်ကျပြီး ကိုကြီးက စောနေဘာ မျိုးလည်း ရှိခဲ့သည်။ ထိုနေ့မျိုးတွင် အသည်းကား သွားလေးတဖြဲဖြဲနှင့် ဆေးခန်းထဲ ဝင်ထိုင်စကားများ ဟိုမေး ဒီစပ်စု သာယာလိုက်တဲ့ဖြစ်ခြင်း။ နောင်တွင်တော့ ကိုကြီးစော ရောက်သောနေ့တို့ ရက်ခြား ရက်ခြား ပေါ် လာတတ်ခဲ့သည်မှာ တိုက်ဆိုင်တာလို့ပဲ ကိုကြီး ငြင်းပါလေ။ ကိုကြီးဘက်က အားထုတ်မှု မဟုတ်ဘဲ မတော်တဆ အမြဲနီးပါး စောနေခဲ့တာလို့သာ အသည်း လည်စင်း ယုံစားလိုက်ပါတယ် ကိုကြီးရယ်။

"ဟိုလေ... အသည်းတို့ ခင်နေပြီဆိုတော့ ဒေါက်တာ့ကို အသည်း အစ်ကိုကြီးလို့ ခေါ်လို့ရမလား"

တကယ်ဆို ကိုကြီး မျက်နှာထိ မျက်နှာထားနဲ့ အသည်း ရှက်အောင် တားမြစ်လမ်းပိတ်လိုက်လို့ ရခဲ့ပါတယ် မဟုတ်လား။ သဘော ကောင်းတဲ့ ကြင်နာတတ်တဲ့ ကိုကြီးဟာ ဘာကြောင့်ပဲဖြစ်ပါစေ အသည်း ကို ကိုကြီးထံပါးမှ အဝေးသို့ နှင်မထုတ်ခဲ့တာတော့ ကိုကြီး ဝန်ခံမယ် မဟုတ်လား။

"ဟင်... အသည်းက ကိုယ့်အစ်ကိုလိုမျိုး သဘောနဲ့လေ၊ အသက် လည်းကွာတော့ အစ်ကိုကြီးလို့ခေါ်ရင် ရမလားလို့ပါ"

"မရဘူး"

ငြင်းစကားက ဘာဖြစ်လို့ ပြုံးရိုမြဲသော နှုတ်ခမ်းက ထွက် လာတာလဲ။ ငြင်းမယ်ဆိုရင် ဘာဖြစ်လို့ ရွှန်းတောက်တောက် ချစ်စနိုး ကြည့်တာလဲ။ အဲဒီအကြည့် အဲဒီအပြုံးနှုတ်ခမ်းနဲ့ မရဘူးလို့ ငြင်းတာကို အသည်းက အတည်ယူစရာလား။

"အဲဒါဆိုရင် အရှေ့ဆုံးက 'အ'ဖြုတ်လိုက်မယ်နော်၊ ကိုကြီးလို့ပဲ ခေါ်လိုက်ပါတော့မယ်"

ဤသို့နှင့်နှင် တစ်စထက်တစ်စ ရှေ့တိုးခရီးရောက်ခဲ့လ သော အသည်းနှင့် ကိုကြီးတို့ နှစ်ဦးအကြားက သံယောဇဉ် ငြိတွယ်မှုမှာ



www.burmeseclassic.com

www.burmeseclassic.com



အသည်းက လမ်းခင်းသူဖြစ်၍ ကိုကြီးက နင်းလျှောက်သူတော့ ဖြစ်ခဲ့သည်ပဲနော်။ ကိုကြီး ဒီလမ်းပေါ် လုံးဝမလျှောက်ချင်လို့ တခြားဘက်ကို တွေ့ဆင်းသွားခဲ့လျှင်လည်း ရနိုင်ပါလျက် ကယ်နှင့်လို့ အသည်း အပြစ်အဖော်မစပ်လိုပါ။ အသည်းသာ မိုက်မှားသူ ဖြစ်ပါစေ။

တစ်ကြိမ်တွင်တော့ ကိုကြီးက သူ့ရဲ့နစ်မျောသာယာစိတ်ကို သူ့ဘာသာ အသိဉာဏ်နှင့် ချုန်းအုပ်လျက် အသည်းကို သတိပေး ထိန်းကွပ်သလို စကားဆိုဖူးခဲ့သည်။

"ကိုယ့်မှာ ချစ်သူတစ်ယောက်ရှိတယ်၊ အဲဒါ ညည်းသိဖို့ လိုတယ်"

အသည်းသည် ဖြစ်ကောင်း ဖြစ်နိုင်သည်ဟု မျှော်လင့်ထားပြီးခြစ်သော်လည်း နှာနုကို ထုလိုက်သလို ချက်ချင်း ထူပွန်ကာ မျက်ရည်ဝိုင်းတက်လာသည်။

"ဟိတ်… ဘာလို့ငိုတာလဲ"

"မငိုပါဘူး၊ မျက်ရည်မှ မကျသေးတာ၊ ဆက်ပြောလေ၊ မျက်ရည်ကျတဲ့အထိ၊ မျက်ရည်ကျအောင် မပြောနိုင်ရင် ကိုကြီး အရှုံးပဲ"

"မင်းသိဖို့ လိုအပ်လို့ ပြောပြတာ၊ မင်း မသိဘူးဆိုရင် ကိုယ်မကောင်းဘူးလေ၊ ဟုတ်တယ်မို့လား ချာတိတ်၊ မင်းက ကလေးပဲရှိသေးတယ်၊ ကလေးတစ်ယောက်ကို ကိုယ် ဖုံးကွယ်လိမ်ညာလို့ မဖြစ်ဘူး၊ ကိုယ်တို့ ဆေးကျောင်းမှာ တတိယနှစ် ရောက်တဲ့အချိန်ကတည်းက ချစ်သူတွေ ဖြစ်ခဲ့ကြတယ်"

"သူက ဆရာဝန်ပဲလား"

"အင်း… ဆရာဝန်ပဲ"

"လှလား"

"အင်း… လှပါတယ်၊ လှတာထက် သူက ကိုယ့်ကို တော်တော်ချစ်ရှာတယ်"

ချစ်ရှာတယ်ဆိုတဲ့ ကရုဏာစွက်တဲ့ လေသံဟာ အသည်းကို နင့်ကျိုးစေသည်။ အသည်း ကိုယ်ချင်းစာပါသည်။ သူကလည်း ချစ်မှာ၊



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးကလည်း ချစ်မှာပေါ့။ သို့ပေမဲ့ မလိမ်မိုး မလိမ္မာ ရှုးရှုးမိုက်မိုက်နဲ့ ဈေးကန်းတောတိုး တိုးနေတဲ့ အသည်းကကော။ အသည်းလည်း ချစ်တာပါပဲ။ သူရှိခြင်း မရှိခြင်းကိုသိလို့ အသည်း ချစ်ခဲ့မိတာမှ မဟုတ်တာ။ ကိုကြီးကိုပဲမြင်၊ ကိုကြီးကိုပဲ သိသိချင်း အတွေ့အကြုံမရှိတဲ့ လုပ်ရှားဖြောင်းဆန်ခြင်းမျိုးနှင့် အသည်းရဲ့အချစ်တွေ ပရမ်းပတာ ပေါက်ဖွားခဲ့တာပါ။

"အဲဒီတော့ အသည်းက ဘာလုပ်ရမှာလဲ"

"ညည်းကို ဘာလုပ်ရမယ်လို့ ပြောတာ မဟုတ်ပါဘူး အသည်းရယ်၊ ညည်း သိသင့်တာကို ပြောပြတာပါ"

"အသည်း နားလည်ပါပြီ"

"ဘာနားလည်တာလဲ"

အသည်းက ခေါင်းကလေးသာ ယမ်းပြခဲ့ကာ ထ, ပန်လာခဲ့ပါသည်။ အဲဒီရဲ့နောက်တော့ အသည်းသည် နေ့စဉ် တစ်ရက်မပြတ် ရောက်ခဲ့သော ကိုကြီးဆေးခန်းရှိရာ ဆိုင်တန်းကလေးဆီ မသွားဖြစ်အောင်နေသည်။ အလွန်သွားချင်လှ၍ အိမ်ထဲက ထွက်ဖို့သာ ခြေလှမ်းပြင်နေမိတဲ့ ခြေထောက်တို့ကို ထုရိုက်ကုတ်ဖဲ့ကာ ဆုံးမသည်။ မတည်မငြိမ် ကစဥ့်ကလျား ရှိလှတဲ့ စိတ်နှလုံးတို့ကို မျက်ရည်တုတ်တုတ်ကျအောင် ဖိနှိပ်ဆင်ခြင်သည်။ ကိုယ့်အပြစ်နှင့် မတန်မရာ တရားများတောင် ထိုင်လိုက်ပါသေးသည်။ စိတ်တည်ငြိမ်လေမလားပေါ့။

အပြင်ကို လမ်းသလားတတ်လွန်းတဲ့ သမီးဖြစ်သူ အခန်းအောင်းနေတာ စာကြည့်စားပွဲ ထိုင်နေတာ၊ တရားထိုင် နေတာတွေ တွေ့သောအခါ အဖေဖြစ်သူခမျာ စာမေးပွဲနီးနီးလာလို့ဟုထင်ကာ သဘောတွေကျရှာသည်။

လေးရက်မြောက်သော တစ်ညနေ ဆေးခန်းပိတ်တဲ့ အချိန်ကိုးနာရီလောက်မှာ အသည်းတစ်ယောက် စာကြည့်စားပွဲမှာ သေချာနားစ



www.burmeseclassic.com

www.burmeseclassic.com



လည်သော သရီးတစ်ပုဒ်ကို တလည်လည်တွက်ကာ အဖြေမထွက်ဘဲ စိတ်ရှုပ်ထွေး ကျဉ်းကျပ်စွာ စားပွဲ၌မှောက်လျက် မျက်ရည်ကျနေခဲ့ပါသည်။ ဒီရက်အတွင်း ဘာလေးဖြစ်ဖြစ် စိတ်ကမနိုင်ဘဲ ငိုကြွေးချင်နေမိတာလေ။

ဖေဖေက အဲဒီအချိန်မှာ ပန်းချီဆွဲနေသည်။ အဲဒီတုန်း ခြံဝင်းတံခါးရှေ့က ကားဟွန်းသံ သုံးချက်ဆင့် ကြားလိုက်ရ၍ အသည်းက နားတော့စွင့်နေမိသည်။ ထတော့ မကြည့်ဖြစ်။ ညဘက်တွေ တစ်ခါတစ်ရံ အဖေ့ညှော်သည်တွေလည်း လာချင် လာတတ်တာ။ သူငယ်ချင်းအရင်းအချာ ရဲ့ လုပ်ငန်းကြီးတစ်ခုမှာ ရှယ်ယာငွေ ထည့်ဝင်ထားလျက် ထိုကရသော ဆစဉ်အကျိုးအမြတ်ဟာ ဖေဖေ့ဝင်ငွေပဲ ဖြစ်လေရာ အဲဒီအန်ကယ်လ်လည်း အဖေ့ထံ လာတတ်သည်။ ရှေးဟောင်းပစ္စည်းလေးတွေ စုဆောင်းတာ ဆောင်းဝယ်တာ ဝါသနာပါတဲ့ ဖေဖေ့ထံ အဲဒီဘက်နယ်ပယ်က သက်ဆိုင်သူ တွေလည်း လာတတ်သည်။

နောက်တစ်ကြိမ် ဟွန်းအတီးမှာတော့ အသည်းက အခန်းထဲ က ထွက်လာခဲ့ကာ သံဘာဂျာတံခါးနောက်မှ ခြံဝကို လှမ်းကြည့်နေသော ကြီးနုကို…

"ဘယ်သူလဲ ကြီးနု"

"မသိဘူးအေ့၊ ညည်းအဖေဆီ လာနေကျကားတွေလည်း မဟုတ်ဘူး၊ ကားက အနီရောင်လေး၊ မိုးကချုပ်……"

ကားက အနီရောင်လေးဆိုတဲ့ စကားက အသည်းကို ရှုးသွပ် သွားစေသလိုပင်။ ဘာဂျာတံခါးကွက်များကြားမှ ချောင်းကြည့်လိုက်လျှင် အသည်းသိသော၊ အမြဲမျှော်ရသော၊ ဆေးခန်းရှေ့ ရပ်ထားတတ်သော ဆိုကြီးရဲ့ကားလေး ဖြစ်နေတာ သေချာသွားလေသည်။ ရင်ထဲက နှလုံးသား အစုံသည် မြော်ကစ်နက်ကာ ရင်ဝမှ လည်ချောင်းဝသို့ ဆို့တက်လာပြီ အဆတ်ဆတ် တုန်ခါနေသလို ခံစားရရင်း သော့ဖြုတ် သော့ခလောက်ဖွင့် ခြံတံခါးသော့ယူ ဆိုတာတွေကို ဘယ်လိုများ လုပ်ခဲ့မိတယ်မသိဘဲ၊ ကြီးနု



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း ဘာတစ်ခွန်း မပြောနိုင်ဘဲ ဖိနပ်လည်းမပါဘဲ ခြံဝသို့ ပြေးလေသည်။ ခြံတံခါးဆွဲဖွင့်ကာ ရပ်ထားတဲ့ ကိုကြီးရဲ့ ကားခေါင်းကို တစ်ပတ်ပတ်လျက် ကိုကြီးနံဘေးက လွတ်နေတဲ့နေရာသို့ ကားတံခါးဖွင့် ဝုန်းခနဲဝင်ထိုင်၊ ကိုကြီးကိုလှမ်းကျုံး၍ ဖက်ထားလိုက်မိသည့် အပြုအမူ အဖြစ်အပျက်တို့မှာ စက္ကန့်ပိုင်းအတွင်း သူ့အလိုအလျောက် စက်ယန္တရားတစ်ခုလို တစ်ဆင့်ပြီး တစ်ဆင့် လုပ်ဖြစ်သွားခဲ့တာ။

ကြိုတင်စဉ်းစားခြင်း၊ ကြိုတင်ရည်ရွယ်ခြင်း လုပ်မည် မလုပ်ဘူး ဆုံးဖြတ်ခြင်း အဲဒါမျိုးတွေ ဘာမှမပါ။ ခေါင်းထဲမှာ အဲဒီအချိန်အသိရော သတိပါ လွတ်နေလျက် ကိုကြီးကို ကျုံးဖက် ရင်ဘတ်မှာမျက်နှာအပ်ထားလိုက်မိပြီးတော့မှ ကိုကြီး ဘာလာလုပ်တာပါလိမ့်လို့ စ,တွေးမိသည်။ ဝမ်းနည်းခြင်းနှင့် ရှက်ခြင်းဟာ အဲဒီတော့မှ ရင်ထဲကိုအလူးအလိမ့် ဝင်လာတာ။ ခုမှတော့ ကိုကြီးရင်ခွင်မှ မျက်နှာလည်းခွာမနေတော့။ ဖြစ်ချင်ရာဖြစ် ထင်ချင်ရာထင်။ မျက်ရည်ပူလုံးကြီးတွေဟာမျက်လုံးထဲက တလိမ့်လိမ့်ကျသည်။ ကိုကြီး အင်္ကျီရင်ဘတ်တို့ စွတ်စိုသည်။

လွမ်းတယ်ဆိုတဲ့အဖြစ်ဟာ ဘယ်လောက် ကြေကွဲဖို့ ကောင်းသလဲ ကိုကြီး သိရဲ့လား၊ အရမ်းကို လွမ်းရတာ ကိုကြီး သိရဲ့လား။ ထုထုပစ်ကာ မေးချင်သော်လည်း ပုံစံကိုမဖျက်ဘဲ အတင်းတိုးညှစ်၍သာ ဖက်ထားလိုက်သည်။ တဖြည်းဖြည်းနှင့် ကိုကြီးက တသိမ့်သိမ့် ရယ်မောသလို ခန္ဓာကိုယ်နှင့် သူ့ရင်ခွင်က လှုပ်ရှားလာသည်။ နောက်တော့ ရယ်သံတိုးတိုးပါ ထွက်လာသည်။

"ညည်းကတော့ ပြဿနာပဲ မလွယ်ဘူး… အဟင်းဟင်း"

"ကိုကြီးကို အရမ်းမုန်းတယ် သိလား၊ သိပ်မုန်းတယ်"

ရန်တွေ့ရင်း အစ်… အစ်နှင့် ငိုသံကြိတ်သံ ထွက်လာသည်။

"မုန်းရင် ဒီလိုပဲ လုပ်တတ်တာလား… ဟား ဟား… မင်းမုန်းရအောင် ကိုယ် ဘာလုပ်မိလို့လဲ အသည်းရယ်"



www.burmeseclassic.com

www.burmeseclassic.com



"အသည်းနဲ့ မတွေ့ခင်… အသည်းနဲ့ မတွေ့ခင် တခြား မိန်းမ တစ်ယောက်ကို ကိုကြီးချစ်တဲ့အတွက် မုန်းတယ် သိလား"

"ဩော်… အသည်းရယ်… ကလေးရယ်…၊ ကိုယ်ဘာ ပြောရမှန်း တောင် မသိတော့ပါဘူးကွာ"

ကိုကြီးထံက ရှည်လျားမောပန်းသော သက်ပြင်းချသံကြီး ကြားရပါသည်။

"ကဲ… ကဲ… တိတ်… တိတ်… ငိုမနေနဲ့လေ၊ ဒီလိုကြီးလည်း မနေရဘူးလေ၊ သူများတွေမြင်ရင် အသည်းကို ဘာထင်ကြမလဲ၊ ကောင်းကောင်းထိုင်လေ… နော်"

"ဟင့်အင်း…၊ ဒီလိုပဲ…၊ ကိုကြီး ဘာလို့လာသေးလဲ"

"ဟင်…၊ ကိုယ်လာတာက လေးရက်တိတိ မလာတဲ့ ကောင်မလေး ဘာများဖြစ်နေလဲ စိုးရိမ်လို့ စိတ်ပူလို့ လိုက်လာတာပါ၊ ကိုယ် စိတ်မကောင်းလို့ လိုက်လာခဲ့တာပါ"

"မရတော့ဘူး၊ ကိုကြီးသာ ခုလို အိမ်ကို လိုက်မလာဘူးဆိုရင် အသည်း ဘယ်နည်းနဲ့မဆို မရမက ရအောင်နေမလို့ပါ၊ အခုက ကျတော့ မရတော့ဘူး၊ ကိုကြီး ခုလိုစိုးရိမ်လို့ စိတ်ပူလို့ လိုက်လာ ပြီးမှတော့ အသည်းကို ရက်စက်တဲ့စကားမျိုးတွေ ပြောဖို့မကြံနဲ့၊ အသည်း ဆင်ခြင်မလို့ပါ၊ ဒါပေမဲ့ ခုလို ကိုကြီး အသည်းအတွက် စိတ်ပူတာ စိုးရိမ်တာ သိရတော့ မဆင်ခြင်တော့ဘူး၊ နော်…ကိုကြီး"

"အသည်း…"

"ဟင့်အင်း… ကိုကြီး ဘာမှမပြောပါနဲ့"

"အသည်းက ကလေးပဲ ရှိသေးတယ် သိပ်ငယ်သေးတယ်၊ ဒီလိုစိတ် မျိုးတွေမွေးဖို့ ယောကျ်ားတစ်ယောက်ကို စွဲလမ်းဖို့ စောပါသေးတယ် ကလေးရယ်၊ ဆယ်တန်းစာမေးပွဲလည်း ဖြေရဦးမယ်လေ၊ အင်း… ကိုယ်မလာဘဲ နေလိုက်မိရင် ကောင်းသား၊ ကိုယ်စိတ်ပူသွားလို့ပါကွာ၊ ခုတော့ ပိုဆိုးဖို့ ဖြစ်နေပြီ ထင်တယ်၊ ကျွတ်… ကိုယ်မှားပြန်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"မမှားပါဘူး၊ ကိုကြီး မမှားဘူး၊ အသည်း မှားတာပါ၊ ကိုကြီး သဘောထားကို အသည်း နားလည်ပါတယ်၊ အသည်း ဆိုးတာ အသည်း မိုက်တာ၊ ဒါပေမဲ့ အသည်း အမှားတွေ အဆိုးတွေကို အသည်း မပြင်တော့ဘူး၊ အသည်း ဆုံးဖြတ်လိုက်ပြီ၊ ကိုကြီးမှာ အသည်းကို ဂရုစိုက်တဲ့ စိတ်ပူတဲ့ ကြင်နာတဲ့ စိတ်ထားလေး ရှိနေတာ သိရလို့ အသည်း ဘယ်တော့မှ မပြင်တော့ဘူး... သိလား ပြီးတော့ အသည်း ဆယ်တန်းလည်း အောင်အောင်ဖြေပါ့မယ် ကိုကြီးရယ်၊ အသည်း ကတိပေးပါတယ်... နော်"

အဖက်မပျက် ခေါင်းဖော်မော့ကြည့်ကာ နဖူးပေါ် ဆံပင်ရှစ် ပွပွနှင့် နှာသီးဖျားတွေ နီရဲထူထဲလျက် ပါးနှစ်ဖက်ပေါ် မျက်ရည်လုံးကြီး တွေ လိမ့်ခနဲ လိမ့်ခနဲကျနေသော ကောင်မလေးတစ်ယောက်ရဲ့ ပုံသဏ္ဌာန် ဟာ ကိုကြီးကို အထူးစိတ်မကောင်း ဖြစ်စေသည်နှင့် တူပါရဲ့။

"အသည်းရယ်"ဆိုတဲ့ ကရုဏာမကင်း ညည်းတွားသံနှင့် ကိုကြီးရဲ့လက်နှစ်ဖက်က အသည်းကျောပြင်ကလေးပေါ် ပြန်လည် သိုင်း ဖက်လာသည်။ အို... ပျော်လိုက်တာ ဆိုတာလေ။ ကြည်နူးလိုက်တာ ဆိုတာလေ။ အာကာသ စကြဝဠာကမ္ဘာ လောကကြီးတစ်ခုလုံးကို အရှု မထားတော့တဲ့ထိ မေ့လျော့နေတော့တဲ့အထိ ကိုကြီးကို သိပ်ချစ်ခဲ့ရတာပါ။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com

တကယ်တော့ အသည်းဟာ မိန်းမချင်း ကိုယ်ချင်းစာတရား အားမပေးနိုင်ခဲ့တဲ့သူလို့ စွပ်စွဲခံထိုက်ခဲ့သူပါ။ အတ္တကြီးကြီးနှင့်ပင် ကိုကြီး ချစ်သူဆိုတာကို ထည့်မစဉ်းစားမိခဲ့တာ။ အသည်းနဲ့ ကိုကြီးဟာ နောက်ပိုင်းတော့ ဆေးခန်းမှာတင်မက အနီးတစ်ပိုက်က အအေးဆိုင်၊ ကော်ဖီဆိုင်၊ ဆိုင်လေးတွေမှာလည်း တွေ့ဆုံဖြစ်ခဲ့ကြပါသည်။ မကြာခင်မှာပဲ အဲဒီကိစ္စကို သူနာပြုကြီး ရိပ်မိသွားရာကတစ်ဆင့် ကိုကြီးမေမေပါ သိသွားခဲ့တာ ဘယ်လိုက ဘယ်လို ကိုကြီးရဲ့ချစ်သူ မနန်းမို နားကိုပါ ပေါက်သွားခဲ့တယ် အသည်း မသိ။

မမျှော်လင့်ဘဲ မနန်းမိုက ကိုကြီးဆေးခန်းကို အတူပါလာသည်။ ကိုကြီး လူနာကြည့်ချိန် တစ်လျှောက်လုံး အခန်း ပြင်လေးကနေ ထိုင်စောင့်နေသည်။ ပထမဆုံး ပါလာတဲ့ ရက်ကတော့ အသည်းသည် ဆေးခန်းကိုအလာ ဆေးခန်းရှေ့ခန်းကလေး၌ မနန်းမိုကို မြင်လိုက်လျှင် ... တုန်ပင်တက်သွားပါသည်။ ကြောက်စိတ် ထိတ်လန့်စိတ်တို့က ...ကိုမွှေနှောက် ဗလောင်ဆူစေကာ ဆေးခန်းထဲ မဝင်ဝံ့တော့ဘဲ ကျော်...တ်ကာလျှောက်ပြီး ဆိုင်တန်းထောင့်ကလေးမှာ ရပ်လျက် ရင်တဒိတ်ဒိတ်ခုန်ကာ မျက်ရည်အလည်သားနှင့် အတွေးတို့ကလည်း အပြေးအလွှား ...လုပ်ရင် ကောင်းမလဲ။

မနန်းမို ဓာတ်ပုံကို ကိုကြီးပြထား၍ အသည်းမြင်ဖူး ...ပါသည်။ မျက်နှာဝိုင်းဝိုင်းမို့မို့လေးနှင့် ပါးလွှာသောနှုတ်ခမ်း တင်း...င်းစေ့စေ့



www.burmeseclassic.com

www.burmeseclassic.com



တို့က မျက်နှာကို မာနတစ်မျိုးနှင့် လျှမ်းတက်နေစေကာ အိအိထွေးထွေး ချစ်စရာလေး ကောင်းသော်လည်း ခင်လွယ် မင်လွယ် ဖော်ရွေတဲ့ရုပ်ဆင်း မျိုးမဟုတ်။ "ကိုကြီးက သူ့ထက်စာလျှင် အဆတစ်ရာချောတယ် မလိုက်ဘူး"ဟု အသည်းက မလိုတမာ ပြောခဲ့ဖူးပါသည်။

ဆိုင်တန်းထောင့်ကလေးမှာ ခိုရပ်နေလိုက် ဆေးခန်းဘက် ချောင်းကာ ကြည့်လိုက်၊ ရင်ကိုဖိကာ အသည်း ဝမ်းနည်းနေခဲ့ရသည်။ မနန်းမိုဟာ စာအုပ်တစ်အုပ် ထိုင်ဖတ်နေသယောင် အသွင်သဏ္ဌာန် ဆောင် ထားသော်လည်း ဆေးခန်းပြင်ဘက် လမ်းမပေါ်ကို ဟိုဟိုဒီဒီ အကဲခတ် လှမ်းကြည့်နေတာက များပါသည်။ တစ်စုံတစ်ရာကို စောင့်မျှော်ရှာဖွေနေ သလိုပင်။ အသည်း ဆိုတဲ့ မိန်းကလေး ရောက်လာမလားလို့ သူ မျှော် စောင့်နေတာ...၊ သိလို့ တမင်လိုက်လာတာ ဆိုတာ အသည်း အသေချာ ရိပ်မိသည်။

တဖြည်းဖြည်းနှင့် မှောင်ထဲမှာ ခြင်တွေကိုက်ကာ အသည်းရဲ့ ဂါဝန်အောက်က လစ်လပ်နေတဲ့ ခြေသလုံးလေးတွေဟာ ပူထူနေသည်။ အဲသလိုနဲ့ ဆေးခန်းပိတ်ချိန် တိုင်ခဲ့တဲ့ထိ အသည်း ဖွဲကောင်းကောင်း ရပ်နေတာပင်။ နောက်ဆုံး ဆေးခန်းပိတ်ချိန် လူနာတွေ ရှင်းသွားချိန် ရောက်ပြီဆိုတဲ့ အချိန်မှာတော့ ကိုကြီးဟာ လူနာစမ်းသပ်ခန်းလေးထဲက ထွက်လာခဲ့တော့တာပင်။

ရှေ့ဘက်အခန်းလေးမှာ မနန်းမိုနှင့် ကိုကြီး ခဏ ရပ်စကား ပြောနေတာကို ကြည့်ရင်း အသည်း အရမ်းဝမ်းနည်းလာသည်။ မနန်းမို မျက်နှာဟာ ခပ်တင်းတင်းနှင့် စူစူပုပ်ပုပ်။ စိတ်ကောက်နေဟန်မျိုးနဲ့ ကိုကြီးက ရယ်ရွှင်ချော့မြူနေတဲ့ဟန်။ သူနာပြုကြီးနှင့် သူတို့သုံးယောက် သား ဆေးခန်းလေးကို တံခါးပိတ်နေချိန်မှာတော့ အသည်းသည် မှောင်ထဲက ထွက်ကာ စာအုပ်ဆိုင်ရှေ့ မျက်နှာစာမှာ ချိတ်ဆွဲရောင်းသော အချစ်ဝတ္ထု လေးတွေကို ဖြုတ်ကာ ဝယ်ရင်း ကိုကြီး သူ့ကိုမြင်ရန် လူလုံးပြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆေးခန်းထဲက လှည့်ထွက်ထွက်ချင်း ပထမဆုံး ခြေလှမ်းမှာပင် ကိုကြီး သူ့ကိုမြင်သည်။ ဖျတ်ခနဲ တည့်တည့်ရောက်လာသော မျက်လုံးတို့က စိမ်းစိမ်းကားကားပင် ချက်ချင်း ဟိုဘက် ပြန်လှည့်သွားသည်မှာ ဗိုင်ရိုရို ဟန်မပျက်။ အသည်းရင်ထဲ နင့်ခနဲ နေပါသည်။ ဟိုဘက်ရပ်ကွက်ကို လမ်းလျှောက်ပြန်မည့် သူနာပြုကြီးက နှုတ်ဆက်ကာ ဟိုးတစ်ဖက်လျှောက်ထွက်သွားအပြီး ကိုကြီးနှင့် မနန်းမိုတို့ ကိုကြီးကားပေါ် တက်ကြသည်။

ကိုကြီးဟာ အသည်းရှိရာဘက် ယောင်လို့တောင် မကြည့်။ ရင်ညွန့်ကိုဖိကာ ပွတ်ချေနေရတဲ့အထိကို အသည်းရင်ထဲ နှလုံးသားတွေနာကျင်ခဲ့ရသည့် ခံစားချက်မှာ အခုတွေး အခုပြန်လည် အသစ်ဖြစ်ဆဲ။ ဝမ်းနည်းလိုက်ရတာ။ ခံစားလိုက်ရတာ။ ငှားလာသော ဝတ္ထုစာအုပ်နှင့် အချဉ်ထုပ်လေးတွေပိုက်လျက် ခေတ်မီးတိုင်တွေအောက် ဗိုးတဝါးအမှောင်ထဲ တရှိုက်ရှိုက်နှင့် အိမ်ပြန်လာခဲ့ရတဲ့ မိန်းကလေးတစ်ယောက်ဟာ ငါ ဘာဆက်လုပ်ရမလဲဆိုတဲ့ မဝံ့မရဲ ချောက်ချားစိုးထိတ်သော အတွေးများနှင့်သာ ဝမ်းနည်းအားငယ်နေခဲ့တာပါ။ မနန်းမို ဆိုတာကိုလည်း စိုးစိမျှ မမုန်းတီးပါ။ ကိုယ့်အမှား ကိုယ့်အပြစ်ရယ်လို့သာ ဒုံးဒုံးချ ခံယူထားပြီးသော်လည်း ကိုကြီးနှင့် မဝေးချင် မဝေးနိုင်သော သောကဝေဒနာက ဆိုးလှသည်။

အဲသလိုနှင့် တစ်ရက်က နှစ်ရက်၊ နှစ်ရက်က သုံးရက်။ ဆက်တိုက် လိုက်ထိုင်စောင့်နေတဲ့ မနန်းမိုကြောင့် အသည်း ဆောက်တည်ရာမရ အရူးမီးဝိုင်းသလို ပူလောင်ကာ ကိုကြီးကို ဘယ်လိုဆက်သွယ်ရမယ်မှန်းမသိ။ ကိုကြီးအိမ်ဖုန်းလည်း အသည်းမသိ၊ ကိုကြီးလိပ်စာလည်း အသည်းမသိ၊ ဟိုးအရင်ကလို ဆေးခန်းထဲ ခပ်တည်တည် ဝင်သွားပြီး ဓါးစပ်ထဲတွေ့ကရာ ရောဂါတပ်လျက် ဆေးခန်းဝင်ပြဖို့ ဆိုတာကလည်း အသည်းကို ကောင်းကောင်းသိကာ မျက်မုန်းကျိုးနေသော သူနာပြုကြီးက ရှိနေ၍ မဖြစ်နိုင်။ အဲဒါထက် အဲသလို ဇွတ်ဝင်သွားလျှင် ကိုကြီး စိတ်ဆိုးသွားမှာကို အသည်း ပိုကြောက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နေ့စဉ်လို အသည်းကို မသိချင်ယောင်ဆောင် မမြင်ချင်ယောင်ဆောင်သွားတဲ့ ကိုကြီးကိုလည်း အသည်း အံ့ဩမိသည်။ မျက်ရိပ်လေးတစ်ချက်လောက် မနန်းမို မမြင်အောင် ပြခဲ့လျှင်တောင် အသည်း နည်းနည်းလေး အားရှိမိမှာပါ။

စတုတ္ထနေ့မှာတော့ နတ်နှိုးဆော်တယ်ပြောပြော အသည်းသည် ကြိုတင်မျှော်လင့်ချက် မရှိပါဘဲ ကိုကြီးနှင့် ထိုင်ဖူးနေကျ အအေးဆိုင်လေးထဲမှာ ဆေးခန်းချိန် မတိုင်ခင် ခပ်စောစော ကြိုရောက်ကာ ဒိန်ချဉ်တစ်ခွက်မှာ၍ ထိုင်မှိုင်နေမိသည်။ ကိုကြီးများ ရောက်လာခဲ့ရင် သိပ်ကောင်းမှာပဲဟု တောင့်တောင့်တတ ရှိနေချိန်တွင် တကယ်ပဲ ကိုကြီး ရောက်လာခဲ့ပါသည်။

ရှေ့ကို ဝုန်းခနဲ ဝင်ထိုင်ချလိုက်သော ကိုကြီးကို မြင်လျှင် မြင်ချင်း အသည်းပါးပြင်ပေါ် မျက်ရည်ရေကာတာ ကျိုးပေါက်ကျသလို မျက်ရည်တွေ တရဟော ပြိုစီးကျလာသည်။ စားပွဲပေါ်က အသည်းရဲ့ လက်တစ်ဖက်ကို ကိုကြီးက သူ့လက်နှစ်ဖက်နှင့် အုပ်ကိုင် ဆုပ်ညှစ်ကာ အကြာကြီး စကားမပြောနိုင်။ ကိုကြီးမျက်နှာသည်လည်း နီမြန်းနေကာ ကိုကြီးလည်း လွမ်းဆွတ် ကြေကွဲနေတယ်ဆိုတာ မျက်လုံးများက ဖော်ပြနေပါသည်။

"အသည်း... မငိုနဲ့နော် ကလေး၊ တိတ်... တိတ်... သူများတွေ ကြည့်နေမယ်၊ ရော့... လက်ကိုင်ပဝါနဲ့ မျက်ရည်တွေ သုတ်လိုက်"

အသည်း ကိုကြီးပေးတဲ့ လက်ကိုင်ပဝါနှင့် တစ်မျက်နှာလုံးကို ပွတ်သုတ်ရသည်။

"အသည်း... စာကျက်ရဲ့လား"

"ဟုတ်..."

"စာကျက်နော်...၊ စာကျက်မပျက်စေနဲ့၊ ဆယ်တန်းတော့ အောင်ရမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်"

အသည်းက ခေါင်းလေး အလေးအနက် ညိတ်ကာ ညိတ်ကာ ဖြေသည်။

"စာမေးပွဲနားနီးမှ အသည်း ခုလိုတွေ ခံစားနေရတာ ကိုယ်သိပ် စိတ်မကောင်း ဖြစ်တာပဲ၊ ကိုယ့်အပြစ်တွေပါ၊ ကိုယ်မှားတာပဲ"

"ကိုကြီး မမှားပါဘူး၊ အသည်းမှားတာပါ၊ အသည်းအပြစ်ပါ"

"ကိုယ် ပိုမှားတာပါ၊ ကိုယ်က လူကြီးပဲ၊ ကိုယ် တကယ် စိတ်မကောင်းဘူး"

"အသည်းကြောင့် ခုလို ကိုကြီး စိတ်ဆင်းရဲရတာ၊ အသည်း မိုက်တာ၊ ဒါပေမဲ့ အသည်း ကိုကြီးကို မခွဲနိုင်ဘူး၊ အသည်းကို အဆက် မဖြတ်ပါနဲ့နော်"

"အေးပါ… အေးပါ အသည်းရယ်၊ ကိုယ်လည်း ဘာဆက်လုပ်လို့ လုပ်ရမယ် တကယ် မသိတော့ပါဘူး"

ဘာဆက်လုပ်ရမည် မသိဘူး ဆိုကတည်းကိုက ကိုကြီးနှလုံးသားဟာ ဟိုဘက်ဒီဘက် လွန်ဆွဲနေလို့။ အဲဒီ ဟိုဘက် ဒီဘက် လွန်ဆွဲကာ ဆခွဲမရ အနေအထား၌ အသည်း ပါခွင့်ရနေတာကိုပင် အသည်းက ကျေနပ်ကြည်နူးလှပြီ။ မနန်းမို အဖို့ကား ဒီလို လွန်ဆွဲနေရတဲ့ အခြေအနေဟာ ကျေနပ်စရာ ဖြစ်လိမ့်မည် မဟုတ်။

"ကိုယ်နဲ့ နန်းမိုက လူကြီးတွေချင်းပါ ပြောဆိုတွေ့ဆုံဖူးပြီးသား၊ နှုတ်နဲ့ လက်ခံကြည်ဖြူ ခွင့်ပြုကြပြီးသား၊ အခု ဒီနှစ်သီတင်းကျွတ်မှာ စေ့စပ်ပွဲကျင်းပပြီး နောက်နှစ်ဆန်း မှာ မင်္ဂလာပွဲကျင်းပမယ်လို့ တိုင်ပင်စကား ပြောဆိုထားကြတယ်"

အသည်းက အောက်နှုတ်ခမ်း အတွင်းသားလေးကို ကိုက်ကာ အားတင်း နားထောင်နေမိသည်။ အောက်နှုတ်ခမ်းအတွင်းက ပေါက်ကာ သွေးစိမ်းထွက်လာတာကို အသည်းခံစားသိသည်။ ပါးစပ်ကို မရှင်းရဲဘဲ နှလုံးအပိုင်းသားနှင့်သာ နားထောင်နေရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့... ကိုယ် အသည်းကိုလည်း သနားတယ်၊ အမှန်က ခုလောက်ထိ ကိုယ်တို့မဖြစ်ခဲ့သင့်ဘူး၊ ကိုယ်က ရှောင်ရမှာပါ အသည်းရယ်၊ ဒါပေမဲ့ ဘာတွေ ဘယ်လိုဖြစ်သွားတယ် ဆိုတာ ကိုယ်လည်း တစ်စစီ ပြန်ကောက်လို့ မရနိုင်တော့ပါဘူး ဖြစ်သင့်တာကတော့ အသည်းကို ကိုယ်ဖြတ်ရမယ်၊ အသည်း ကိုယ့်ကို မေ့ပစ်ရမယ်"

ပါးပေါ် မျက်ရည်တွေ တလိမ့်လိမ့် ပြန်စီးကျလာလျက် အသည်းက ခေါင်းလေးကို တိုးတိုးလျှိုးလျှိုး ခါယမ်းနေမိပါသည်။

"အသည်း... အသည်း... မမေ့ပါရစေနဲ့"

"အို... ပါးစပ်ထဲမှာ သွေးတွေနဲ့၊ အသည်းရယ် အဲသလိုတွေ မလုပ်ပါနဲ့၊ ကိုယ် စိတ်မကောင်းလွန်းလို့ပါ"

"ဟင့်အင်း... အသည်း မလုပ်ပါဘူး၊ မတော်တဆ ကိုက်မိတာပါ"

ကိုကြီးက အသည်းနှုတ်ခမ်းသား၌ ပျံ့နှံ့နေသော သွေးတို့ကို တစ်ရှူးလေးနှင့်တို့ကာ သုတ်ပေးခဲ့သည်။

"ကိုယ့်ကို အရင်လို ခါတိုင်းလို နေတိုင်းတွေ့ရဖို့ မကြိုးစားနဲ့တော့ အသည်း၊ ကြားလား၊ စာမေးပွဲက တစ်လခွဲလောက်ပဲ လိုတော့တယ်၊ အသည်း စာကျက်ရမယ်၊ စာမေးပွဲ အောင်ရမယ်၊ ဒီအချိန်မှာ ခုလိုတွေ ဖြစ်နေရမယ့်အချိန် မဟုတ်ဘူး"

"စိတ်ချပါ ကိုကြီးရယ်၊ အသည်း စာမေးပွဲ အောင်ရပါစေ့မယ်၊ အသည်းကိုသာ ထားမပစ်ခဲ့လိုက်ပါနဲ့၊ အသည်း ဆရာဝန် မဖြစ်နိုင်ပေမယ့် ဘွဲ့တော့ ရအောင်ယူပါ့မယ်၊ အသည်းကိုသာ မဖြတ်သွားပါနဲ့"

အသည်းရဲ့အသံလေးဟာ တိုးတိုးနှင့် ရှိုက်သံကျိတ်ကျိတ်။ ကိုကြီး မျက်ဝန်းများ၌ လင်းဖြာနေသော ကရုဏာရိပ်က အသည်းနှလုံးသားကို နွေးထွေးစေခဲ့သည်။ ကိုကြီး အသည်းကို နည်းနည်းလေးပဲ ဖြစ်ဖြစ်တော့



www.burmeseclassic.com

www.burmeseclassic.com



ချစ်ပါတယ် မဟုတ်လား။ သနားချစ်ကလေးမျိုးပဲ ဖြစ်ဖြစ်ပေါ့။ မနန်းမိုကို ချစ်သလောက် မချစ်နိုင်ရင်တောင် ရပါတယ်။ မနန်းမို ရှိနေနှင့်ခဲ့တယ် ဆိုတာ သိလိုက်ရကတည်းက သူ့ထက် အပြတ်အသတ် အချစ်ပိုရဖို့ကို အသည်း မျှော်ကို မမျှော်လင့်ခဲ့ဖူးတာပါ။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com

ဆယ်တန်းမဖြေခင် သုံးလစာကျက်ဖို့ ကျောင်းတွေ မတက်ကြရတော့တဲ့ အချိန်ဖြစ်၍ မနန်းမိုသည် အသည်းကို မြင်ဖူးဖို့ရာ အိမ်နားအထိ ရောက်လာခဲ့ဖူးလေသည်။ ခုတလော အိမ်ရှေ့က လမ်းတိုလေးထဲ ဖြတ်မောင်းသွားတတ်တဲ့ ကားဖြူကလေးကို သုံးလေးကြိမ်မက မြင်ဖူးလေလျှင် အသည်းက စိတ်တထင့်ထင့်နှင့် ပုန်းအောင်းမိသည်။

သူ ကိုယ့်ကို ဘာလုပ်နိုင်တာလိုက်လို့။ ထိုသို့ တွေးကြည့်ပါလျက် အသည်း ထိတ်လန့်သည်။ တစ်ခါတစ်ရံ ခြံထဲဆင်း စာကျက်ဖြစ်တဲ့အချိန် အဲဒီကားအဖြူလေးကို မြင်လျှင် အိမ်ပေါ်ပြေးတက်ကာ ပုန်းလျှိုးရသည်။ တစ်နေ့သော နေ့လယ်ခင်းမှာတော့ သူငယ်ချင်းဆီက ငှားထားတဲ့ မေးခွန်းဟောင်းစာရွက်တို့ကို မိတ္တူကော်ပီဆွဲဖို့ အသည်း အိမ်ကအထွက် ထိုကားဖြူနှင့် တည့်တည့်တိုးတော့သည်။

ကားထဲတွင် မိန်းကလေးချည်း လေးယောက်လား ငါးယောက်လားမသိ ပါလာကာ အသည်း လမ်းလျှောက်တဲ့ဘေးက ဖြည်းဖြည်းဘီးလိမ့်လိုက်၊ ကျော်တက် ရပ်စောင့်လိုက်။ ကားဘေးမှ အသည်းက ဖြတ်လျှောက်သော်...

"အမယ်လေးတော်... ကြွက်စုတ်လောက်တောင် မပြောင်ယောင်ပဲနဲ့"

"ဟား ဟား ဟား ဟား"

တစ်ယောက်က ရှေ့ကပြောလျှင် နောက်က အုပ်ဖွဲ့ရယ်သံက ကပ်ပါလာသည်။ အသည်းသည် ခြေလှမ်းတွေမှားကာ မိတ္တူဆိုင်ကို



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုဘယ်ပုံ ရောက်လာတယ်တောင် မသိတော့။ အသည်း ကော်ပီဆွဲနေဆဲ ဆိုင်ရှေ့ မျက်စောင်းထိုးလောက်၌ ကားရပ်ကာ တစ်ယောက် တစ်ပေါက် ပြောကာ ကြည့်ကာ ဟားနေကြလေသည်။ အပြန်တွင်လည်း ထိုနည်းလည်းကောင်း ကားနှင့်ကပ်လိုက်လာသည်။ အသည်းသည် ဝမ်းနည်းလှကာ လမ်းတစ်ဝက်လောက်ကနေ အိမ်အထိ ဂါဝန်လေး ကားလွှင့်နေအောင် ခြေကုန်သုတ် ပြေးလေသည်။

ကိုကြီးနှင့် အသည်း အရင်လို အမြဲတွေ့ဖို့ အခွင့်မသာ။ အသည်းသည် တစ်နေ့ကုန် စာကုန်းကျက်လျက် ကိုကြီး ဆေးခန်းချိန် စတိုင်မီ တစ်နာရီလောက် လေးဆယ့်ငါးမိနစ်လောက် အလိုမှာတော့ အအေးဆိုင်လေးကို ပြေးတတ်သည်။ ကိုကြီး ရောက်လာလို ရောက်လာငြားပေါ့။ ကိုကြီး ရောက်မလာတော့ဘဲ ဆေးခန်းဖွင့်ချိန် ကျော်လေမှ အအေးဆိုင်က ထ,ပြန်ကာ ဆေးခန်းရှေ့က ကွေ့ဖြတ်ပြီးမှ လမ်းထဲပြန်ဝင်ကာ အိမ်ပြန်ခဲ့သည်။

ဆေးခန်းရှေ့ကဖြတ်လျှင် လွှမ်းဆွတ်စွာ တစ်ချက်ငဲ့ကြည့်ရင်း အဒီခန်းဆီးစိမ်းစိမ်းကလေးနောက်မှာ သူ ဆေးကုနေတယ်ဟု အတွေးနှင့် မြင်ယောင် ကျေနပ်ရလေသည်။ ဆရာဝန်ကို မထော်မနန်း တက်ချစ်မိ၍ စာမေးပွဲကျလို့မဖြစ် ရှက်စရာဟု တွေးထားသဖြင့် စာကိုတော့ သေသေချာချာ ကျက်လေသည်။

တကယ်တော့ မနန်းမိုသာ ဖေဖေ့ထံ အသည်း အကြောင်း မှိုသာသာ ပစ်စာတိုင်စာ မပို့လျှင် အသည်းနှင့် ကိုကြီး ဒီလောက်ခပ်မြန်မြန် ခိုးပြေးဖြစ်ဖို့ အကြောင်းရှိမယ် မထင်ပါ။ စာမေးပွဲကို နောက်ဆုံးနေ့ထိ ချောချောမောမော ဖြေနိုင်ခဲ့ပြီး အသည်း စိတ်ပေါ့ပေါ့ပါးပါးနှင့် ကျောင်းပြန်အရောက် လွယ်အိတ်ပစ်ချကာ အနားယူမည် ကြံချိန်တွင် ဖေဖေ့ရဲ့ ခေါ်သံကြီး အသံနက်ကြီးနှင့် ခေါ်သံကို အသည်း ရင်ဆိုင်လိုက်ရတော့။

"အသည်း... ဒီကိုလာစမ်း"



www.burmeseclassic.com

www.burmeseclassic.com



အသည်းသည် ဘာမှမသိဘဲ ဖေဖေ့ပန်းချီခန်းရှိရာသို့ အပေါ်ထပ်မှ အပြေးကလေး ဆင်းလာသည်။ ဖေဖေ ဘာဖြစ်လို့ပါလိမ့်ဟု အလန့်တကြား အခန်းထဲရောက်လာလေလျှင်…

"နင် ဘာတွေ လုပ်နေတာလဲ… အသည်း၊ ဟင်…၊ လူက ဆယ့်ခြောက်နှစ်ကျော်ရုံ ရှိသေးတယ်၊ ငါ ဒီလိုတိုင်စာမျိုး ဖတ်ရလိမ့်မယ်လို့ မထင်ထားဘူး၊ ရှက်လွန်းလို့ ငါ့ မျက်နှာ ဓားနဲ့လှီးပစ်လိုက်ချင်တယ်၊ ဖအေက ဒီမိတဆိုးလေးကို ကလေးထင်တုန်း ရှိသေးတယ်၊ နို့နံ့တောင် မစင်သေးဘူး ထင်တာ၊ နင်က ဘယ်လိုဖြစ်တာလဲ… မိုးသည်း… ဟင်…"

ဖေဖေသည် အသံတွေတုန်ယင်ကာ တစ်မျက်နှာလုံး နီမြန်းခက်ထန်လျက်သား။ ရိုက်နေကျ ကြိမ်လုံးကို ကိုင်ထားသည်။ အသည်း ဆိုးတဲ့အခါ စကားနားမထောင်တဲ့အခါ စာမလုပ်တဲ့အခါတို့မှာ ဒီကြိမ်လုံးလေးနှင့် အသည်းကို ဖေဖေ ရိုက်တတ်သည်။ ကြောက်အောင် ခြောက်လှန့်ရိုက်တာမျိုးသာဖြစ်၍ ကြိမ်လုံးကလေးကို ကြမ်းကြမ်းအသုံးပြုတာ မဟုတ်လေရာ ဤကြိမ်လုံးလေးဟာ အသည်းတစ်သက်နီးပါးခန့်ရှိလျက် ယောင်းနွမ်းနေသော်လည်း မပျက်မစီး တောင့်တောင့်တင်းတင်းကလေး ရှိတုန်းပင်။

"အသည်း ဘာလုပ်လို့လဲ ဖေဖေ"

"ဒေါက်တာပြေအောင် ဆိုတာ ဘယ်သူလဲ"

"ရှင်"

"လမ်းထိပ်ဆေးခန်းက ဆရာဝန်၊ ဟုတ်လား?၊ ကိုယ့်ရပ်ကွက်မှာ ဆေးခန်းလာဖွင့်တဲ့ ဆရာဝန်ကို နင်က အဖေဆီ တိုင်ရလောက်အောင် နန့်ကြောဆွဲ အနှောင့်အယှက်ပေးနေတယ်… ဟုတ်လား"

"ရှင်… မ… မဟုတ်…"

"ငါ့ကို မညာနဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက ကြိမ်လုံးကို စားပွဲပေါ် ရွှမ်းခနဲ ပြင်းထန်စွာ ရိုက်ဆိုက်လျှင် အသည်း ကြောက်လှသည်မှာ ဆတ်ဆတ်ပင် တုန်လာလေသည်။

"ဆရာဝန် ရောက်ကတည်းက အကြောင်းမရှိ အကြောင်းရှာ ဆေးခန်းသွားပြတယ် ဟုတ်လား... မညာနဲ့နော်... ဟုတ်လား"

"ဟုတ်... ဟုတ်..."

"ဆရာဝန်ကို မုန့်သွားကျွေးလိုက်၊ အအေးသွားတိုက်လိုက် လုပ်တယ် ဆိုဝါရော... ဟုတ်လား"

"ဟုတ်... ဟုတ်..."

"ဘာ... ကဲ... ဟုတ်ဦး... ဟုတ်ဦး"

ဖေဖေသည် အသည်းရဲ့တင်ပါး၊ ပေါင်၊ ခြေသလုံးတို့ကို ရွှမ်းရွှမ်း ချပါတော့သည်။

"ဒါဆို ဒီထဲပါတာတွေ အမှန်တွေပေါ့... ဟုတ်လား၊ ကဲ... ဒါတွေ နင် ဒီအရွယ်နဲ့ လုပ်တတ်ရမယ့် အရွယ်လား၊ သမီးလေး ဒီတစ်ယောက်တည်း မိတဆိုးလေးပါဆိုပြီး အလိုလိုက်ထား၊ အိမ်မှာ မခိုင်းရက် မပြုရက်၊ နင်လိုချင်သမျှ အားလုံးရခဲ့တယ် မဟုတ်လား"

"အား... နာတယ် ဖေဖေ... နာပါတယ်၊ ကြီးနုရေ..."

ကြီးနုဟာ ဖေဖေ့ရဲ့ ဆွေနီးမျိုးစပ်ထဲက ခိုကိုးရာမဲ့ ဖေဖေ့အဒေါ်နေရာလောက် တော်စပ်သူပါ။ မေမေ ဆုံးသွားကတည်းက ကြီးနုကအသည်း သူ့ ခိုကိုးရာမဲ့ဖြစ်၍ လာနေပါရစေ တောင်းဆိုရာ ဖေဖေကလည်း အသည်းအတွက် အုပ်ထိန်းသွန်သင်နိုင်မည့် အမျိုးသမီးအဖော်အဖြစ် အိမ်မှာ အတူခေါ်ထားတဲ့သူ ဖြစ်ပါသည်။ အသည်းကို ချစ်လှသူဖြစ်၍ အသည်းကိုဝင်ဆွဲ၊ သူ့ကိုယ်နှင့်ကာ၊ ပါးစပ်ကလည်းတောင်းပန် ကူကယ်ရှာပါသည်။ သူပင် တစ်ချက်တလေ ရိုက်ခံထိလိုက်ပါသေးသည်။

"ဒေါ်နု... ဖယ်နော်၊ ဒီကောင်မလေးကို ဆုံးမမှဖြစ်မယ်၊ မအေမဲ့လို့ နန့်နေတာ ရှုနေတာဆိုပြီး ကျွန်တော် အပြောမခံနိုင်ဘူး... တောက်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာများ လုပ်လို့လဲကွယ်၊ အသည်းက ကလေးလို နေတာပါ"

"ဘယ်က ကလေးလိုလဲ၊ လမ်းထိပ်က ဆရာဝန်ကို တစ်ဖက်သတ် လိုက်နှောင့်ယှက်နေတာ ရုပ်သိရှာကျော်တဲ့၊ မယုံရင် နှစ်မကို မေးနိုင်တယ်၊ ဘေးဆိုင်တွေကို မေးနိုင်တယ်တဲ့၊ ဆရာဝန်က မိန်းမယူကာနီးဆဲဆဲ သူက ဒီလိုလုပ်နေလို့ လူမှုရေးပြဿနာတွေ တက်နေတာတဲ့၊ ဆရာဝန်လည်း စိတ်ညစ်လွန်းလို့ ဆေးခန်းမှာ စာချုပ်စေ့ရင် ပြောင်းပြေးတော့မှာတဲ့"

"အမယ်လေး... သမီးလေးရယ်၊ အဲဒါတွေ ဟုတ်သလား"

"ကို... ကိုကြီးက အသည်းရဲ့ချစ်... ချစ်သူပါ ဖေဖေ"

"ဘာ... ချစ်သူ ?...၊ ကဲ... ချစ်သူဦး၊ ဒီအရွယ် ရည်းစားထား ရမယ့်အရွယ်လား၊ ရည်းစားထားရင်တောင် လွန်လှပြီ၊ ယောကျ်ား တစ်ယောက်ကို လူပြောသူပြောခံရလောက်အောင် တစ်ဖက်သတ် လိုက်ကြိုက် နှောင့်ယှက်နေတာ နင်အရှက်မရှိလို့လား...ကဲ...ကဲ..."

"အား... ဖေဖေ... အသည်း နာလှပါပြီ"

"နာပစေ၊ မထနိုင်အောင် ရိုက်မှာ၊ ခြေထောက်ပါ ရိုက်ချိုးထားမှာ နင့်ကို ခေါင်းတုံး တုံးပစ်မယ် ဘာမှတ်လဲ မိမိုးသည်း၊ ဟိုဘက်က ယူတော့မယ့် ဇနီးလောင်းကိုယ်တိုင် ဖအေလုပ်တဲ့ ငါ့ကို စာရေး တိုင်ရတဲ့အထိ၊ ရှက်ဖို့ကောင်းလိုက်တာ၊ ယုံတောင် မယုံချင်ဘူး ကိုယ့်သမီးအကြောင်း ကြားရတာ၊ နင် ဒီနေ့ကစပြီး အဲဒီလမ်းထိပ် ဘက် ခြေဦးတောင် မလှည့်မိစေနဲ့"

"ဖေဖေ... ကို... ကိုကြီးကို သမီး နှောင့်ယှက်နေတာ မဟုတ်ပါဘူး သမီး တကယ်ချစ်တာပါ ဖေဖေ"

"ဘာ..."

ဖေဖေ့ဒေါသဟာ ပိုပိုပေါက်ကွဲကာ အသည်းကို အခုလောက် မရိုက်စဖူး ရိုက်တော့သည်မှာ အသည်းရဲ့ ခြေသလုံးတွေ ပေါင်တွေမှာ ရာ အထပ်ထပ်နှင့် သွေးခြေဥကြီးတွေ ဖူးထလာတော့တဲ့ အထိပင်။ ကြီး



www.burmeseclassic.com

www.burmeseclassic.com



အတင်းဆွဲခေါ်သွားလို့သာ။ နို့မို့လျှင် အသည်း ထ,တောင် ထ,နိုင်မှာ မဟုတ်ပေ။

"ဒေါ်နု... ဒီကောင်မလေးကို အိမ်ထဲကအိမ်ပြင် လုံးဝ မထွက်စေနဲ့တော့၊ စာမေးပွဲလည်းပြီးပြီ၊ ဘယ်မှ သွားစရာမလိုဘူး"

ကြီးနု ဆေးလိမ်းပေးတာကို ခံယူရင်း အသည်း တရှိုက်ရှိုက်ငိုရသည်မှာ မောနေသည်။ လူမောတာထက်ကို အိမ်ထဲကအိမ်ပြင် မထွက်ရတော့ဘူးဆို၍ စိတ်မောရတာက ပင်ပန်းဆင်းရဲလှသည်။ မွန်းလွဲနေ့လယ်ပိုင်းမှာ ရှိုက်သံကလေးနှင့် ပင်ပင်ပန်းပန်း အိပ်မောကျသွားခဲ့လျက်အသည်း အိပ်ရာကနိုးတော့ နေတောင်ဝင်နေပြီ။ ကိုကြီး ဆေးခန်းရောက်နေလောက်ပြီ။ ကြီးနုက လင်ပန်းကလေးနှင့် ဝင်လာခဲ့ကာ...

"သမီးလေး... ခုနက ကြီးနု လာစမ်းကြည့်တာ ကိုယ်လေးနွေးနေတာနဲ့ ကြီးနု ငါးရံ့ဆန်ပြုတ်ပူပူလေး ချက်ပေးထားတယ်၊ သောက်လိုက်ဦးနော်၊ နောက်တောင်ကျနေပြီ၊ ညည်းအဖေလည်း ကရုဏာဒေါသောနဲ့ ရိုက်လိုက်ချက်အေး၊ ကလေးကို ဖျားယူရော၊ ငါ့သမီးလေးက ဘာဖြစ်လို့ မိုက်ချင်ရတာလဲကွယ်၊ လိမ္မာပါ သမီးလေးရယ်၊ ခုလို မြင်ရတော့ ကြီးနု စိတ်မကောင်းလိုက်တာ၊ မျက်နှာလေးကို ဖောင်းအစ်လို့ ငိုထားလိုက်ရတာ"

အသည်းက ဘာမှ စောဒကမတက်ဘဲ ကြီးနုရဲ့ ငါးရံ့ဆန်ပြုတ်ပန်းကန်းလေးကို မျက်ရည်လေးလည်လည်နှင့် မှုတ်သောက်လိုက်ပါသည်။ ကြီးနု ကျေနပ်အောင် ပန်းကန်အပြောင် သောက်လိုက်ပြီးလျှင်...

"ကြီးနု... သမီး အိပ်တော့မယ်"

"ပြန်အိပ်ဦးမလား၊ ခေါင်းတွေ ဘာတွေ ကိုက်သေးလား၊ အိပ်... အိပ်... နားလိုက် သမီးလေး"

အသည်းက အိပ်ရာထက်မှာ ငြိမ်သက်ရင်း ဒီထက် မှောင်လာအောင် စောင့်နေခဲ့ပါသည်။ ဆုံးဖြတ်ချက်တစ်ခုကို အသည်း ချပြီးပြီ။ အသည်း ကိုကြီးနှင့် မခွဲတော့ဘူး။ ဒီလောက်ထိ အတိုင်ခံရ အရိုက်ခံပြီးတော့ အသည်း နောက်မဆုတ်တော့ဘူး။ အလစ်ချောင်းနေသော အသည်း



www.burmeseclassic.com

www.burmeseclassic.com



သည် ကိုကြီး ဆေးခန်းပိတ်ကာနီး၊ ကြီးနုလည်း တီဗီရှေ့ ရုပ်ရှင်တစ်ကား ကြည့်နေချိန်၊ ဖေဖေ ပန်းချီခန်းထဲ ရောက်နေချိန် အချိန်တစ်ခုမှာ နောက် ဖေး မီးဖိုချောင်တံခါးကို တိတ်တဆိတ်ဖွင့်ကာ ဆေးခန်းရှိရာဆီ အပြေး ရောက်ခဲ့ပါသည်။ ကိုကြီး ကားအနား မှောင်ရိပ်ခို စောင့်ဆိုင်းနေပြီး ကိုကြီး ပြန်ဖို့ ကားတံခါးဖွင့် တက်ထိုင်လိုက်ချိန်တွင် အသည်းလည်း တစ်ဖက်တံခါးမှ ဖွင့်ဝင်ထိုင်လိုက်ပါသည်။

"ဟင် … အသည်း၊ အသည်း ဘာဖြစ်တာလဲ၊ မျက်နှာကြီး မို့အမ်း လို့၊ ငိုထားတာလား၊ ဟင် … အခုလည်း ငိုနေတာ၊ ဘာဖြစ်လို့လဲ ကလေး၊ ဘာဖြစ်လို့လဲ"

"ကိုကြီး… မမနန်းမိုက ဖေဖေ့ဆီ စာပို့လိုက်တယ်၊ ဘာတွေရေး လိုက်လည်းတော့ အသည်း အကုန်မသိဘူး၊ ဖေဖေက ဒေါ်ပွပြီး အသည်းကို ရိုက်လိုက်တာ၊ ဟောဒီမှာကြည့်စမ်း၊ ဒီမှာရော…"

အသည်းသည် ဘောင်းဘီစက ပွပွလေးကို အောက်နား ဆွဲပင့်၍ ခြေသလုံးနှစ်ဖက်က နီရဲဖူးကြွနေသော အရိုးရာများကို ကိုကြီး မြင်အောင် ပြလိုက်လေသည်။

"ဟာ… အသည်းရယ်၊ ကျွတ်… ကျွတ်… အသည်းအဖေက ဘာလို့အဲသလောက် ရိုက်တာလဲ၊ နန်းမိုက ဘာပြောလိုက်လို့လဲ ဒီလောက်တောင် ရိုက်ရလား၊ အသည်းရယ်… ဖြစ်မှဖြစ်ရလေ…"

"ကိုကြီး… အသည်း… အသည်း လုံးဝအိမ်မပြန်တော့ဘူး၊ အိမ် ပြန်ရောက်ရင် ကိုကြီးနဲ့အသည်း အပြီးဝေးပြီဆိုတာ အသည်း သိ နေပြီ၊ ကိုကြီးက အသည်းကို ခေါ်မသွားနိုင်ဘူး ဆိုရင် အသည်းကို အဝေးပြေးကားဂိတ်မှာသာ ချပေးပါတော့"

ကိုကြီး ငိုင်ကျသွားလိုက်သည်မှာ ရှင်နေလျက်က အသက် ပျောက်သွားသည့်နှယ်။ ပျက်သွားသော မျက်နှာမှာလည်း ချွေးစေးတွေ ရုတ်ခြည်းစို့လာခဲ့ပါသည်။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com

## (၁၂)

ဩသုတရဲ့မျက်နှာဟာ ကလေးတစ်ယောက်နှယ် မှုန်ကုပ်ကုပ်ဖြစ်နေသည်။ စိတ်ကောက်တယ် ပြောလို့လည်း မမှန်၊ ဘာမှမဖြစ်ဘူးလဲ မဟုတ်။ သူ အတင်းမေးမိတဲ့အတွက် သူမနဲ့ ဦးပြေအောင်တို့ရဲ့ အတိတ်အတိတ်လမ်းစတ်ကွက်အချို့ကို ဒီမိုင်းပုံဆွဲရင်း စက္ကူစတွေညှပ်ရင်း အလုပ်အစ်ဖက်နှင့် မပြောချင်သလိုလို မပွင့်တပွင့် ပြောပြနေတဲ့ အသည်းကို ငိုတ်ကြည့်နေရင်း မျက်နှာက မှုန်သုန်လာခဲ့မိတာပင်။

မပြောချင်ပါဘူး ငြင်းလို့သာ တော်တော့သည်။ အချို့သောနေရာ အစိတ်အပိုင်းတွေမှာ သူ့ရဲ့ခံစားချက်တွေပါ ပါလာကာ ပြောရင်းကဆုပ်လက်စအလုပ်ရပ်ပြီး တွေးတွေးငေး ငေးကလေး ဖြစ်သွားတတ်သေးသည်။ မျက်ဝန်းကလေးကပါ မှုန်သီရီဝေလို့။ သက်ပြင်းရှည်ကြီးကိုလည်း ချလိုက်တတ်သေးသည်။

"အသည်း…"

"အင်…"

အသည်းက ဩသုတကို ဖျတ်ခနဲ လှည့်ကြည့်လာသည်။

"ဟင်… ဩ မျက်နှာကြီးက ဘယ်လိုဖြစ်နေတာလဲ"

"စဉ်းစားနေတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာစဉ်းစားနေတာလဲ၊ သူ့အတင်းပြောခိုင်းလို့ ဒီကတော့ ဒါတွေ ပြန်မပြောချင်ဘဲနဲ့ သူစိတ်ဆိုးမှာစိုးလို့ ပြောပြနေရတာ၊ သူကတော့ စဉ်းစားနေတယ်တဲ့"

"အသည်း ပြောနေတာကို ကြည့်ရင်း နားထောင်ရင်း စဉ်းစားနေ တာလေ၊ တခြားဟာ စဉ်းစားနေတာမှ မဟုတ်တာ"

"ဘာစဉ်စားနေတာလဲ"

"အသည်းကို ဒီအကြောင်းတွေ အခုလို ဖွင့်မေးမယ့် သူမျိုးများ အသည်း စောင့်မျှော်နေခဲ့တာလားလို့၊ မပြောချင်လို့သာပဲ၊ ပြော လိုက်တာ ဗီလင်တွေပါ ပါတယ်၊ အသေးစိပ်နေတာပဲ၊ ကျွန်တော် နားထောင်ရတာ ရင်ဘတ်တောင် အောင့်လာပြီ၊ စိတ်ဓာတ်တောင် ကျလာပြီ"

"ဘာစိတ်ဓာတ်ကျတာလဲ"

"ကျွန်တော်နဲ့ အသည်းအကြောင်း အသည်း ပြန်ပြောရင် တောင်မှ အဲသလောက် ခံစားချက်ပါပါ အသေးစိတ်စိတ် ထွက်လာပါ့မလား လို့လေ"

"ကဲ… ရစ်ပြီ၊ ငါ ထင်သားပဲ၊ မပြောပြပြန်လည်း တစ်ရန်၊ ပြော ပြန်လည်း တစ်ရန်ဖြစ်မယ်လို့ ထင်ပြီးသား သိလား၊ မေးလွန်းလို့ နားငြီးလွန်းလို့ ပြောပြရတာ၊ တော်ပြီ ထပ်မပြောတော့ဘူး၊ ဒါတွေ နားထောင်ရလို့ နင် ဘာစိတ်ချမ်းသာစရာရှိလဲလို့ ငါပြောခဲ့သားပဲ ဩ၊ အတင်းမေးပြီးမှ…"

"အရမ်းသိချင်တယ်လေ၊ ခင်ဗျား ဒီလူကြီးကို သွားတွေ့မယ်ဆိုတဲ့ ကိစ္စအပေါ် အရင်နောက်ကြောင်းတွေ ကြိုသိထားမှ ဘယ်လိုတွေ ဖြစ်လာနိုင်ချေရှိလဲဆိုတာ တွေးလို့ရမှာ"

"ဘာများ ဖြစ်လာနိုင်စရာ ရှိလို့လဲ ဩရယ်၊ အဲဒါတော့ နင် သက် သက် ငါ့ကို စိတ်ဒုက္ခပေးတာပဲ၊ ငါခေါင်းရှုပ်အောင် လုပ်တာပဲ၊ ငါ နောက်ဆံတင်းအောင် ရစ်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှတော့ အကောင်အထည် အပြုအမူအနေနဲ့ ဖြစ်မလာဘူးပေါ့"

အသည်းက တကယ်ပျက်နေတဲ့ ဩမျက်နှာကို အကဲခတ်လိုက်ပါသည်။

"ဩ... တခြား ဘာများဖြစ်မယ် ထင်လို့လဲဟင်"

"အသည်းမှာ ဦးပြေအောင်နဲ့ ပတ်သက်တဲ့ ခံစားချက်တွေ တနင့်တပိုး ရှိတယ်၊ အသည်း သူ့ကိုချစ်ခဲ့တဲ့ အချစ်ကိုက အခု ကျွန်တော့်ကို စွန့်ကျဲပေးထားတဲ့ အချစ်နဲ့ ဘယ်လိုမှ နှိုင်းလို့မရပါဘူး၊ အသည်းက ဦးပြေအောင်ကို ကိုယ့်ရဲ့ ကမ္ဘာကြီးတစ်ခုလို သတ်မှတ်ပြီး ရင်နင့်အောင် ချစ်ခဲ့တာ၊ အခု ကျွန်တော် အသည်းကို ချစ်သလိုမျိုးလေ၊ ဦးပြေအောင်က အသည်းကို သနားချစ်လေးနဲ့ သံယောဇဉ်လေး တစ်ခုပဲ ပြန်ပေးခဲ့တာ၊ အခု အသည်း ကျွန်တော့်ကို ပေးထားသလိုပါ"

ဩရဲ့ကြေကွဲသလို အသံအက်အက်ကြောင့် အသည်းက ဩကို အင်မတန် သနားသွားမိပါသည်။ ဟုတ်တယ်၊ အသည်းလည်း အဲသလို တွေးမိထားတာ ကြာပြီ။ နှိုင်းယှဉ်ကြည့်ရင် အဲဒီအတိုင်းပဲ။ အသည်းဟာ အရင် ဦးပြေအောင် နေရာမျိုး ရောက်နေလျက် ဩဟာ ဟိုးအရင်က အသည်းရဲ့နေရာမျိုး။

ဩသုတ ဆိုတဲ့ ကောင်ကလေးဟာ ဟိုးလွန်ခဲ့တဲ့ ဆယ်နှစ်အဖေနားမှာ တပည့်ခံ ဝင်ထွက်နေချိန် အသက်အစိတ် မပြည့်ခင်အရွယ် အသည်းက ဖေဖေနှင့် ပြန်လည်သင့်မြတ် သင်ပုန်းချေကာ ပြန်ဝင်ထွက်ဖြစ်နေတဲ့ အသည်းကို မြင်တွေ့ပြီး မြင်မြင်ချင်း တန်းတန်းစွဲသွားခဲ့ရှာတာ။ အဲဒီတုန်းကများ အသည်းဟာ အိမ်ထောင်ကွဲ ကလေးအမေလေးလို့ပင် သူ မသိရှာပေ။ သူ့ထက် လေးနှစ်ကျော်ကြီးတဲ့ အသည်းကို အစွဲအမှား မြတ်နိုးပိုးပန်းခဲ့တဲ့ ကောင်ကလေး။

သူ အတင်းကာရော လိုက်ချစ်နေတတ်ပုံက ကိုယ့်ကိုစိတ်အနှောင့်အယှက် ဖြစ်စေတဲ့အခါမျိုးမှာ အသည်း တစ်ချိန်က ကိုကြီးကို



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ချင်းစာမိသည်။ ဩကို ငါဟာ တစ်ခုလပ် ကလေးတစ်ယောက်အမေလို့ ပြတ်ပြတ်ငြင်းလွှတ်လိုက်ပေမယ့် သံယောဇဉ်မပြတ် စွဲလမ်းမှု မရပ်ရှာတဲ့ ဩဟာ နောက်ဆုတ်နိုင်တယ် မရှိဘဲ အသည်းနား တဝဲဝဲ လည်နေခဲ့တာ ဆယ်နှစ်ဆယ်မိုး။

တစ်ခါတစ်ရံမှာ သူ့ကို သနားလှသည်။ သူ့အချစ်ကို ကရုဏာသက်ရသည်။ အားလည်းနာမိသည်။ သူ့ရဲ့အရှူးအမူး သိသာလှတဲ့ အချစ်တွေ ကိုယ့်ထံပါးမှာ အလူးအလဲ ဖြစ်နေတဲ့ သူ့ခံစားချက်တွေ အပြုအမူလေးတွေအပေါ် ရံဖန်ရံခါ သာယာမိတတ်တာ ဝန်ခံပါသည်။ ကိုယ့်အနားမှာ ကိုယ့်ကို ဒီလောက်ချစ်တဲ့ ယောကျ်ားလေးတစ်ယောက် ရှိနေ ပိုင်ဆိုင်နေရတဲ့အတွက် ပုထုဇဉ်ပီပီ ကျေနပ်သလိုလို ကြည်နူးသလိုလို ဖြစ်မိတတ်တာကိုလည်း ဝန်ခံပါသည်။

သူ့အပေါ် အခါများစွာ မေတ္တာစိတ် ညွတ်ပျောင်း သက်ရောက်ရတာလည်း ဝန်ခံပါသည်။ သို့သော် ဟိုတုန်းက ဆယ်ကျော်သက်ဘဝက ချစ်ခဲ့ဖူးသလို မျက်ကန်းတောတိုး အရူးအမူးအချစ် ဆိုတာမျိုး ရင်ထဲမှာ ပြန်လည်နုသစ် ပေါက်ဖွားမလာနိုင်တော့တာ အမှန်ပါ။ လွန်ခဲ့တဲ့ တစ်နှစ် ကျော်လောက်ကမှ ဩကို အသည်း ခေါင်းညိတ်ခဲ့သည်။ သူ့အချစ်ကို မြတ်နိုးလေးစားတာရယ်၊ အထီးကျန်ဆန်တဲ့ ကိုယ့်မှာ သူ့လိုအဖော်မျိုး လိုအပ်တာရယ်၊ အသည်းဘက်ကလည်း ကရုဏာနှင့်ယှဉ်သော ချစ်ခြင်း မေတ္တာမျိုး သူ့အတွက် သက်ဆင်းကျရောက်မိတာရယ်။

ဆယ်နှစ်ဆယ်မိုး စဉ်းစားပြီးမှ အခါခါ ငြင်းပြီးမှ နောက်ဆုံးမှာ သေသေချာချာ လေးလေးနက်နက် စဉ်းစားဆုံးဖြတ် ခေါင်းညိတ်လက်ခံလိုက်တာဖြစ်၍ အသည်းရဲ့အချစ်ဟာ အယောင်ဆောင် အတုအပတော့ မဟုတ်ပါ။

"ဟုတ်တယ် မဟုတ်လား အသည်း"

"ဩရယ်... တကယ်တော့လေ အရှိန်အဟုန် အလုံးအရင်းနဲ့တာ တဲ့ လှိုင်းလုံးကြီးတွေပဲဖြစ်ဖြစ်၊ ငြိမ့်ငြိမ့်အိအိလေး ဖြည်းဖြည်းလာတဲ့



www.burmeseclassic.com

www.burmeseclassic.com



လှိုင်းနုလေးတွေပဲဖြစ်ဖြစ် နှစ်မျိုးစလုံးက ကမ်းစပ်ကို ရိုက်ပုတ်တာ ချည်းပါပဲ၊ ပုံသဏ္ဌာန်တော့ ကွဲပြားတယ်၊ ဖြစ်စဉ်တူပါတယ် ဩ။ လှိုင်းလုံးကြီးတွေက အရှိန်ကြမ်းသလို အထိလည်း နာပါတယ်၊ လှိုင်းအိ လှိုင်းကြက်ခွပ်လေးတွေက နူးညံ့သိမ်မွေ့ပါတယ်၊ အန္တရာယ် ကင်းပါတယ် ဩရယ်"

"ခင်ဗျား စကားတတ်တိုင်း ဘယ်လိုပြောပြော ဦးပြေအောင် အတွက်နဲ့ ပတ်သက်ရင် အသည်းရင်ထဲမှာ တုန်လှုပ်မှု ရှိတုန်း၊ လှုပ်ရှားတုန်း ဆိုတာ သိနေတော့ အသည်း သူနဲ့သွားတွေ့မှာကို ကျွန်တော် သဝန်တိုတယ်"

"ဪ... ဩရယ်၊ သူ့မှာလည်း သူ့မိသားစုနဲ့သူ၊ အသည်းမှာလည်း ဩတစ်ယောက်လုံးနဲ့ပါ၊ ဩ သဝန်တိုရမယ့် အနေအထား မဟုတ်ဘူးလေ"

"အသည်းတို့ အပြင်မှာ ဘာမှတော့ ဘယ်ဖြစ်ပါ့မလဲ၊ ဒါပေမဲ့ အသည်းရင်ထဲမှာ လှုပ်ရှားမှာကို သဝန်တိုတယ်"

အသည်းက ကတ်ကြေးကို ချလိုက်ကာ ထိုင်ရာမှ ထ,လာခဲ့သည်။ ဆိုဖာမှာ ထိုင်နေတဲ့ ဩနံဘေး ကပ်ထိုင်လျက် တစောင်းလေး ရှည့်ကာ ဩရဲ့ခါးကို ခပ်တင်းတင်းလေး ဖက်ထားလိုက်ပါသည်။ ဒီလူရွှယ်ကလေး မျက်နှာပျက်အောင် ဝမ်းနည်းနေလိုက်တာ။ အသည်း ကိုယ်ချင်းစာသည်။ အသည်းနေရာက အချစ်မျိုးနဲ့ ပူလောင်နေတတ်တဲ့ ဒီလူရွှယ်လေးကို အသည်း ကရုဏာပိုကာ ပိုလို့ချစ်ရပါသည်။

ဩသုတက သူ့ရင်ဘတ်တစ်ခြမ်းမှာ ပါးအပ်ထားတဲ့ အသည်း ရဲ့ခေါင်းပေါ် သူ့ပါးပြင်ကို ပြန်ကပ်ထားလိုက်ပါသည်။ သူ စိတ်မကောင်း ဖြစ်မှာစိုးလို့ အသည်း ချော့မော့တာ သူ သိတာပေါ့။ အသည်းက ဒီလို စပြုအမူမျိုး ပြုခဲ့လှတဲ့သူလေ။ အသည်း သူ့အပေါ် သနားတာ၊ ကြင်နာ တာ ကိုယ်ချင်းစာတာ ကရုဏာသက်တာတွေကို သူ သိပါသည်။ သို့ပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



လည်း ဦးပြေအောင်ကိုတော့ ခင်ဗျား ပိုချစ်ခဲ့တယ် မဟုတ်လား အသည်း ရယ်။

အသည်းက တစ်ခဏအတွင်း အနေကျဉ်းကျပ်လာသလို သူ့ပခုံးပေါ်က သြရဲ့လက်ကို ဖြုတ်ချ၊ သြရဲ့ရင်ခွင်ပြင်မှ ခေါင်းကို ခွာလိုက်ရင်း ထိုင်ရာက ထ,ဟန်ပြုသည်။

"ဒါ ဘယ်လဲ၊ ခုနလိုလေး ဆယ်မိနစ်လောက် မနေပေးနိုင်ဘူးလား။ အသည်းကလေ ကျွန်တော် နည်းနည်းကလေး ဖက်ထားချင်ရင် တောင်မှ တွန့်တိုလွန်းတယ်၊ အသည်းနဲ့ ကျွန်တော်က ချစ်သူတွေ ပါဗျာ၊ သူစိမ်းတွေ မဟုတ်ပါဘူး အသည်းရာ"

"အသည်း မနေတတ်လို့ပါ သြရာ၊ အသည်းက တစ်ခုလပ် ကလေးအမေ၊ သြက လူပျိုဖြစ်နေတဲ့အတွက်ကို အသည်း ပိုပြီး အဲသလိုမနေချင်ဘူး၊ အဲဒီအတွက် ပိုထိန်းထိန်းသိမ်းသိမ်း နေရမယ် သြ၊ အသည်း အပြုအမူကြောင့် သြရဲ့စိတ်တွေ လှုပ်လှုပ်ခတ်ခတ် ဖြစ်စေတာမျိုး အသည်းကိုယ်အသည်း ခွင့်မပြုနိုင်ဘူး၊ အသည်းကို သြ ရိုးရိုးသားသားလေး ချစ်နေတာကိုပဲ အသည်း လိုချင်တာ"

"ဘယ်သူက မရိုးမသား ဖြစ်နေလို့လဲ၊ ခင်ဗျား နေချင်သလို ခင်ဗျား ပြုမူချင်သလို အခြေအနေတိုင်းမှာ အကြောင်းပြချက်တွေနဲ့ ချည်းပဲ၊ ရပါတယ်ဗျာ"

"အဟင်း ဟင်း...၊ အမှန်ကတော့ အသည်း တစ်ခုသတိရသွား လို့ပါ၊ သြကို ကိုယ်တိုင်းမလို့ ပေကြိုးထ,ယူတာပါ သြရယ်"

အသည်းက ပေကြိုးခွေလေး ကောက်ယူရင်း ပြောလျှင် သြက အသည်းကို အသည်းတယားယားသာ စိုက်ကြည့်နေမိပါသည်။ အမှန်တကယ်တော့ စိတ်ထဲမှာ အသည်းရဲ့ ဆင်ခြင်သိုသိပ် ထိန်းသိမ်းသော အနေအထိုင်လေးကို သူ သိပ်ကိုကျေနပ် တန်ဖိုးထားမိတာပါ။ အသည်းနဲ့ စ,တွေ့ဖူးစက အသက်ငယ်ငယ် တစ်ခုလပ် ဒီဇိုင်နာ မိန်းကလေး တစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်အဖြစ် ကောလာဟာလတွေ ကြားခဲ့ဖူးသေးတာ မဟုတ်လား။ အသည်းဟာ အဲဒီလို မိန်းကလေးတစ်ယောက် မဟုတ်ဘူးဆိုတာ ဆယ်နှစ်လုံးလုံးအတွင်း သူ အသေအချာ အခိုင်အလုံ သိခွင့်ရပြီးပြီ။

"ကဲ… မတ်တတ်ထ,၊ ယောကျ်ားတွေက Branded ရယ်ဒီမိတ်တွေပဲ အကောင်းထင်ကြတာ၊ အသည်းရဲ့ချစ်သူ လုပ်နေမှတော့ အသည်းလက်ရာ အင်္ကျီလည်း ဝတ်သင့်တာပေါ့"

"ကျွန်တော်က အသည်း ပင်ပန်းမှာ စိုးတဲ့သူပါ၊ အသည်းရား ဒီလောက် ချုပ်ထည်တွေ များနေတဲ့ကြားက ကျွန်တော့်အတွက် ချုပ်ပေးဖို့ မပြောရက်တာ၊ တကယ်တော့ အသည်း ချုပ်ပေးတဲ့ Shirt ကို ဝတ်ချင်တာ ကြာနေပြီ"

အသည်းက ကြည်နူးပြုံးလေးနှင့် ဟိုဘက်လှည့်ပြီး ကိုယ်အတိုင်းခံနေသော သြရဲ့ကျောပြင်ကို မအောင့်နိုင်ဘဲ ဖွဖွတစ်ချက် နမ်းရှိုက်မိသည်။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com

(၁၃)

ဩကြ ကားကို ပါကင်လုပ်ရင်း ကျန်ရစ်ပြီ။ ဩကြနဲ့အသည်းနားလည်မှု ရယူလိုက်သည်မှာ ဩကြ လိုက်တော့လိုက်ပို့။ အသည်းနဲ့ ဦးပြေအောင် စကားပြောတဲ့ နေရာအထိတော့ ဩကြ အတူတူ လာမထိုင်နဲ့။ ဩကြလည်း သဘောတူခဲ့သည်။

အသည်းသည် တမျှော်တခေါ် စိမ်းပြန့်သော မြင်ကွင်းကိုလည်ပင်းလေးလိမ်ကာ ငေးရင်း ဖြည်းညှင်းစွာ လျှောက်လာသည်။ ခုနက ဖုန်းတစ်ချက် ဆက်လိုက်တော့ ကိုကြီးက စားသောက်ဆိုင်မှာ သူရှိနေမယ်တဲ့။ ကိုကြီးက အသည်းကို အပြင်က တစ်နေရာရာမှာ မချိန်းပါ။ တနင်္ဂနွေနံနက်တိုင်း သူ ရောက်နေကျ နေရာကိုသာ လာတွေ့ဖို့ ခွင့်ပြုသည်။

ဆေးဖြူဖြူနှင့် စားသာက်ဆိုင်လေးကို လှမ်းမြင်နေရတဲ့အခါ တစ်ချိန်သောအခါက အသည်းတို့ရပ်ကွက်နှင့် မနီးမဝေးက ကော်ဖီဆိုင်နှင့် အအေးဆိုင်ကလေးတွေမှာ နှစ်ဦးချိန်းတွေ့ကြတာကို သတိရမိလေသည်။ ကိုကြီးက ကားနှင့်လာရတာ ဖြစ်ပေမယ့် အသည်းကတော့ ခြေလျင်ပြေးရတာဖြစ်သည်။ အအေးဆိုင်လေးရဲ့ မှန်တံခါးကို ဝှန်းခနဲ တွန်းဖွင့်ဝင်လိုက်လျှင် ဆိုင်ထဲက စားပွဲတစ်ခုဌ် ကိုကြီး ထိုင်နေနှင့်တာ တွေ့ရပါပျော် သွားတတ်တဲ့ အပျော်ကို အသစ်လို သတိရလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟိုးရှေ့က ဆေးဖြူဖြူသုတ်ထားတဲ့ သစ်သားစားပွဲ ကုလားထိုင်လေး တစ်စုံတွင် ကိုကြီး ထိုင်နေသည်။ အမိုးအကာအောက်မို့ နေရိပ်အောက် ဖြစ်ပေမယ့် မှန်တံခါးများနှင့် ဆိုင်တွင်းထဲမဟုတ်။ အပြင်ဘက် အလာဟင်းလင်းထဲဖြစ်သည်။ ကိုကြီးဟာ သူ့ဘက်က safe side ဖြစ်အောင် ကြိုတင်စဉ်းစားထားခဲ့ပုံပဲ။

အပြာရောင်တောက်တောက် စပို့ရှပ်နှင့် ဘောင်းဘီတို အဖြူရောင်ဝတ်ကာ Oakley နေကာမျက်မှန်နက်နက်ကို တပ်ထားတဲ့ ကိုကြီးပုံစံဟာ ရှင်းသန့်၍ Royal Family က မင်းသားတစ်ပါးပုံ ထွက်နေပါသည်။ အသက်အရွယ်အလျောက် အနည်းငယ် အိဖိုင့်နေပြီဖြစ်တဲ့ မနန်းမိုးအစ်ယောက် သူ့ခင်ပွန်း ခွဲစိတ်သမားတော်ကို စိုးရိမ်ပူပန် သဝန်တိုမယ်ဆိုလည်း တိုချင်စရာပါပေ။

"Morning"

စားပွဲနား အသည်း အရောက်တွင် ဦးပြေအောင်က မျက်မှန်ကို ချွတ်ကာ စားပွဲပေါ်တင်လိုက်ရင်း နှုတ်ဆက်လိုက်ပါသည်။ အသည်းက အပြန်နှုတ်ဆက်မနေတော့။ မင်္ဂလာနံနက်ခင်းတွေ ဘာတွေလဲ ပြောနေဖို့ စိတ်မရှိအပ်ဘူး ထင်သည်။ ကိုင်လာတဲ့အိတ်ကို စားပွဲပေါ်တင်ကာ ခုံဆွဲ၍ ထိုင်လိုက်ရင်း...

"မနက်ကလည်း မနန်းမိုက ဖုန်းခေါ်သေးတယ်"

ဦးပြေအောင်က ကိုယ်ကို အနည်းငယ် လှုပ်ရှားလိုက်ရင်း...

"ဘာတဲ့လဲ"

"ဘာမှမတဲ့ပါဘူး၊ အသည်း မကိုင်လိုက်ဘူး"

"ကိုင်လိုက်ပေါ့၊ သူပြောစရာရှိလို့ နေမှာပေါ့လေ"

"သူ ပြောစရာရှိတိုင်း အသည်းက နားထောင်စရာလား၊ ဟိုတလောကလည်း ဆက်သေးတယ်၊ ကိုင်ပြီးပြီပဲ။ တွေ့ရအောင်လို့ ချိန်းတယ်၊ အသည်း သိပ်မအားဘူး၊ ပြောစရာရှိတာ ပြောပါဆိုတော့လည်း



www.burmeseclassic.com

www.burmeseclassic.com



ဘာမှလဲ ပြောတာမဟုတ်ဘူး၊ သူက သူ့ကလေးတွေ ကျောင်းပို့ပြီး ရင် အားလပ်နေပေမယ့် အသည်းက သူ့လို အားလပ်နေတာ မဟုတ်ဘူး၊ အလုပ်များတယ်၊ သိပ်တွေ့ချင်တာဆိုလည်း ဆိုင်ကို လာလိုက်ပေါ့၊ ဆိုင်ကို သူ မသိဘဲ မနေပါဘူး"

အသည်းရဲ့ ခပ်ဆောင့်ဆောင့်စကားကြောင့် ဦးပြေအောင် မသိမသာကလေး ပြုံးမိသကဲ့သို့ ရှိသည်။

"ကော်ဖီ သောက်မလား"

"အင်း..."

ဦးပြေအောင်က ဝိတ်တာလေးကို နက်စ်ကော်ဖီတစ်ခွက် မှာလိုက်သည်။ ဟိုးအရင်ကတည်းက နက်စ်ကော်ဖီကိုသာ စွဲစွဲမြဲမြဲသောက် တတ်တဲ့ ဦးပြေအောင်ဟာ ခုထိလည်းသောက်ဆဲ၊ အသည်းအတွက်လည်း မေးမြန်းရွေးချယ်စေခြင်း မရှိဘဲ သူ့အကြိုက်ကိုသာ မှာမြဲ။

"ကဲ... ပြောပါဦး၊ မိုးသည်း ဘာပြောစရာရှိတာလဲ"

အရင်ကတော့ သူလည်း "အသည်း"လို့ နာမ်စား သုံးခဲ့ဖူး သည်။ ခုတော့လည်း ဣန္ဒြေရရရှိအောင် မိုးသည်း ဖြစ်သွားတာပေါ့လေ။ နာမည်ရင်းက မိုးသည်းသည်းဖြစ်၍ ကိုယ့်ကို"မိုးသည်း"ခေါ်လျှင် နာမည် အပြည့်ကို သံပြတ်နှင့်ခေါ်ချသလို ခံစားရကာ ငယ်ငယ်လေးတည်းက အသည်း မကြိုက်။ ဦးပြေအောင်ရဲ့အိမ်ကို ပထမဆုံး ပြန်တက်ကြတဲ့ နေ့ကတည်းက သူ့ကို "မိုးသည်းသည်း"လို့ တပင်တပန်း အပြည့်အစုံ ခေါ်ခဲ့တဲ့ ယောက္ခမကို အဲဒီတုန်းကတော့ ရှိန်ကြောက်နေမိ၍ ဘာစောဒက မတက်မိခဲ့။

ခုချိန်များ ဒီယောက္ခမ ရှိသေးလျှင် အသည်းသည် လွန်ခဲ့တဲ့ နှစ်ဆယ့်နှစ်နှစ်ကကဲ့သို့ ရိုကျိုးမိလိမ့်မည် မဟုတ်ချေ။ ထိုစဉ်တုန်းကတော့ ကလေးသာသာလည်းဖြစ်၊ ကိုယ်က လူကြီးအသိအမှတ်ပြုပြီးသား ရှိတဲ့ သူ့သားနှင့်လည်း ခိုးပြေးခဲ့မိ၊ ကိုယ့်ကို မကြည်ဖြူတာလည်းသိ



www.burmeseclassic.com

www.burmeseclassic.com



အငယ် ဝမ်းနည်းနေမိတဲ့ မိန်းကလေးဖြစ်လေရာ အရာရာ၌ ငုံ့လျှိုး ဦးကျိုးခဲ့မိပေသည်။

"မနန်းမိုက အသည်းကို ဘာပြောချင်နေတာလဲ"

"အဲဒါတော့ ကိုယ်လည်း သေချာမသိတာ အမှန်ပဲ မိုးသည်း"

"မင်း ဘာပြောမလို့လဲ... လို့ တစ်ခွန်းတောင် မေးမကြည့်မိတာ လား၊ မမေးရဲတာလား ကိုကြီး"

ဦးပြေအောင် မျက်နှာက အနည်းငယ် သွေးရောင် ပြေးသွား သည်။

"အသည်းကို စကားလာပြောချင်နေစရာ သူ့မှာ ဘာကိစ္စမှ မရှိ လောက်ဘူးလို့ အသည်း ထင်တယ်လေ၊ ပြီးတော့ သူ့ကိုလည်း မယ်မယ်ရရ အကြောင်းမခိုင်လုံဘဲ အသည်း မတွေ့ချင်ပါဘူး၊ တစ်ဦးကိုတစ်ဦး ချစ်ခင်နေကြတဲ့သူတွေလည်း မဟုတ်ဘူး၊ တွေ့ ရလို့လည်း စိတ်ချမ်းသာကြမယ့် သူတွေချင်း မဟုတ်ဘူး"

"မင်္ဂလာကိစ္စနဲ့ပဲ ပတ်သက်ပါလိမ့်မယ်"

"မင်္ဂလာကိစ္စနဲ့ ပတ်သက်ပြီးတော့ရော သူနဲ့ အသည်း ဘာတိုင် ပင်စရာများ ရှိလို့လဲ။ ဒီမင်္ဂလာပွဲဟာ သူနဲ့လည်းတိုက်ရိုက်မသက် ဆိုင်ဘူး၊ မမအိက ဆက်တယ်ဆိုရင် အသည်း ကိုင်ကိုကိုင်ရမယ်၊ မမအိက တွေ့ချင်တယ်ဆို ရင်တောင် အိမ်ကို အသည်းက ပြေး သွားမှာ၊ မမအိက အသည်းသမီးကို သူ့သမီးရင်းလို တစ်သက်လုံး ပြုစုစောင့်ရှောက်ခဲ့တဲ့သူ၊ ကျေးဇူးရှင်လို သဘောထားတယ်၊ မနန်းမို ကတော့ အသည်းကို တွေ့နေစရာအကြောင်းတောင် မရှိဘူး"

"မင်း ဖုန်းမကိုင်ရင် သူက ထပ်ထပ်ဆက်နေမှာပေါ့"

"နေပါဦး၊ အသည်း မီးချောဆီက မင်္ဂလာကိစ္စ သိသိချင်း ကိုကြီး ဆီ ဖုန်းအခါခါ ခေါ်သေးတယ်၊ အသည်း စိတ်ထဲမှာ ဒီကိစ္စ ကြား ကြားချင်း အသက်ဆိုင်ဆုံးသူ နောက်တစ်ယောက်အဖြစ် ကိုကြီးနဲ့



www.burmeseclassic.com

www.burmeseclassic.com



မေးမြန်းစကားပြော၊ ကိုကြီးဆီက တစ်ခုခု ကြားချင်ပြီး ဆက်မိတယ် *အဲဒီတုန်းက တစ်ကြိမ် နှစ်ကြိမ် မကိုင်တာဟာ မကြားလိုက်တာ* မစ်စ်ဖြစ်သွားတာ ဖြစ်နိုင်တယ်၊ တစ်ကြိမ်မှ မကိုင်တာ ပြန်မဆက် တာကျတော့ တမင်တကာ စကားလက်ခံမပြောတာ ဖြစ်သွားပြီ အဲဒါ မနန်းမိုက တားမြစ်လို့မှ ဟုတ်ရဲ့လား"

ဦးပြေအောင်ထံမှ စကားပြန်မရ။ ဦးပြေအောင်က ဧော်ဖီပန်း ကန်ကိုကိုင်၍ တစ်ကျိုက်မော့သောက်ကာ ခပ်မဆိတ်နေသည်။

"ကဲ... ဒါဆိုရင် အခု သူ ဆက်ဆက်နေတာကိုရော ကိုကြီး မဆက်ပါနဲ့လို့ သူ့ကို တားပိုင်ခွင့် မရှိဘူးလား၊ ကိုကြီးတို့ အိမ် ထောင်ရေးမှာ သူ ဖြစ်ချင်တာပဲ ဖြစ်ရတာလား၊ ကိုကြီး သဘောထား ဆန္ဒဆိုတာ မရှိတဲ့ ဆက်ဆံရေးလား"

ဦးပြေအောင်က နှုတ်ခမ်းကိုစု၍ အသည်းကို ခပ်စူးစူးကြည့် သည်။

"မင်းဟာက များသွားပြီ အသည်း၊ ကိုယ့်ဆီကို ရန်တွေ့ဖို့ လာ တာလား၊ မင်း ဘာတွေ ဖြစ်နေတာလဲ၊ မင်းပြောသလို သူနဲ့ တိုက်ရိုက်မဆိုင်ဘူး၊ ဘာမှပြောစရာကိစ္စ မရှိဘူးဆိုတာ မှန်တယ် ထား၊ သူနဲ့တွေ့ပြီး စကားပြောလိုက်ရတော့ရော မင်းမှာ ဘာများ နစ်နာသွားစရာ ရှိတာမို့လို့လဲ မိုးသည်း၊ မင်းတို့မိန်းမတွေဟာ ပြဿနာမဟုတ်တာကို ပြဿနာလုပ်နေကြတာပဲ၊ သူက တွေ့ချင် တယ်ဆိုလည်း လိုက်လျောပြီး တွေ့လိုက်လို့ မင်းဘက်က ဘာ လောက် ခက်ခဲနေလို့လဲ"

"သူ့ကို အသည်းက ဘာကြောင့် လိုက်လျောရမှာလဲ"

အသည်း အသံက မာဆတ်သွားပါသည်။ ဝဲချင်သလို ရှိလာသော မျက်ရည်ကိုတော့ အသည်းက မျက်တောင်နှစ်ခတ် သုံးခတ်နှင့် အောင့်အည်းသိမ်းဆည်းလိုက်၍ ဝဲလည်မလာတော့။



www.burmeseclassic.com

www.burmeseclassic.com



"သူ့ရည်းစားကို လုယူမိတဲ့ ပြစ်မှုနဲ့ မျက်နှာတောင် မဖော်ရဲသလို နေရတယ်၊ ပြဿနာထိပ်တိုက် မတွေ့အောင် ရှောင်ခဲ့ ကွင်းခဲ့ရတယ်၊ မိန်းမဆိုး တစ်ယောက်လို အပိုးကျိုးခဲ့ရတယ်၊ သူက ကျွန်မယောက်ျား ကို ပြန်လုယူသွားတာ၊ အသည်းယောက်ျားကို လုသွားတာ၊ သူလု သွားတဲ့ အချိန်ကျတော့ သူ အပိုးကျိုးကျိုး ကုပ်ကုပ်ရို့ရို့ နေခဲ့ သလား၊ အသည်းက ဘာလဲ၊ သူကကော ဘာမို့လဲ...

သူ့ရည်းစားလုမိတော့ သူက စင်ပေါ်က၊ အသည်းယောက်ျား ကို သူလုသွားတော့လည်း အသည်းက စင်အောက်က အဲသလိုလား"

ဦးပြေအောင်က သက်ပြင်းတစ်ချက် ချလိုက်မိပါသည်။

"ပြီးတာတွေ ပြီးပါစေတော့လား မိုးသည်းရယ်"

"ဟား ဟား... သူ့ရည်းစားကို လုမိတုန်းက သူက ပြီးတာတွေ မပြီးခဲ့ဘူးလေ၊ အသည်းယောက်ျားကို သူ လုယူသွားပြီးတော့မှ ကိုကြီးက ပြီးတာတွေ ပြီးပါစေတော့ အသည်းရယ် ဆိုတော့ အသည်းက ရယ်ရမှာလား ငိုရမှာလား၊ ပြီးတာတွေကို ပြီးထားတယ် လေ၊ ခေါင်းငုံ့ပြီး အရှုံးပေးခဲ့တယ်၊ တစ်ယောက်တည်း ဖွဲ့ထွက်ခဲ့တယ်၊ တောက်လျှောက်လည်း ဘာအနှောင့်အယှက်မှ မပေး၊ ကိုယ့်ဘဝနဲ့ ကိုယ် နေလိုက်တယ်၊ အဲသလို နေလိုက်တာဟာ အကြောင်းရင်း တစ်ခုပဲရှိတယ်၊ မနန်းမိုကို ကြောက်လို့လည်း မဟုတ်ဘူး၊ ငဲ့ညှာ တာလည်း မဟုတ်ဘူး၊ ပါရမီရင့်သန်လွန်းလို့ နှလုံးသားလှလွန်းလို့ လည်း မဟုတ်ဘူး"

အသည်းသည် စိတ်လှုပ်ရှားလာ၍ ကတိမ်းကပါး ဖြစ်လာတဲ့ အသံကို ရုတ်တရက်ရပ်ကာ မြက်ခင်းစိမ်းတွေဘက်လှည့်၍ အဝေးကြီး ဆေးမျှော်နေလိုက်သည်။ ဟိုးအဝေးက ဂေါ့ဖ်ရိုက်နေကြတဲ့ လူသုံးလေးဦး စုစုကို ငေးမိငေးရာ ငေးနေသည်။ ကိုကြီးနဲ့ မနန်းမိုတို့ဟာ အသည်းကို ဆော်သီးလေးတစ်လုံးလို ဟိုးအဝေးထိ လွင့်သွားအောင် အရှိန်ပြင်းပြင်း ရိုက်ထုတ်ပစ်ခဲ့ကြတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဦးပြေအောင်က အသည်းကို ငေးစိုက် ကြည့်နေသည်။ အသက်ရှူပြင်းကာ ရင်လေး နိမ့်ချည်မြင့်ချည် ဖြစ်နေတာကို ပြန်ထိန်းနေ ဟန်ရှိတဲ့ အသည်းကို တကယ်တော့ သူ့ရင်ထဲကနေ အလေးအနက် ကရုဏာသက်ခဲ့မိပါသည်။ ခုထိလည်း ဒီလိုပါပဲ။ လမ်းခွဲခဲ့ခြင်း၌ သူ့ ပယောဂ သူ့အလွန် များခဲ့တာ သူ မသိတာမဟုတ်။ ဒီအတွက် သူ ခုချိန် ထိ အပြစ်မကင်းစိတ် ဖြစ်နေဆဲပါ။

"အကြောင်းရင်းက ဘာများလဲ"

အသည်းက ဦးပြေအောင်ကို မျက်နှာချင်းဆိုင် ကြည့်လိုက်ရင်း...

"အကြောင်းရင်းက ဘာမှမထူးဆန်းပါဘူး၊ အသည်းနဲ့ သူနဲ့မှာ ကိုကြီးက မနန်းမိုကိုသာ ဘာပယောဂမှ မပါတဲ့ အချစ်အစစ်နဲ့ ချစ်တာဆိုတာ အသည်း နားလည်လိုက်လို့ပဲ၊ အသည်းကိုတော့ မလွန်ဆန် မရှောင်ရှားနိုင်တဲ့ ငြိတွယ်မှုလောကနဲ့ သနားစိတ်လောက် ပဲဆိုတာ သေချာ နားလည်လို့ပဲ၊ အသည်းတို့ လမ်းမခွဲသရွေ့ ကိုကြီးလည်း စိတ်ချမ်းသာမှာ မဟုတ်သလို အသည်းလည်း စိတ် ချမ်းသာရာရမှာ မဟုတ်ဘူးဆိုတာ အသည်း သဘောပေါက်လို့ လမ်းခွဲပေးလိုက်တာ"

"......... "

"ကိုကြီးဆိုကလည်း တစ်ခုလောက် သိပါရစေ၊ ခုချိန်မှာမှ အေးရ တာက ခုချိန်မှာမှ ပိုသိချင်လာလို့ပဲ၊ ကိုကြီး ဘာဖြစ်လို့ အသည်းကို ခိုးပြေးဖို့ ဆုံးဖြတ်လိုက်တာလဲ"

"......... "

ဦးပြေအောင်က စိတ်အိုက်အိုက်နှင့် ပြုံးကာ သက်ပြင်းသာ ကျိတ်ချမိပါသည်။ အဖြေခက်နေတာနှင့်ပဲ စကားဝိုင်းက အချိန်ကြာကြာ တိတ်ဆိတ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီး မဖြေနိုင်လည်း အသည်းဖြေမယ်၊ ကိုကြီးစိတ်က တကယ်တော့ နှစ်ခွဖြစ်နေတယ်၊ မပြတ်သားဘူး၊ ဒါပေမဲ့ မနန်းမိုကိုတော့ ကိုကြီးရှိန်တယ်၊ မနန်းမိုကို ကြောက်တယ်၊ မနန်းမိုကိုသာ ယူဖြစ်ရင် အသည်းကို လမ်းတွေ့လို့တောင် ကိုကြီး နှုတ်မဆက်ရဲတဲ့ဘဝနဲ့ ချုပ်ချုပ်ချယ်ချယ် ခံနေရမှာလေ၊ စိတ်က မပြတ်တော့ ကိုကြီး စိတ်ကျဉ်းကျပ်မယ်၊ အသည်းကို ယူလိုက်ရင်တော့ ကိုကြီး အနေချောင်မယ်၊ မနန်းမိုကို အပြင်မှာလည်း ခေါ်ပြောနိုင်မယ်၊ ဖုန်းတွေဘာတွေ ပြောလို့လည်းရတယ်၊ အသည်း ဆိုတဲ့ ဇနီးမယားက မှုစရာမလိုတဲ့ မကြောက်ရတဲ့ မိန်းမမျိုး၊ ဒါကြောင့် ကိုကြီးအတွက် နေရထိုင်ရ ပိုလွတ်လပ် ချောင်ချိတဲ့ အသည်းကို ယူလိုက်တယ်၊ အဲလိုမဟုတ်လား ကိုကြီး"

"အပောင်း"

ဦးပြေအောင်က အောင့်သက်သက် မချင့်မရဲ တစ်ချက်ရယ်လိုက်ပါသည်။ မိုးသည်းနှင့် တွေ့လျှင် သူပြောချင်ရာ အားရအောင် ပြောပါစေ။ အလိုက်အထိုက် လက်ခံနားထောင်ကာ ပြန်မည်ဟု ဆုံးဖြတ်ခဲ့သော်လည်း ခုတော့ ပြောချင်တာတွေ လည်ချောင်းဝသို့ ပလုံစီထ,လာသည်။

"ဒါ မင်းအထင်လေ၊ မင်းထင်ချင်သလိုထင် မြင်ချင်သလို မြင်နိုင်တယ် မိုးသည်း၊ ဒါပေမဲ့ ဒီအထင်အမြင်က ကိုယ့်ကို အထင်သေးစော်ကားရာကျတယ်၊ ကိုယ့်ကို သေးသိမ်စေတယ် ဆိုတာတော့ မင်း သတိပြုပါ၊ မင်းကို သနားတဲ့ စိတ်တစ်ခုနဲ့ ကိုယ်ရွေးချယ်လိုက်တာ၊ အဲဒီနေ့ ခိုးပြေးဖြစ်ခဲ့တာမှာ ကိုယ့်အတွက်ဆိုတာ ဘာတစ်ခုမှ ထည့်မစဉ်းစားခဲ့မိဘူး...

မင်းကို မနန်းမိုရဲ့ တိုက်ခိုက်မှုက ကာကွယ်ပေးချင်ခဲ့တယ်၊ သူ့အတိုက်အခိုက်ကို ခံနေရတဲ့ မင်းကို သနားမိတယ်၊ အထူးသဖြင့် အဲဒီနေ့က မင်းအဖေရိုက်တားတဲ့ အရှိုးတွေမြင်ပြီး ကိုယ် ...ပ်စိတ်



www.burmeseclassic.com

www.burmeseclassic.com



မကောင်းဖြစ်ရတယ်၊ သိပ်သနားသွားတယ်၊ ဒါကြောင့် မင်း စိတ်ချမ်းသာပါစေတော့ဆိုတဲ့ မေတ္တာစေတနာလည်း ထားခဲ့မိလို့ မင်းကို လက်ထပ်ဖို့ ဆုံးဖြတ်ပြီး ခိုးသွားခဲ့မိတာ၊ အဲဒါ အမှန်တရားပဲ၊ ကိုယ့်စိတ်ရင်းပဲ၊ မင်း ယုံတာ မယုံတာ အရေးမကြီးဘူး၊ မင်းဘာသာ မင်း ထင်ချင်ရာ ထင်တာလည်း ကိုယ် ဂရုမစိုက်ဘူး"

အသည်း ရင်ထဲက လှိုက်ကာ လှိုက်ကာ တက်လာသည်။

"ဒါဖြင့် အသည်းကို ဘာဖြစ်လို့လမ်းခွဲခဲ့လဲ"

"ကျွတ် ဒါတွေ ပြန်ပြောလည်း ချေးခြောက်ရေနှူးသလို ဖြစ်နေတာ မိုးသည်းရယ်၊ ဘာဖြစ်လို့ အသစ်ပြန်ဖြစ်ချင်ရတာလဲ၊ အခြေအနေ အရပ်ရပ်ကို မင်းလည်းသိခဲ့တာပဲ၊ မေမေနဲ့မင်း ဘယ်တော့မှ ပြေလည်တယ်လို့ မရှိခဲ့ဘူး၊ ဒါက ကြားလူဖြစ်တဲ့ ကိုယ့်အတွက် ဘယ်လောက် စိတ်ဆင်းရဲစရာ ကောင်းတယ်လို့ မင်း ထင်သလဲ...

မင်းမှာ အိမ်ထောင်တစ်ခုကို ထိန်းသိမ်းနိုင်တဲ့အရည် အချင်း၊ အိမ်မှုကိစ္စကို နိုင်နင်းတဲ့ အရည်အချင်း၊ ကလေးတစ်ယောက်ကို ပြုစုစောင့်ရှောက်နိုင်တဲ့ အရည်အချင်း၊ ဒါတွေ အားနည်းခဲ့တာလည်း မင်း အသိဆုံးပဲ၊ ဒါတွေကို ကြိုးစားဖို့လည်း မင်း အာရုံမရှိခဲ့ဘူး၊ တကယ်တော့ ကိုယ်က ကလေးတစ်ယောက်နဲ့ လက်ထပ်ခဲ့မိသလို ပဲလေ၊ မင်း အိမ်မှာမပျော်ဘူး၊ ကျောင်းသွားတက်မယ်၊ သူငယ်ချင်း တွေနဲ့နေမယ်၊ ပျော်မယ်၊ ဆယ်ကျော်သက် အပျိုကလေးတစ်ယောက် နေပုံမျိုးပဲ မင်းနေချင်တယ်၊ မင်း မမှားပါဘူး၊ မင်းက တကယ်လည်း ဆယ်ကျော်သက် ကျောင်းသူကလေးတစ်ယောက်ပဲလေ၊ ခုချိန်မှာ ဒါတွေပြောရတာ အပြစ်တွေ ရှာပြောရသလို အကြောင်းပြချက်တွေ ရှာကြံပေးနေသလို ဖြစ်ရတယ်၊ ကိုယ်မပြောချင်ဘူး မိုးသည်း၊ ဘာကြောင့် မင်း ပြန်ကြားချင်နေရတာလဲ"

"အသည်း ဘာကြောင့် အိမ်မှာမပျော်သလဲ ကိုကြီး မသိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"သိပါတယ်၊ မေမေနဲ့ မပြေလည်ဘူး၊ မေမေ မျက်စိဒေါက်ထောက် ကြည့်တဲ့အောက်မှာ မင်း အနေကျဉ်းကျပ်တယ်၊ ဒါပေမဲ့လည်း ဒါက ဒါပဲလေ၊ ဒါကို မင်းရှောင်လွှဲနည်းက အပြစ်ပြောစရာပိုဖြစ် တယ်"

"အသည်း ကြိုးစားခဲ့ပါတယ်၊ ကိုကြီး မသိလို့ပါ"

အသည်းက ဝမ်းပန်းတနည်း ပြောမိသည်။ ဘယ်လိုပဲ ကြိုးစား ကြိုးစား ကိုကြီးမေမေရဲ့ မျက်နှာကိုတော့ ဘယ်လိုမှ မရနိုင်ခဲ့တာ ဘယ်လောက်ကောင်းတာလေးလုပ်လုပ် အရာရာနဲ့ အကြောင်းကြောင်း လုပ်သမျှ အရာမထင်တဲ့အခါ လူက ခြေကုန် လက်ပန်း ကျခဲ့တာလေ။ အပြင်မှာ သူငယ်ချင်းတွေနဲ့နေရရင် ပျော်တာလည်း အမှန်ပင်။ တက္ကသိုလ် ကျောင်းသူ အသစ်စက်စက်ဖြစ်၍ ကျောင်းမှာ ပျော်စရာအတွေ့အကြုံ သစ်တွေမှ အများကြီး။

ကိုကြီးမေမေကို အဆက်အသွယ် မပြတ်တမ်း အဝင်အထွက် အရေးတယူ ဆက်လုပ်နေတဲ့ မနန်းမိုနှင့် ရင်မဆိုင်ချင့်တာကလည်း အိမ်မကပ်ရတဲ့ အကြောင်းထဲ ပါဝင်သည်။ မနန်းမိုဟာ သိပ်တော်သည်။ ပြောစရာဖြစ်အောင် ကိုကြီး အိမ်မှာရှိတဲ့အချိန်မျိုး မလာတတ်ပါ။ ကိုကြီး မရှိချိန်တွေရွေး၍ ယောက္ခမဖြစ်သူထံ လာသည်။ ကြိုက်တတ်တာတွေ ဝယ်လာသည်။ တစ်ခါတစ်ရံ မီးဖိုထဲဝင်၍ ယောက္ခမကြိုက်တတ်တာကိုပင် ချက်ပေးသွားတတ်သည်။

အခံရခက်လှသော်လည်း ယောက္ခမအိမ် နေရသူဖြစ်၍ မနန်းမို မလာပါစေနှင့်ဟု တားခွင့်မရှိ။ ဒီတော့ မနန်းမို ချက်သလို ယောက္ခမကြိုက်တာ လိုက်ချက်ပေးဖို့ ကြိုးစားကြည့်ဖူးပါသည်။ မနန်းမို လက်ရာကို မီအောင် မကောင်းတာလည်း အမှန်။ ယောက္ခမကလည်း အားနာပါးနာနှင့်ပင် မကောင်းသည့် တိုင်အောင် ဖေးဖေးမမ အမှတ်ပေး စကား ပြောတတ်ခြင်းမရှိ။ မကောင်းတာကိုသာ အားမနာစတမ်း ဝေဖန် တတ်သူ ဖြစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်နေရာမှ ယှဉ်လို့မရ နေရာမရ ဖြစ်နေတဲ့အိမ်မှာ ကိုကြီး မရှိတဲ့အချိန်ဆို နေကိုမနေချင်တဲ့ စိတ်အလိုကို လိုက်မိတဲ့အခါ မွေးထားတဲ့ ရင်သွေးကိုပင် မခင်တဲ့ မိခင်အဖြစ် အပြစ်ကြီးပြီးရင်း ကြီးရ ပြန်သည်။ အိမ်လာတဲ့အခါ မှင်သေသေနေပေမယ့် အပြင်မှာ တွေ့ဆုံတဲ့အခါ သူငယ်ချင်းအုပ်စုအားကိုးနှင့် အသည်းကို လှောင်ပြောင်ရိသဲ့တတ်တဲ့ မနန်းမိုအကြောင်း ဘယ်သူမှမသိခဲ့။ ကိုကြီးသိအောင် တစ်ကြိမ် နှစ်ကြိမ် ပြောဖူးခဲ့သော်လည်း "မင်း ဒါတွေ ဘာမှ ခေါင်းထဲထည့်မနေနဲ့ စကား လည်း လုပ်ပြောမနေနဲ့၊ သူကတော့ လုပ်ချင်လုပ်မှာပဲလေ၊ မင်းကို သူက နာနေတဲ့သူကိုး၊ မောတော့ ရပ်သွားလိမ့်မယ်"ဆိုတဲ့ စကားနှင့် ကိုကြီးက ပိတ်ချပစ်တတ်ခဲ့သည်လေ။

နှုတ်နှင့် ရိသဲ့ရုံတင်မက။ စက်ဘီးလေးတစ်စီးနှင့် အနီးအနား က စာအုပ်ဆိုင် သွားတာမျိုး၊ မီးချောလေးအတွက် အရေးပေါ် လိုအပ်တာ လေး စတိုးဆိုင် ထွက်ဝယ်တာမျိုး အသည်း ထွက်တဲ့အခါ နောက်က ကားနှင့်လိုက်၍ နှောင့်ယှက်တတ်ခဲ့သည်။ တစ်ကြိမ်မှာတော့ အသည်းရဲ့ စက်ဘီးနောက်က ကားကို လိမ့်၍လိုက်လာကာ နီးကပ်တဲ့အခါ အကျယ်ကြီး ဟွန်းတီးလိုက်တဲ့အတွက် လန့်ဖျပ်ကာ အသည်းရဲ့စက်ဘီးဟာ လမ်းဘေး မြောင်းထဲ ထိုးကျခဲ့ဖူးသည်။ အသည်းမှာ ရွှံ့တွေလည်းပေ၊ ဒူး၊ တံတောင် တွေလည်း ပွန်းပဲ့ကာ လူတစ်ကိုယ်လုံး ဆတ်ဆတ်တုန်တဲ့အထိ ဒေါသ ဖြစ်ခဲ့ရပါသည်။

အသည်း ရန်တွေ့တော့ သူတို့က အုပ်စုနှင့် ဟားတိုက်ကြ သည်။ မနန်းမိုဟာ မယုံနိုင်လောက်အောင်ကို အသည်းကို တိုက်ခိုက်ခဲ့ ပါသည်။ နောက်ဆုံး အသည်းဟာ အပြင်မှာ ယောကျ်ားလေး သူငယ်ချင်း တွေနှင့် ရောလွန်းတယ်၊ ယောကျ်ားလေးတစ်ယောက်နှင့် လိုအပ်တာထက် ပိုတွဲနေတယ်ဆိုတဲ့ ကိုကြီးတို့သားအမိရဲ့ စွပ်စွဲချက်တွေဟာ မနန်းမိုက လာတာပဲဖြစ် လိမ့်မည်လို့ အသည်း ယူဆသည်။ သေလည်း သေရှာပါလိမ့်



www.burmeseclassic.com

www.burmeseclassic.com



ည်။ ယောက်ျားလေး အပေါင်းအသင်းတွေ ရှိပေမယ့် လိုအပ်တာထက် ပိုတွဲတဲ့ တစ်ယောက်တည်းသော သူမျိုးတော့ အသည်းမှာ မရှိခဲ့ရိုးအမှန်။

တကယ်ဆို အဲဒီအချိန်ကာလတွေတုန်းက ကိုကြီးနှင့် မနန်းမို့ ရိုးသားစွာဖြစ်စေ မရိုးမသားဖြစ်စေ အပြင်မှာ တွေ့ဆုံဖြစ်တာလေးတွေ မှန်ရံခါရှိတာ အသည်းသိခဲ့သည်။ ကိုကြီး သိက္ခာတရားကို မယုံကြည်ဘူး မဟုတ်ပေမယ့် ယောက္ခမကိုတောင် အဲဒီအချိန်ထိ စည်းရုံးရေး ဆင်းနေသေးသော မနန်းမိုကိုတော့ အသည်း မယုံချင်ပါ။ ကိုကြီးကို တားမြစ်ကန့်ကွက် ဆိုပေမယ့် အသည်း နှုတ်က မထွက်ခဲ့။ ကိုယ်က သူတစ်ပါးချစ်သူကို ခြတ်ခုတ်ယူထားသလို ဖြစ်ခဲ့တဲ့အတွက် မနန်းမိုနှင့် မတွေ့ရဟု တားမြစ်ဖို့ အသည်း ကိုယ့်ကိုယ်ကိုယ် ယုံကြည်ချက်မရှိ။

သို့ပေမဲ့ ကိုကြီးကို အဲဒီကိစ္စနဲ့ ပတ်သက်ပြီး တစ်ခါမှ ဆိုးစွပ်ခြင်း၊ စကားနာထိုးခြင်း၊ စွပ်စွဲခြင်း၊ ပြဿနာရှာခြင်းတွေ အသည်း မပြုမှုခဲ့ပါ။ ကိုယ် တကယ် ဘာမှမလုပ်သည့်ကိစ္စ တစ်ခုကတော့ လုပ်ကြံ ဇာတ်လမ်းမျိုးတွေ ဖြစ်လာကာ အထင်လွဲခံ စွပ်စွဲခံရဖို့ ဖြစ်ခဲ့သည်။

အဲဒီ စွပ်စွဲစကားနှင့်အတူ ယောက္ခမရဲ့ နှိမ့်ချဆက်ဆံပုံတို့က အသည်းရဲ့ အသည်းနှလုံးတွေကို ဓားခွဲ ဆားသိပ်နေသလို အင်မတန်စပ်ဖျဉ်း ခံရဆိုးခဲ့ပါသည်။ အဲဒီအတွက် ရန်ပွဲတွေစိပ်ကာ အသည်းနှင့် ကိုကြီး အကြီးအကျယ် စကားများကြတဲ့ တစ်နေ့အသည်းက အိမ်ပေါ်ကဆင်းမည် ဖြစ်တော်ခဲ့သည်။

"မင်း အိမ်ပေါ်က ဆင်းသွားရင် မင်းကို ငါ လုံးဝလိုက် မခေါ်ဘူး လို့ အခိုင်အမာ ပြောလိုက်မယ်နော်၊ ရန်ဖြစ်လို့ အိမ်ကဆင်းတယ် ဆိုတာ ကောင်းတဲ့အမူအကျင့် ကောင်းတဲ့လုပ်ရပ် မဟုတ်ဘူး အသည်း၊ ငါလည်း ဘယ်တော့မှ လက်ခံမှာ မဟုတ်ဘူး၊ မင်း ထွက်သွားလို့ ငါလိုက်မခေါ်ရင် ငါ့အဆိုး မဆိုပါနဲ့"

ကိုကြီး စကားကိုလည်း နာကျင်ခဲ့သည်။ ရှင်လိုက်မခေါ်ဘူး ဆိုရင်တော့ ကျွန်မ မဆင်းတော့ပါဘူးဟု ဘယ်မိန်းမက ပြောပါ့မလဲ။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်းတွင် အသည်းမှာ ဆင်းစရာအိမ်တောင် မရှိ။ ဖေဖေဟာ အဲဒီအချိန်ထိ အသည်းကို ပစ်ထားဆဲပါ။ သူငယ်ချင်းတစ်ယောက်အိမ်ကို ဆင်းလာခဲ့တဲ့ အသည်းကို ကိုကြီးကလည်း တကယ်ပင် လိုက်မခေါ်ခဲ့ပါ။ အိမ်ပေါ်ကဆင်းတယ် ဆိုတာကလည်း ရက်တိုလျှင် ပြန်အတက်လွယ်သည်။ ရက်ရှည် ကြာသွားသောအခါ အတက်ခက်သည်။ ပြီးတော့ အဲသလို ယောက်ျားက လိုက်မခေါ်တဲ့ အခါမျိုးမှာ ပြန်တက်ချင်လျှင်တောင်မှ ကြားက စေ့စပ်ညှိနှိုင်းပေး၍ အတင်းခေါ်ပြီး အိမ်ပေါ်ပြန်တင်ပေးမည့် ဆွေမျိုးမကင်း စေတနာ့ဝန်ထမ်း ကြားလူမျိုးက လိုသေးသည်။

နောက်ဆုံးတော့ အပျက်ပျက်နှင့် နှာခေါင်းသွေး ထွက်ကာ တကယ် ကွဲကွာသွားကြတာပါ။ အသည်း ယုံကြည်ခဲ့တာကတော့ စိတ် မပြတ်မသား တွေဝေတတ်တဲ့ ကိုကြီးဟာ မနန်းမို ရှိလျက် အသည်းကို သံယောဇဉ် ငြိတွယ်ခဲ့သကဲ့သို့ပင် အသည်း ရှိလျက်နှင့် မနန်းမိုကို သံယောဇဉ် မပြတ်ခဲ့ဘူးဆိုတာပင်။ အသည်း အိမ်ပေါ်က ဆင်းသွားတော့ ကိုကြီး စိတ်တွေဟာ ဟိုဘက် ဒီဘက် ဟိုယိမ်း ဒီယိမ်း မကြွဲနိုင်ခဲ့ဘူးလို့ အသည်း ဆိုချင်သည်။

အဲဒီရက်တွေကြားထဲမှာပင် မနန်းမိုနှင့် ကိုကြီးကို တွဲလျက် သား နှစ်ခါတွေ့သေးသည်။ အသည်းရှိနေတုန်းကတော့ ကိုကြီး ဖောက်ပြန် နေလိမ့်မည်ဟု အသည်း လုံးဝမယိုးစွပ် မယုံကြည်ပါ။ အသည်း မရှိ ချိန်မှာ ပွဲလန့်ဖြာခင်းပြီး မေတ္တာစေတနာတွေ ပြချင်လွန်းလှတဲ့ မနန်းမိုကို ကိုကြီးက ကင်းကင်းမရှောင်ဖယ်ခဲ့တာပဲ ဖြစ်မည်။

အမြဲတမ်း တနုံ့နုံ့နှင့် ဝမ်းနည်း စိတ်မကောင်းရသည်မှာ အသည်းကို ယူခဲ့မိတဲ့အတွက် ကိုကြီး နောင်တရနေတယ်လို့ အသည်း ဘာသာ ယုံကြည်ခံစားနေမိလို့ပင်။ ကိုယ်နဲ့ပေါင်းဖက်ရတဲ့ အိမ်ထောင်ဖွင့် လင်ယောက်ျားလုပ်သူက နောင်တကိုပိုက်၍ ရေစုန်မျောနေရသည်ဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်မျိုးက အသည်းတို့မိန်းမတွေအတွက် မာနအထိခိုက်ဆုံးသော အခြေအနေတစ်ရပ် မဟုတ်လား။ အချိန်ကြာမြင့်လာသော် တရားဝင်ကွာရှင်းခြင်းလည်း ကိုကြီးတို့ဘက်မှပဲ လေသံစ,ပစ်လာခဲ့သည်။

သူလည်း စိတ်ဆင်းရဲ၊ ကိုယ်လည်း စိတ်ဆင်းရဲနေရတဲ့ အိမ်ထောင်ရေးတစ်ခုမှာ တစ်ယောက်စိတ်ချမ်းသာမယ်ဆိုလျှင်ပင် အသည်း ကျေနပ်ရမည် ဖြစ်ပါသည်။ ကိုကြီးနှင့် အသည်း ကွဲကြလို့ကတော့ ကျေနပ် စိတ်ချမ်းသာသွားကြမည့်သူတွေက အများကြီးပါပင်။ စိတ်ဓာတ်ခုတ်ဒုတ်ကျနေတဲ့ အသည်းက ကွဲမပေးဘူး ကွာမပေးဘူး အကျပ်ကိုင်ဖို့လည်း စိတ်မဝင်စားပါ။ ကိုကြီးကပါ တရားဝင် ရှင်းရှင်းလင်းလင်း ဖြစ်ချင်မှတော့ ကွဲပါစေတော့။

အဲဒီအချိန်မှာ ကိုကြီးနဲ့ မနန်းမိ ပြန်တွဲနေကြတာကိုလည်း အသည်း သတင်းတွေ ကြားနေရပြီ။ သူငယ်ချင်းအိမ်မှ အဆောင်ကို ပြောင်းရွှေ့နေနေချိန်ဖြစ်၍ ဝမ်းနည်းအားငယ်လှသည်မှာ ပြောမပြတတ်အောင်ပင်။ နေ့စဉ် မျက်ရည်နှင့်မျက်ခွက်။ ကိုကြီးကိုရော သမီးလေးကိုရော အမွန်းဖျား လွမ်းနာကျကာ အိပ်ရာထဲပင် လဲခဲ့ပါသည်။ တရားဝင်ကွာရှင်းကြမယ်ဆိုတဲ့ စကားကို လက်ခံရတဲ့အချိန်မှာ ဘာတစ်ခုမှ ရင်ဆိုင်လိုခြင်း၊ ဆိုတ်ပွဲဝင်လိုခြင်း မရှိတော့။ အဝေးဆုံး တစ်နေရာ ကမ္ဘာ့အပြင်ဘက်ကို အောင် ထွက်ပြေးလိုက်ချင်ခဲ့သည်။ ကလေးကိစ္စကို ညှိနှိုင်းကြတော့ ကြားကနေ ဟိုဘက် ဒီဘက် စကားသယ်ပို့ ဆောင်ကြဉ်းကာ အကျိုးဆောင် သူမှာ မမအိ။

အသက်နှစ်ဆယ့်တစ်၊ ဘွဲ့မရသေး၊ အလုပ်အကိုင်မရှိ၊ အဖေ ဖြစ်သူက ပစ်ထားခံရတဲ့ အသည်းက ကလေးကိုရရမှဟု အကျပ်ကိုင်နေလျှင် ဆိုတာ ကလေးကို ဒုက္ခတွင်းထဲ နှစ်တာဟု အသည်း နားလည်သည်။ အသည်း ခွင့်ပြုလျှင် ကလေးကို သူတို့ဘက်က ပြုစုစောင့်ရှောက်မည်ဟု ဆိုလိုလားလား တောင်းဆိုတာသည်ပင်လျှင် ကံကောင်းနေလှပြီ အသည်း



www.burmeseclassic.com

www.burmeseclassic.com



မီးချောလေးကို အဘွား၊ အဖေ၊ ဘကြီး၊ ကြီးတော်တို့နှင့်သာ ထားဖို့ သဘောတူခဲ့ပါသည်။ တကယ်လည်း သမီးက သူတို့နှင့်သာ ပိုအစေးကပ်တာပါ။ သမီးလေး အမေဖြစ်သူကို အိမ်မှာ မတွေ့ရတော့တာကလွဲလျှင် အခြေအနေမပျက် သက်သောင့်သက်သာ ရှိပေလိမ့်မည်။

ကွဲကြ ကွာကြ လက်မှတ်ထိုးကြဖို့အတွက် ပစ္စည်းခန်းစကားပြောတော့လည်း ရုပ်ရှင်တွေ ဇာတ်လမ်းတွေထဲကလို တစ်ပြားမှ မယူတာတို့ ပေးအပ်လာသော ငွေထုပ်နှင့် သူတို့ကို ပစ်ပေါက်တာမျိုးတို့ အသည်းက လုပ်ဖို့စိတ်ကူးမရှိ။ အသည်းကို မာနမရှိဘူး ဘာဘူး ပြောချင်ရာပြော၊ အသည်းသည် ငယ်သေး၍ ကလေးလိုပဲ စဉ်းစားသည်။ အသည်းမှာ နေစရာနေရာ လိုအပ်သည်။ နေစရာတစ်ခုခု ဝယ်ပေးပါလို့သာ ရိုးရိုးသားသား တောင်းဆိုခဲ့ပါသေးသည်။

အဲသလိုနှင့် ဒေါက်တာဦးပြေအောင်နှင့် မမိုးသည်းတို့ရဲ့ အိမ်ထောင်ရေးပြဇာတ်က တစ်ခန်းရပ်သွားခဲ့တာပင်။

"လူတိုင်းမှာ အားနည်းချက် ရှိကြတာချည်းပဲ မိုးသည်း၊ မင်းမှာလည်း ရှိတယ်၊ ကိုယ့်မှာလည်းရှိတယ်၊ ကိုယ့်အမေမှာလည်း ရှိလိမ့်မယ်၊ နန်းမိုမှာလည်း ရှိတာပဲ၊ အလုံးစုံ မှန်တဲ့သူနဲ့ အလုံးစုံမှားတဲ့သူဆိုတာ လောကမှာလည်း မရှိဘူး၊ ကိုယ်တို့အဖြစ်အပျက်မှာလည်း မရှိဘူး၊ နောက်ဆုံးမှာ ကိုယ့်ကံတရားနဲ့ အကြောင်းရှိလို့ ဖြစ်လာတဲ့ အကျိုးဆက်တွေကြောင့် ကိုယ်တို့ခုလိုဖြစ်ခဲ့ပြီ ပြီးခဲ့ပြီ၊ ဒါတွေကို တသသ ပြန်ပြောနေလို့ ကောင်းတဲ့ အကြောင်းအရာတွေလည်း မဟုတ်ဘူး၊ မေ့ထားလိုက်ကြပါစို့...

မင်းလည်း ဒီအတွက် ခေါင်းထဲမှာ ထားမနေပါနဲ့တော့ မင်းမှာလည်း မင်းလျှောက်မယ့် ခရီးလမ်းကြောင်းအသစ်နဲ့ ချောချော မောမော သာသာယာယာပဲ မဟုတ်လား"

မိုးသည်းက ဦးပြေအောင်ကို ဖျတ်ခနဲ ကြည့်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုလူနာအမျိုးသမီးကြီးရဲ့သားက မီးချောပြောဖူးတဲ့ မင်းရဲ့ချစ်သူဆိုတာ ဖြစ်လိမ့်မယ် ထင်တယ်၊ ရည်မွန်ပြီး စိတ်သဘောထားပြည့်ဝပုံရသားပဲ၊ ဘာပဲဖြစ်ဖြစ်လေ၊ မင်းဘဝ ပြည့်စုံသာယာချောမွေ့ပါစေဆိုတာ ကိုယ်အမြဲတောင်းခဲ့တဲ့ဆုပါ။ ပျော်ရွှင်သာယာနေတာပဲ မြင်လိုတယ်၊ မင်းလည်း အဲသလိုပဲ နေထိုင်ပါ မိုးသည်း"

"အဲသလိုပဲ နေနေတယ်လေ၊ အဲဒါကို ဘာဖြစ်လို့ မနန်းမိုက ခုထိ လိုက်လိုက် ခလုတ်တိုက်နေတာလဲ၊ သူ့ဟာသူနေ အသည်းဟာ အသည်းနေပေါ့၊ သူ့ကို အသည်းက တွေ့ချင် ဆုံချင်မယ်များ သူက ဂဏ်နေတာလား၊ အဲလို လိုက်ချိန်းနေတာကို လိုက်လျောပြီး တွေ့လိုက်ဖို့ မင်းဘက်က ဘယ်လောက်ခက်ခဲနေလို့လဲလို့ ကိုကြီး ပြောတာကို အသည်းနာဆုံးပဲ၊ ကိုကြီးပြောရမှာက သူ့ကို၊ အသည်းနဲ့သွားမတွေ့လို့ မင်း ဘာဖြစ်သွားမှာမို့လဲလို့ ကိုကြီးက သူ့ကို ပြောရမှာလေ၊ တားရမှာလေ၊ အမိန့်ပေးချင်ပေး ကိုယ့်မိန်းမကိုယ် ပေးပေါ့၊ ဘာဖြစ်လို့ အသည်းကို လာပေးနေရတာလဲ၊ ဘာဖြစ်လို့ တရားမျှတမှု မရှိတာလဲ"

"ကဲ... ကဲ... ကဲ... အေးပါကွာ၊ အေးပါ၊ သူ့ကိုတားလိုက်ပါ့မယ်၊ အဓိက လိုရင်းက ဒါပဲမဟုတ်လား"

"ဟုတ်တယ်"

"တကယ်တော့ သူလည်း ဖိတ်စာကိစ္စကို တအုံနွေးနွေး ဖြစ်နေတာ၊ ဒါကိုပဲ သူ မင်းနဲ့ ညှိချင် ပြောချင်နေတာ ဖြစ်မှာပါ မိုးသည်း"

"အသည်း မီးချောကို ပြောပြီးသား၊ မီးချော စိတ်ချမ်းသာ ကျေနပ်ဖို့က အဓိက၊ မီးချောကို သူပြောလို့ရရင် ပြောပေါ့၊ သမီးက မာမာ ဒီလို ဒီလို လုပ်ပါဆိုရင် အသည်း ဘာမှမကန့်ကွက်ဘူး၊ မီးချော စိတ်အနှောင့်အယှက်ကင်းရင် ပျော်ရွှင်ရင် တော်ပြီ"

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com

# (၁၄)

ဂယ်လာရီရဲ့ ခြံဝင်းကလေး အတွင်းမှာ လက်ဖက်ရည် ကော်ဖီဆိုင်လေး တစ်ဆိုင် ဖွင့်လှစ်ထားပါသည်။ ဆိုင်ကလေးထဲက စားပွဲ တစ်လုံး ခွေးခြေပုကလေးတွေမှာ ဩသုတက ပန်းချီဆရာ နှစ်ယောက် နှင့်အတူ လက်ဖက်ရည်သောက်ရင်း စကားစမြည်ပြောနေခိုက်မှာ ခြံဝင်း လေးထဲကို ကားတစ်စီး ဝင်လာခဲ့သည်။ ကားကိုမောင်းလာတဲ့ အမျိုးသမီး ကို အမှတ်တမဲ့ လှမ်းကြည့်မိကြပြီးတဲ့နောက် ကိုယ့်စကားဝိုင်းကိုယ် ဆက်နေခဲ့ကြတာဖြစ်သည်။

ဒီဂယ်လာရီကို ဩသုတနှင့် အခြား ပန်းချီမိတ်ဆွေနှစ်ဦး ငွေကြေးစပ်တူ ပူးပေါင်းကာ တည်ထောင်ထားတာဖြစ်သည်။ လူသိများနေ တဲ့ ဂယ်လာရီတစ်ခုဖြစ်၍ နေ့စဉ်တော့ ဧည့်သည်အဝင်အထွက် အမြဲရှိနေ တတ်တာပင်။

ကားပေါ်က ဆင်းလာတဲ့ ဒေါ်နန်းမိုသည် အဆောက်အအုံထဲ တန်း၍ဝင်သွားကာ ကက်တလောက်လေး တောင်းယူပြီး ပြခန်းထဲက ပန်းချီကားတွေကို တိုက်ကာ ရှာဖွေကြည့်နေသည်။ တွေ့ပြီ။ ဩသုတ ပထမဆုံး မြင်တွေ့လိုက်ရတဲ့ ပန်းချီကားမှာပင် ဒေါ်နန်းမိုက နှုတ်ခမ်းလေး ကွေးကာ မဲ့ပြုံးလိုက်မိပါသည်။ လသားအရွယ် ကလေးငယ်တစ်ယောက် ရင်ခွင်တွင် ပိုက်ထား၍ ကိုယ်ခပ်စောင်းစောင်းထိုင်ကာ ပန်းချီကား

www.burmeseclassic.com



ကြည့်ရှုသူထံ ဝိုင်းစက် ကြောင်တက်သော အပြစ်မဲ့သည့် မသိနိုးနား မျက်ဝန်းများဖြင့် ကြည့်နေသည့် မိန်းကလေးတစ်ဦးရဲ့ပုံ။

ဆံပင်တိုကို နောက်ဘက်၌ ကြက်တောင်စည်းလို စည်းထားတာ အသက်နှစ်ဆယ် မပြည့်နိုင်သေးတဲ့ သားသည်မိခင်လေးဟာ မိုးသည်းသည်းပဲလေ။ ထိုမျက်ဝန်းများ ဤမျှအပြစ်ကင်းစင်ပုံရတာကိုက ဒေါ်နန်းမိုရဲ့ စိတ်နှလုံးကို ဒေါသသင့်တော့သည်။ ဘာကြောင့်များ သူလိုမိန်းကလေးတို့ အပြစ်ကင်းစင်ပုံနှင့် ပုံဖော်ထားရတာလဲ။ အရွယ်ငယ်ငယ် အစွယ်ငုတ်တုတ် ဆိုသလို ဆယ်ကျော်သက်အရွယ်နှင့်တောင် ဒေါ်နန်းမိုရဲ့ နှလုံးသားတွေကို ထိုးခွဲကြိတ်ချေနိုင်စွမ်း ရှိခဲ့တဲ့သူ။ ရိုးသားကြင်နာတတ်တဲ့ ဆရာဝန်လေးတစ်ယောက်ရဲ့ ကြင်နာတတ်သော နှလုံးသားကို မားပြတိုက်ယူသွားခဲ့တဲ့ ပညာသည်။

ဒေါ်နန်းမိုက ဩသုတရဲ့ ပန်းချီတချို့ကို ခပ်သွက်သွက် ဖြတ်သန်းကြည့်ရှုသွားပါသည်။ ဒီပန်းချီဆရာရဲ့ Subject ဟာ မိုးသည်းသည်းပဲ။ အတော်စွဲလမ်းပုံ ရပါပေသည်။ မိုးသည်းသည်းရဲ့မျက်နှာနှင့် ဆင်တူသော အမျိုးသမီးပုံတွေသာ အများသား။ အမျိုးသမီးပုံ မဟုတ်သည့် ပုံတွေလည်း ရှိပေမယ့် အဲဒီပုံတွေက ဒေါ်နန်းမိုအတွက် စိတ်ဝင်စားစရာမရှိ။

ဒေါ်နန်းမိုက ပန်းချီဆေးများ ရောင်းနေတဲ့ ကောင်တာလေးရှိရာ သွားလိုက်ရင်း တန်ဖိုးမကြီးလှသည့် ဆေးတောင့်ကလေးတချို့ကို အရောင်စုံစုံကလေး ရွေးချယ်ဝယ်လိုက်သည်။ အိမ်က သားနှင့်သမီးကို ပန်းချီသင်ပေးဖို့ ဆရာတစ်ယောက်နှင့် အပ်ထားတာမို့ ဒီတစ်ခါ ကျောင်းပိတ်ရက်ကနေ စ,သင်ဖြစ်သည်။ ပန်းချီဆေးဖိုး ငွေရှင်းရင်းက...

"ပန်းချီဆရာတွေက ဒီဂယ်လာရီကို လာလေ့ရှိလား"

"ရှင်... ဟုတ်ကဲ့၊ တချို့တော့ လာလေ့ရှိပါတယ်၊ တချို့ ကတော့ တစ်ခါတစ်ရံမှ လာပါတယ်"

"ဩသုတ ဆိုတဲ့ ပန်းချီဆရာကရော..."



www.burmeseclassic.com

www.burmeseclassic.com



"ဆရာသြသုတက လာတတ်ပါတယ်၊ အန်တီ ပန်းချီကား ဝယ်ဖ
လို့လားရှင်"

"ဝယ် မဝယ် မသိသေးပါဘူး၊ သူရှိရင်သာ တွေ့ချင်လို့ပါ"

"အခု ရှိနေပါတယ် အန်တီ၊ အပြင်မှာ ထင်တယ်၊ သမီး ခေါ်ပေး
ရမလား"

"အင်း... ခေါ်လိုက်ပါ"

ဒေါ်နန်းမိုက ပြခန်းရဲ့ထောင့်ချိုးက သမင်ရောင် ဆိုဖာဆက်
တီခုံများမှာ ဝင်ထိုင်နေလိုက်ပါသည်။ သိပ်မကြာလိုက်ခင် ပြခန်းထဲ ဝင်
လာသော လူရွယ်ကို လှမ်းမြင်လိုက်ရကာ ဒေါ်နန်းမိုက အကဲခတ်ကြည့်
လိုက်မိပါသည်။

ပန်းချီဆရာသာ ဆိုတယ် မင်းသားလိုလို မော်ဒယ်လိုလို
အရုပ်အမောင်းရုပ်ရည်နှင့် ကြည့်ကောင်းလှတဲ့ လူရွယ်တစ်ယောက်ပါလား
မျက်နှာသွင်ပြင်က ရည်မွန်သန့်ပြန့်နေသည်။ မိုးသည်းသည်းဆိုတဲ့ မိန်းခ
ဟာ ခေသူတော့ မဟုတ်ပေဘူးပဲ။ ဒီလိုယောကျ်ားပျိုတစ်ယောက်ဟာ
နှစ်ဆယ်ကျော်သမီး မွေးထားတဲ့ တစ်ခုလပ် မိန်းမတစ်ယောက်ကို ချစ်ခင်
စွဲလမ်းနေရခြင်းရဲ့ အဓိကအကြောင်းရင်းက ဘာပါလိမ့်။

"ကျွန်တော့်ကို တွေ့ချင်တယ်ဆိုတဲ့ ဧည့်သည်လား မသိဘူး ခင်ဗျ
ကျွန်တော် သြသုတပါ"

"ဟုတ်... ထိုင်ပါဦး"

သြသုတက ဆိုဖာတစ်ခုပေါ် သက်သောင့်သက်သာ ဝင်ထိုင်
လိုက်ရင်း...

"အစ်မ ဘာများ သိချင်လို့ပါလဲ"

"သြော်... သိချင်တယ် ဆိုတာထက် ကိုသြသုတကို စကားစမြည်
ပြောချင်တာပါ၊ မဆုံဖူးသေးလို့ လာတွေ့ဆုံတာလည်းပဲ ဖြစ်ပါတယ်"

"ဟုတ်ကဲ့... ပြောပါခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပါ… တို့နှာမည်က ဒေါ်နန်းမိုပါ"

"………"

ညြသုတရဲ့ မျက်လုံးများက အေးစက်သွားကာ ဒေါ်နန်းမိုကို သတိကြီးကြီးထား၍ စူးစိုက်ကြည့်နေလိုက်ပါသည်။

"နာမည်ကြားဖူးနေမယ်လို့ မျှော်လင့်ပါတယ်၊ ဒီလိုပါပဲ တွေ့ချင်စိတ် ပေါက်လာမိတာ၊ ပန်းချီဆရာကို လာတွေ့ချင်တာဆိုတော့ ပန်းချီကား တစ်ချပ်လောက် ဝယ်မလားလို့ စိတ်ကူးလာတာပါပဲ၊ ဒါပေမဲ့ အမှန်အတိုင်းပြောရရင် မိုးသည်းသည်းနဲ့ ရုပ်ချင်းတူနေတဲ့ မိန်းမပုံ တွေက များနေတော့ မဝယ်ဖြစ်တော့တာပါ"

ညြသုတက ပြုံးလိုက်မိပါသည်။

"ပန်းချီဆရာနဲ့ စကားပြောခွင့် ရဖို့အတွက် ပန်းချီအနုပညာကို နားမလည် မခံစားနိုင်ဘဲ ပန်းချီတစ်ကား ဖွတ်ဖျစ်ညှစ်ဝယ်ဖို့ မလိုပါဘူး အစ်မ၊ အစ်မ လာရင်းကိစ္စကို ပြောပါ"

"မိုးသည်းသည်းကို ဟိုတလောက 'ဖုန်းတွေ ဆက်ဖြစ်တယ်၊ နှစ်ခါလောက်တော့ ကိုင်ပါတယ်၊ တို့က စကားပြောဖို့ တွေ့ဖို့ ချိန်းတယ်၊ သူက ဒီမျက်ပိုင်း မအားသေးဘူးလို့ ရှောင်လွှဲတယ်၊ နောက်တော့ ဖုန်းမကိုင်တော့ဘူး"

"ဒီတော့ ကျွန်တော့်ကို အသည်းနဲ့ တွေ့ခွင့်ရဖို့ ချိန်းပေးစေချင် တာလား၊ ဒါဆိုရင်တော့ မဖြစ်နိုင်ဘူး အစ်မ၊ အသည်းရဲ့ကိုယ်ရေး ကိုယ်တာ ဆန္ဒတွေ ဆုံးဖြတ်ချက်တွေကို ကျွန်တော် မစွက်ဖက် တတ်ဘူး၊ အသည်းက မတွေ့ချင်လို့ မတွေ့တာဆိုရင် ကျွန်တော်က တွေ့လိုက်ဖို့ တိုက်တွန်းမှာ မဟုတ်သလို အသည်း တကယ်မအား လပ်လို့မတွေ့သေးတာ ဖြစ်နိုင်တဲ့အတွက် ကျွန်တော် ဘယ်လိုမှ ကူညီဖန်ဝ စီစဉ်ပေးလို့ မရပါဘူး"

"အဟင်း… သူက တစ်နာရီလောက် စကားပြောဖို့တောင် မအား လပ်ဘူးဆိုတဲ့ သဘောလား"



www.burmeseclassic.com

www.burmeseclassic.com



"အသည်းရဲ့ ပရော်ဖက်ရှင်နယ်လ်ကို အစ်မ သိမှာပါ၊ ရုံးချိန် ကန့်သတ်လို့ မရတဲ့ အလုပ်မျိုးပါ၊ သူ အားချင်လည်း အားမယ်၊ မအားချင်လည်း မအားဘူးဆိုတာမျိုး အချိန်မရွေး ဖြစ်နိုင်ပါတယ် အစ်မ"

"ဒီမှာ..."

ဒေါ်နန်းမိုးက ဆိုဖာပေါ် မှီထိုင်နေရာမှ ကိုယ်ကို ကိုင်းကြွ လိုက်ရင်း...

"တော်တော်မအားတဲ့သူက ပြီးခဲ့တဲ့ တနင်္ဂနွေက တို့ယောက်ျား ဦးပြေအောင်ကို ဂေါက်ကွင်းမှာ တစ်ယောက်တည်း သွားတွေ့ခဲ့ တယ် ဆိုရင်ရော၊ အဲဒါကို မင်းသိလား"

သြသုတက ဒေါ်နန်းမိုကို ပြုံး၍ကြည့်မိပါသည်။ ဒီမိန်းမကြီး ဟာ ဘာဖြစ်စေချင်တာတုန်း။ ဒီစကားမျိုး အသည်းရဲ့ချစ်သူကို မပြော သင့်ဘူးဆိုတာ သူ ဆင်ခြင်စဉ်းစားနိုင်စွမ်း ရှိပါသည်။ တမင်တကာ သိပါစေဆိုတဲ့ သဘောနှင့် သူတို့နှစ်ဦးကြားက ပဋိပက္ခကို လိုလားသော သဘောနှင့် ပြောခြင်းမှတစ်ပါး အခြားအကြောင်းမရှိ။

"ဒီအကြောင်းကို အစ်မကို ဦးပြေအောင် ပြောပြတာ ဟုတ်ပုံမရဘူး"

သြသုတ စကားကြောင့် ဒေါ်နန်းမို မျက်နှာကပျက်ကာ အောင့်သက်အီလည်သွားပုံ ရပါသည်။

"ဘာလို့လဲဆိုတော့ ဦးပြေအောင်သာ ပြောပြတာဖြစ်ရင် အစ်မ ဒီထက် ပြည့်ပြည့်စုံစုံ သိခွင့်ရမှာပါ၊ အခုတော့ ဂေါက်ကွင်းက အစ်မရဲ့အသိအကျွမ်း တစ်ယောက်ယောက်က လှမ်းသတင်းပေးဖို့ ရပါတယ်၊ ဒါကြောင့် အစ်မကြည့်ရတာ အသေအချာ အပြည့်အစုံ သိပုံမရတာ"

"မင်း ဘာတွေ ပြောနေတာလဲ၊ ဘာကို ဆိုလိုနေတာလဲ"

"ဦးပြေအောင်နဲ့ စကားပြောဖို့ ဂေါက်ကွင်းကို အသည်းကို ချွန် တော် လိုက်ပို့တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်… မဖြစ်နိုင်ပါဘူး၊ မိန်းမတစ်ယောက်နဲ့ နှစ်ယောက်တည်း ထိုင်နေတာလို့ သေသေချာချာ ပြောတာပါ"

"အစ်မရယ်… ကျွန်တော်က ဘာအတွက်ကြောင့် ညာပြောနေရမှာလဲ၊ ကျွန်တော်က ကားထဲမှာ နေခဲ့တာပါ၊ သူတို့နှစ်ယောက် စကားလွတ်လွတ်လပ်လပ် ပြောစေချင်လို့ တမင်ချန်နေခဲ့တာပါ"

"သူတို့က ဘာပြောမှာမို့ လွတ်လွတ်လပ်လပ် ပြောစရာလိုတာလဲ၊ ဘာပဲဖြစ်ဖြစ်လေ၊ မင်း လိုက်သွားသင့်တာပေါ့၊ ဘာပြောကြသလဲ မင်းလည်း သိသင့်တာပေါ့၊ မင်းက မိုးသည်းသည်းရဲ့ ချစ်သူပဲလေ"

"အသည်းနဲ့ ဦးပြေအောင် ပြောစရာရှိတာ ပြောကြမှာပေါ့ အစ်မ၊ ချစ်သူဖြစ်ပေမယ့် ကျွန်တော် လုံးစေ့ပတ်စေ့သိခွင့်ရဖို့ မလိုအပ်ပါဘူး၊ အသည်းကိုလည်း ကျွန်တော်က အပြည့်အဝ နားလည်ယုံကြည်ပြီးသားပါ၊ အစ်မ အနေနဲ့လည်း ဘာတွေ ပြောကြသလဲ ဆိုတာအထိ သိချင်နေရင် စိတ်ပင်ပန်းပါလိမ့်မယ်"

"နေစမ်းပါဦး… မင်းက ဘာအတွက် တို့ရဲ့စိတ်ကို ကန့်သတ်နေရတာလဲ၊ တို့နဲ့တွေ့ဖို့ကျ မအားဘူး၊ ဦးပြေအောင်နဲ့ တွေ့ဖို့ကျတော့ အားတယ် ဆိုတာကရော နားလည်ပေးနိုင်စရာလား"

"ဦးပြေအောင်နဲ့ အစ်မက မတူဘူးလေ"

"ဘာမတူတာပါလိမ့်"

"ဦးပြေအောင်က သူ့ခင်ပွန်းဟောင်း၊ သူနဲ့ တိုက်ရိုက်ပတ်သက်မှု ရှိတယ်လေဗျာ၊ အခု မီးချော မင်္ဂလာကိစ္စအတွက်လည်း သူတို့ ပြောဆိုစရာ ရှိကောင်း ရှိနိုင်တာပဲ၊ အစ်မက သူနဲ့ တိုက်ရိုက်ပတ်သက်မှု ဘာမှ မရှိဘူးလေ၊ မီးချော မင်္ဂလာကိစ္စအတွက်လည်း အစ်မက တိုက်ရိုက် မသက်ဆိုင်ဘူးလေ၊ အဲဒါအပြင် အစ်မနဲ့ အသည်းနဲ့ကြားက အပြန်အလှန် ဆက်ဆံရေးတွေ အမြင်တွေက တစ်ယောက်နဲ့တစ်ယောက် နက်ဂတစ်ဖ်တွေ များတယ်လေ၊ ဒါတွေက သူတွေ့ဆုံဖို့ စိတ်မပါတဲ့ အချက်တွေ ဖြစ်နိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နန်းမိုက မခံချိမခံသာ ခပ်တွန့်တွန့် တစ်ချက် ပြုံးမိသည်။ ထိုနေ့က ဦးပြေအောင် ဝေါက်ကွင်းက အပြန်မှာ သူမကို ဘာတစ်ခွန်းမှ အသိမပေးတဲ့အပြင် မျက်နှာက မသာမယာနှင့် သူမကို စကားဖွယ်ဖွယ် ရာရာ မဆိုခဲ့။ တစ်စုံတစ်ရာကို စိတ်အနှောင့်အယှက် ဖြစ်ပုံပေါ်ကာ ဒေါ်နန်းမို အပေါ် ဟက်ဟက်ပက်ပက် ချိုချိုသာသာမရှိ ဖြစ်ခဲ့သည်။ နောက်နှစ်ရက်လောက်နေမှ ဦးပြေအောင်ရဲ့ လူနာလည်းဖြစ် ဝေါက်ရိုက် ဖက်လည်းဖြစ်တဲ့ မိတ်ဆွေတစ်ဦးနှင့် ဖုန်းစကားပြောရင်းမှ အမှတ်မထင် သိလိုက်ရတာဖြစ်သည်။

ဦးပြေအောင်ကို မိုးသည်းသည်း ဘာတွေ ပြောလိုက်လို့ ဦးပြေအောင် မျက်နှာမသာယာကာ သူမအပေါ်လည်း အေးတိအေးစက် ဖြစ်ရသလဲဆိုတာ သိချင်စိတ် ပြင်းထန်လှသည်။ မခံချိမခံသာလည်း ဖြစ် ရသည်။

"မိုးသည်းသည်းဟာ ယောက်ျားတွေကို ဆွဲဆောင် ကြိုးကိုင်နိုင်တဲ့ နေရာမှာတော့ အံ့မခန်းပဲ ထင်တယ်၊ ကံလည်း တော်တော်ကောင်း တာပဲ၊ လက်ရှိချစ်သူက သူ့ရဲ့အိမ်ထောင်ဟောင်းနဲ့ ပတ်သက်ပြီး တော့တောင်မှ တော်တော်ကို ကာဗာလိုက်လုပ်ပေးနေတဲ့ အထိ မီးသေတာပဲ"

"ကျွန်တော် ဘာကိုမှ ကာဗာလုပ်မနေပါဘူး အစ်မ၊ အရှိအတိုင်း အမြင်အတိုင်းတွေပဲပြောနေတာ၊ အသည်းနဲ့ ဦးပြေအောင် အကြောင်း ကိုလည်း ကျွန်တော် အားလုံးသိပါတယ်၊ အစ်မနဲ့ ပတ်သက်ဆက် နွယ်ပုံကိုလည်း သိပါတယ်၊ ကျွန်တော့်ချစ်သူအကြောင်း ကျွန်တော် ကောင်းကောင်းသိပါတယ်၊ ဒါကြောင့် ခုလို ပြောနိုင်တာပါ"

"အားလုံးသိရင် ကောင်းပါတယ်၊ ဘာပဲဖြစ်ဖြစ် တို့အတွက်ကတော့ ကိုယ့်အပေါ် ကျရောက်လာနိုင်တဲ့ အန္တရာယ်ကို ကြိုတင်ကာကွယ် ရမှာပဲ၊ ရည်းစားဘဝတုန်းက တစ်ခါ အပိုင်စီးခံလိုက်ရပြီးပြီ၊ အခု



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါ ဦးပြေအောင်နဲ့ ယူထားပြီးခါမှ နောက်တစ်ကြိမ် အပိုင်စီး ခံရမှာမျိုး အဖြစ်မခံနိုင်တာ တို့အပြစ်လား၊ မင်း ဒါကို ကိုယ်ချင်း မစာတတ်ပါဘူး ကိုသြသုတ၊ မင်း နားလည်နိုင်သလောက်က အပေါ်ယံ ပါးပါးလေးပါ၊ မိုးသည်းသည်းအကြောင်းကို မင်းသိတယ် ဆိုတာ ရှုထောင့်ကျဉ်းကျဉ်းကလေးကနေပါ"

ဩသုတက သက်ပြင်းတစ်ချက် ချလိုက်ပါသည်။

"ကဲ... ဒါဖြင့် အစ်မက အခု ဘာဖြစ်ချင်တာလဲ"

"တို့ဖြစ်ချင်တာ နှစ်ခုရှိတယ်"

"ပြောပါ"

"တို့ယောက်ျားနဲ့ မိုးသည်းသည်းကို မကြာခဏ မတွေ့စေချင် ဖုန်းမပြောစေချင်ဘူး၊ မီးချော မင်္ဂလာဆောင်ဖိတ်စာမှာ သူတို့ နှစ်ယောက် နာမည်တွေကို ယှဉ်တွဲမရေးစေချင်ဘူး၊ သူ့ကိုလည်း ဒါပဲတောင်းဆိုဖို့ စကားပြောဖို့ ချိန်းနေတာ၊ သူ့ကို ဘယ်လိုမှ ချိန်းလို့မရလို့ ကြံမိကြံရာ ဒီကိုလိုက်လာခဲ့တာပဲ"

"ကျွန်တော် သိသလောက်တော့ ဖိတ်စာက ပုံနှိပ်ထားတာ ထွက် တောင် ထွက်လာလောက်တဲ့အချိန် ရောက်နေပြီပဲ၊ ဒါပေမဲ့ အစ်မ ပြောတဲ့စကားတွေကို ကျွန်တော် အသည်းကို ပြောတော့ ပြန်ပြောပြ ပေးနိုင်ပါတယ်၊ ပြောပြလိုက်ပါ့မယ်၊ သူ အစ်မကိုတွေ့မယ် မတွေ့ ဘူးကတော့ ကျွန်တော် အာမ,မခံနိုင်ဘူး၊ သူ့ဆန္ဒ သူ့သဘောပဲ"

ဒေါ်နန်းမိုက ထိုင်ရာမှ ထရပ်လိုက်ပါသည်။

"ကိုဩသုတနဲ့ မိုးသည်းသည်းက အတူတူ နေကြတာလား"

"မနေပါဘူးဗျ၊ သတ်သတ်စီပါ၊ အသည်းက သူ့ဟာနဲ့သူ သူ့တပည့် တွေနဲ့ နေပါတယ်၊ ကျွန်တော်က ခုထိ အမေ့အိမ်မှာ အမေနဲ့ အတူတူနေတုန်းပါ"

"ဪ... မသိပါဘူး၊ ကိုဩသုတ ဆွဲထားတဲ့ အမျိုးသမီးပုံ ပန်းချီကားတွေကြည့်ပြီး အတူတူ နေကြသလားလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ဩသုတ မျက်နှာက နီရောင်သန်းသွားပါသည်။ သူ့ပန်းချီကားတွေထဲ အဝတ်လျော့ရီလျော့ရဲ လွှမ်းထားရုံပုံမျိုးတွေ ရင်ရှားနှင့်ပုံမျိုးတွေလည်း ပါဝင်တာကြောင့်ပင်။

"ကျွန်တော် ဆွဲသမျှ မိန်းမပုံတိုင်း မျက်နှာက အသည်းနဲ့ ဆင်တူတာကတော့ ကျွန်တော် စွဲလမ်းမှုပါ၊ အသည်း တစ်ခါမှ ကိုယ်ဟန်ပြမထိုင်ဖူးပါဘူး၊ အသည်းက အစ်မနားလည်ထားသလောက် မိန်းမတစ်ယောက်ရဲ့ ကိုယ်ကျင့်ထက် အများကြီး ပိုလုံခြုံတဲ့ မိန်းမတစ်ယောက်ပါ"

ဒေါ်နန်းမိုက ပြုံးမဲ့မဲ့ မျက်နှာနှင့် ဩသုတ ရှေ့မှောက်မှလှည့်ကာ ထွက်ခွာသွားပါသည်။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com

(၁၅)

"သိပ်စိတ်ပျက်ဖို့ ကောင်းတာပဲ"

မီးချောက တကယ့်ကို စိတ်ပျက်လက်ပျက် ရေရွှတ်ကာ အားထဲကခုံကို နောက်ကို လှန်ချလိုက်ပြီး ခပ်ရှောရှော မှီလိုက်ပါသည်။ အင်လင်းဘိုက ကားကို သူတို့ခြံထဲမှ ကွေ့ထွက်ကာ နှစ်သိမ့်သလိုပုံစံနှင့် မီးချောရဲ့ ဒူးလေးကို နှစ်ချက် သုံးချက် လှမ်းပုတ်လိုက်ရင်း...

"စိတ်မပျက်ပါနဲ့ ချစ်ရယ်၊ ကဲ... အခု ဘယ်ကိုလဲ၊ အိမ်ပြန်မလား"

"ဟင့်အင်း... ပါပါတို့အိမ်"

"ပါပါက ရှိပါ့မလား"

"ရှိနိုင်ပါတယ်၊ တနင်္ဂနွေ ဒီအချိန်ဆို ဂေါက်ကွင်းက ပြန်ရောက်လောက်ပြီ၊ မရှိလည်း သူနဲ့ပဲ စကားပြောရုံပဲ"

"ဘာပဲဖြစ်ဖြစ် အဆင်ပြေပြေ ပြောနော်"

"အင်းပါ... တစ်သက်လုံးလည်း အဆင်ပြေအောင် နေခဲ့တာပါပဲ၊ မိထွေးဆိုတာနဲ့ ပြဿနာဖြစ်နေကြရတာမျိုးကို သဘောမကျလို့ကို အတတ်နိုင်ဆုံး ပြေပြေလည်လည်နေတယ်၊ ပါပါ့ကို ကိုယ်နဲ့မသက်ဆိုင်သလိုကို နေခဲ့တယ်၊ သူ့ပဲ အပြီးအပိုင် ပေးထားတယ်၊ အခုက မင်္ဂလာဆောင် ကိစ္စမို့သာ ကိုယ့်ပါပါနဲ့မာမာကို ခွဲဆည့်မိတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ... ချောတို့ အမြဲပြေလည်ခဲ့တာပဲ ကိုယ်သိထားတာပါပဲ"

"ပြေလည်မှာပေါ့၊ ချောက ဘာမှမှ မစွက်ဖက်တာ၊ သူ ပြောတာ ဆိုတာ စိတ်ထဲ သဘောမကျမိရင်တောင် မေ့ဖျောက်ပစ်တယ်၊ သူ ကိုယ့်အပေါ်မှာ ဘောင်လွန်တာတွေရှိလည်း ဖွမပယူဘူး၊ ကိုယ့် အဖေရဲ့မိန်းမဆိုတဲ့ နေရာတစ်ခုကို မြှင့်ပြီးထားပေးတယ်၊ သီတင်း ကျွတ်ကန်တော့တောင် ဒက်ဒီ မာမီရယ် ပါပါနဲ့ သူနဲ့ ရယ်ပဲ ကန်တော့ဖြစ်တာလေ၊ မာမာ့ကိုဆို သီတင်းကျွတ်တောင် သွားမကန် တော့ ဖြစ်ခဲ့ဘူး၊ ဒီဘက်မှာ စုစုစည်းစည်း ဖြစ်နေတဲ့ အဝန်း အဝိုင်းဘက်ပဲ ရပ်တည်နေခဲ့တယ်၊ ပြန်တွေးလိုက်ရင် ခုမှ သိပ် Guilty ဖြစ်မိတယ်၊ မာမာ့ကို တစ်ချိန်လုံး ပစ်ထားမိတာ၊ သူ့ကိုပဲ ကိုယ့်အမေတစ်ယောက်လို ဆက်ဆံခဲ့တာ၊ ကြိုက်လည်း ဆက်ဆံ မကြိုက်လည်း ဆက်ဆံ"

"......"

"ဒီတစ်ခါ သီတင်းကျွတ်ရင် မာမာ့ကိုပါ သွားကန်တော့ရအောင် နော် ကိုကို"

"အင်းပေါ့...၊ ကန်တော့ရမှာပေါ့ ချစ်ရဲ့"

"တစ်သက်လုံးလည်း ကြုံရင်ကြုံသလို စကားစပ်ရင် စပ်သလို သူ့ဆီက ကြားရသမျှ မာမာ့အကြောင်း ကောင်းတာ တစ်ခွန်းမှ မပါဘူး၊ ချော စိတ်ထဲမှာ မာမာဆိုတာ ခံစားချက် အေးစက်နေ မိတာလည်း အဓိက သူ့ကြောင့်ပဲ၊ သူ့ကြောင့် မာမာ့ကို ခပ်ဆိုးဆိုး မိန်းမတစ်ယောက်လို လန့်ရှိန်နေခဲ့တယ်၊ ဖွတ်တရွတ် လုပ်ချင်ရာ လုပ် ဘယ်သူ့ မျက်နှာမှ မထောက်မငဲ့မကွက် သူ့ဆန္ဒ သူ့စိတ်ပဲ ရှေ့တန်းတင်တတ်တဲ့ မိန်းမတစ်ယောက်လို မာမာ့ကို ထင်ခဲ့တာ တကယ်က အဲဒါက သူ......"

"........."



www.burmeseclassic.com

www.burmeseclassic.com



"တကယ်တမ်း ပြန်စဉ်းစားလိုက်ရင် ပါပါ ချောကို ဂရုစိုက်မှာ ဦးစားပေးမှာ ချစ်မှာတွေကိုလည်း သူ မလိုလားခဲ့ဘူး၊ အမြဲ ယှဉ်တွက်နေတာ၊ မသိတာတော့ မဟုတ်ခဲ့ဘူး၊ သိပေမယ့် ချောမှာက ဒက်ဒီနဲ့မာမီ ရှိနေတော့ သူ့အပြုအမူတွေကြောင့် စိတ်အားငယ် စရာ ဖြစ်တဲ့အထိ မခံစားခဲ့ရလို့ ဒီလိုပဲ ပြေပြေဖျောက်ဖျောက် နေလိုက်တာ"

"ဒါတော့ မိထွေးဆိုတော့ အရင်ကလေးနဲ့ သူ့ကလေးယှဉ်တာ ပြိုင်တာမျိုးတော့ ရှိတတ်မှာ ထုံးစံထင်ပါရဲ့ ချောရယ်"

"အခု ကိုကို့မိဘတွေဆီ သူလာပြီး မင်္ဂလာဖိတ်စာကို သူ သဘော မတူဘူး လာပြောသွားတယ်ဆိုတာ ဘယ်လောက်ဆိုးလဲ၊ ကိုကို့ မိဘတွေနဲ့ ဘာဆိုင်လို့လဲ၊ ဒါ ချောသဘောနဲ့ ချောရေးတာ၊ ကိုကို့ မိဘတွေ ရေးတာမှ မဟုတ်တာ၊ ဘာကိစ္စ လာပြောရတာလဲ၊ ပြော စရာရှိရင် ချောကိုပြောပါလား၊ မဆိုင်တဲ့ ဒီဘက် ခမည်းခမက်ကို လာပြောတယ်၊ သိပ်ရှက်ဖို့ကောင်းတာပဲ"

"ရှက်တော့ မရှက်ပါနဲ့ ချစ်ရယ်၊ မေမေတို့ကလည်း ဘယ်လိုမှ သဘောမထားပါဘူး၊ သူတို့လည်း ဘယ်လိုပြေလည်အောင် နှစ်သိမ့် ပေးရမလဲ ဦးနှောက်ခြောက်သွားတာ တစ်ခုပါပဲ"

"အဲဒါလေ ဆိုးတာပေါ့၊ အလကားနေရင်း သူတို့မဖြေရှင်းနိုင်တဲ့ ကိစ္စတစ်ခုအတွက် ဦးနှောက်ခြောက်ရတယ်လေ၊ သူ လာပြောစရာ ကို မလိုတာ။ ကြည့်ရတာ ပါပါ့ကို သူပြောလို့ မရလို့နေမှာ၊ မဆိုင်တဲ့သူတွေ တစ်ယောက်ပြီး တစ်ယောက်ကို လိုက်ပြောနေတာ"

"တခြား ဘယ်သူ့ကို ပြောသေးလို့လဲ"

"ဦးညွှသုတကိုလေ"

"ဟင်... ဟုတ်လား၊ သူ့ကိုလည်း သွားပြောတာလား"

"တစ်နေ့က မာမာ ဖုန်းဆက်တယ်၊ သမီး အဆင်ပြေရဲ့လားတဲ့၊ ဖိတ်စာ ကိစ္စရော ပြေပြေလည်လည် သဘောတူကြရဲ့လားတဲ့၊



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နန်းမို ပြဿနာ လုပ်သေးလားတဲ့၊ တကယ်လို့များ ချော စိတ်ညစ် စိတ်ကျဉ်းကျပ်နေရမယ် ဆိုရင် ဘယ်လိုပဲဖြစ်ဖြစ် ချော စိတ်ချမ်းသာသလို လုပ်ပါတဲ့၊ သူ့ကို ထည့်မတွက်နဲ့တဲ့၊ သူ့ကို ချောက ပြောရခက်နေမှာစိုးလို့တဲ့ ...

အဲဒါနဲ့ ဘာဖြစ်လို့လဲ မာမာလို့ မေးကြည့်တာ၊ ဦးညြသုတ ဆီလာပြီး မင်္ဂလာဖိတ်စာ ရေးထားတာကို သဘောမတူဘူးလို့ လာပြောသွားတယ်တဲ့၊ ကိုကို စဉ်းစားကြည့်လေ၊ ဦးညြသုတ ဆိုတာရော ဒီကိစ္စမှာ သူနဲ့ ဘာဆိုင်လို့လဲ၊ သူလည်း လက်ရှိ မာမာ့ ချစ်သူပဲ၊ ဒါပေမဲ့ ဒီကိစ္စ သူနဲ့မဆိုင်လို့ သူ ဘာမှဝင်မစွက် ဖက်ဘူး၊ မာမာ စိတ်ကျေနပ်ဖို့ပဲ သူက အဓိကထားတာ၊ သူနဲ့ ဘာမှမဆိုင်တဲ့ ကိစ္စတစ်ခုကို သူ့ကို ဘာဖြစ်လို့ သွားပြောရတာလဲ၊ အန်တီနန်းမို လုပ်နေတာတွေက နည်းနည်းရမ်းနေပြီ"

"အင်း... ခက်တာပဲနော်"

"မာမာ ဘာမှ စိတ်မပူပါနဲ့လို့ ပြောလိုက်တယ်၊ စိတ်ထဲက တော်တော်ပျက်ပေမယ့် ဘယ်သူ့ကိုမှ ပြောမနေတော့ပါဘူး၊ ကိုကို့ကို လည်း မပြောဘူး၊ ဒက်ဒီတို့ မာမီတို့ကိုတောင် မပြောတော့ဘူး၊ အခုတစ်ခါထပ်ပြီး ကိုကို့မိဘတွေဆီကို မဆီမဆိုင် လာပြောပြန်ပြီ"

"သူ တော်တော်ကို လက်သင့်မခံနိုင်တာ ဖြစ်မယ်"

"လက်သင့်မခံလို့ မရဘူးလေ၊ သူက ကလေးတစ်ယောက်အဖေ ပါပါ့ကို ယူထားတာ၊ ရှေ့က သူတို့ချင်း သုံးပွင့်ဆိုင်ဇာတ်လမ်းတွေ ဘယ်လို ရှိခဲ့ ရှိခဲ့၊ ကလေးတစ်ယောက် အဖေ တစ်ခုလပ် ပါပါ့ကို သူ ယူချင်မှယူပေါ့၊ မယူချင်လည်း ရတာပဲ၊ ယူပြီးမှတော့ ရှေ့က ဇာတ်ကြောင်းတွေရဲ့ အကျိုးဆက်ကို သူ ခံရမှာပဲ"

"သိပ်လည်း စိတ်မရှုပ်ပါနဲ့ ချောရယ်၊ ချောမာမာက ချော စိတ်ချမ်းသာသလိုလုပ်ဖို့ ပြောပြီးပြီပဲ၊ တကယ်လို့ လုံးဝ သူလက်မခံ ပြင်ဆင်ရရင်တောင် ချော မာမာက ကြည်ဖြူမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"အဲလိုပြောလို့ မရဘူးလေ၊ အခုက ပုံနှိပ်လို့လည်း ပြီးနေပြီ၊ အရောထွက်မလာသေးတာပဲ ရှိတယ်၊ သူလက်မခံလို့ မာမာက လိုက်လျှော့ပေးရအောင် မာမာက ချောအမေရင်းလေ၊ သူလျှော့ဘက် ရမ်းနေတိုင်း သူ့အကြိုက် လိုက်လျှော့ရမလား၊ တကယ် စိတ်တို တယ်"

"ကဲ... ကဲ... ရောက်တော့မယ်၊ မျက်နှာကြီး ပြင်ပါဦး၊ စိတ်လည်း အရမ်းမတိုပါနဲ့၊ ပါပါ,ပါစိတ်ဆင်းရဲနေဦးမယ်၊ ပွဲနီးမှ ပြဿနာ တွေ ဘာတွေ ဖြစ်ရလည်း မကောင်းပါဘူး ချစ်ရယ် နော်"

"ကိုကို့ကိုလည်း တကယ် မျက်နှာပူတယ်၊ ကိုကိုတို့ဘက်ကများ ဘာမှစွက်ဖက်မှုမရှိ ကွန်ပလိမ့်မရှိ ပြဿနာမရှိ အေးချမ်းလို့"

"ခြော်... အဲသလိုတော့ မျက်နှာမပူပါနဲ့၊ ဒါကို ချော မျက်နှာ ပူတယ်ဆိုတာ ကိုယ့်အပေါ် သူစိမ်းဆန်သလိုပဲ၊ ချောရဲ့ပြဿနာက ကိုယ့်ပြဿနာပဲလေ၊ ကဲ... ကဲ... စိတ်လျှော့လိုက်ပါ ချစ်ရယ်"

"စိတ်က မလျှော့ချင်တော့ဘူး၊ အပ်ထားတဲ့ ထိုင်မသိမ်းကြီးကို မကြိုက်လို့စိတ်ဆင်းရဲရတာက တစ်မျိုး၊ ဖိတ်စာကိစ္စ တစ်မျိုး"

"ထိုင်မသိမ်းကလည်း စိတ်မဆင်းရဲပါနဲ့၊ ချောမကြိုက်ရင် မဝတ် နဲ့ပေါ့၊ ထပ်ချုပ်ရင်သာ အချိန်မမီတော့မှာ၊ ရှိပြီးသားတွေထဲက ကြိုက်တာ ရအောင်ပတ်ရှာပြီး ငှားဝတ်လိုက်မယ်ဆိုရင် အချိန် မမီစရာလည်း မလိုတော့ဘူးလေ၊ ဒီဇိုင်နာတွေမှ အများကြီးပါ ချောရယ်"

ပြောရင်း ဆိုရင်းက ကားက ပါပါတို့ခြံထဲ ဝင်လာကာ ဆါတီကိုအောက် ထိုးရပ်လိုက်ပါသည်။ အိမ်တံခါးလာဖွင့်တဲ့ အိမ်ဖော် ဆောင်မလေးကို မီးချောက ပါပါရှိလား မေးလိုက်ပါသည်။

"ဟုတ်... ရှိတယ် မမ၊ ထမင်းစားနေပါတယ်"

ထမင်းစားခန်းထဲ တန်းဝင်လာသော မီးချောသည် စားပွဲမှာ ပါပါ တစ်ယောက်တည်း ထမင်းစားနေတာ မြင်လိုက်ရ၍ ဝင်ထိုင်ရင်း...



www.burmeseclassic.com

www.burmeseclassic.com



"ပါပါ... အန်တီနန်းမိုရော"

"ရှိမှာပေါ့"

ပါပါမျက်နှာက ခပ်မှုန်မှုန်။ အွန်... ကိုယ့်ဟာနှင့် ကိုယ်မှ မကြည်လင်ပါဘူးဆိုမှ ပါပါ့ရာသီဥတုကလည်း သာယာပုံ မရပါလား။

"သမီးတို့ စားပြီးပြီလား"

"သူ့အိမ်က စားလာတယ် ပါပါ"

"သက်သက် ဝင်လာတာလား၊ ဘာလိုသေးလဲ သမီး၊ သမီး ထိုင် မသိမ်းကို သမီးမကြိုက်လို့ဆို၊ မအိ ပြောနေတယ်"

မီးချောက နှာခေါင်းလေးကို ရှုံ့ပြလိုက်ပါသည်။ ပါပါ ထမင်းကို လက်စသတ်ကာ တော်လိုက်ပြီး မီးချော ပခုံးကိုဖက်၍ ဧည့်ခန်းဘက်ကို ထွက်လာချိန်တွင် အန်တီနန်းမိုက အပေါ်ထပ်မှ ဆင်း လာပါသည်။ ပါပါနှင့် အန်တီနန်းမို မျက်နှာထားနှစ်ခုလုံး ကြည့်ရတာ ကတောက်ကဆတ် ဖြစ်ထားတာ သေချာသည်။ မကြာခဏ ဖြစ်တတ်ကြ တာလည်း မီးချော သိထားသည်။ အိမ်မှာ ဒက်ဒီနှင့်မာမီက စကားမများ ရန်မဖြစ်တတ်၍ မကြာ မကြာ စကားများတတ်သော ပါပါတို့ မပြေလည် ကြတဲ့ အချိန်မှန်းသိလျှင် မီးချောက မြန်မြန်ထ,လစ်ပြန်တတ်မြဲ။

အခုတော့ ထ,လစ်လို့မဖြစ်။ တမင် တကူးတက လာခဲ့တာ လေ။

"ဘာထူးသေးလဲ မီးချော"

"အန်တီနန်းမို... ကိုကို့ဖေဖေနဲ့ မေမေဆီ ရောက်တယ်ဆို"

"ဪ... ဟုတ်တယ်လေ"

ဒေါ်နန်းမိုက မီးချောနှင့် မျက်နှာချင်းဆိုင် ဆက်တီတစ်ခုမှာ ဝင်ထိုင်လိုက်သည်။ ပါပါက မီးချောနံဘေး ထိုင်နေတာဖြစ်၍ ပါပါနှင့် လည်း မျက်နှာချင်းဆိုင်ပင်။

"ဖိတ်စာကို အန်တီနန်းမို သဘောမတူဘူးလို့ လာပြောတယ်လို့ ကိုကို့မေမေက ပြောတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ… မောင်ထင်လင်းဘို မိဘတွေကို သွားပြောတာလား"

ပါပါ့အသံက ခပ်ဆတ်ဆတ် ထွက်လာ၍ မီးချောက ပခုံးလေးပင် အနည်းငယ် ကျုံ့သွားရပါသည်။ အဖြေစကားမပေးဘဲ မျက်လွှာချထားလိုက်စဉ် အန်တီနန်းမိ အသံက အရေးမကြီးသလို ပေါ့ပေါ့ပါးပါးနှင့်…

"အင်းလေ… ဒီကိစ္စကို ဒီဘက်မှာ ပြောနေတာ ဘယ်သူမှ အရေးတယူမှ မလုပ်ကြတာပဲ၊ အဲဒီတော့ မောင်ဘိုဘို့ အမေကို သွားပြောပြလိုက်တာ၊ မမမြက ပြောနေတယ်၊ အလယ်စာသား စာမျက်နှာက ရိုက်ပြီးနေပြီတဲ့၊ ကတ်တွေကသာ ကော်ကပ် ဓာကပ်နဲ့ ဖိထားရတာနဲ့မို့ အချိန်ကြာနေတာတဲ့၊ အဲဒီတော့ နန်းက ပြောပါတယ်၊ ကတ်နဲ့ စာရွက်နဲ့ တွဲရသေးတာမှ မဟုတ်တာ၊ ပြင်ချင်ရင် အလွယ်လေး၊ အလယ်စာရွက်ကို အကုန်ပယ်လိုက်ပြီးတော့ အားလုံး အသစ်ပြန်ရိုက်လို့ရတယ်လို့၊ ကုန်ကျစရိတ် နန်းပဲ တာဝန်ယူလိုက်ပါ့မယ်လို့၊ အဲဒါ သွားပြောတာလေ"

"နန်း… မင်း ဘာတွေ လုပ်နေတာလဲကွာ၊ ဒီကိစ္စ မင်းကိစ္စ မဟုတ်ဘူးလေကွာ၊ မင်း ကာယကံရှင် မဟုတ်ဘူးလေ"

"ဘာလို့ နန်းကိစ္စ မဟုတ်ရမှာလဲ ကိုပြေ"

လေသံတွေက ခပ်ဆတ်ဆတ် ခပ်တင်းတင်း အခြေအနေ သောယာတာမို့ ထင်လင်းဘိုက အားနာကာ မယောင်မလည်နှင့် ခြံထဲ ဆင်းသွားလိုက်ပါသည်။

"ဒီကိစ္စမှာ အဓိက,က သမီးဆန္ဒပဲ၊ ပြီးရင် ငါ့ဆန္ဒ၊ မိုးသည်းဆန္ဒ"

"အမယ်လေး… အမယ်လေး… တော်ပါတော့ နားခါးလိုက်တာ၊ အဲလို ယုဉ်တွဲပြောတာတောင် မကြားချင်ဘူး သိရဲ့လား၊ လုံးဝ လက်သင့်မခံနိုင်ဘူး၊ ရှင် ကျွန်မကို နည်းနည်းလောက် ငဲ့ညှာသင့်တယ် ကိုပြေ၊ တချို့နောက်ပိုင်း မိတ်ဆွေတွေဟာ ရှင့်မှာ ရှေ့အိမ်



www.burmeseclassic.com

www.burmeseclassic.com



ထောင်ရှိတာ၊ သမီးအကြီး ရှိတာတောင် သိတာမဟုတ်ဘူး၊ သားသားတို့ကျောင်းက ကလေးမိဘတွေ ဘီချာတွေဆိုရင် လုံးဝမသိကြဘူး၊ အဲဒါတွေရဲ့အမြင်မှာ အံ့အားသင့်စရာ ဖြစ်မနေဘူးလား၊ မသိတဲ့သူ မသိတဲ့အလျောက် ဆက်ရှိသွားပါစေပေါ့ ...

ဒီမင်္ဂလာဆောင်တစ်ခု စ,စီစဉ်မှပဲ ရှိသမျှအထုပ် ဖြေချပြရသလို အရှက်တကွဲ အကျိုးနည်း အဖြစ်မခံနိုင်ဘူး၊ ဘာဖြစ်လို့ ဒီနာမည်တွေ မထည့်မနေရ ကတ်သတ်နေကြတာလဲ နားကို မလည်ဘူး"

"ကတ်သတ်နေတာ မင်းလေ၊ ဘာမှအရေးမကြီးတဲ့ ကိစ္စတစ်ခုကို မင်း လိုက်ပြဿနာရှာနေတာပဲ နန်း၊ ဒီဖိတ်စာဆိုတာ တစ်ချက်ဖွင့်ကြည့်ပြီး ပစ်ထားလိုက်မှာ၊ ဒီအကြောင်းကို စကားလုပ်ပြောလည်းကွာ အလွန်ဆုံးပြော တစ်ပတ်ပေါ့၊ ပြောလည်း ဘာအရေးလဲ၊ အိမ်ထောင်တစ်ခု ပျက်တယ်၊ နောက်အိမ်ထောင်ပြုတယ်၊ ဒီထဲမှာ ရှက်စရာ ဘာပါလဲ၊ ဖြစ်ရိုးဖြစ်စဉ် ကိစ္စတွေပဲ"

"ရှင်က ယောကျ်ားဆိုတော့ ပြောအားရှိတာပေါ့၊ ဟိုဟာမကလည်း ရှေ့လူဆိုတော့ မော်ကြွားနိုင်တာပေါ့၊ ကျွန်မကသာ နောက်မိန်းမဆိုတာကြီး မီးမောင်းထိုးပြ ခံရသလိုဖြစ်တာ"

"နောက်မိန်းမလည်း ဘာဖြစ်လဲ နန်း၊ လောလောဆယ် အောင်မြင်တဲ့ အိမ်ထောင်ရေး ဖြစ်နေဖို့က လိုရင်းပဲ၊ ဖုံးကွယ်ထားလို့ ရတဲ့ဟာလည်း မဟုတ်ဘူး၊ ဘာလဲ ... မင်းက မင်းအသိမိတ်ဆွေအသစ်တွေကို မင်းက နောက်မိန်းမ မဟုတ်ပါဘူးလို့ လျှောက်ပြောထားလို့လား"

"ကိုပြေ"

ဒေါ်နန်းမိုက ဒေါသတကြီး ကျူးအော်လိုက်ပါသည်။ ရင်ဒဲမှာလည်း ဆတ်ဆတ်ခါ နာသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲသလို လိုက်ပြောနေစရာ မဟုတ်ဘူးဆိုတာလည်း ရှင် သိတယ်၊ လူတွေက ကျွန်မ နောက်မိန်းမလား ရှေ့မိန်းမလား ရှင်အိမ်ထောင်တစ်ဆက်လား နှစ်ဆက်လားတောင် မသိကြတာ အများကြီး၊ လိမ်ပြောနေတာ မဟုတ်သလို လိုက်ဝန်ခံနေစရာလည်း မလိုဘူး"

"အခုက လိုက်ဝန်ခံနေတာလည်း မဟုတ်ဘူးလေ၊ သမီး မင်္ဂလာကိစ္စရှိလာတာကိုး၊ သမီးက သူ့အဖေရင်း အမေရင်း နာမည်ထည့်ချင်တယ်ဆို ထည့်ပလေစေပေါ့ကွာ၊ မင်းက ဒါကို လုံးဝသဘောမတူဘူးဆိုတော့ ဒီမင်္ဂလာက မဆောင်ရတော့ဘူးလား… ပြော"

"ပါပါ… တော်ပါတော့ ပါပါရယ်"

မီးချောက မျက်နှာကို လက်ဝါးလေးနှစ်ဖက်နှင့် အုပ်ကာ တသိမ့်သိမ့် ရှိုက်ငိုချလိုက်မိပါသည်။

"မုန်းတယ်… အဲဒီဟာမကို သိပ်မုန်းတယ် သိလား၊ ကျွန်မဘဝကို ကဖျက်ယဖျက် လုပ်သွားတာ၊ သူ့နာမည်လည်း မကြားချင်ဘူး၊ သူ့မျက်နှာလည်း မမြင်ချင်ဘူး၊ လောကကြီးမှာ သူ မရှိရင်တောင် ပိုကောင်းတယ်"

"အန်တီ… မာမာ့ကို အဲသလိုတော့ မပြောပါနဲ့ အန်တီ"

"အေးလေ… ညည်းကလည်း ညည်းအမေထိတော့ နာမှာပေါ့၊ သူသာမရှိရင် ဒီပြဿနာတွေ ပေါ်မလား၊ သူ့နာမည် ပါလာစရာ အကြောင်းမရှိတော့ဘူး၊ အခုလို ပြဿနာ မရှုပ်ထွေးတော့ဘူး၊ အဲဒါကို ပြောတာ၊ ညည်းက အမေမို့ အမေဘက်ပါပြီး တွေးတာဘာမှ မပြောလိုဘူး၊ ဒီလူကပါ ဟိုဘက်ခပ်ပါပါ၊ ဟိုဘက်ကဆန္ဒကို ဦးထိပ်ထားနေတာ ငါ ဘယ်လောက် အသည်းနာရတယ် သိရဲ့လား၊ ငါ့ နေရာက ခံစားကြည့်၊ ဟိုဘက်က သူ့နာမည်ထည့်ပေးပါ ဆိုတာနဲ့ ညည်းအဖေက မဆန့်ကျင်ရက်နိုင်အောင်ဖြစ်ပြနေတာ ဟောဒီရင်ဘတ်ထဲက နာတယ် သိရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ကျွတ်... တော်စမ်းကွာ၊ မင်း မဟုတ်တာတွေ လျှောက်ပြောနေတယ်"

"မာမာက ဒီလိုဖြစ်ရမယ်၊ ထည့်ကိုထည့်ရမယ်လို့ မတောင်းဆိုပါဘူး၊ မာမာ ထည့်လိုစိတ်ရှိတာ မီးသိလို့ မီးက ထည့်ပေးတာပါ၊ မာမာက သမီးအဆင်ပြေသလို လုပ်ပါလို့ ပြောပြီးသားပါ၊ မီးကသာ မာမာ့ကို တစ်သက်မှာ ဒီတစ်ခါလေး အသိအမှတ်ပြုပေးတဲ့သဘော လုပ်ပေးချင်တဲ့ မေတ္တာ စေတနာ ရှိလို့ပါ၊ မီးတစ်သက်မှာ မာမာ့ကို ဘယ်တုန်းကမှ အရေးတယူ မလုပ်ခဲ့မိတာတွေကို အိမ်ထောင်ပြုကာနီးကျမှ သတိထား ဆင်ခြင်မိလာလို့ပါ၊ မာမာ ညှိုသည်လိုလေးပဲ လာရမှာကို မီးတွေးပြီး သနားလို့ပါ၊ မီးဆန္ဒ သက်သက်ပါအန်တီ"

"ညည်းကလည်း သေချာစဉ်းစားလေ၊ သူ့နာမည်ပါလည်း ဒီမင်္ဂလာဆောင်ပဲ၊ သူ့နာမည် မပါလည်း ဒီမင်္ဂလာဆောင်ပဲ၊ ဘာထူးသွားလို့လဲ၊ ဘာပြောင်းလဲသွားလို့လဲ၊ နေစမ်းပါဦး ဘာလဲ၊ မာမာ ညှိုသည်လိုလေး လာရမှာ သနားလို့ဆိုတော့ ညည်းက ပွဲထုတ်ရင် ဦးပြေအောင်နဲ့ ဒေါ်မိုးသည်းသည်းကို ညည်းတို့နောက်က တွဲလျှောက်နိုင်းဦးမယ့် သဘောလား... ဟင်၊ ပြောစမ်းပါဦး၊ အဲ့သလိုသာဆိုလို့ကတော့ ငါ့ကိုသာ သတ်လိုက်ကြတော့၊ အဲဒီမင်္ဂလာဆောင်ကိုလည်း အရှက်တကွဲ အဖြစ်ခံပြီး ငါမလာတော့ဘူး၊ အိမ်မှာပဲကိုယ့်ဘာသာ ကြိုးကွင်းစွပ် သေပစ်လိုက်တော့မယ် နားလည်လား"

"ကျွတ်"

မီးချောသည် တုတ်တုတ်ကျနေတဲ့ မျက်ရည်တွေကို သုတ်ရင်း ခေါင်းတွေပါ ထူပူလာသည်။ အဲဒီ ပွဲထုတ်မယ့် တွဲလျှောက်မယ့် ကိစ္စမျိုးကို မီးချော လုံးဝမစဉ်းစားမိသေးပါ။ ဟုတ်သားပဲ၊ အဲဒီတစ်ပြဿနာလည်း ရှိသေးတာပဲ။ သေသာ သေလိုက်ချင်တော့တဲ့ထိ မီးချော စိတ်တွေ



www.burmeseclassic.com

www.burmeseclassic.com



ရှုပ်ထွေးလာကာ ခေါင်းတွေပါ တဒိန်းဒိန်း ထိုးကိုက်တက်လာပါသည်။ အိမ်ထောင် အပြီးအပျက်တစ်ခုရဲ့ နောက်ဆက်တွဲ ဂယက်တွေ ဆိုတာ အောပန်းရင်နင့်စရာ ကောင်းလွန်းလှတာပါကလား။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com

(၁၆)

"သမီးလေး..."

ထောက်ခနဲနှိပ်ကာ ပို့လိုက်သော စာကလေး တစ်ဖက်မှာ တက်သွားလျှင် ရင်ထဲ ထိတ်ခနဲဝမ်းသာရသည်။ မီးချောလေးနဲ့ facebook မှာ အခုမှ လှမ်းပြီး မိတ်ဆွေဖွဲ့ကြသည်။ တစ်နေ့ တစ်နေ့ သမီးလေး ဘာလုပ်တယ်ကို လှမ်းလှမ်းကြည့်ရတာ အရသာတစ်မျိုး ဖြစ်သည်။

အခုလည်း မီးချော active ဖြစ်နေတာကို မြင်လျှင် စကား လှမ်းပြောလိုက်ချင်စိတ်ပေါက်ကာ chat box ကနေ စာကလေး လှမ်းပို့ လိုက်တာ ဖြစ်သည်။ ပို့ပြီးမှ သမီးလေး အားရဲ့လား၊ ဘယ်သူနဲ့များ စာပို့ စကားပြောနေမလဲ၊ သူပို့လိုက်တဲ့အတွက် အနှောင့်အယှက်များ ဖြစ်သွားမလား၊ ပို့မိတာ မှားသွားသလား ချီတုံချတုံ ပြန်ဖြစ်ရသည်။

"ရှင်... မာမာ"

ရုတ်တရက် စာလေး ခုန်ဝင်လာလျှင် ရင်တုန်အောင်ပင် လန့်ဖြပ ဝမ်းသာသွားလေသည်။

"အလုပ်တွေ တော်တော်ရှုပ်နေပြီလား၊ သမီး ပင်ပန်းနေပြီလား"

"သိပ်မရှုပ်ပါဘူး မာမာ၊ ကိုကို့အမေတို့ အစ်မတို့က ကူလုပ်ပေး နေကြပါတယ်"

"မာမာလည်း တစ်ခုခု ကူလုပ်ချင်လိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့က အားလည်း အားနေလို့ပါ၊ အိမ်မှာပဲ အမြဲရှိနေကြတာ ဆိုတော့ သူတို့ ကူလုပ်ရတာ အပန်းမကြီးဘူး၊ သူတို့တောင် အပျင်းပြေသေးတယ်၊ မာမာက အရမ်းအလုပ်များတာ မီးသိနေတာပဲဟာ၊ ဘာမှမလိုပါဘူး မာမာ စိတ်မပူပါနဲ့"

"ဒီမှာ ကြည့်စမ်း... မာမာ ဒီနေ့ ကိုးမိုင်ဘက်ရောက်လို့ Casabella Show room မှာ မွေ့ရာခုတင်တွေ လှတာတွေ ဝင်ကြည့်ရင်း ဓာတ်ပုံရိုက်လာတယ်"

ဖုန်းထဲက ရိုက်လာသော ပုံသုံးလေးပုံကို လှမ်းပို့လိုက်ပါသည်။

"လှတယ်နော်"

"ဟုတ်... မာမာ၊ ကိုကို့မေမေ မှာပေးထားတာလည်း Casabella ကပဲ၊ အဲဒီလိုမျိုးပဲ မာမာ"

"ဟုတ်လား.... ကောင်းလိုက်တာ၊ မာမာက သမီးတို့မဝယ်ရသေးရင် ဝယ်ပေးချင်လို့ ပြတာ"

"အာ... မာမာကလည်း၊ အိပ်ရာခမ်းနားဆိုတာ ယောကျ်ားလေးဘက်က စီစဉ်ရတာလေကွာ၊ ခိ ခိ... မိန်းကလေးဘက်က ဝယ်စရာလား"

မီးချောက Chummy Chum Chums Sticker ထဲက ကြမ်းကို ထက်ဝါးနှင့် ပုတ်ကာ ပုတ်ကာ ရယ်နေသော ခွေးကလေးအရုပ် ပို့လိုက်လျှင် အသည်းသည် ဒီဘက်မှာ တစ်ယောက်တည်း ဟားတိုက်ရယ်နေမိလေသည်။ ထို့နောက် Meep sticker ထဲက မျက်ရည်စက်လက်ထွက်အောင် အော်ရယ်နေတဲ့ အရုပ်ကလေးကို ပြန်ပို့လိုက်ရင်း ကိုယ့်ရယ်ရှိန် ကိုယ်သတ်ရသည်။

"ဒါဖြင့် သမီးတို့ ဘာများမဝယ်ရသေးဘူးလဲ၊ မာမာလည်း ဘာမှ လုပ်မပေးရဘူး၊ စိတ်မကောင်းဘူး သမီးရယ်"

"ဘာစိတ်မကောင်းစရာရှိလဲ မာမာရ၊ မာမီတို့ ဒက်ဒီတို့လည်း ဘာမှသိပ်မလုပ်ရပါဘူး၊ ကိုကို့မိဘတွေက အားလုံး သူတို့တာဝန်ယူ



www.burmeseclassic.com

www.burmeseclassic.com



လုပ်ပေးပါတယ်၊ သမီးတို့နေဖို့ လက်ဖွဲ့တဲ့ ကွန်ဒိုအခန်းထဲမှာ ပရိဘောဂပစ္စည်းတွေကအစ ပြင်ဆင် ဝယ်ဖြည့်နေတာ ပြည့်စုံသလောက် ရှိနေပါပြီ၊ တကယ်ကို ဘာမှမလိုအပ်တော့တာပါ"

အင်း... သမီးလေး ကံကောင်းလိုက်တာ။

ကိုယ့်အပေါ် မြတ်မြတ်နိုးနိုးနှင့် တခြားယှဉ်ဘက် ပြိုင်ဘက်မရှိဘဲ တစ်ဦးတည်း မူပိုင်ချစ်တဲ့ ခင်ပွန်းလောင်းနဲ့ တွေ့ဆုံရပြီး လိုလိုလားလား ကြည်ကြည်ဖြူဖြူ ချစ်ခင်စွာကြိုဆိုတဲ့ ယောက္ခမမျိုးကို ပိုင်ဆိုင်ခွင့်ရသည်မှာ ထူးတဲ့ကံပဲ။ ကိုယ့်တုန်းက မရတဲ့ အခြေအနေ အခွင့်အရေးမျိုး သမီးလေးပိုင် ဆိုင်ရရှာသည်။ အသည်းရင်ထဲ ကြည်နူး ချမ်းသာရသည်။

"ဒါဆိုရင် မာမာ လက်ဝတ်ရတနာလေး တစ်ခုခု လုပ်ပေးရင်ကောင်းမလား"

"အား... ကောင်းတယ်"

"တကယ်နော်... မီးချော တကယ်ပြောတာလား"

"တကယ်ပေါ့ မာမာ၊ မီးက လက်ဝတ်လက်စားတွေ မမက်တော့ ဘယ်တုန်းကမှ ဘာမှလဲ မဝယ်မိ မဝတ်မိပါဘူး၊ ပုစိပေါက်စိ ပလက်တီနမ်လေးတွေပဲ ကိုယ်ပိုင်ရှိတော့ အခု မီးမှာ ဘာမှ မယ်မယ်ရရ မရှိတာ၊ အိမ်ထောင်သည် မိန်းမကြီး ဖြစ်သွားရင်တော့ ရတနာဆိုတာလည်း ဝယ်ရ ဝတ်ရ စုရတော့မယ် ထင်တယ်နော် မာမာ၊ မာမာ ဝယ်ပေးရင် မီးအတွက် အဆင်ပြေတာပေါ့၊ ပျော်စရာကြီး အဟဲ ဟဲ"

မီးချောက အနမ်းပျံ Sticker လေး ပို့ပြန်သည်။ သားအမိနှစ်ယောက်ရဲ့ chat box ထဲမှာ အသည်းနီနီကလေးတွေ ပလူပျံနေတော့သည်။ အသည်းက ပြန်ပို့လိုက် မီးချောကပြန်ပို့လိုက်။ အို... ပျော်လို့ဆိုတာ ဆိုတာလေ။ ဝမ်းနည်းဝမ်းသာ ရင်ခုန်လှိုက်ဖိုလိုက်ရတာ ဆိုတာလေ။



www.burmeseclassic.com

www.burmeseclassic.com



"သမီးလေး လုပ်စရာရှိတာ လုပ်တော့၊ မာမာနဲ့ စကား ပြောနေရတာ အလုပ်ပျက်နေမယ်"

"အလုပ်မရှိပါဘူး… Youtube က ဟင်းချက်နည်းတွေ ကြည့်နေတာ မာမာ"

"ဒါဖြင့်လည်း ဆက်ကြည့်တော့နော်၊ မီးချောနဲ့ စကားပြောရတာ ဒီည စိတ်ချမ်းသာသွားပြီ"

"ဟုတ် မာမာ… Good night"

"Good night သမီးလေး"

မီးချောကို နှုတ်ဆက်ပြီးသော် အသည်းက လက်ဝတ်ရတနာ ဆိုင်တွေ စိန်တိုက်တွေက တင်ထားသော Jewellery Page များကို ရှာဖွေ ဖွင့်ကာ လှပသော လက်ဝတ်ပစ္စည်းကလေးများကို ပီတိတစိမ့်စိမ့်နှင့် လျှောက်ကြည့်နေမိသည်။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com

လမ်းသွယ်ထဲကနေ လမ်းမပေါ် ညာကွေ့ကာ ထွက်ရို့ ကားတန်းအရှင်းကို စောင့်နေရပါသည်။ ကားတန်းက ဆက်တိုက်။ ဟိုးဘက်မီးပွိုင့်က လွှတ်လိုက်ပုံရသည်။ ကားတွေများလှ၍ လုံးဝအရှင်း စောင့်နေလျှင် နောက်တစ်ကြိမ် မီးပွိုင့်အလွှတ် ထွက်လာသောကားများနှင့် တစ်ဆက်တည်း ဖြစ်သွားလိမ့်မည်။

အသည်းက ကားနှစ်စင်း အနည်းငယ် အလှမ်းခြားသော အချိန်မှာ ညာကိုချိုး၍ ထွက်ချလိုက်ပါသည်။ အနည်းငယ် ခြားကာ လာနေသောကားက အသည်းရဲ့ကားကို မြင်သော်လည်း အရှိန်မလျှော့၍ အသည်း ကွေ့ထွက်ဆဲပင် အသည်းကားရဲ့ ဘယ်ဘက်နောက်ခြမ်းနားကို အရှိန်နှင့် ဒုန်းခနဲ ဝင်တိုက်လိုက်ပါတော့သည်။

ခါးပတ် ပတ်ထားတာတောင် လူကယိမ်းထိုးသွားအောင် ကားကလှုးခါသွားပြီး အသည်းက ကားကိုချက်ချင်းပဲ ပလက်ဖောင်းဘေးကို ကပ်၍ ရပ်လိုက်ရသည်။ ချက်ချင်းပဲ တံခါးဖွင့်ကာ ဆင်းလာခိုက် ကိုယ့် လိုပဲ နောက်ကားထဲက ဆင်းထွက်လာသူနှင့် ရင်ဆိုင်လိုက်ရပါသည်။

နှစ်ဦးစလုံး မျက်နှာမှာ မဲ့ရွဲ့ရှုံ့တွ ပုံပျက်သွားကြရကာ—

"ညည်း... ကားကို ဘယ်လိုမောင်းတာလဲ မိုးသည်းသည်း"

"ဩော်... အဲဒါ ရှင်ပြောရမှာလား အသည်း ပြောရမှာလား"

"ငါပြောရမှာလေ၊ ငါက လမ်းဖြောင့်လေ၊ လမ်းမကျယ်ကြီးထော ညည်းက လမ်းသွယ်ကထွက်တာ စောင့်ရမှာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာလေ… တိုက်မိတဲ့ နေရာကို ရှင် ကြည့်လိုက်ပါဦး ခေါ်နန်းမို၊ ဖင်ခြမ်းကို တိုက်ထားတာ၊ ရှေ့ပိုင်း ရှေ့တံခါးလောက် တိုက်မိရင် ကျွန်မအပြစ်၊ ဖင်ဘက်တိုက်လို့ မီးလုံးပါကွဲသွားတာ၊ အဲဒါ ရှင့် အပြစ်လေ"

"ဘာပဲဖြစ်ဖြစ် နင် စောင့်ရမှာ မိုးသည်းသည်း"

"ကားခြားသွားလို့ ကျွန်မထွက်တာ၊ ကွေ့ထွက်လာတာ မြင်ရင် ရှင်က အရှိန်လျှော့ရမှာ"

"ဟဲ့… ဘာဖြစ်လို့ ဒီလောက်တောင် ခံငြင်းနေရတာလဲ၊ ငါ့ကား ရှေ့မီးကြီးကွဲသွားပြီ… နင်လျော်"

"ကျွန်မကားလည်း နောက်မီးအုံ ကွဲသွားတာပဲ ပိန်ချိုင့်တောင် သွားသေးတယ်၊ ဒီမှာ ရှင်မမြင်ဘူးလား၊ ရှင်လျော်ရမှာ၊ ကဲပါ… ကြာပါတယ်၊ ရဲ ခေါ်လိုက်တာပေါ့"

"ဟဲ့… မိုးသည်းသည်း၊ ပြဿနာမကြီး ကြီးအောင် ရှာတတ်တာ နင့်အကျင့်လား… ဟုတ်လား"

"အဲဒါ အစ်မလေ၊ ရှင်းနေတာကို ရှုပ်အောင်လိုက်လုပ်ပြီး လူ တစ်ဖက်သားကို အပြစ်တွေပုံချတာ ရှင့်အကျင့်"

"ဒီမှာ… ကားကိစ္စကို ထားလိုက်"

"မထားနိုင်ပါဘူး၊ အစ်မ လျော်ကိုလျော်ပေးရမှာ မနန်းမို"

"ညည်းကို ဖုန်းဆက်နေတာ အခါခါ အကြိမ်ကြိမ်ရှိပြီ၊ ဘာဖြစ်လို့ ငါဆက်နေတဲ့ဖုန်းကို မကိုင်တာလဲ"

"အဲဒါ အစ်မ တကယ်ဖြေစေချင်တာလား"

"………"

"အစ်မနဲ့ ဖုန်းမပြောချင်လို့၊ စကားမပြောချင်လို့ပေါ့"

"ဖြစ်မှ ဖြစ်ရလေ၊ စကားမပြောချင်ရအောင် ငါက ညည်းကို ဘာ များလုပ်နေလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အစ်မ တစ်သက်လုံး လုပ်နေခဲ့တာပဲလေ၊ ပြောရင် ဆုံးမှာ မဟုတ်ဘူး"

"အမယ်လေးနော်... လေသံတွေက ပြောင်းလဲလိုက်တာ၊ ဟိုးအရင်တုန်းက အမြီးကုပ်ကုပ် နားရွက်ကုပ်ကုပ်နဲ့ မျက်စိသူငယ်ပုံ ဖမ်းထားတာတွေ ဘယ်နားကွာကျခဲ့ပြီလဲဟင် မိုးသည်းသည်း၊ စရိုက်မှန်တွေ ထွက်လာတာလား"

"ဒီစရိုက်က အစ်မတစ်ယောက်တည်းအတွက် ပြောင်းလဲ ဖြစ်ပေါ်လာတဲ့ စရိုက်ပါ မနန်းမို၊ ကျွန်မအိမ်ထောင်ရေး မပြေလည်အောင်၊ ကျွန်မယောက်ျားနဲ့ ကျွန်မ မတည့်အောင် အစ်မ တောက်လျှောက်သွေးထိုးခဲ့တယ်လေ၊ အဲ့သလို လူကို ကျွန်မက ဘယ်လိုဆက်ဆံနေရမှာလဲ"

"နင့်ဘာသာ ကံမကောင်းလို့ အိမ်ထောင်ကွဲတာ နင့်ကိစ္စပါ၊ ငါက နင်နဲ့ကွဲပြီးနောက်မှ ကိုပြေအောင်ကို ပြန်စဉ်းစားတာ၊ နင့်ယောကျ်ားနဲ့ နင်ကွဲရတာပဲ ငါ့ကြောင့်လိုလို ဘာလိုလိုတော့ လာရောမချနဲ့"

"အစ်မကြောင့်ပဲလေ၊ အစ်မ ဝင်ထွက် ခလောက်ဆန်မနေရင် ကျွန်မနဲ့ ကိုကြီး ကွဲစရာ ဘာအကြောင်းမှ မရှိဘူး"

"အစကတည်းက မျိုးစေ့မမှန်လို့ အပင်မသန်တာကိုများ ပြောတတ်လိုက်တာအေ၊ ကိုယ်မရထိုက်ပဲ ရထားတာတိုင်းဟာ တစ်နေ့နေ့တစ်ချိန်ချိန် ကိုယ့်လက်ထဲက လွတ်ထွက်သွားမှာပဲလေ မိုးသည်းသည်းရယ်၊ ဘယ်သူ့ကြောင့် ဘယ်ဝါကြောင့်နဲ့ တရားခံတပ်နေစရာမလိုပါဘူး၊ နင်သာ တော်တဲ့ ဇနီးမယားကောင်း တစ်ယောက်ဖြစ်ခဲ့ရင် ကိုပြေအောင်နဲ့ ကွဲစရာအကြောင်း မရှိဘူး"

"ကွဲပါစေလို့ နေ့ရောညအမျှ ဆုတောင်းနေတဲ့သူ ရှိတာကိုး၊ ကွဲအောင် ကြိုးစားပမ်းစား သွေးထိုးနေတဲ့သူ ရှိတာကိုး ကွဲတာ



www.burmeseclassic.com

www.burmeseclassic.com



ဘာဆန်းလဲ၊ နတ်သမီးနဲ့ ပေါင်းနေတောင် အစ်မ ဒဏ်ကို နတ်သမီး ခံနိုင်မှာ မဟုတ်ဘူး"

"အခြေအမြစ်မရှိတဲ့ စကားတွေ ပြောမနေနဲ့ မိုးသည်းသည်း၊ ပြီးခဲ့တဲ့ကိစ္စတွေ ညည်း ဘာပဲပြန်ပြောနေနေ အကြောင်းမထူးဘူး၊ ဘာမှပြောနေစရာ မလိုဘူး"

"ပြောနေစရာ မလိုရင်လည်း ဘာမှပြောမနေနဲ့တော့လေ၊ အစ်မ ဘာသာ ပြန်လိုက်တော့၊ ရစရာရှိတဲ့ အလျော်ကိုလည်း ကိုကြီးဆီ တောင်းလိုက်မယ်၊ ပြီးတာပဲ"

"ဘာပြောတယ်၊ နင် အရှက်မရှိဘူးလား မိုးသည်းသည်း"

"ဘာကိုရှက်ရမှာလဲ"

"ကွဲတာ နှစ်နှစ်ဆယ်နီးပါးကြာတဲ့ ယောက်ျားဟောင်းကို ခုထိ ကိုကြီးလို့ ပါးစပ်က ခေါ်ထွက်ရဲတာ ပထမရှက်ရမယ့် အချက်၊ ငါ့ကိုကျတော့ လှည့်ပတ်ရှောင်နေပြီး ကိုပြေအောင်ကိုကျတော့ သွားပြေးတွေ့ရဲတာ ဒုတိယရှက်ရမယ့်အချက်၊ ဟိုတုန်းကလည်း အရှက်မရှိသူများ ရည်းစားကို ကြောင်တောင်လုယူတယ်၊ ခုလည်း သူများယောက်ျားကို ချိန်းတွေ့တယ်၊ နင့်မှာ မူယာမာယာချည်းပဲ၊ နင် မရှက်တတ်ဘူးလား"

"ကိစ္စရှိလို့တွေ့တာ ရှက်စရာ အကြောင်းမရှိပါဘူး၊ အဲသလို တွေ့လို့ စကားပြောလို့သာ ရှက်ရမယ်ဆိုရင် အစ်မရော ဩသုတကို ဘာလို့သွားတွေ့သလဲ"

"နင်မှ အတွေ့မခံတာလေ"

"ပြောပြီးပြီလေ၊ တွေ့မှ မတွေ့ချင်တာ၊ လက်ခံတွေ့ မတွေ့က ကျွန်မ ရွေးချယ်နိုင်တဲ့ အခွင့်အရေးပါ အစ်မရဲ့၊ အစ်မနဲ့တွေ့တာဟာ စိတ်အနှောင့်အယှက် ဖြစ်ရမယ်၊ စိတ်ဆင်းရဲရမယ် ဆိုတာကို သိနေရက်နဲ့ ဘာကြောင့် ကျွန်မကတွေ့ရမှာလဲ၊ ကိုကြီးနဲ့တွေ့တာ



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စရှိလို့တွေ့တာ၊ အကြောင်းရှိနေသမျှ ကျွန်မတွေ့ချင်ရင် ကိုကြီး လက်ခံရင် တွေ့နေဦးမှာပဲ၊ လိုအပ်ရင် အရင်ကလည်း တွေ့တယ်၊ ခုလည်း တွေ့မယ်၊ နောင်လည်း တွေ့မယ်၊ အစ်မလည်း အစ်မရဲ့ ထုံးစံအတိုင်း ကိုယ့်ယောကျ်ား ကိုယ်ဖုန်းမဆက်ရ မတွေ့ရ မဆုံရ အမိန့်ထုတ်ထားပေါ့၊ သူ မလိုက်နာရင်တော့ ကျွန်မလည်း မတတ်နိုင်ဘူး”

“တောက်…၊ နင် ကိုပြေအောင်နဲ့တွေ့တာ ဒီတစ်ခါတည်း မက ဘူး မဟုတ်လား”

“အစ်မယောကျ်ားကို မေးကြည့်လေ၊ မပြောဘူးလား သူက၊ အစ်မ ပြဿနာရှာတတ်လွန်းလို့ ကိုကြီးက မပြောတော့တာဖြစ်မှာ ပေါ့၊ သုံးခါရှိပြီ သိလား သုံးခါ၊ အစ်မ ခုလို ရန်ရှာနေမယ်၊ ပြဿနာရှာနေမယ် ဆိုရင် နောက်ထပ်လည်း တွေ့စရာကိစ္စ ပေါ်ရင် ပေါ်လာလိမ့်မယ်၊ နည်းနည်းလေး သဘောထားကြီးပြီး ရှင်သန်ကြည့်စမ်းပါ အစ်မ၊ ကိုယ် ဖြစ်ချင်သလိုချည်းပဲ အတ္တနဲ့ ရှင်သန်မနေပါနဲ့…

အစ်မကြောင့် ကျွန်မ အသက်နှစ်ဆယ့်တစ်နှစ်မှာ တစ်ခုလပ် ဖြစ်ခဲ့ရတယ်၊ အခြေအမြစ်မရှိဘူး မပြောနဲ့၊ မရှိဘူး၊ သက်သေလည်း မရှိဘူး၊ ဒါပေမဲ့ သက်သေရှိမှ အမှန်တရားတစ်ခုဖြစ်တာ မဟုတ်ဘူး၊ ဘာမှသက်သေမရှိခဲ့ပေမယ့်လည်း ကိုကြီးကို ယောက္ခမကို ကျွန်မ မကောင်းကြောင်းတွေ မဟုတ်မှန်သတင်းတွေ အစ်မ ပြောခဲ့တာ အစ်မကိုယ်အစ်မ အသိဆုံးပါ၊ ဘယ်သူမှ မသိတောင် ကိုယ့်မကောင်း မှုဆိုတာ ကိုယ်သိပါတယ်…

ကိုကြီးက နားယောင်မှာပေါ့၊ သူက အစ်မကို ချစ်တာလေ၊ သူ့ချစ်ဦးသူလေ၊ မျက်စိလည် လမ်းမှားလို့ ကျွန်မနဲ့ ညားပေမယ့် သူက အစ်မကို ချစ်တယ်၊ အထင်လည်း ကြီးတယ်၊ အစ်မ စကား



www.burmeseclassic.com

www.burmeseclassic.com



ကို ယုံတယ်၊ အစ်မကို သူချစ်လို့ အစ်မစကားကို လက်ခံယုံကြည်တာ၊ ကိုကြီးမှာ အပြစ်မရှိဘူး၊ ကိုယ့်ကိုယုံကြည်တဲ့သူကို မဟုတ်မမှန် လုပ်ကြံလှည့်ဖြားခဲ့တဲ့ အစ်မကတော့ အပြစ်ရှိတယ်...

ကိုကြီးကို အစ်မလက်ထဲက လုယူခဲ့မိတာ ကျွန်မ အပြစ်ဆိုရင် ကိုကြီးနဲ့ ကျွန်မ ဝေးကွာသွားအောင် ခလောက်ဆန်တာ အစ်မအပြစ်ပဲ၊ ဒါပေမဲ့ ကျွန်မ ဘာမှမပြောဘူး၊ တိတ်တိတ်ဆိတ်ဆိတ် အရှုံးပေးခဲ့တယ်၊ ကိုယ်က အစ ပထမထဲက အမှားမကင်းတာ နားလည်ခဲ့လို့၊ အခု အခြေအနေမှာတော့ အစ်မအပေါ်လည်း ကျွန်မ အပြစ်မရှိအောင်နေမယ်၊ အစ်မလည်း ကျွန်မအပေါ် အမှား မလုပ်မိပါစေနဲ့တော့၊ ဒီအချိန်မှာ အမှားဖြစ်ရင် ပြဿနာက ပိုပြင်းထန်လိမ့်မယ်"

အသည်း ရေပက်မဝင် ပြောသမျှကို စကားဝင်ထောက်လို့ မရအောင် မနန်းမိုက နားစိုက်ထောင်နေရသလိုဖြစ်နေကာ နောက်ဆုံးသော စကားကို အရောက်မှာတော့ ကိုယ် ဆွံ့အ ကြက်သေ သေနေတာကို သတိပြုမိသွားကာ ကမန်းကတန်းပင် စကားကို ဖြတ်ပစ်လိုက်ပါသည်။

"ဒါ နင်က ခြိမ်းခြောက်တာလား မိုးသည်းသည်း"

"ခုချိန်မှာ ခြိမ်းခြောက်လို့ ကြောက်ကြမယ့် ဘဝအနေအထားတွေ ဟုတ်လို့လား အစ်မ၊ ကိုယ့်ဟာကိုယ် နေကြဖို့ ပြောနေတာပါ၊ ကိုယ့်စည်း ကိုယ်လုံကြဖို့ ပြောနေတာပါ၊ ကိုကြီးနဲ့ ကျွန်မတွေ့တဲ့ သုံးခါလုံး ကျွန်မနားမှာ ကျွန်မချစ်သူပါတယ်၊ အစ်မ မဟုတ်က ဟုတ်က လုံးဝမစွပ်စွဲမိပါစေနဲ့၊ အစ်မ ကျွန်မထက် ကိုးနှစ်ကြီးပါတယ်၊ ကျွန်မ မရိုင်းပါရစေနဲ့၊ ကျွန်မသမီး မင်္ဂလာဆောင်ကိစ္စကိုလည်း ကျွန်မတို့ဘာသာ ညှိနှိုင်းစီစဉ်ပါရစေ"

"နင် စကားတွေ သိပ်တတ်လာတာပေါ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် အစ်မ၊ ဟိုတုန်းကတော့ ကိုယ့်ကို မဟုတ်တာ ပြော နေတောင် မျက်ရည်ပေါက်ပေါက် ကျနေဖို့ပဲ တတ်တယ်၊ ဘာမှ လိပ်ပတ်လည်အောင် ရေရေရာရာ မဖြေရှင်းနိုင်ခဲ့တဲ့ ကလေးဘဝပါ၊ အခုတော့ ဖြေရှင်းတတ်တယ်၊ ပြောတတ်တယ်၊ မဟုတ်ဘဲနဲ့လည်း ငြိမ်ခံတော့မှာမဟုတ်ဘူး၊ ကြောက်တတ်တဲ့ အသည်းလည်း မဟုတ် တော့ဘူး၊ အဖေက စွန့်ပစ်ပြီး တစ်ပြားမှမရှိတဲ့ အသည်းလည်း မဟုတ်တော့ဘူး...

ကျွန်မကိုထိရင် တုံ့ပြန်ချေမှုန်းမယ့် ချစ်သူတစ်ယောက် လည်း ရှိတယ်၊ ကျွန်မဘက်က ရပ်တည်မယ့် အဖေလည်း ရှိတယ်၊ ကျွန်မသမီး မင်္ဂလာပွဲမှာ ကျွန်မ ဒီတစ်ကြိမ်တော့ စိတ်ချမ်းသာပါ ရစေ၊ ကျေးဇူးပြုပြီး အစ်မ ဝင်ပြီး မစီမံ မခန့်ခွဲပါနဲ့၊ အဲဒါ ကျွန်မ တောင်းပန်တာပါ"

အသည်းက ပြောရင်း ပြောရင်း ကိုယ့်ဘာသာ ဝမ်းနည်းလာ ကာ စကားလည်းဆုံး ချာခနဲလှည့်၍ ကိုယ့်ကားပေါ် ကိုယ်ပြန်တက်လိုက် ပါသည်။ ကိုယ်လျှော်ရမှာဆိုလည်း သူ့ဟာသူ နောက်မှတောင်းပစေတော့။ သူလျှော်ရမှာဆိုလည်း လျှော်ချင်လျှော် မလျှော်ချင်နေ။ သူနဲ့ ကိုယ်နဲ့ကြားမှာ ဒီထက် အပျက်အစီး ကြီးမားသော အလျှော်အစားတွေ ရှိခဲ့ဖူးပြီးပြီမို့ ဒီလောက်ကို စာဖွဲ့မနေချင်။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com

(၁၇)

တတွိတွိ စာတွေဝင်နေတဲ့ အသံလေးတွေကို ခုနကတည်းက တစ်ချက်ပြီးတစ်ချက် ကြားနေတာ သုံးခါလောက်ရှိပြီ။ ခုလည်း ထပ်မြည်လာပြန်လျှင်...

"အသည်း... စာတွေဝင်ပြန်ပြီ"

"အွန်"

ဘာသံမှန်းမသိတဲ့ အသံမျိုး အသည်းထံက ထွက်လာသည်။

ဩသုတက အသည်းရဲ့အလုပ်ခန်းထဲက ပြတင်းပေါက်နဲ့ နီးနီးနေရာမှာ ဘုတ်ပြားကိုထောင်ပြီး ပန်းချီဆွဲနေတာဖြစ်သည်။ အသည်းက နောက်နားခပ်လှမ်းလှမ်းမှာ ပိတ်စတွေ ဖြတ် ညှပ်နေသည်။ အပြင်ကို ချိန်းထွက်နိုင်တဲ့ အချိန်က ရှားပါးသည်ဖြစ်၍ နှစ်ဦးအတူရှိချိန်ကို ဒီလိုပဲ ခန့်တီးရပါသည်။ အသည်း အလုပ်များနေတဲ့ နေရာမှာပဲ ဩသုတက အတူလာရှိနေခြင်းအားဖြင့် သူ့အလုပ် သူလုပ်၊ ကိုယ့်အလုပ် ကိုယ်လုပ် နီးနီးကပ်ကပ်တော့ နေခွင့်ရကြသည် မဟုတ်လား။

"ဘယ်ကလဲ အသည်းလေး၊ စာဖတ်ဦးလေ"

"အမ်း..."

အသည်းက အသံသာပြုပြီး စာကိုမဖတ် အလုပ်ဆက်လုပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်... ဒေါက်... ဒေါက်"

"မမ... နှင်းပါ၊ ဝင်လာလို့ ရမလား"

"လာခဲ့ နှင်း"

အခန်းတံခါးဖွင့်ကာ ချုပ်လက်စ အင်္ကျီတစ်ထည်ကိုပွေ့၍ နှင်းနှင်း ဝင်လာပါသည်။

"ဒီဟာကို ကျောဘက်က ဘယ်လိုဆက်ယူရမလဲ မမ၊ အတွင်းလိုင်နင်နဲ့ တစ်ခါတည်း ပူးလိုက်ရမလား"

"ဟင့်အင်း... ဒါကို အထဲကနေ ချုပ်ရိုးဖျောက်ချင်တာ၊ နှင်း ဒါကို လှန်ချုပ်လိုက်လေ၊ ပြီးမှ ပြောင်းပြန် ပြန်လှန်၊ ဒီလိုလေး တွဲမယ်လေ၊ ဒီလိုလေ... သဘောပေါက်လား"

"ဩော်... ဟုတ်ကဲ့၊ ဇစ်ကိုလည်း ဖျောက်မှာနော်"

"အင်းပေါ့... ဇစ်ကို နှစ်ထပ်ထဲမှာ မြှုပ်ဖျောက်လိုက်မယ်၊ ထိပ်စ သေချာညှိ၊ ခါးနားကို သတိထားနော်၊ ခါးကနေ နောက်ဘက် အောက်ဘက်ကို အထပ်အထပ်နဲ့ ကားကားလေးဖြစ်အောင် ညှပ် ထားတယ်၊ ဘယ်ညာအကားလေး သေချာညှိယူပြီးချုပ်"

"ဟုတ်... မမ၊ ခါးအကျပ်နေရာမှာတော့ အထပ်လေးတွေ ဖေါ် နေမှာပေါ့"

"ကိစ္စမရှိဘူး၊ အဲဒါ အပေါ်က ပန်းပွင့်တွေအုပ်မှာ၊ အပါးစနေရာတွေ တအားဆွဲမချုပ်နဲ့ ချုပ်လိုင်းတွန့်သွားမယ်၊ ချောထိုးပြီး ချုပ်နော်"

"ဟုတ်... ဟုတ်... သိပြီ မမ"

နှင်းနှင်းက ဂါဝန်ရှည် ချုပ်လက်စကြီးကို ပွေ့ပိုက်ကာ ပြန်ထွက်သွားပါသည်။ အသည်းက နှင်းနှင်းနောက်မှ လိုက်ထွက်သွားသည်။ အသည်း ဖိတ်စည့်ပ်နေတဲ့ စားပွဲလေးကို လှည့်ကြည့်ရင်း အသည်း အပြင်ကို ဖုန်းပါယူသွားတာ သြသုတ သိလိုက်ရပါသည်။

အင်း... ဒေါ်အသည်း တစ်ယောက် ဖုန်းထဲက အပြင်ကျမှ ဖတ်မလို့ပဲလို့ သြသုတက ကွက်ကျော် မြင်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ခုနတစ်ကြိမ်ကလည်း ဖုန်းပါယူကာ မီးဖိုဘက် ဝင်သွားတာ။ စာကို ဒီအနားမှာ ဖွင့်မဖတ်။ ဘာများဖြစ်လို့ပါနည်း။

အသည်းသည် အပြင်ဘက်ခန်းကို ရောက်လာမှ ထောင့်က ဆိုဖာပုလေးမှာ ဝင်ထိုင်ရင်း ဖုန်းမက်ဆေ့ချ်ကိုဖွင့်၍ ခပ်မြန်မြန် ကြည့်လိုက်ပါသည်။

"မင်း လာသည်ဖြစ်စေ၊ မလာသည်ဖြစ်စေ ဖုဂျီမှာ ညနေငါးနာရီ ရှိနေမယ်၊ ခြောက်နာရီအထိရှိမယ်၊ နောက်ဘက်ထဲက အခန်းတစ်ခန်း ယူထားပြီး စောင့်နေမယ်"

အသည်းက မက်ဆေ့ချ်ကို ပြန်ပိတ်လိုက်ပြီး မျက်နှာလေး ရှုံ့လျက် ခေါင်းလေးကိုပါ ကလေးတစ်ယောက်နှယ် တဂျိဂျိ ကုတ်လိုက်ပါသေးသည်။ သက်ပြင်းလေးချကာ သူ့အလုပ်ခန်းထဲ ပြန်ဝင်လာခဲ့ရင်း ဩကိုလည်း အကဲခတ်ရသေးသည်။ ဩက သူ့ပန်းချီကား သူဆွဲနေတာ မြင်မှ ပုံစံညှပ်လက်စ ပိတ်စရှေ့ ပြန်ထိုင်လိုက်ရင်း…

"ဩ… ညနေကျ အသည်း အပြင်ထွက်လိုက်ဦးမယ်၊ ဩ… သုံးနာရီထိုးလောက်ကျရင် ပြန်ရင်ပြန်လိုက်တော့"

"ဘယ်သွားစရာရှိလို့လဲ"

"ဒီလိုပဲ ဟိုဟိုဒီဒီ ဈေးဝယ်စရာရှိတာလေး ဝယ်ရမယ်"

"ကျွန်တော်လည်း လိုက်မယ်လေ"

"အို… မလိုက်ပါနဲ့"

"ဘာဖြစ်လို့လဲ အသည်းကလည်း၊ အသည်းလည်း အဖော်ရ ကျွန်တော်လည်း ဘေးကနေ ကိုယ်လိုချင်တာရှိ ဝယ်ရတာပေါ့"

"အို… ဩ စိတ်ဝင်စားမယ့် ဩလိုချင်စရာရှိတဲ့ ရှော့ပင်မျိုး မဟုတ်ပါဘူး၊ မလိုက်ခဲ့နဲ့၊ ကိုယ့်ဟာကိုယ် သွားမှာ"

"ဘယ်မှာ ဝယ်မှာလဲ"

"မသိသေးဘူး၊ ဟိုဟိုဒီဒီ စိတ်ကူးရသလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်... အဲဒါများ အသည်းကလည်း ကျွန်တော့်ကို ဘာဖြစ်လို့ မလိုက်နိုင်းတာလဲ၊ လိုက်လို့ရတာပဲ"

"ဩော်... မလိုက်ပါနဲ့ဆိုဟယ်... သိပ်ရစ်တာပဲ"

"ဟင်... ဒါရစ်တာမှ မဟုတ်တာ"

"မလိုက်နဲ့ဆို မလိုက်နဲ့... ဒါပဲ"

"အသည်းက ကျွန်တော့်ဆို သိပ်နိုင်တာပဲ၊ ဘာလဲ... အသည်း တစ်ယောက်ယောက်နဲ့ ချိန်းထားလို့လား"

"မချိန်းပါဘူး"

"အသည်းနော်၊ မပွင့်မလင်းနဲ့ တစ်မျိုးပဲ၊ လုံးဝ မသင်္ကာဘူး။ ကျွန်တော်က အသည်းအတွက် အနှောင့်အယှက် တစ်ခုလို ဖြစ် နေတာလား၊ ကျွန်တော်က အသည်းမှာ တစ်ခုခုလိုအပ်ရင် အဆင် သင့်ဖြစ်အောင် အမြဲအနားမှာ ပါချင်တာပါ၊ အသည်းကို ဘယ် တုန်းက အနှောင့်အယှက် ပေးလို့လဲ"

ဟိုတစ်နေ့က လမ်းမှာ မနန်းမိုနှင့် ကားချင်းထိခိုက်လာ တာ သိပြီးကတည်းက မနန်းမို ပြောတဲ့စကားတွေကြောင့် ဦးပြေအောင်ကို နောက်ထပ် သွားမတွေ့ပါနဲ့တော့လို့ ဩက တားခဲ့သည်။ ကိုယ်က ဘယ်လောက်ပဲမှန်မှန် အလကားနေရင်း သူတစ်ပါးရဲ့ အစွပ်စွဲ အထေ့ငေါ့ ခံစရာ အကြောင်းမရှိဘူးလို့ဆိုသည်။ မနန်းမိုလို မိန်းမက မဟုတ်ဘဲနှင့် လည်း အသည်းမကောင်းကြောင်း စကားကို သူ့အပေါင်းအသင်း အသိုင်း အဝိုင်းကြားမှာ ထင်ရာမြင်ရာတွေ လျှောက်ပြောနိုင်တဲ့သူလို့ သတိပေးသည်။

အသည်းကလည်း မတွေ့တော့ပါဘူးဟု ခေါင်းညိတ်ထားခဲ့ တာပါ။ အခုဟာကတော့ မနက်ကတည်းက ကိုကြီး စာပို့လာတာ ငြင်းပါလျက်နှင့်လည်း ထပ်ခါ ထပ်ခါ ပို့သည်။ ကိုကြီးဟာ အလကားနေ အသည်းကို တွေ့ချင်မည့်သူမျိုးလည်းမဟုတ်။ တွေ့ဆုံလိုခြင်းမှာ အကြောင်း ကိစ္စ ရှိမည်ဟု အသည်း ယူဆပါသည်။ ပြီးတော့ ဩကို အသည်းက



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးနှင့် ထပ်မတွေ့တော့ပါဘူးလို့ ပြောတာဟာ အသည်းဘက်က ဘာပြောချင်လို့ ဘာဖြေရှင်းချင်လို့ ဘာကိစ္စရှိလို့ဆိုပြီး အသည်း ဆန္ဒနှင့် သွားမတွေ့တော့ဘူးလို့သာ ဆိုလိုပါသည်။ အခုလို ကိုကြီးက လှမ်းပြော လိမ့်မည်ဆိုတာ ကြိုတင်မျှော်လင့်ထားတာမဟုတ်၍ ဒီအခြေအနေ အကျုံး မဝင်ဘူးလို့သာ အသည်းက ဖွတ်တွေးလိုက်သည်။

အသည်းရဲ့ သွားတွေ့လိုခြင်းမှာ အကြောင်းရင်း သိလိုခြင်း နှင့်သာ ရိုးသားဖြူစင်ပေမယ့် ဩ မကြိုက်မှာ၊ ဩ စိတ်မကောင်းမှာ၊ ဩ တားမြစ်မှာကိုလည်း အသည်းက မဖြစ်စေချင်ပါ။ ဒါကြောင့်လည်း ဩ ကို ပြောဖို့မရည်ရွယ်။ သို့ပေမဲ့ ပြန်လာချိန်မှာတော့ အကျိုးအကြောင်းနှင့် တကွ ဩကို ပြန်ပြောပြဖို့ အသည်း ဆုံးဖြတ်ထားပြီးသားပါ။

"အသည်း တစ်ခုခု လုပ်မယ်ဆိုရင် မျက်တောင်တစ်ဆုံးလေး မကြည့်ဘဲ မျက်စိတစ်ဆုံး အဝေးကြီးထိ ထည့်တွက်ကြည့်ပြီးမှ စဉ်းစားဆုံးဖြတ်စေချင်တယ်၊ စိတ်ကိုအလိုမလိုက်စေချင်ဘူး၊ ကျွန် တော်က အသည်းအတွက် ပြောတာပါ"

"ဩရယ်… ဒုက္ခပါပဲ၊ ဒါတွေနဲ့ ဘာဆိုင်လို့လဲ၊ အသည်းဘာသာ ဈေးဝယ်ထွက်တာ တစ်ယောက်တည်းသွားချင်လို့ပါဆို၊ ဩ အဲလို တွေ ရစ်နေရင် သိပ်စိတ်ညစ်တာပဲ၊ အသည်း ဘာသာ ဦးနှောက် ခြောက်ရတဲ့ကြားထဲ"

ဩက အသည်းရဲ့မျက်နှာ မှုန်သုန်သုန်လေးကို စိုက်ကြည့် နေပါသည်။ သူ့ကို မျက်လုံးချင်း ဆိုင်မကြည့်ဘဲ ခေါင်းငုံ့ကာ အလုပ်များပုံ ပြနေတဲ့ အသည်းရဲ့ပုံစံကို မြင်တာနှင့် အသည်း ဖုံးကွယ်နေတာ ရှိနေ ခြင်း သေချာရိုပ်မိပါသည်။ အသည်းဟာ ဟန်ဆောင်လို့ရတဲ့သူမှ မဟုတ် ဘာ။ သူ့ရင်ထဲရှိတာ အပြင်ကို ဘွင်းဘွင်းကြီး ပေါ်လွင် ထင်ဟပ်နေတတ် သူပဲ။

"အင်းလေ… ကောင်းပါပြီ၊ ကျွန်တော် သုံးနာရီထိုးရင် ပြန်ခေါ်မယ် အသည်းရယ်"



www.burmeseclassic.com

www.burmeseclassic.com



အသည်း မျက်နှာလေးက ဝင်းလက်သွားပြီး ဩကို ဖျတ်ခနဲ လှမ်းကြည့်လိုက်ပါသည်။ ဩက အသည်းကို ကျောခိုင်းလိုက်ပြီး ပန်းချီ ဘုတ်ပြားဘက် ပြန်လှည့်ကာ စုတ်တံပြန်ကောက်ကိုင်လိုက်တဲ့အခါ အသည်းက ဩကို သနားစိတ်လေးနှင့် အချစ် ပိုတိုးရပါသည်။ တကယ် တော့ ဩဟာ အသည်းအပေါ် ခွင့်လွှတ်နားလည်နိုင်လွန်းတဲ့သူပါ။

အသည်းသည် ဩရဲ့နောက်ကျောဘက်ကို တိုးကပ်သွားကာ ဩရဲ့ပန်းနှစ်ဖက်ဆီ ဖက်ကြောလေး ဆွဲပေးရင်းက...

"ဩ... ကော်ဖီ သောက်မလားဟင်၊ အသည်း ဖျော်ပေးရမလား"

"အင်း... သောက်မယ်"

"အင်း... အင်း... အသည်း သွားဖျော်လိုက်မယ်"

အသည်းက မီးဖိုဘက် ခပ်သွက်သွက်လေး ပြေးဝင်သွားပါ သည်။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com

## (၁၈)

ဝိတ်တာလေး ပို့ပေးတဲ့အခန်းဆီ ရောက်လျှင် သူ ဖွင့်ပေးသောတံခါးမှ အသည်းက ဖျတ်ခနဲ ဝင်လိုက်သည်။ အခန်းထဲက နီညိုရောင်ဆိုဖာပေါ်မှာ ဦးပြေအောင်က ထိုင်နေသည်။ အသည်းကို လှမ်းမြင်လျှင် ခေါင်းတစ်ချက်ဆတ် နှုတ်ဆက်ကာ နှုတ်ခမ်းစေ့၍ ခေါင်းတညိတ်ညိတ် ဆက်လုပ်နေပါသည်။

ရှပ်လက်ရှည်ပေါ်က ခေါင်းစွပ်ဆွယ်တာ ထပ်ဝတ်ထားတဲ့ ဦးပြေအောင် မျက်နှာကလည်း မသာမယာ ညှိုးနွမ်းနေသည်။ နေကောင်းသလိုလည်း မပေါ်။ မျက်မှန်အတွင်းမှ မျက်လုံးအောက်ဘက်တွေ ညိုနေသည်။ အသည်းက မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်လိုက်ရင်း...

"နေမကောင်းနေတာလား ကိုကြီး"

"အင်း... ခုတလော နည်းနည်းနေမကောင်းဘူး၊ နည်းနည်းပါ၊ ဒီနေ့ မိုးသည်းကို လှမ်းခေါ်ရတာ အားနာပါတယ်၊ မလာချင်မှန်းလည်း သိပါတယ်၊ ဒါပေမဲ့ မင်း ဟိုတစ်ခါ ပြောသလိုပေါ့၊ ဂေါက်ကွင်းမှာလေ၊ စကားပြော တယ်ဆိုတာ မျက်နှာစေ့စေ့ကြည့် ပြောရတာ နားလည်ရ အလွယ်ဆုံးဆိုတာလေ၊ ပြောချင်တာတွေ အတွက် ပိုလည်း ထိရောက်တယ်ဆိုတာ၊ အဲဒါ အမှန်ပဲ၊ တစ်ခါ တလေကျ ဖုန်းထဲက ပြောလိုက်ရတာက မလေးနက်ဘူးလေ၊

www.burmeseclassic.com



ပေါ့ရှပ်ရှပ် နိုင်တတ်တယ်၊ တစ်ခါ တစ်ခါ ဆိုလိုရင်း မထိရောက်ဘဲ လွဲသွားတာမျိုးလည်း ဖြစ်နိုင်တယ်၊ အထူးသဖြင့်တော့ တောင်းပန် တောင်းဆိုချင်တဲ့ စကားမျိုး ဆိုရင် ဖုန်းထဲက ပြောလိုက်ရတာ မလေးမစားအရာကျတဲ့အပြင် အခုအနေအထားမှာတော့ အငြင်းခံ လိုက်ရဖို့က များနေတယ်၊ ဒါကြောင့် ကိုယ်ခေါ်လိုက်ရတာပါ"

အသည်းက ကိုကြီးကို စိုက်လို့သာ ကြည့်နေမိသည်။ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာ တစ်ချိန်က အသည်းရဲ့နှလုံးသား တစ်ပြုလုံးကို ဆွဲဖြုတ်လိုက်သလို စကားမျိုး ကိုကြီး တယ်လီဖုန်းထဲကပဲ ပြောခဲ့ဖူးပါသည်။

"မင်းနဲ့ ကိုယ်နဲ့ အိမ်ထောင်ရေးက အဆင်မပြေလှတဲ့တူတူ ကိုယ်တို့ တရားဝင် ရှင်းရှင်းလင်းလင်း လမ်းခွဲလိုက်ရအောင်"

အဲဒီစကားတစ်ခွန်းက အသည်းရဲ့ဦးခေါင်းကို မိုးကြိုးပစ် လိုက်သလို ရှစ်စိတ်မကလည်း ကွဲစေခဲ့သည်။ အသည်းရဲ့နှလုံးသားကို လည်း အေးစက်ကြမ်းတမ်းသော ပြုတ်တူနှင့် ညှပ်ဆွဲဖြုတ်ထုတ်လိုက်သလို အရှင်လတ်လတ် သေမတတ် နာကျင်စေခဲ့သည်။ အိမ်ပေါ်က ဆင်းလာ တုန်းက လိုက်မခေါ်ဘူးနော်လို့ ကိုကြီး ရာဇသံပစ်လိုက်ပေမယ့် လိုက်ခေါ် နိုးနိုးတော့ မျှော်လင့်ခဲ့မိသည်သာ။ ကိုယ်ရဲ့ဖြစ်တည်ရာ ပျောက်ဆုံးနေတဲ့ နေရာတစ်ခုမှာ ဆက်လက် အရိပ်ခိုမနေချင်တော့လို့သာ စိတ်လိုက်မာန်ပါ ထွက်လာခဲ့ပေမယ့် ကိုကြီးနှင့် လမ်းခွဲချင်တာတော့ မဟုတ်ခဲ့ဘဲ ကိုကြီး ရယ် အသည်းရယ် သမီးလေးရယ် သီးသန့်နေရာလေး တစ်ခုမှာ မိသားစု သုံးယောက်တည်း စိတ်အေးချမ်းသာ နေနိုင်ခွင့်ကိုသာ ဝတ်မွတ်စွာ မျှော် လင့်တောင့်တမိခဲ့တာပါ။

မျက်နှာချင်းဆိုင်သာ ဆိုရင်ဖြင့် အသည်းဆိုတဲ့ မိန်းကလေး ဟာ ချက်ချင်းပင် ကိုကြီးထိုင်နေရာရဲ့ ဘေးကြမ်းပြင်ဆီ ကျုံ့ကျုံ့လေးထိုင် ပြီး ကိုကြီးရဲ့ဒူးကိုကိုင်ကာ "မလုပ်ပါနဲ့ ကိုကြီးရယ်"ဟု မျက်ရည်လည်ရွဲ တောင်းပန်စကား ပြောမိခဲ့ပေလိမ့်မည်။ ဖုန်းထဲက လှမ်းပြောတော့ အသံ လိုမှ ထိထိရောက်ရောက် မတောင်းပန်နိုင်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးလို စိတ်ပျော့ပျောင်း ယိမ်းယိုင်လွယ်ကာ သနား ကြင်နာတတ်တဲ့ နှလုံးသားနုတဲ့ လူစားမျိုးဟာ ဒူးကိုဖက်ပြီး အသည်း ငိုယိုတောင်းပန်ဖြစ်ခဲ့လျှင် ကြံ့ကြံ့ခံနိုင်လိမ့်မည် မထင်။ ကရုဏာတရားနှင့် ကြင်နာသနားကာ စိတ်ပြန်လည်ဖြစ်ဖို့ များပါသည်။ ခုတော့ ရှေ့နေနှင့် စာပို့လာတဲ့အထိ နှစ်ဦးသား မတွေ့ဖြစ်ကြတဲ့အခါ လမ်းခွဲခြင်းက အထ မြောက်သွားခဲ့တာပါ။

ခုတော့ ကိုကြီးနှင့် ကွဲကွာခဲ့ရတာ ကံကြမ္မာကို ကျေးဇူးပင် တင်ရမလို ခံစားမိပါသည်။ ကိုကြီးနှင့် ဆက်ပေါင်းနေသေးလျှင် အသည်း ဟာ လူညွှန့်တုံးဘဝက ဘယ်တော့မှ တက်လာမှာ မဟုတ်ဘဲ သူများ ရည်းစားကို လုယူခဲ့သည့် ပြစ်မှုတစ်ခုနှင့် တစ်သက်တာပတ်လုံး မနန်းမိုရဲ့ ကိုယ်စိတ်နှစ်ပါး အနှောင့်အယှက်ပေးခြင်းကို ခံနေရမှာ။ ကိုကြီးဟာလည်း သူ့ အထင်မကြီးတဲ့ ဇနီးကို သူအထင်ကြီးတဲ့ ရည်းစားဟောင်းနှင့် နှိုင်း ယှဉ်ကာ ဘယ်သောအခါမှ စိတ်တိုင်းကျ အမြင်ကြည်လိမ့်မှာ မဟုတ်။ အသည်းရဲ့ဘဝဟာ အခုလောက် တောက်ပလာစရာ အကြောင်းမရှိ။

"ကိုယ် မပြောသင့်ဘူး၊ ဒါပေမဲ့ ပြောရလိမ့်မယ်လို့ ဆုံးဖြတ်ရတယ်၊ မတောင်းဆိုသင့်ဘူး၊ ဒါပေမဲ့ အစစအရာရာ အကြောင်းကြောင်းကို ထောက်ထားပြီး ကိုယ်တောင်းဆိုကြည့်ရမှာပဲ၊ ဒီလိုပြောရတဲ့အတွက် မင်းမျက်နှာကို မကြည့်ရဲဘူး၊ ဒါပေမဲ့ ပြောပါရစေ၊ မီးချောရဲ့မင်္ဂလာ ဖိတ်စာကိစ္စကို တစ်ချက်လောက် ပြန်စဉ်းစားပေးပါလား မိုးသည်း"

အသည်းက ဦးပြေအောင်ကို စူးစူးရဲရဲ စိုက်ကြည့်နေမိပါ သည်။ ဒီလူကို တစ်သက်မှာ ဒီတစ်ခါ အမုန်းဆုံးပဲ။ ကွာရှင်းဖို့စကား ပြောစဉ်ကပင် ဒီလို မမုန်းတီးခဲ့မိ။ ဦးပြေအောင်ဟာ ဒီစကားကို ပြော လိုက်ရတဲ့အတွက် အတော်စိတ်ဆင်းရဲသွားရသလို မျက်နှာသွင်ပြင်ပင်လျှင် တစ်ထိုင်တည်းအတွင်း အိုမင်းသွားသလိုပင်။ စိတ်ထဲလည်း တုန်လှုပ် ယောက်ယက်ခတ်နေသလို ဆိုဖာလက်တန်းပေါ် တင်ထားတဲ့ လက်တို့က တုန်ယင်ချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နန်းမိုရဲ့စိတ်က ပြင်းထန်တယ်၊ ခက်လည်း ခက်ထန်တယ်၊ အရှုံးကို လက်သင့်မခံချင်တဲ့ မိန်းမမျိုးပဲ၊ မင်းနဲ့ ကိုယ် ခိုးပြေးသွားခဲ့တုန်းက နန်းမို ဆေးတွေသောက်ပြီး သူ့ကိုယ်သူ အဆုံးစီရင်ဖို့ လုပ်ခဲ့ဖူးသေးတယ်"

ဪ... မသိခဲ့ရပါလား။ ဒီလူကို မရတော့ဘဲ ဒီလူနဲ့ လွဲရတဲ့အတွက် သေတောင် သေရဲတယ်ဆိုတော့ အံ့ချီးဘနန်း အချစ်ပေါ့ လေ။ ကိုကြီး ကွာရှင်းစကား ပြောချိန်က အသည်း သေကြောင်းမကြံ စည်ခဲ့မိတဲ့အတွက် မှားများ မှားလေရော့သလား။ ဒီလောကကြီးမှာ အရှုံး ကို လက်သင့်မခံချင်သော မိန်းမအတွက် ကျန်လူတွေက အရှုံးကို လက် သင့်ခံပေးရမယ့် သဘောလား။

"အဲဒီတုန်းကလည်း သူ့မိသားစုတွေ သူ့ကို မနည်းကယ်တင်ခဲ့ ရတယ်၊ အခုတစ်ခါ တစ်နေ့ညက သူ့ကိုယ်သူ ဒီလိုလုပ်ဖို့ သူ တစ်ခါကြံစည်ပြန်တယ်"

"ရူးနေတာပဲ"

"မှန်ပါတယ်၊ ဒီလိုလုပ်ရပ်မျိုးက ပုံမှန်ဆင်ခြင်တုံတရားနဲ့လူ ဘယ် လုပ်ပါ့မလဲ မိုးသည်း၊ သူ ရူးနေတာ မဟုတ်ပေမယ့် ကိုယ့်စိတ်ကို ကိုယ်ထိန်းချုပ်နိုင်တဲ့ စိတ်ရဲ့ကျန်းမာရေးတော့ အပြည့်အဝ မရှိလို့ သာပေါ့"

"မင်္ဂလာဖိတ်စာမှာ ကျွန်မနာမည်ပါမှာ တစ်ခုအတွက် သူ့ကိုယ်သူ အဆုံးစီရင်ဖို့ထိအောင် စိတ်ကူးတယ်ဆိုတော့ ကျွန်မက တော်တော် အစွမ်းထက်တယ် အရေးပါတယ် ပြောရမှာပဲ"

"မင်း... ပြောချင်သလို ပြောလို့ရပါတယ် မိုးသည်း၊ မိုးချော မင်္ဂလာဆောင်ကိစ္စ စတင်ကတည်းက ကိုယ်နဲ့ နန်းမိုကြားမှာ ပဋိပက္ခတွေ တစိမ့်စိမ့် တကျက်ကျက် ဖြစ်လာလိုက်တာ လသွ ချီလာပြီ၊ သူနဲ့ပြဿနာတက်ရရုံနဲ့ ကိုယ် ခုလိုမပြောဘူး၊ ကိုယ့်အိမ်



www.burmeseclassic.com

www.burmeseclassic.com



မှာ သူ့ကို ဘယ်လိုယတိပြတ် ပြောပြီးသွားလဲဆိုတာ သမီး သိပါတယ်၊ မင်းတို့သားအမိနှစ်ယောက် စိတ်ဆန္ဒကို ကိုယ် ဘာမှ မဆန့်ကျင် မကန့်ကွက်ဘူးလို့ ဆုံးဖြတ်ထားခဲ့တယ်၊ ဘာကြောင့်လဲ ဆိုတော့ ကိုယ်က မင်းအပေါ်ရော သမီးအပေါ်ပါ ကောင်းကျိုး မပြုခဲ့ဖူးတဲ့ သူတစ်ယောက် ဖြစ်နေလို့ပဲ၊ မင်းအပေါ် မတရားခဲ့သလို၊ သမီးအပေါ်လည်း တာဝန်မကျေဘူး"

ဦးပြေအောင် အသံက တိမ်သွားသည်။

"ရှင်... နေကောင်းရဲ့လား ကိုကြီး"

"အင်း... ရပါတယ်၊ အခုက သူ့အနေထားကို ကိုယ် စိုးရိမ်လာလို့ပါပဲ မိုးသည်း၊ တစ်နေ့ညက ကိုယ် လက်မတင်လေး ကာကွယ်လိုက်နိုင်တယ်၊ ဒါပေမဲ့ သူ့စိတ်ကို အရမ်းအံ့သြပြီး အရမ်းကြောက်သွားတယ်၊ ဒီရက်ထဲ သူ့ကို စောင့်ကြည့်ဖို့မမအိ တစ်နေကုန် အိမ်လာနေပေးရတယ်၊ ကျော်မကောင်း ကြားမကောင်း စိတ်ဆင်းရဲစရာ ကိစ္စမျိုးတွေ ဖြစ်မလာစေချင်ဘူး၊ သူ မှန်နေလို့ မဟုတ်ဘူး၊ သူ မမှန်တာ ကိုယ်သိပါတယ်၊ ဒါပေမဲ့ မင်းလောက် သူက စိတ်ဓာတ် မခိုင်မာဘူး၊ မင်းလောက်လည်း မဖြေသိမ့်တတ်ဘူး၊ ကိုယ်နဲ့ လမ်းခွဲလို့တောင် မင်းဘဝမှာ ဘယ်လိုမှ ဟန်ချက်မပျက် အေးအေးဆေးဆေး ရင်ဆိုင်နိုင်ခဲ့ပေမယ့် သူက မင်းနဲ့ ပတ်သက်လာရင် သေလုမြောပါး ခံစားတတ်တယ်၊ ဒါကြောင့် ကိုယ်က သူ့ယောကျ်ား သူ့ကလေးတွေ အဖေအနေနဲ့၊ မင်းကို ဒီလိုရှင်းပြ တောင်းပန်ဖို့ တစ်ခုပဲ စဉ်းစားမိတော့တယ်၊ မတရားဘူး ဆိုတာ သိပါတယ်၊ ဒါပေမဲ့ မတရားတဲ့ လူတစ်ယောက်ဖြစ်ဖို့ကိုပဲ ကိုယ် ရွေးချယ်ရတော့မယ် မိုးသည်း"

သူ့စကား အဆုံးတွင် အသည်းသည် ကိုယ့်ပါးပြင်ပေါ် ချက်ရည်စတို့ စိုစွတ်နေပြီကို သတိပြုမိသည်။ သနားလို့လည်း မဟုတ်၊



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းနည်းလို့လည်းမဟုတ်၊ ရင်ထဲမှာ ဖြစ်လာတဲ့ အစိုင်အခဲ ဒဏ်ရာ ဒဏ်ချက်ဟာ တနုံ့နုံ့သော နာကျင်မှုနှင့်အတူ ပူပြင်းသော မျက်ရည်တို့ကို အလိုလို စီးကျစေတော့သည်။ ဖိတ်စာပေါ်မှာ အသည်းရဲ့နာမည်တစ်လုံး ထည့်သွင်း ရိုက်နှိပ်မှုဟာ မနန်းမိုကို အဲသလောက်ထိ မာနထိခိုက်စေခဲ့ သလား။

အသည်းကကျတော့ ဘာကြောင့်များ အဲသလို မာန်တွေ မာနတွေ အစွန်းရောက်ဖော်ပြမှုတွေ မရှိခဲ့ပါလိမ့်။ ဘာမှမဖြစ်သလို ကျိတ်၍သာ ခံစားရသည်။ ဘယ်သူမှလဲ မသိခဲ့။ ကိုယ့်ကိုယ်ကိုယ် ဘယ်လောက်ထိ ကြိုးစားပမ်းစား ပြန်လည်ဆောက်တည်ယူခဲ့ရသလဲ၊ ဘယ်သူ့ကိုမှ မပြောခဲ့မိသလို ဘယ်သူမှလဲ စာစာနာနာ မသနားခဲ့ကြပါ။ ဖြေသိမ့်နိုင်တယ် အေးအေးဆေးဆေး ရင်ဆိုင်တတ်ခဲ့တယ်ဆိုတာ ကိုကြီး ရဲ့အမြင်၊ အများရဲ့အမြင်လေ။ "သေလုမြောပါး"ဆိုတဲ့ ဝေဒနာမျိုးဟာ လည်း မနန်းမို တစ်ယောက်သာ ခံစားဖူးခဲ့တာလို့ ကိုကြီး ယုံကြည်နေ တာကိုး။

လိုချင်တာတစ်ခုကို မရ,ရအောင်ယူတဲ့သူနဲ့ ဖြေလျှော့လက် လွှတ်ပေးလိုက်သူမှာ ရအောင်ယူတဲ့သူသာလျှင် တကယ် လိုချင်မက်မော သူဖြစ်ပြီး လက်လွှတ်ပေးလိုက်သူက မရလို့လည်း ကိစ္စမရှိသူလို ဖြစ်သွား တယ်တဲ့လား။ ငါဖြစ်ချင်သလို ဖြစ်ကို ဖြစ်ရမှဆိုတဲ့ အနိုင်ကျင့်မှုမျိုး ပြုတတ်လေ့မရှိတာ၊ ပြုနိုင်တဲ့ အခြေအနေ မပေးတာတွေကြောင့် အဲသလို ပြုမူသူကို အရှုံးပေးရတော့မှာဟာ အသည်းရဲ့ တစ်သက်တာ အတွက် မှန်ကန်ချက်တစ်ရပ် ဖြစ်သွားပြီလား။

အသည်းက အားယူ၍ တစ်ခွန်း အေးစက်စက်မေးမိသည်။

"မီးချောက ဘာပြောလဲ"

"သမီးက သူ မပြောရက်ဘူး၊ မာမာ့ကို သနားတယ်တဲ့၊ ငိုနေ တယ်"



www.burmeseclassic.com

www.burmeseclassic.com



အသည်း ရင်ထဲ နင့်သွားပါသည်။ အခုမှ ပြန်လည်ဆက်စပ် ပေါင်းဖက်ရတဲ့ သမီးလေးက ကိုယ့်အပေါ် သနားကရုဏာသက်တယ် ဆိုတာကို တစိမ့်စိမ့် တသိမ့်သိမ့် ကြက်သီးထမတတ် ခံစားနေလိုက်မိသည်။

"ဒုန်း"

ရုတ်တရက် ပွင့်ဟသွားသော အခန်းတံခါးဝမှာ ကြမ်းတမ်းတဲ့ လှုပ်ရှားသံနှင့်အတူ မနန်းမို ရုတ်တရက် ရောက်လာခဲ့သည်။ ကျော ပေးထားတဲ့ အသည်းဟာ အံ့အားတသင့် ပါးစပ်အဟောင်းသားနှင့် သူမ ကို ငေးကြည့်နေမိခဲ့သည်။ ဦးပြေအောင်ကတော့ စိတ်ပျက်သွားသလို သူ ထိုင်နေတဲ့ ခုံမှာသာ မှီပစ်လိုက်ပါသည်။

"ရိုးရိုးသားသား ချိန်းတွေ့ကြပြန်ပြီပေါ့ ... ဟုတ်လား ... အဟက် ဟက်"

နောက်ကပါလာတဲ့ စားပွဲထိုးဟာ ဟိန်းထွက်လာတဲ့ မနန်းမို အသံကြောင့် အခန်းတံခါးကို ခပ်သွက်သွက် ဆွဲပိတ်ပေးသွားပါသည်။

"နန်း ... မင်း အေးအေးဆေးဆေး ထိုင်ဦး"

"ရှင် မပြောလည်း ထိုင်မှာပါ"

မနန်းမိုက နှစ်ဦးလုံးနှင့် လက်ဝဲလက်ယာ ထောင့်ချိုးကျတဲ့ စားပွဲထိပ် ဆိုဖာမှာ ဝင်ထိုင်ချလိုက်ပါသည်။ မနန်းမိုကို လှမ်းကြည့်နေတဲ့ ဦးပြေအောင်ရဲ့ မျက်နှာပေါ်က အရိပ်အယောင်ကို အသည်း လှမ်းကြည့် မိသည်။ လောကမှာ ကိုကြီး မျက်နှာကို အဖတ်နိုင်ဆုံး ဆိုတာလောက်ထိ တော့ ကိုယ့်ကိုယ်ကိုယ် မတင်စားပေမယ့် ကိုကြီး ဘာဖြစ်နေတယ်ဆိုတဲ့ အတွင်းစိတ်ကိုတော့ အသည်း အမြဲလို မှန်းဆနိုင်ခဲ့သည်။ အသည်းမှန်းတဲ့ အတိုင်း မှန်နေတတ်တာတွေလည်း အတွေ့အကြုံများစွာ ရှိခဲ့သည်။

ကိုကြီးဟာ မနန်းမို ဆိုတဲ့ မိန်းမကို ချစ်လွန်းအားကြီးလို့ သူ့ဘက်က ကာကွယ်ရပ်တည်ပေးနေတယ် ဆိုတာထက် စကားနာသုံးတဲ့ အတည့်ကို ဆုံးမပြီး မနာခံတဲ့ တပည့်ဆိုးကို လက်လျှော့ကြည့်နေလိုက်ရတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆရာတစ်ယောက်ရဲ့ သိက္ခာဆည် မှုမျိုးနှင့်သာ။ နောက်တစ်နည်း ဆိုရလျှင် နိုင်မှာသေချာတဲ့ တိုက်ပွဲကိုသာတိုက်ပြီး မနိုင်နိုင်တဲ့ တိုက်ပွဲမျိုးကို ပါးပါးနပ်နပ် ရှောင်ကွင်းနေတာသာ။

အလုံးစုံ ခြုံငုံပြီး ပြေပြစ်ချောမွေ့တဲ့ လမ်းကလေးတစ်ခု ခင်းနိုင်ဖို့ရာ သူ့ပေါက်တူးနဲ့ ခုတ်နိုင်စွမ်းရှိတဲ့ မြေကမူကိုသာ ဖြိုညှိပြီး တစ်ဖက်က ကျောက်နံရံကို လျစ်လျူရှုထားလိုက်တော့တာသာ။ ကိုယ်က နာခံတဲ့တပည့်၊ နိုင်ချေရှိတဲ့ စစ်တလင်း၊ အလွယ်ဖြိုနိုင်တဲ့မြေကမူ ဖြစ်ခဲ့မိတာကတော့ ကိုယ့်ရွေးချယ်မှု ကိုယ့်ရပ်တည်မှုနှင့် ကိုယ်သာမို့ အသည်းမည်သူ့ကို မှ အပြစ်တင် မနေလိုတော့ပါပြီ။

"ကဲ... ပြောကြလေ၊ ဆက်ပြောကြလေ၊ ကျွန်မ ရောက်လာမှ စကားပိုင်းက တိတ်သွားတယ်ဆိုတော့ ကျွန်မ မကြားစေချင်တဲ့ ဟာမျိုးတွေ ပြောနေကြတာ ထင်တယ်"

"မင်း သိပ်နေမကောင်းသေးဘူးလေ နန်း၊ မင်း ဘယ်လိုရောက်လာတာလဲ၊ ဘယ်သူ အဖော်ပါလဲ"

"ပါပါတယ် မမအိ၊ သူ မလိုက်လည်း သွားမှာ၊ သူလိုက်လည်း သွားမှာဆိုတော့ ဘာမှမတတ်နိုင်လို့ သူပါ ကားပေါ်ပါလာပါတယ်။ ဒီကို ဘယ်လိုရောက်လာနိုင်လဲ ဆိုတော့ ရှင် ဒီကို အခန်းလှမ်းကြိုပြီး ဘွတ်ကင်လုပ်တဲ့ ဖုန်းကွန်ဗာဆေးရှင်းက ဖုန်းထဲမှာ ရက်ကော့ဒ် ဖြစ်နေလို့ပဲ"

"မင်း... အဲသလောက် ကြိုးစား ပမ်းစား လိုက်စုံစမ်း ထောက်လှမ်းနေရမယ့် ကိစ္စမျိုး ကိုယ့်မှာ မရှိပါဘူး နန်း၊ အခုလည်း မင်း အခြေအနေ အနေအထားကို ရှင်းပြပြီး မိုးသည်းကို နားလည်ပေးဖို့ တောင်းဆိုနေတာ၊ မင်း ခုလို စိတ်လိုက်မာန်ပါ ရပ်ပျက်ဆင်းပျက်တွေ လိုက်လိုက်လုပ်တာ ဘာအကျိုးမှ မရှိဘူးဆိုတာ သိစေချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မိုးသည်းကို နားလည်ပေးဖို့ တောင်းဆိုနေတာ ဟုတ်လား၊ အောင့်သက်သက်တောင် ခံစားလိုက်ရတယ်၊ ဟိုရှေ့ပိုင်းတုန်းက သူ့ကို ကျွန်မက ခုလိုပဲ ကောင်းကောင်းမွန်မွန် တောင်းဆိုဖို့ လိုက်ဆက်သွယ်တာပါပဲ၊ သူက လက်သင့်ခံပြီး မတွေ့ဘူး၊ ဖုန်း တောင်မကိုင်ခဲ့ဘူး၊ ရှင်နဲ့ကျတော့ တွေ့ဖို့ လက်သင့်ခံတယ်၊ အဲဒီ တော့မှ ကျွန်မရဲ့ ယောဒီ စိတ်လိုက်မာန်ပါ ရုပ်ပျက်ဆင်းပျက်ဆိုတဲ့ အဖြစ်အပျက်တွေ ပေါ်လာတာပါ ဦးပြေအောင်…

မိုးသည်းသည်း… နင် စောစောကတည်းက ငါ့ကို လက်ခံ တွေ့ခဲ့ဖို့ ကောင်းတယ်၊ အဲဒီတုန်းကဆို ပြဿနာက ဒီလောက် တောင် ဖြစ်ချင်မှ ဖြစ်လာမယ်၊ နင့်ကို အတတ်နိုင်ဆုံး ရှင်းပြ ခယ တောင်းပန်ဖို့ ငါ စိတ်ကူးထားတာပါ၊ နင်က ငါ့အပေါ် ရန်သူလို သဘောထားခဲ့တာကိုး၊ အတွေ့မခံနိုင်အောင် ဖြစ်နေတာကိုး၊ ဦးပြေအောင်နဲ့မှ တွေ့ဆုံ စကားပြောချင်ရတဲ့ အဖြစ်က ဘယ်လို မာယာမျိုးလဲ"

အသည်းသည် မနန်းမိုကို စူးစူးရဲရဲသာ စိုက်ကြည့်နေမိသည်။ ဖြစ်နေပုံက သနားစရာတစ်ဝက် မုန်းစရာတစ်ဝက်မို့ ဘယ်လိုခံစားရ မယ်တောင် မသိတော့ပေ။

"ပြောလေ… နင် ဘာပြောချင်သလဲ"

"ကျွန်မကို ကိုကြီး ခိုးပြေးသွားတော့ အစ်မက ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံတယ်ဆို… ဟုတ်လား…"

"ဘာ"

မနန်းမိုသည် ရှေ့က ကျွန်းစားပွဲပေါ်ကို သူ့လက်ထဲကအိတ် န်းခနဲမြည်အောင် ဆောင့်တင်လိုက်ပါသည်။

"ဒါ… နင် ဝေဖန်စရာ မဟုတ်ဘူး မိုးသည်းသည်း၊ ဦးပြေအောင်… ဒါဟာ ရှင်တို့နှစ်ယောက်ကြားမှာ စကားလုပ်ပြောနေရမယ့် ခေတ်



www.burmeseclassic.com

www.burmeseclassic.com



လမ်းပမှာ မဟုတ်ဘူး၊ ရှင် နားလည်လား၊ ကျွန်မ ဘယ်လောက်ထိ လဲပြိုခံစားခဲ့ရတယ် ဆိုတာဟာ လုယူသွားတဲ့ ကျွန်မရဲ့ရန်သူ သိဖို့မဟုတ်ဘူး၊ ရှင် ဘာဖြစ်လို့ သစ္စာမရှိတာလဲ၊ ဘာဖြစ်လို့ သူ့ကို ပြောပြတာလဲ... ရှင်... ရှင်..."

မနန်းမိုရဲ့ ဒေါသဟာ ကြောက်စရာတောင် ကောင်းလှသည်။

"သူက ကျွန်မ အစ်မအပေါ် စာနာအောင် ကြင်နာအောင် ပြော တာပါ၊ သူ မပြောလည်းပဲ အစ်မဟာ ဒီယောက်ျား တစ်ယောက် အတွက် ဘယ်လောက်ထိ စိတ်မထိန်းနိုင်ဘူးလဲ ကျွန်မ သိနေပါပြီ၊ ကျွန်မ ပြောချင်တာကို အစ်မ ဆုံးအောင် နားထောင်ပါဦး"

မနန်းမိုက အသည်းကို အသက်ရှုပြင်းပြင်းနှင့် စိုက်ကြည့် နေသည်။

"အစ်မရည်းစား အစ်မချစ်သူကို ကျွန်မ လုယူသွားလေခြင်းလို့ အစ်မ ခံစားရတယ်၊ နာကျင်တယ်၊ ကျွန်မကို အငြိုးထားတယ်၊ ကိုယ့်ကိုယ်ကိုယ်တောင် သေကြောင်းကြံဖို့ထိ လုပ်တယ်၊ အစ်မဟာ အဲသလောက်တောင် ခံစားတတ်တဲ့သူပဲ၊ ဆုံးရှုံးရတဲ့ ခံစားချက်ကို ကောင်းကောင်းသိတဲ့သူပဲ...

ကျွန်မယောက်ျားကို အစ်မ လုယူသွားတော့ ကျွန်မက ခံစားခွင့်မရှိဘူးလား၊ ဆုံးရှုံးရလို့ မနာကျင်ရဘူးလား၊ အစ်မကို အငြိုးမထားရဘူးလား၊ အစ်မက တွေ့ချင်တယ်ဆိုတိုင်း အပြေးအော လာတွေ့ရမှာလို့ အစ်မ ဘာကြောင့် ခံယူထားတာလဲ၊ ကျွန်မမှာ အစ်မကို မတွေ့ပိုင်ခွင့်ရှိတယ်၊ ဟုတ်တယ်၊ တွေ့ကိုမတွေ့ချင်တာ အဲဒါ ကျွန်မအပြစ်လား၊ ကျွန်မယောက်ျားကို ပြန်လုယူသွားတဲ့ မိန်းမလေ...

နင်နဲ့ ကွဲပြီးမှ ပြန်ယူတာလို့ အစ်မ မပြောနဲ့၊ ကိုယ့်ဘာသာ မယုံနိုင်တဲ့ စကားမျိုး မပြောပါနဲ့ အစ်မ၊ အစ်မတို့ ဆက်လည်



www.burmeseclassic.com

www.burmeseclassic.com



ဖောက်ပြန်နေကြတယ်လို့ လုံးဝမစွပ်စွဲဘူး၊ တကယ်လည်း အဲသလို မထင်ပါဘူး၊ ဒါပေမဲ့ ကျွန်မနဲ့ ကွဲကွာခဲ့ရင် ဒီလူကို အချိန်မရွေး ပြန်လက်ခံနိုင်တဲ့ စိတ်ခံစားချက် အစ်မမှာ ရှိတယ်၊ ကွဲစေလိုသော စေတနာမျိုးလည်း အစ်မ ထားခဲ့တယ်၊ ကွဲပါစေလို့တောင် ဘုရားမှာ ဆုတောင်းကောင်း ဆုတောင်းနေလိမ့်မယ်...

ကိုကြီးကို အစ်မ မိတ်ဆွေကောင်း ပီသစွာ အသိ ပေးသလိုလို နဲ့ အတင်းပြောခဲ့တဲ့ ကျွန်မ မကောင်းကြောင်းတွေဟာ အပိုဆာဒါး တွေ အများကြီး ကွန့်ထား ဖြည့်ထားတာ အစ်မ အသိဆုံးပဲနေမှာ၊ ချွေးမတစ်ယောက် လက်ရှိ ရှိပြီးသား အဘွားကြီးတစ်ယောက်ကို တစ်ချိန်လုံး လာပြုစု ချက်ကျွေး တီတီတာတာ လုပ်နေတဲ့ အပြု အမူတွေအတွက် အစ်မ လိပ်ပြာလုံရဲ့လား...

အခုလို ကျွန်မနဲ့ ကိုကြီး သမီးကိစ္စအတွက် စကားတွေ ပြောတာကိုတောင် အစ်မက မာယာလို့ သတ်မှတ်ရင် အစ်မလုပ်ခဲ့ တာတွေက ဘာတွေလဲ အစ်မ၊ အစ်မက အရှုံးကို လက်မခံနိုင်ရ အောင် တစ်သက်လုံး ဖြူစင်ခဲ့တဲ့သူလား၊ အမြဲ အနိုင်ရထိုက်သူလား၊ အစ်မ ဖြစ်ချင်သလို ချည်းဖြစ်ရအောင် ကျန်တဲ့လူတွေက အသက် မပါကြလို့လား၊ နှလုံးသား မပါကြလို့လား၊ ခံစားချက် မရှိကြလို့ လား အစ်မ...

အစ်မ... ကျွန်မကို မုန်းတာ မုန်းနိုင်တယ်၊ ကိုယ်တောင် မုန်းတတ်ရင် ကျွန်မက ပြန်မုန်းတာမျိုးကိုလည်း ဆတ်ဆတ်ခါ မနေပါနဲ့၊ အစ်မ လူကြီးစိတ် မမွေးနိုင်သရွေ့ ကျွန်မလည်း မွေး စရာ မလိုသေးဘူး၊ ကျွန်မက အစ်မတို့ထက် ကိုးနှစ်တောင်ငယ် တယ် အစ်မ၊ အတ္တကြီးတယ်၊ အနိုင်ယူချင်တယ် ဆိုတာဟာ ဂုဏ် ယူစရာကောင်းတဲ့ ဂုဏ်ပုဒ်တစ်ခုလည်း မဟုတ်ဘူး အစ်မ...

"အမယ်လေး... အမယ်လေး... ဘုရား ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



မနန်းမိုက သူ့ရင်ဘတ်သူ တဘုတ်ဘုတ် ပုတ်လိုက်ရင်း...

"မယုံနိုင်လောက်အောင် စကားတွေ တတ်နေတာ၊ တတ်နေတာ၊ ဘယ်လိုများတောင် နှုတ်ဖောင်းထက်သွားတာပါလိမ့်၊ နင်ပြောလိုက်တော့လည်း နင့်မှာ ဘာအမှားတစ်ခုမှတောင် မရှိသလိုပါပဲလား ဟင် မိုးသည်းသည်း"

"ရှိမှာပါ အစ်မ၊ ကျွန်မမှာရော အစ်မမှာပါ ရှိမှာပါ၊ ကိုယ်စီအမှားတွေ၊ ဒါပေမဲ့ ကျွန်မ သမီးလေး မင်္ဂလာဆောင်မှာ ကျွန်မ အမေတစ်ယောက်အဖြစ် အသိအမှတ်ပြု ခံရတာကို ဝမ်းသာကြည်နူးမိတာကတော့ မမှားဘူးထင်ပါတယ်၊ ကိုကြီးတို့၊ အစ်မတို့၊ ကိုထွန်းတို့၊ မမအိတို့ တကူးတက သွေးမခွဲဘူးဆိုရင်တောင် သွေးနီးခွင့် ရင်းနှီးနီးစပ်ခွင့်တော့ မပေးခဲ့ကြတာမို့လို့ အခု မင်္ဂလာဆောင်ခါနီးလေးမှ ကျွန်မ အသိအမှတ်ပြု ခံရတာပါ၊ ဒါလေးကိုတောင် ခွင့်မပြုဘဲ ခုလို ကျားကုတ်ကျားခဲ ကာကွယ်နေကြတာ ကျွန်မ ဝမ်းနည်းတာရော အမှားလား"

အသည်းရဲ့အသံဟာ ငိုသံပါကြီးနှင့် ပေါက်ပေါက်ကွဲကွဲ တွန်းကန်ပွင့်အံ ထွက်လာပြီး မျက်ရည်တွေပါ တာရိုးကျိုးပေါက်သလို စီးကျလာတဲ့ တစ်ခဏ တံခါးခေါက်သံ ခပ်ဖွဖွ သုံးချက်နှင့်အတူ တံခါးက ဖြည်းညင်းစွာ ပွင့်လာခဲ့ပါသည်။ တိတ်ဆိတ်သွားတဲ့ အနေအထားတွင် လှည့်မကြည့်ဘဲနှင့် ဩမျှားလားလို့စိတ်က တွေးထင်လိုက်မိခိုက် အသည်းရဲ့ နောက်ကျောဘက်မှ လက်နှစ်ဖက်က အသည်းပခုံးကို ဆုပ်ညှစ်ကာ ဆွဲထူထစေ လိုက်သည်။

"သွားကြစို့ အသည်း၊ အသည်း စိတ်ပင်ပန်းနေပြီ"

အသည်းသည် ဘာမှ မငြင်းမဆန်ဘဲ ဩ ပခုံးဖက်ခေါ်ဆောင်ရာနောက်သို့ အရုပ်တစ်ရုပ်လို ပါလာသည်။ ပခုံးထက်က ဩရဲ့ လက်ဖျားက တစ်ချက် တစ်ချက် ဆုပ်ညှစ်၍ အသည်းကို အားပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် သုံးနာရီ အသည်းအိမ်က ပြန်ကတည်းက ဒီမှာလာ ထိုင်စောင့်နေတာ"

"ဒီမှာ ကိုကြီးနဲ့ ချိန်းထားမှန်း ဩကြ ဘယ်လိုလုပ်သိတာလဲ"

"ခင်ဗျား ပုံစံက မှုမမှန်တော့ ကော်ဖီသွားဖျော်တုန်း ခင်ဗျားဖုန်း ထဲက မက်ဆေ့ချ်တွေ ဖွင့်ဖတ်လိုက်တယ်၊ ရွှေရောင်ဖုန်းက 'ဓာတ်' ပုံစံ၊ ဒီဖုန်းမည်းက 'သဝေထိုး'လေ၊ အဲဒီပါဝ်စ်ဝေါ့ဒ်တွေကို ဘယ်တော့ မှ မပြောင်းနဲ့နော် အသည်း၊ နို့မို့ရင် အသည်းမှာ လိုအပ်တဲ့အချိန် ကျွန်တော် ရောက်လာလို့ ရမှာမဟုတ်တော့ဘူး"

အသည်းက မျက်ရည်များကြားမှ ဩကို ကြည့်ကာ ခေါင်း ညိတ် ပြုံးမိပါသည်။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com

(၁၉)

အသည်းနဲ့ ဩသုတကို လက်အုပ်ချီ ကန်တော့နေတဲ့ မီးချောနှင့် ထင်လင်းဘိုကို ဩက ဆုတွေပေးနေပေမယ့် အသည်းက ဝမ်းနည်းလွန်းအားကြီး၍ တအိအိ ငိုနေမိပါသည်။ သမီးလေးရဲ့ အကန် တော့ကို ပထမဆုံးအကြိမ် ခံယူဖူးတာမို့ ဘယ်လိုဝမ်းနည်း လှိုက်လှဲဆို့နင့် မှန်းမသိ။

"ငိုပဲမနေနဲ့... သိတင်းကျွတ်ကန်တော့တာကို ဆုပေးဦးလေ။ ကလေးတွေကို"

ဩက ကန်တော့ခြင်းကြီးကို စားပွဲပေါ် လှမ်းရွှေ့တင်ရင်း ပြောသည်။

"အသည်း ဆုမပေးတတ်ဘူး"

"ဆုမပေးတတ်ဘူးရယ်လို့ပဲဗျာ၊ မီးချောအမေက သိပ်ကလေးလုပ် ချင်တာ၊ နောက်ဆို မရတော့ဘူး၊ မကြာခင် မြေးရပြီး ဘွားအေ ဖြစ်တော့မှာ အသည်း၊ စိတ်ကိုပြင်ဦး"

"မပြင်ဘူး"

"တွေ့လား"

မီးချောက စို့နေတဲ့ မျက်ရည်လေးကို သုတ်ရင်း အသည်း ဒူးနား လာကပ်ထိုင်ကာ သူ့ပိုက်ဆံအိတ်ထဲမှ ဖိတ်စာလေး ထုတ်ယူလိုက် ပါသည်။


www.burmeseclassic.com

www.burmeseclassic.com



"မာမာ... ဒီမှာ မာမာနဲ့ ဦးဦးအတွက် ဖိတ်စာ၊ မာမာ ဖိတ်စာ ဘယ်နှစောင် ယူမလဲဟင်၊ အဘိုးကိုတော့ မီးတို့ ကိုယ်တိုင် သွားပေးမှာပါ၊ ဒီကအပြန် အဘိုးအိမ်လည်း ဝင်ကန်တော့မှာ"

"မာမာ တခြားဖိတ်စရာလူ မရှိတော့ပါဘူး မီးချောရယ်"

"အာ... မာမာကလည်း၊ မာမာ့မိတ်ဆွေ အပေါင်းအသင်း ရှိဦးမှာပေါ့"

"ညည်းမာမာကို မမေးနဲ့၊ ဆယ်စောင် ဆယ့်ငါးစောင် သမီး ပေးနိုင်သလောက်သာ ထားခဲ့လိုက် မီးချော"

"ဟုတ်ကဲ့... ဦး၊ ဒီမှာ...၊ ပြီးတော့... ဒါက မီးတို့ ပရိဝယ်ဒင်ပုံတွေ ရိုက်ထားတဲ့ ဓာတ်ပုံတွေ ကူးထည့်ထားတဲ့ CD ပါ ဦး၊ ဦးဆီက မီးက လက်ဖွဲ့တောင်းမှာနော်၊ ဦး သဘောကျတဲ့ ပုံလေး တစ်ပုံလောက် မီးတို့အတွက် ပန်းချီကားလေး ဆွဲပေးပါလား"

"အား... ဖြစ်ရမှာပေါ့ သမီးရယ်၊ အရမ်းကောင်းတဲ့ စိတ်ကူး၊ ဦး စဉ်းစားနေတာ၊ အမှတ်တရ ပန်းချီကားလေးတစ်ကား ပေးဖို့ပါပဲ၊ မီးချောတို့ စုံတွဲပုံဆွဲဖို့တော့ အိုင်ဒီယာမရမိဘူး၊ ဦး ဆွဲပေးမယ် လက်ဖွဲ့မယ်နော်"

အသည်းက သူတို့ စကားအပြန်အလှန်ထဲ မပါဘဲ ဖိတ်စာလေးကို တယုတယကိုင်တွယ် ဖွင့်ကြည့်လိုက်ပါသည်။ သတို့သားအမည်နေရာကို ခပ်လျှမ်းလျှမ်း ကျော်ဖြတ်၍ သတို့သမီးနေရာကိုသာ အာရုံစိုက်တာ ကြည့်လိုက်သည်။

"......... ...

ရန်ကုန်မြို့နေ

ဦးထွန်းအောင်(......Group of Construction) + ဒေါ်အိအိဝင်းတို့၏ ချစ်လှစွာသော တစ်ဦးတည်းသောသမီး မချောသဒ္ဒါပြေအောင်......

(........., ........., .........)"



www.burmeseclassic.com

www.burmeseclassic.com



အသည်းကို သမီး အကဲခတ်နေတာ သိတာကြောင့် အသည်းက မျက်နှာကို မပျက်စေဘဲ ပြုံးပြုံးကလေးသာ ငုံ့ဖတ်နေမိပါသည်။

"အကုန်ပြန်ဖြုတ်ပစ်ပြီး အသစ်ပြန်ရိုက် ပြန်ကပ်ရတော့ မနေ့ညနေကမှ ရတယ် မာမာ"

အသည်းက ထင်လင်းဘိုကို ပြုံးကြည့်ရင်း...

"သားတို့ တော်တော် စိတ်ပင်ပန်းသွားမလားပဲ"

"စိတ်မပင်ပန်းပါဘူး မာမာ၊ အားလုံး လူစေ့တက်စေ့ စိတ်ကျေနပ်တာမျိုးကိုပဲ လိုချင်ပါတယ် မာမာ၊ ဒါပေမဲ့ လည်း တစ်ခါတလေကျ၊ အနည်းအများလေးတွေ မညီမမျှ ဖြစ်တတ်တာမျိုးလေးတွေလည်း ရှိတတ်တော့ မာမာ့ကို အားနာမိပါတယ်"

"အားမနာပါနဲ့ သား၊ မာမာ့မှာ ဖိတ်စာပေါ် နာမည်ပါခွင့်ရတာနဲ့ မနှိုင်းယှဉ်နိုင်တဲ့ အကျိုးအမြတ် ဆုလာဘ်ကြီး ရလိုက်ပြီးပါပြီ၊ ဒီမင်္ဂလာပွဲကြောင့် မာမာ တစ်သက်လုံး အဝေးကပဲ လွမ်းနေရတဲ့ သမီးလေးနဲ့ ချစ်ခွင့်ရတယ်၊ သမီးလေးကို ပြန်ရတာအပြင် သမက် တစ်ယောက်ပါ အဆစ်ရတယ်၊ မာမာ တကယ်ကျေနပ်ပါတယ်၊ အကျေနပ်ဆုံးလူက မာမာ ဖြစ်မှာပါ သား"

နောက်ဆုံးတွေ့ဖြစ်ကြတဲ့ ညနေပိုင်းမှာပဲ ဦးပြေအောင် နှလုံးအခြေအနေ မကောင်းလှတာကြောင့် ဆေးရုံသုံးရက်လောက် တက်လိုက်ရပါသည်။ ဆိုးဆိုးဝါးဝါး မဟုတ်ပေမယ့် နှလုံးသွေးကြောကျဉ်းတာကို ထိန်းထိန်းသိမ်းသိမ်း နေထိုင်ကုသ သွားရမည်ဆိုတာ မမအိထံမှ ကြားရသည်။

မိထွေး ဖြစ်သူက ဖခင်နှင့် ရန်ပွဲကြောင့် ကိုယ့်ကိုယ်ကိုယ် တောင် သေကြောင်းကြံဖို့ ကြိုးစားတဲ့အထိဖြစ်၊ ဖခင်ဖြစ်သူက နှလုံး ဖောက်၍ ဆေးရုံတင်ရ၊ မိခင်ကိုလည်း နာမည်ထည့်တာ ဖြုတ်တာနှင့် ပတ်သက်ပြီး ဘာမှမပြောရက်နှင့် သမီးလေး ဘယ်လောက် စိတ်ပင်ပန်း



www.burmeseclassic.com

www.burmeseclassic.com



ဆင်းရဲနေမလဲ၊ မင်္ဂလာဆောင် နီးကာမှ မင်္ဂလာယူနေရမယ့် အချိန်မှာ ခဏ ခဏ မျက်ရည်ကျ ဝမ်းနည်းငိုကြွေးနေရတဲ့ သမီးလေးကို အသည်း သနားလှပါသည်။

အသည်း ကိုယ်တိုင် အိမ်ထောင်ဦးအစမှာ မျက်ရည်နှင့် မျက်ခွက် စိတ်ဆင်းရဲခဲ့ရတာ။ အကြောင်းအရာချင်း မတူပေမယ့် မင်္ဂလာ ယူရမည့် အချိန်မှာ စိတ်ဆင်းရဲနေရတာမျိုး စိတ်ပင်ပန်းနေရတာမျိုး မီးချောလေးထံမှာ မကြုံရစေလိုပါ။ အသည်းကပဲ သမီးထံ ဖုန်းဆက်ကာ သူ့နာမည်ကို ဖြုတ်လိုက်ဖို့ စ,ပြော ဖြစ်ခဲ့တာပါ။ ဖြစ်ပါ့မလား မာမာ... ဖြစ်ရဲ့လား မာမာ... တကယ်လား မာမာနှင့် မီးချောက အထပ်ထပ် အတည်ပြုပါသေးသည်။ နာမည်ဖော်ပြခွင့် အခွင့်အရေးလေးကို လိုချင်ပေ မယ့်လည်း ဤအရာဟာ အသည်းဘဝအတွက် မဖြစ်မနေ လိုအပ်ချက် မဟုတ်ပါ။

"ညည်းပါပါ နေကောင်းရဲ့လား မီးချော"

"နေကောင်းပါတယ် မာမာ၊ သက်သာနေပါတယ်"

"သမီးဘာလိုသေးလဲ၊ အားလုံး အဆင်ပြေရဲ့လား"

"ရှေ့တစ်ပတ်တော့ body spa တွေ အသားအရေအတွက် ဘာဘာ ညာညာ treament တွေ ယူထားတဲ့ Package အတွက် စ,လုပ် တော့မယ် မာမာ၊ ကျန်တာတော့ ဘာမှမလိုပါဘူး၊ သုံးပတ်လို သေးတာအတွက် ကောင်းကောင်းစား ကောင်းကောင်းနားဖို့ပဲ စိတ်ကူးထားတယ်၊ ထိုင်မသိမ်းက ပြောထားသလို မဟုတ်ဘဲ နည်းနည်း အဆင်လွဲပြီး စိန်တွေ ပုလဲတွေ ပျစ်ပျစ်နှစ်နှစ်ကြီး များ လွန်းနေတာ စိတ်ညစ်လို့ မကြိုက်တာကလွဲရင် အားလုံး အဆင်ပြေ ပါတယ် မာမာ"

"သမီး ရွေးထားတာလည်း ဟိုလို ရွှေအနုလေးပဲ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



အသည်းက အခန်းထောင့်က Mannequin အရုပ်ကို လက်ညှိုးညွှန်ပြလိုက်လျှင် မီးချောက ခေါင်းလေးညိတ်ပြီးကြည့်ကာ ဆက်လက်ငေးမောနေလေသည်။ ဝတ်စုံရဲ့ ဘိုဆန်ဆန် ခေတ်မီမီ ခမ်းနားတောက်ပခြင်းတွင် တစ်ခဏ မင်သက်မိနေသလိုပင်။

"လှလိုက်တာ မာမာရယ်၊ မာမာက အရမ်းတော်တာပဲ၊ မီးလိုချင်တာကလေ အဲသလို လိုအပ်သလောက်ပဲ တန်ဆာဆင်ခြယ်ထားတဲ့ ဝတ်စုံမျိုးပါ၊ ချိတ်လိုင်းကြီးတွေ ဖူးကြွနေအောင် လိုက်ထိုးထားတာမျိုး မဟုတ်ဘူး၊ ဒါလေးက ဘိုဆန်လိုက်တာ၊ ဟိုးအစကတည်းက မာမာ့ကို အကူအညီတောင်းမိရင် ကောင်းသား"

"သမီး အဲဒါမျိုးလေး ကြိုက်တာလား"

"အရမ်းကြိုက်တာ မာမာ၊ ငိုတောင် ငိုချင်လာပြီ၊ ကိုယ့်ဟာနဲ့ယှဉ်ပြီး"

"သမီးကြိုက်ရင် ဒီဝတ်စုံလေး သမီးဝတ်လို့ရတယ်"

"ရှင်"

"သမီး မင်္ဂလာပွဲမှာ ဝတ်လို့ရတယ်လို့၊ ဟိုဘက်ဒီဇိုင်နာကို သမီးအားမနာရဘူး ဆိုရင်ပေါ့"

"အားတော့ မနာရပါဘူး၊ သူ့ဆီမှာ ဝတ်စုံသီးသန့်ပဲ၊ မိတ်ကပ်နဲ့တစ်တွဲတည်း ယူထားတာလည်း မဟုတ်ဘူး၊ သူ့ဆီက ရွေးလိုက်ပြီးမဝတ်ဖြစ်တာ ပြောလိုက်မယ်ဆိုရင် ရပါတယ်၊ ခုလည်း မီးမကြိုက်နေတာ သူသိပါတယ်၊ ဒါပေမဲ့ မာမာ့ ဝတ်စုံ မဝတ်တော့ပါဘူး မာမာရယ်၊ တစ်ယောက်ယောက်က မှာထားတာ မဟုတ်လား၊ သူ မဝတ်ရခင် မီးက ယူဝတ်လိုက်လို့ ဘယ်သင့်တော်ပါ့မလဲ၊ သူဘယ်ကြိုက်မလဲ မာမာ၊ နေပါစေတော့"

"အဲဒီဝတ်စုံက သမီးအတွက်ပါ"

မီးချောရဲ့မျက်လုံးက ဝိုင်းကျယ်သွားကာ အသည်းကို ရှုနင့်နင့်ကြီး စိုက်ကြည့်လာပါသည်။ နားမလည်နိုင်အောင် အံ့အားသင့်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသော မီးချော မျက်နှာကလေးဟာ ချစ်စဖွယ် သနားစဖွယ် ကောင်းလှသည်။

"သမီးဆီက မင်္ဂလာကိစ္စ သိရတဲ့နေ့ကတည်းက မာမာ ကြိုခြင်ဆင်နေမိတာပါ၊ ဒါပေမဲ့ ဝတ်စုံကို သမီးအပ်ပြီးပြီဆိုတာ သိတော့မာမာ မပြောဖြစ်တော့တာ၊ တခြားပိုင်ရှင် မရှိပါဘူး၊ သမီးအတွက်ပဲ"

"မာမာ..."

မီးချောရဲ့ ရေရွတ်သံလေးက တုန်ခါနေပါသည်။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com

(၂၀)

ခန်းမထဲက စားပွဲများ နေရာချထားတာရဲ့ အလယ်လောက်မှာ လွတ်နေသေးတဲ့ နေရာတွေ့၍ အသည်းက ထိုစားပွဲကို ချိုးကွေ့လိုက်ပါသည်။ ညြရဲ့လက်ကိုချိတ်ကာ စားပွဲနားရောက်လာပြီး ထိုင်မည်ပြုစဉ်...

"အသည်း"

"ရှင်"

"ဘာလုပ်တာလဲ၊ လာလေ... ဒီကို"

"နေရာရှိပါတယ် မမအိ"

"ဘာနေရာရှိတာလဲ၊ လာစမ်းပါ အသည်းရယ်၊ အသည်းရဲ့နေရာက ထိပ်က ရီဇာ့ဗ်ဗိုင်းမှာလေ"

"အဲဒီမှာက ထိုင်ရမယ့်သူတွေ များနေမှာမို့ လူကျပ်နေမလား မမအိ၊ အသည်းအတွက် အဆင်ပြေပါတယ်"

"အို... လာစမ်းပါဆို အသည်းရယ်"

ထွေထွေရာရာ မပြောတတ်ဘဲ စကားနည်းလှတဲ့ မမအိက အသည်းလက်တစ်ဖက်ကိုဆွဲကာ ထိပ်ဆုံးစားပွဲဆီခေါ် သွားလျှင် အသည်းနှင့် ညြတို့က နောက်မှ ပါလာရပါသည်။

"ဒီမှာ... ဒီနှစ်ခုံက အသည်းနဲ့ ကိုညြသုတတို့ အတွက်ပဲ"

"ကိုကြီးတို့လင်မယားကော"

www.burmeseclassic.com

www.burmeseclassic.com



"ကိုပြေတို့စုံတွဲက ဟိုဘက်ထိပ်၊ အဲဒီမှာ မောင်ဘိုဘို့မိဘတွေ ရောလေ၊ ဘိုဘို့အဖေနဲ့ ကိုပြေနဲ့လည်း ခင်မင်တော့ သူတို့ချင်း တစ်စားပွဲတည်း နေရာချထားတယ်၊ မမအိတို့နဲ့ အသည်းတို့စုံတွဲက ဒီဘက်စားပွဲ၊ ကျန်တာတော့ ပန်းကုံးတို့ လက်စွပ်တို့ချီးမြှင့်မယ့် လူကြီးစုံတွဲတွေပေါ့"

"ဟုတ်ကဲ့…"

"မီးချော သွားကြည့်ဦးမလား၊ အဝတ်လဲပြီးလောက်ပြီ"

"အသည်း ရောက်ခဲ့ပါပြီ ဝတ်စုံလေး အဆင်ပြေမပြေ သွားကြည့် ပေးခဲ့တာ"

"အင်း… အင်း…၊ ထိုင်ဦးနော်"

အသည်းသည် မီးချောရဲ့အဝတ်လဲခန်းထဲမှာ သားအမိနှစ်ယောက်ဖက်ပြီး ရိုက်လာတဲ့ ပုံလေးတွေကို ဖုန်းထဲကနေ ပြန်ဖွင့်ကြည့်နေမိသည်။

ညြကလည်း ကင်မရာလေးနှင့် သေသေချာချာ ရိုက်ပေးထားသေးသည်။

နောက်ဆုံးတော့ အသည်းထံတွင် သမီးလေးကိုဖက်၍ ရိုက်ထားရသော ဓာတ်ပုံမျိုး ပြန်လည်ပိုင်ဆိုင်ခွင့် ရပြီပဲ။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com



အခါတော်ပေး တေးသံသာနှင့်အတူ ခရမ်းပြာရောင် စပေါ်လိုက် မီးရောင်ဝိုင်းဝိုင်းကြီးထဲ တည်ငြိမ် ဣန္ဒြေကြီးစွာ လျှောက်လှမ်းလာတဲ့ မင်္ဂလာမောင်နှံစုံတွဲကို အသည်း မျက်ရည်တွေအပြည့်နှင့် ကြည်နူးပီတိဖြစ်စွာ မျက်တောင်မခတ် ငေးကြည့်နေမိပါသည်။ တစ်စက္ကန့်ရဲ့ ဆယ်ပုံတစ်ပုံတောင် မလွတ်စေရ။ သမီးရဲ့ခေါင်းဖျားမှခြေဆုံး ကျက်သရေအလုံးစုံနှင့် ခမ်းနားထည်ဝါ တောက်ပမှုကို ကြည့်ရှုလို့မဝ။

သမီးတို့ရဲ့ နောက်မှာတော့ သတို့သား မိဘစုံတွဲ။ အဲဒီနောက်မှာတော့ ကိုကိုထွန်းနှင့် မမအိတို့စုံတွဲ။ စားပွဲနားကအဖြတ်တွင် အသည်းထဲဖျတ်ခနဲ လှမ်းကြည့်ပြီး ချစ်စဖွယ် ပြုံးပြလိုက်သော ကမ္ဘာပေါ်မှာ အလှဝဆုံး သတို့သမီးလေးဟာ မာမာ့ချစ်သမီးလေးပါကွယ်။

မျက်ရည်ကိုထိန်း၍ အသည်းက ရွှန်းတောက်စွာ ပြန်လည်ပြုံးပြမိပါသည်။ အေးစက်နေတဲ့ အသည်းရဲ့လက်ဖျားကလေးကို ဩရဲ့ လက်ဖဝါးနွေးနွေးက လာရောက်ဆုပ်ကိုင် အားပေးတဲ့အခါ အသည်းက ပြန်လည် ဆုပ်ညှစ်ထားမိပြီး ဩကို ကျေးဇူးတင်စွာ ငဲ့ကြည့်မိသည်။ ကျလုကျခင် မျက်ရည်တို့ဟာ ဩရဲ့အသံတိတ် နှစ်သိမ့်သော မျက်ဝန်းအကြည့်အောက်ဝယ် ပျောက်ကွယ်လွင့်ပါးရပါသည်။

✧ ✧ ✧

လင်းမိုရ်



www.burmeseclassic.com